www.free4readers.com

ဂ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daydaily.com

အတွဲ(၁၇)၊ အမှတ်(၃၆) ၂၀၀၂ ခုနှစ် ဧပြီ ၇ တွင် စတင်ထုတ်ဝေသည် ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် ၊ ဗုဒ္ဓဟူး ၊ (နိုဝင်ဘာ ၁၄ ၊ ၂၀၁၈)

TRI
LIVES BRILLIANTLY




စာမျက်နှာ ၂၆ »

ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ အဓိကအစိတ်အပိုင်းများဖြစ်သော မဒေးကျွန်းနှင့် ရမ်းဗြဲကျွန်းတွင် တည်ဆောက်မည့် ရေနက်ဆိပ်ကမ်းပုံစံငယ်များကို တွေ့ရစဉ်

## အာရှရဲ့ စိတ်ကြွဆေး အရှိန်တက်လာခြင်း

မြန်မာတောနက်ကြီးများကနေ ဟောင်ကောင်က လမ်းတွေအထိ အာရှဒေသတစ်ဝန်းက ရဲများသည် မက်သာဖက်တမင်းခေါ် စိတ်ကြွဆေးချေမှုန်းရေးစစ်ပွဲကြီးကို ဆင်နွှဲနေကြသည်။ သို့သော် အခြေအနေအရပ်ရပ်တွေက သူတို့ကျဆုံးနေပြီဆိုတာပြနေ၏။

မူးယစ်ထုံထိုင်းစေမှုနှင့် ကဖင်းဓာတ်ပါသော ဆေးပြားများဖြစ်သည့် မူးယစ်ဆေးဝါးနှင့် ယာဘစိတ်ကြွဆေးနှစ်မျိုးလုံးကို လိုလားတောင်းဆိုချက်မှာ တစ်ရှိန်ထိုးမြင့်တက်လာနေသည်။

ထုတ်လုပ်မှုကလည်း မကြုံစဖူး အရှိန်မြင့်နေသလို မူးယစ်ဆေးကြောင့် သေဆုံးသူများကလည်း မကြားစဖူး တိုးလာနေသည်။ စာမျက်နှာ ၂၄ »

## ငြိမ်းချမ်းရေး နောက်ပြန်ခြေလှမ်းလား

**အောင်ဇော်ထွန်း၊ ဇာလီမြင့်ဦး**

ဒေါ်အောင်ဆန်းစုကြည်ထံ တစ်နိုင်ငံလုံးအပစ်ရပ်စာချုပ် (NCA)လက်မှတ်ထိုးအဖွဲ့များအနက် အင်အားအတောင့်တင်းဆုံးနှင့် အစဉ်အလာအကြီးမားဆုံးအဖွဲ့ဖြစ်သော ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ပေးပို့ခဲ့သည့် စာတစ်စောင်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စောင့်ကြည့်သူများအကြား အကြီးအကျယ် အံ့အားသင့်သွားသည်။

ရှေ့မတိုးနောက်မဆုတ်သာဖြစ်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဖြေရှာနိုင်ရေး နေပြည်တော်ထိပ်သီးဆွေးနွေးပွဲကို အောက်တိုဘာ လလယ်တွင် ကျင်းပခဲ့သော်လည်း သိသာကောင်းမွန်သည့်ရလဒ်မထွက်ပေါ်ခဲ့ပေ။ စာမျက်နှာ ၁၉ »

## အာဏာရပါတီ၏ တပ်လှန့်သံ

**နိုင်လင်း**

ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေ အချို့ ဆုံးရှုံးပြီးနောက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် အာဏာရပါတီက အလျင်အမြန်ဆုံးဖြတ်လိုက်ပြီဖြစ်သည်။ ရွေးကောက်ပွဲအပြီး ရှစ်ရက်အကြာတွင် ဒီချုပ်က ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးခေါ်ကာ ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်သည်။ စာမျက်နှာ ၁၇ »

ဖိအားများကြားက ဒုက္ခသည်များလက်ခံရေး စာမျက်နှာ ၂၇ »
ပညာသင်ယူခြင်းဟာ ပြိုင်ပွဲတစ်ခုလား စာမျက်နှာ ၂၂ »
ရောက်ရာအရပ်မှာ တောက်ပနေတဲ့ မီးအိမ်ရှင် စာမျက်နှာ ၇ »


ဓာတ်ပုံ-နစ်ကီ

## "အယ်လ်နီညို အခုစနေပြီ။ ၂၀၁၉ ဇွန်လအထိသွားမယ်"

မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့်တွေ့ဆုံခြင်း

စာမျက်နှာ ၃ »



www.free4readers.com


ROLEX

THE SKY-DWELLER

The revolutionary watch for world travellers,
blending watchmaking ingenuity with simplicity of use.
It doesn't just tell time. It tells history.




OYSTER PERPETUAL SKY-DWELLER

SWISS TIME SQUARE
Fine Luxury Watches

NO. 99, KABAR AYE PAGODA ROAD, BAHAN TOWNSHIP, YANGON. TEL: (95) 1 540189
SULE SQUARE NO. 221, ROOM NO. 101, SULE PAGODA ROAD, KYAUKTADA TOWNSHIP, YANGON. TEL: (95) 9 964455934

WATCH FEATURED SUBJECT TO STOCK AVAILABILITY

www.free4readers.com


7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018



# “(အယ်လ်နီညို) အခုစနေပြီ။ ၂၀၁၉ ဇွန်လအထိသွားမယ်”

## မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့်တွေ့ဆုံခြင်း

■ **အောင်သစ်လွင်**

ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်စဉ် ဖြစ်ပေါ်စေသည့် အယ်လ်နီညို သတိပေးချက်ကို မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ကြိုတင်ထုတ်ပြန်ထားသည်။ စံချိန်တင်ပူပြင်းခြင်းကြောင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ကြုံတွေ့နိုင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းကြောင့် မီးလောင်ခြင်း၊ ပုံမှန်နှစ်များထက် သောက်သုံးရေရှားပါးမှုပြဿနာကြုံတွေ့ရခြင်း၊ ပုံမှန်မဟုတ်သော ရာသီဥတုဖြစ်စဉ်များကြောင့် စိုက်ပျိုးရေးတောင်သူများ အခက်ကြုံခြင်း စသည့်ပြဿနာများကို အယ်လ်နီညိုနှစ်များတွင် ကြုံတွေ့ရလေ့ရှိသည်။ ယခုအခါ အယ်လ်နီညိုသည် စတင်နေပြီဖြစ်ပြီး ၂၀၁၉ ဇွန်လအထိ သက်ဆိုးရှည်နေမည်ဖြစ်သည်။ ၂၀၁၅-၁၆ ကလည်း အားကောင်းသော အယ်လ်နီညိုကြောင့် စံချိန်တင်ပူပြင်းခြောက်သွေ့မှုကြုံတွေ့ခဲ့ပြီး အယ်လ်နီညို အန္တရာယ်ကာကွယ်ရေးကို လွှတ်တော်တွင် ဆွေးနွေးရသည်အထိ အခက်အခဲကြုံတွေ့ခဲ့သည်။ ထို့ကြောင့် အယ်လ်နီညို၏ လတ်တလောအခြေအနေ၊ နောင်ကာလတွင် ရင်ဆိုင်ရနိုင်သည့် ရာသီဥတုအခြေအနေများနှင့် ကြိုတင်ပြင်ဆင်ရမည့်အချက်များကို စာဖတ်သူသိရှိနိုင်အောင် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်အား 7Day News ဂျာနယ်က တွေ့ဆုံမေးမြန်းထားပါသည်။

**အယ်လ်နီညိုအကြောင်းကိုပဲ စမေးပါရစေ ဆရာ။ အယ်လ်နီညိုက ဘယ်ကာလကနေ စမလဲခင်ဗျ။**

အခုစနေပြီ။ ၂၀၁၉ ဇွန်လအထိ အယ်လ်နီညိုကသွားမယ်။ အယ်လ်နီညိုက ဖြစ်ပြီဆိုရင်တော့ ရာသီဥတုက ဖောက်ပြန်တာပဲဆိုတာ သိထားဖို့လိုပါတယ်။

**ဒါဆိုအခုကနေ ၂၀၁၉ ဇွန်လအထိ ရာသီဥတုက ဘယ်လိုအခြေအနေ ဖြစ်လာနိုင်သလဲ။**

ရာသီဥတုအခြေအနေက သိပ်အသေးစိတ်ပြောလို့တော့ မရသေးဘူး။ ဘာကြောင့်လဲဆို အယ်လ်နီညိုက ဖြစ်နေပေမယ့် အားသိပ်မကောင်းလို့။ သတင်းတွေကတော့ ထူးခြားတာနဲ့ အသိပေးမယ်။ ထုတ်ပြန်ပါမယ်။

**၂၀၁၉ မိုးရာသီမှာ မိုးရွာသွန်းမှု ဘယ်လိုဖြစ်နိုင်ပါလဲ။**

မိုးနည်းမယ်။ အခုပြီးခဲ့တဲ့နှစ်ထက် မိုးပိုနည်းနိုင်တယ်။ ပြီးခဲ့တဲ့ မိုးရာသီကလည်း မိုးကကောင်းတယ်ဆိုပေမယ့် တရားလွန်ကောင်းတာတော့ မဟုတ်ပါဘူး။ အသင့်အတင့်ကောင်းတာပါ။ ပြီးခဲ့တဲ့ကာလ တစ်နှစ်အတွင်းက ရာသီဥတုအနေနဲ့ ကြားနေကာလလေ။



ဒေါက်တာထွန်းလွင် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အယ်လ်နီညိုအတွက် တောင်သူတွေကို ဘယ်လိုသတင်းစကားပါးချင်လဲဆရာ။**

ရာသီဥတုက ပုံမှန်အတိုင်းတော့မရှိတာ သေချာတယ်။ များသောအားဖြင့် ဆိုးတဲ့ဘက်ကို ပါမယ်။ သိပ်ပြီး ဆိုးဆိုးရွားရွား မဟုတ်တောင် အပူချိန်ပုံမှန်ထက် မြင့်မယ်။ မိုးနည်းမယ်။ တောင်သူတွေအနေနဲ့ ဒါတွေသိထားရမှာပေါ့။ ကြိုတင်ပြင်ဆင်မှုတွေ ရှိရမယ်။

**အစိုးရအနေနဲ့ကကော ဆရာ။**

ဒီလိုအခြေအနေတွေ ဖြစ်လာနိုင်တယ်ဆိုကတည်းက စိုက်ပျိုးရေးကဏ္ဍကိုကိုင်တွယ်ဆောင်ရွက်ရတဲ့ဌာနတွေ ရှိနေတာပဲ။ သူတို့တွေမှာ စီမံချက်တွေရှိပါလိမ့်မယ်။

**ဒီနှစ်ဆောင်းရာသီအခြေအနေကကော ဆရာ။**

အယ်လ်နီညိုနှစ် ဖြစ်နေလို့ ပုံမှန်နှစ်တွေထက် အအေးပေါ့မယ်။

စာမျက်နှာ ၁၈ »



www.free4readers.com







www.free4readers.com

Life
7DAY NEWS JOURNAL
Vol.17, No.36 · NOVEMBER 14 , 2018



ရောက်ရာအရပ်မှာ တောက်ပနေတဲ့ မီးအိမ်ရှင်

စာမျက်နှာ ၇ »

ညီညီဇော်




မွေးရပ်မြေအဖွဲ့သားများ၏ဇာတိ ကတောကျေးရွာကို တွေ့ရစဉ်

ဓာတ်ပုံ – ညီညီဇော်

# မွေးရပ်မြေရဲ့ ကျေးဇူးတော်

**မန္တလေး** တိုင်း မြင်းခြံမြို့နယ်မှာ ကတော ဆိုတဲ့ ရွာကြီးတစ်ရွာရှိပါတယ်။ မြင်းခြံမြို့ရဲ့ မြောက်ဘက် ၁၆ မိုင်ခန့် အကွာမှာ တည်ရှိတာပါ။ ကတောရွာလို့ ဆိုလိုက်တာနဲ့ ဘုရားပွဲပေါများတဲ့၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို မြတ်နိုးကြတဲ့ ရှေးဟောင်းပျူရွာတစ်ရွာအဖြစ် လူသိများတယ်။ နောက်ပြီး ရွာရဲ့လူတန်းစေ့နေနိုင်မှု၊ ရွာသူ၊ ရွာသားတွေရဲ့ စည်းလုံးမှုတွေဟာ သတင်းမွှေးလျက်ရှိတယ်။ အဲဒီလို ဂုဏ်ယူစရာကောင်းတဲ့ အနေအထားဖြစ်လာအောင် တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးနေတဲ့ အဖွဲ့လေးတစ်ဖွဲ့ရှိတယ်။ အဲဒီအဖွဲ့လေးနာမည်က 'မွေးရပ်မြေ'တဲ့။

ကတောကျေးရွာဟာ ရပ်ကွက် ငါးခုရှိတဲ့ ရွာကြီးတစ်ရွာဖြစ်ပြီး အိမ်ခြေ ၇၈၀ ကျော်ရှိကာ လူဦးရေ လေးထောင်ကျော် နေထိုင်တယ်။ ဟိုးအရင်ကတော့ ကတောကျေးရွာဟာ တခြား ရွာတွေလို လက်လုပ်လက်စား တောင်သူတွေချည်း နေထိုင်ကြတဲ့ ရွာတစ်ရွာပါ။ တောင်သူလုပ်ငန်းကတော့ အမျိုးမျိုးအဖုံဖုံ ဥတုက နှိပ်စက်လိုက်၊ တခြား ပယောဂ ဝင်လိုက်နဲ့မို့ ရရစားစား ပါပဲ။ နောက်တော့ ရွာမှာနေတဲ့ သူတွေလည်း တခြားကျေးလက် ဒေသက လူတွေလိုပဲ မြို့ပေါ်ကို အခြေချ ပြောင်းရွှေ့နေထိုင်တာတွေ များလာခဲ့တယ်။ တစ်ဝမ်း တစ်ခါးရေးအတွက် ကျေးလက်ကိုကျောခိုင်း၊ မြို့ကြီးပြကြီးတွေဆီ ထွက်ခွာသွားခဲ့ကြတယ်။ မြို့ကြီးပြကြီးတွေမှာ ရုန်းကန်ရင်းကြိုးစားခဲ့ကြတယ်။ သို့ပေမဲ့ သူတို့ရွာကလေးကိုတော့ မေ့မသွားကြပါဘူး။

မန္တလေးမြို့က မဟာဝိဇိတာရုံ ဆရာတော်ကြီး ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသဟာ ကတောရွာမှာ မွေးဖွားခဲ့တာပါ။ ဆရာတော်ကြီးဟာ ဇာတိဖြစ်တဲ့ ကတောရွာကို တတ်နိုင်သမျှ စောင့်ရှောက်ခဲ့ပါတယ်။ စာကြည့်တိုက်ကိုလည်း ဖြစ်မြောက်အောင် အကောင်အထည်ဖော်ပေးခဲ့တယ်။ နောက်တော့ ဆရာတော်ကြီးက အကြံတစ်ခုရလာခဲ့ပါတယ်။ အဝေးရောက်ကတောသူ၊ ကတောသားတွေ စုပေါင်းပြီး အဖွဲ့လေးတစ်ခုဖွဲ့ကာ ရွာကိုပြန်စောင့်ရှောက်ဖို့ပေါ့။ ဆရာတော်ကြီးရဲ့ အကြံဉာဏ်ကို အဝေးရောက် ကတောသားတွေ တညီတညွတ်တည်း ထောက်ခံကြတယ်။ တို့ရွာအတွက် တို့တတ်နိုင်တာ ပြန်လုပ်

စာမျက်နှာ ၆ »



www.free4readers.com



7 DAY NEWS JOURNAL
Vol.17, No.36 · NOVEMBER 14 , 2018

တမျက်နှာ ၅၄

## မွေးရပ်မြေရဲ့ ကျေးဇူးတော်

ပေးရမယ်လို့ တွေးကြတယ်။ ဒါနဲ့ ဆရာတော်ကြီးရဲ့ ဦးဆောင်မှုနဲ့ ၂၀၁၀ လောက်မှာ အဖွဲ့လေးတစ်ဖွဲ့ ထူထောင်ခဲ့တယ်။ အဖွဲ့နာမည်ကိုတော့ ရိုးရိုးရှင်းရှင်း 'မွေးရပ်မြေ'လို့ပဲ အမည်ပေးခဲ့တယ်။

အဖွဲ့တည်ထောင်ပြီးတာနဲ့ ရွာမှာလည်း အဖွဲ့စုလေးတွေ ထပ်ဖွဲ့ပေးတယ်။ အရင်ကတော့ ကိုယ့်ရပ်ကွက်အလိုက် လုပ်နေကြတာဆိုတော့ သိပ်မစုစည်းဖြစ်ဘူး။ မွေးရပ်မြေက ဦးဆောင်ပြီး အဖွဲ့စုလေးတွေ ဖွဲ့ပေးလိုက်တော့ တစ်ရွာလုံး တစုတစည်းတည်း ဖြစ်သွားတယ်။ အဖွဲ့ခွဲလေးတွေကိုက ခုနစ်ဖွဲ့လောက်ရှိတယ်။

ရွာမှာ တစ်ခုခုလုပ်ချင်တယ်၊ လုပ်တော့မယ်ဆိုရင် မွေးရပ်မြေဆီ မြို့ပေါ်က လှမ်းပြောတယ်။ မွေးရပ်မြေကလည်း မြို့ပေါ်က တခြားအဖွဲ့ဝင်တွေဆီ လှမ်းသတင်းပို့တယ်။ တိုင်ပင်တယ်။ လိုအပ်ရင် မြို့ပေါ်က အဖွဲ့ဝင်တွေက ရွာကိုပြန်လာပြီး တခြားအဖွဲ့စုလေးတွေ လူကြီးတွေနဲ့ တိုင်ပင်တယ်။ ပြီးတော့မှ ရွာအတွက် လုပ်စရာရှိတာတွေ အကောင်အထည်ဖော်တယ်။

ရွာမှာက ရေငန်ပဲ ထွက်တယ်။ ရေချိုကို အတော်ဝေးဝေး သွားခပ်ရတယ်။ ဒါကြောင့် မွေးရပ်မြေအဖွဲ့သားတွေ တိုင်ပင်ကြတယ်။ အားလုံးကလည်း အိုကေဆိုတော့ ရေကိစ္စစလုပ်တယ်။ ရွာနဲ့ခပ်လှမ်းလှမ်းက ရေသွားခပ်ရတဲ့ နေရာမှာ ရေလှောင်ကန်တစ်ခုတည်တယ်။ အဲဒီရေလှောင်ကန်ကနေ ရွာထဲကို ပိုက်တွေနဲ့ သွယ်တယ်။ ရွာထဲက လမ်းဆုံတွေနားမှာ ရေကန်တွေ ထပ်တည်တယ်။ အဲဒီရေကန်လေးတွေကိုက တစ်ကန် ကျပ်သိန်းသုံး၊ လေးဆယ်ကုန်တယ်။ အဝေးရောက် မွေးရပ်မြေအဖွဲ့ဝင်တွေက တစ်ဦးတစ်ကန်နှုန်းနဲ့ တည်ပေးကြတာပါ။ အားလုံးပေါင်း ၁၅ ကန်လောက်ရှိမယ်။ ကတောသူ၊ ကတောသားတွေ ရေကို အဝေးကြီးသွားခပ်စရာ မလိုတော့ဘူး။ လမ်းထိပ်က ရေကန်မှာ ပိုက်ခေါင်းလေးလက်နဲ့လှည့်လိုက်တာနဲ့ ရေက ဝေါဆိုထိုးကျလာတာ။

ရေပြီးတော့ လျှပ်စစ်မီး။ လျှပ်စစ်မီးကတော့ လျှောက်ထားတာ ကြာပါပြီ။ တော်တော်နဲ့ မရနိုင်ဘူး။ နိုင်ငံတော်စီမံကိန်းအရ လျှပ်စစ်မီးရတော့မယ် အသံကြားတော့ ကတောသားတွေ ပျော်တာပေါ့။ ဒါပေမဲ့ လျှပ်စစ်သွယ်ဖို့ လိုအပ်တာတွေကုန်ဖို့က လတ်တလော မလွယ်သေးဘူး။ ဒါနဲ့ မွေးရပ်မြေအဖွဲ့သားတွေက မြန်မြန်ဆန်ဆန်ပဲ လိုအပ်တာကို အရင်စိုက်ထုတ်ပေးလို့ ၂၀၁၇ ထဲမှာပဲ လျှပ်စစ်မီးရသွားခဲ့ကြတယ်။

ရွာမှာလိုအပ်တဲ့ ကျန်းမာရေးကိစ္စအတွက်လည်း ကားနှစ်စီး မွေးရပ်မြေက စီစဉ်ပေးတယ်။ တစ်စီးက နာရေးကား၊ တစ်စီးက လူနာတင်ကား။ မန္တလေးမှာ ဆေးရုံတင်ဖို့ ရှိတယ်ဆို ဖုန်းသာကြိုဆက်လိုက်၊ ဟိုမှာမွေးရပ်မြေက ကတောသား အသင့်စောင့်နေတာ။ နောက်ပြီး ဆေးရုံတစ်ခုလည်း စီစဉ်နေတယ်။ ဒါ့အပြင် မနှစ်က နွေရာသီ ကတောမှာ နှစ်ကြိမ်လောက် မီးလန့်ခဲ့လို့ မဖြစ်ချေဘူးဆိုပြီး မီးသတ်ရုံး တည်ထောင်ဖို့လုပ်တာ အခုအဆောက်အအုံပြီးနေပြီ။ မီးသတ်ယာဉ်လည်း ဝယ်ဖို့ လုပ်နေကြတယ်။ မီးသတ်ယာဉ် ဖြစ်မြောက်ရေးမှာလည်း မွေးရပ်မြေအဖွဲ့က ပါတာပါပဲ။

ရွာကကလေးတွေ အရွယ်ရောက်လို့ တောင်သူလုပ်ငန်း မလုပ်ချင်၊ မြို့တက်ချင်တယ် ဆိုပါစို့။ အလုပ်အကိုင်အတွက် မပူရပါဘူး။ မွေးရပ်မြေထဲက ကတောသားထဲမှာ လုပ်ငန်းတည်ထောင်ထားသူတွေလည်းရှိတာမို့ ရပ်ကွက်ရဲစခန်းထောက်ခံစရာမလို၊ သူလုပ်နိုင်မယ့်လုပ်ငန်း ဝင်လုပ်ရုံပါပဲ။ မိဝေးဖဝေးမို့ စိုးရိမ်စရာမလို၊ ကိုယ့်တစ်ရွာတည်းသား ကိုယ့်တူ၊ ကိုယ့်သားလိုပဲ သဘောထား စောင့်ရှောက်ကြတာပါ။

ပညာရေးကိစ္စမှာဆိုလည်း မွေးရပ်မြေအဖွဲ့သားတွေ လက်မနှေးပါဘူး။ ရွာကျောင်းမှာ တစ်ခုခုလိုတယ် ကြားတာနဲ့ အပြေးရောက်လာပြီး လိုအပ်တာ လုပ်ပေးကြတာပါ။ တစ်ဦးတစ်ယောက်ချင်းကလည်း စောင့်ရှောက်ပါတယ်။ ရွာကျောင်းက ကလေးတွေကို ကျောင်းထားပေးတာတို့၊ ကျောင်းဝတ်စုံတွေ ထောက်ပံ့တာတို့ဆိုတာ ကတောမှာ မထူးဆန်းတော့ပါဘူး။

ရွာမှာက ဘုန်းကြီးကျောင်း ၁၃ ကျောင်းရှိပြီး နှစ်စဉ်ကထိန်ခင်းပါတယ်။ ကထိန်ပြီး သိပ်မကြာခင် သက်ကြီးပူဇော်ပွဲလည်း လုပ်တယ်။ အဲဒီအစီအစဉ်တွေမှာလည်း မွေးရပ်မြေကပါမြဲပဲ။ ရွာမှာက ကူတော်လဘုရားရှိပြီး တစ်နှစ်ကိုဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ ပြာသိုဆိုပြီး လေးပွဲရှိ

တမျက်နှာ ၈ »


ကတောကျေးရွာ စာကြည့်တိုက်ကို တွေ့ရစဉ်

ဓာတ်ပုံ – ညီညီဇော်








ခနုမြေသို့ အခမဲ့နယ်လှည့်ဆေးကုသနေစဉ် ဒေသခံ မိသားစုများနှင့်အတူ တွေ့ရသည့် ဒေါက်တာသန်းမင်းထွဋ် ဓာတ်ပုံ – Dr. Than Min Htut FB

# ရောက်ရာအရပ်မှာ တောက်ပနေတဲ့ မီးအိမ်ရှင်

အောင်သစ်လွင်

လကကမ္ဘာမြေကို အလင်းနဲ့ အေးမြမှုပေးပါတယ်။ မိုင်ပေါင်းများစွာ အကွာအဝေးတွင် ရှိနေသော်ငြား ကမ္ဘာကြီးပေါ်က လူသားတွေဟာ လဆီက အလင်းကြောင့် စိတ်ချမ်းမြေ့ကြရတယ်။ ပျော်ရွှင်ကြရပါတယ်။

မွေးဖွားတဲ့ဒေသ၊ ရှင်သန်ကြီးပြင်းရာနေရာ စသည်ဖြင့် ခရီးမိုင်တိုင်များစွာ ကွဲပြားနေပေမယ့် လူ့အဖွဲ့အစည်းကို ပြုံးပျော်ရွှင်မြူးစေတဲ့ လူသားသူရဲကောင်းတွေလည်း ရှိနေပါတယ်။

ဒေါက်တာသန်းမင်းထွဋ်
ပင်းတယဆေးရုံအုပ်ဆရာဝန်ကြီး
ခနုမြေ ပင်းတယရဲ့ မီးအိမ်ရှင်

၂၀၁၁ မှာ ပင်းတယဆေးရုံအုပ်ကြီးအဖြစ် ပြောင်းရွှေ့လာခဲ့တယ်။ ပင်းတယမတိုင်ခင်မှာ သခင်သန်းထွန်း တောခိုရာနေရာအဖြစ် လူသိများခဲ့တဲ့ ပဲခူးရိုးမရဲ့အခြေ ပေါက်ခေါင်းမြို့မှာ လက်ထောက်ဆရာဝန် ဘဝနဲ့ ခြောက်နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့တယ်။ ပြည်သူ့ဝန်ထမ်းတို့ရဲ့ သဘောသဘာဝအတိုင်း ပြောင်းရွှေ့ဖို့ အစိုးရက စီစဉ်ခဲ့ပေမယ့် ပဲခူးရိုးမသားတွေဟာ သူတို့ရဲ့လက်ထောက်ဆရာဝန်ကို သုံးကြိမ် သုံးခါတိတိ တားဆီးခဲ့ကြတယ်။ အစိုးရကလည်း အကြိမ်ကြိမ် လိုက်လျောခဲ့ပါတယ်။ ဒါပေမဲ့ လောကသဘာဝအတိုင်း ဘယ်အရာမှ မတည်မြဲသလို ပေးအပ်တဲ့ တာဝန်တွေကြားက လက်ထောက်ဆရာဝန်လည်း ရိုးမဒေသကို စွန့်ခွာဖို့ ဖြစ်လာပါတယ်။

နိုင်ငံရေး အပြောင်းအလဲတွေ အများကြီးဖြစ်လာတဲ့ ၂၀၁၁ ခုနှစ်။ ပေါက်ခေါင်းဆေးရုံက လက်ထောက်ဆရာဝန်ဟာရာထူးတိုးပြီး ဆေးရုံအုပ်ဘဝနဲ့ ပင်းတယကို မဖြစ်မနေ ပြောင်းရွှေ့ဖို့ ဖြစ်လာတဲ့အခါ ပဲခူးရိုးမဟာ မီးအိမ်ရှင်ကို ဝမ်းနည်းပက်လက် နှုတ်ဆက်လိုက်ရပါတယ်။

"ကျွန်တော် ပေါက်ခေါင်းမှာ ခြောက်နှစ်ခွဲ ကြာတယ်။ ကျွန်တော့်ကိုပေါက်ခေါင်းဒေသခံတွေက အပြောင်းမခံတာ။ ဆွဲရင်း၊ ဆွဲရင်း၊ ဆွဲရင်းနဲ့ ခြောက်နှစ်ခွဲအထိ ဖြစ်လာပြီး နောက်ဆုံးမဖြစ်တော့ဘူးဆိုပြီး လွှတ်လိုက်ကြတာ"

ချစ်ခြင်းမေတ္တာကို စိုက်ခဲ့သည့်အတိုင်း ပြန်ရိတ်သိမ်းနိုင်ခဲ့တဲ့ ရိုးမထဲက အတိတ်ဖြစ်ရပ်ကို ဒေါက်တာသန်းမင်းထွဋ်က ပြန်ပြောချိန်မှာအတိတ်ကိုလွမ်းဆွတ်နေဟန် ပေါ်လွင်နေပါတယ်။

ဒီလိုနဲ့ မီးအိမ်ရှင်ဟာ ခနုမြေမှာ ထွန်းလင်းဖို့ ဖြစ်လာခဲ့တာပါ။ ၂၀၁၁ စက်တင်ဘာ ၂၆ ရက် မနက် ၅ နာရီမှာ ခနုမြေကို စတင်ခြေချခဲ့ပါတယ်။

တောင်ပေါ်ဒေသ ပင်းတယရောက်တဲ့အခါ ဒေါက်တာသန်းမင်းထွဋ် ဦးဆောင်တဲ့ ပင်းတယဆေးရုံဝန်ထမ်းတွေဟာ ပေပေါင်းထောင်ချီတဲ့ တောင်တွေပေါ်တက်ခဲ့တယ်။ မြို့ပြရဲ့အဝေးမှာ အသားကျနေကြပြီး တစ်သီးတခြားနေတတ်တဲ့ ရိုးသားသောတောင်ပေါ်သူ၊ တောင်ပေါ်သားတွေကို အရိုးသားဆုံး ပြုံးပြခဲ့တယ်။ နွေးတဲ့လက်တစ်စုံနဲ့ ထွေးပွေ့ဖေးမခဲ့တယ်။ တောင်ပေါ်ဒေသလေးဟာ မြေပြန့်က လာခဲ့တဲ့ ဆရာ့ရဲ့ နွေးထွေးမှုတွေကို ခပ်မြန်မြန် ရရှိခဲ့ပါတယ်။

"The best medicine in the world is smile." ကမ္ဘာပေါ်မှာ အကောင်းဆုံးဆေးဝါးက အပြုံးပါပဲလို့ ပင်းတယမီးအိမ်ရှင်က ခံယူထားပါတယ်။

မီးအိမ်ရှင်တွေ့ခဲ့တဲ့ ခနုမြေပင်းတယရဲ့ ကနဦးစာမျက်နှာတွေက ဒီလိုပါ။

"ကြက်ဆူပင်တွေ ချုံထလို့ ဝင်ပေါက်တောင် မမြင်ရတဲ့ဆေးရုံ၊ ဝင်ပေါက်ပျောက်နေလို့မနည်းရှာရတဲ့ ဆေးရုံ၊ အတွင်းလူနာငါးဦးနဲ့ ၁၀ ဦးသာရှိနေခဲ့တဲ့ ဆေးရုံ၊ မိုးရွာရင် လူနာတွေ ခုတင်ပတ်ပတ်လည်မှာ ရေခွက်လေးတွေ ခံထားရတဲ့ ဆေးရုံ"

ပင်းတယကိုရောက်တဲ့ခုနစ်နှစ်မြောက်မှာ တောင်ပေါ်ဒေသက ဆေးရုံလေးရဲ့ အတိတ်တစ်ချိန်က ချို့တဲ့မှုကို ဒေါက်တာသန်းမင်းထွဋ်က ပြန်သတိရနေခဲ့တာပါ။

အခုတော့ ပဉ္စလက်လှည့်ကွက်တစ်ခုလို အရာရာပြောင်းလဲသွားပါပြီ။ ပင်းတယကို လွန်ခဲ့တဲ့ ခုနစ်နှစ်က နောက်ဆုံးရောက်ခဲ့သူ တစ်ယောက်အနေနဲ့ ဒီနေ့ ပြန်ရောက်သွားမယ်ဆိုရင် ဒါအိပ်မက်လား၊ တကယ်လားဆိုတာမျိုးတွေးရစေအောင် ခနုမြေက ကြိုဆိုနေပါလိမ့်မယ်။

ပင်းတယရဲ့ ရွှေဥမင်ဒေသဟာ မြန်မာနိုင်ငံရဲ့ ပထမဆုံးဆေးလိပ်ငွေ့ကင်းစင်ဒေသ။ ပင်းတယမြို့လေးဟာ မြန်မာနိုင်ငံမှာ ပထမဆုံး မသန်စွမ်းသူများ အဆင်ပြေစွာ သွားလာနိုင်သောမြို့. အစရှိတဲ့ ဂုဏ်ပုဒ်တွေနဲ့ လှပနေပါပြီ။ နောက်ပြီး ပင်းတယရဲ့ ပထမဆုံး ဘိုးဘွားရိပ်သာ။

နှလုံးသားလှသူတွေဟာ လူ့အဖွဲ့အစည်းထဲက လိုအပ်နေတဲ့ ကွက်လပ်တွေကို မြင်တတ်ကြသလို ဖြည့်ဆည်းနိုင်ဖို့လည်း အမြဲ ကြိုးစားတတ်ကြပါတယ်။ တောင်ပေါ်ရွာလေး တစ်ရွာကို ဆေးကုထွက်ရင်း တစ်ယောက်တည်းနေပြီး အာဟာရပြတ် သေဆုံးနေတဲ့ အဘွားအိုတစ်ယောက်ကို ဒေါက်တာက တွေ့ရတဲ့အခါ ပင်းတယရဲ့ ပထမဆုံး ဘိုးဘွားရိပ်သာ ဖွင့်နိုင်ရေးအားထုတ်ခဲ့ပါတယ်။ ခနုမြေက အမှီအခိုမဲ့ ဘိုးဘွားတွေဟာ ဒေါက်တာသန်းမင်းထွဋ် စတင်တည်ထောင်ခဲ့တဲ့ ရိပ်သာကြီးထဲမှာ အခုတော့ နွေးထွေးလုံခြုံနေကြပါပြီ။

အရင်က ပါးပါးလျားလျားသာရှိခဲ့တဲ့ ကျေးလက်ဆေးပေးခန်းတွေဟာလည်း အစိုးရဘတ်ဂျက်ရော ဒေါက်တာရဲ့ အလှူခံလို့ရတဲ့ အလှူငွေတွေ အားနဲ့ပါ ဖြည့်ဆည်းလိုက်တဲ့အခါ ခနုမြေရဲ့ဟိုနေရာဒီနေရာမှာ ကျေးလက်ဆေးပေးခန်းလေးတွေ အလျှိုအလျှိုတွေ့နေရပါပြီ။ မီးအိမ်ရှင်နားခိုခဲ့ရာ ပင်းတယဆေးရုံကတော့ လွန်ခဲ့တဲ့ ခုနစ်နှစ်ကျော်ကလို ချို့ချို့တဲ့တဲ့ မဟုတ်တော့ပါဘူး။ ဓာတ်ခွဲခန်းတွေ၊ လူနာနားနေဆောင်တွေ၊ အစည်းအဝေးခန်းမတွေနဲ့အတူ ဆေးရုံတစ်ရုံရဲ့ သရုပ်သကန်တွေနဲ့ ပြည့်စုံနေပါပြီ။ မြို့ကိုလာဖို့မရဲတဲ့ တောင်ပေါ်သူ၊ တောင်ပေါ်သားတွေဆီ ရောက်ဖို့ ပေထောင်ချီတဲ့ တောင်တွေပေါ် ဖိနပ်ခါးကြားထိုးတက်ပြီး ဆေးကုပေးခဲ့တာခုနစ်နှစ်အတွင်း အကြိမ်ရေ ၃၀၀ နီးပါး။ လူဦးရေ ၅၀,၀၀၀ ကျော်ကို အလှူရှင်တွေရဲ့ စေတနာငွေအားနဲ့ အခမဲ့ဆေးကုပေးခဲ့တယ်။

တောင်ပေါ်ရွာတွေဆီ ဆေးကုထွက်ရင်း ဝေးလံခေါင်သီတဲ့နေရာက စာသင်ကျောင်းမရှိတဲ့ ရွာလေးတွေ ကြုံ့တဲ့အခါ အရေးကြီးတဲ့ ကွက်လပ်ကိုဖြည့်ဖို့ မီး

စာမျက်နှာ ၈ »



www.free4readers.com

# Health

7DAY NEWS JOURNAL

Vol.17, No.36 · NOVEMBER 14 , 2018

## ရန်ကုန်ရှိ ရေသန့်စက်ရုံများကို စီမံချက်ဖြင့် ပြန်လည်စစ်ဆေးမည်

**ယမင်း၊ ယုဝေ**

**ရန်ကုန်၊ နိုဝင်ဘာ-၁၀**

လာမည့်လတွင် ရန်ကုန်တိုင်းအတွင်းရှိ ရေသန့်စက်ရုံများကို စီမံချက်ဖြင့် ပြန်လည်စစ်ဆေးမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ရန်ကုန်ရုံးခွဲတာဝန်ခံ ဒေါက်တာမင်းဝန်က ပြောသည်။

လက်ရှိတွင် ရေသန့်လုပ်ငန်းရှင်များကို အကြိမ်ခွဲ၍ သင်တန်းပေးမှုရှစ်ကြိမ်ရှိပြီဖြစ်ကာ ယင်းသင်တန်းပြီးဆုံးပါက စစ်ဆေးမှုစတင်မည် ဖြစ်သည်။

"အရင်တုန်းကတော့ ကွက်ကျားကွက်ကျား စစ်တယ်။ အခုကတော့ စီမံချက်တစ်ခုအနေနဲ့ စစ်မယ်ပေါ့။ စပြီးစစ်ဆေးရေး ပြန်ဝင်တော့မယ်။ ပြန်ဝင်တဲ့အချိန်မှာ လိုင်စင်ယူထားတဲ့ ချို့ယွင်းတဲ့သူတွေ ရှိတယ်၊ တိုင်ကြားခံရတာတွေ ရှိတယ်။ အဲဒါတွေ ဦးစားပေးပြီးတော့ ကျွန်တော်တို့စစ်ဆေးမယ်။ စစ်ဆေးလို့သူတို့ဘက်က GMP (ကောင်းမွန်သောထုတ်လုပ်မှု ကျင့်စဉ်)နဲ့အညီ မလုပ်နေဘူးဆိုရင် အဲဒီအချိန်မှာ ပြန်ပြင်ဆင်ဖို့အတွက်ကို ကာလအပိုင်းအခြားတစ်ခု ပေးမယ်။ သူတို့ပြန်လည်ပြင်ဆင်ပြီးတဲ့အချိန်ပြင်ဆင်ပြီးကြောင်း တင်ပြတဲ့အခါကျမှ ရေကိုပြန်ပြီး ဖြန့်ချိခွင့်ပေးမယ်"ဟု ဒေါက်တာမင်းဝန်က ပြောသည်။



*သန့်ရှင်းမှုအားနည်းသော ရေသန့်လုပ်ငန်းတစ်ခုကို တွေ့ရစဉ်* ဓာတ်ပုံ – YGN FDA

လိုက်နာမှု မရှိသော ရေသန့်လုပ်ငန်းများကို စီမံခန့်ခွဲမှုနည်းလမ်းအရ ယာယီပိတ်သိမ်းခြင်း၊ ပြန်လည်ပြင်ဆင်ခိုင်းခြင်းတို့ ပြုလုပ်မည်ဖြစ်ပြီး လိုက်နာမှုမရှိပါက အမျိုးသားအစားအသောက်ဥပဒေအရ ဆက်လက်အရေးယူမည် ဖြစ်သည်။

"ပြင်ဆင်ခိုင်းတဲ့အချိန်အတွင်းမှာ မထုတ်ခိုင်းဘူး။ အဲဒီကြားထဲမှာ ထုတ်နေပြီဆိုရင်တော့ ထောက်ခံချက်ကို ပြန်လည်ရုပ်သိမ်းတာဖြစ်သွားမယ်။ အဲဒါဆိုရင်တော့ သူပြန်ပြီး ထုတ်ချင်တယ်ဆိုရင် တစ်ကနေ စထုတ်ရမယ်။ အဲဒါကိုမှ သူကဆက်ပြီး ထုတ်လုပ်နေတယ်ဆိုရင် ထောက်ခံချက်မရှိဘဲ ထုတ်နေတော့ အမျိုးသားအစားအသောက် ဥပဒေအရ အရေးယူသွားမှာဖြစ်ပါတယ်"ဟု ၎င်းကဆက်လက် ပြောသည်။

ရန်ကုန်တိုင်းအတွင်း FDA ထောက်ခံချက် ရရှိထားသော ရေသန့်လုပ်ငန်း ၄၀၀ ခန့်ရှိကာ လက်ရှိတွင် ပိတ်သိမ်းထားသည့် ရေသန့်လုပ်ငန်း ၂၀ ခန့်ရှိပြီး ရေသန့်လုပ်ငန်း ၁၀ ခုကို ပြန်လည်ထုတ်လုပ်ခွင့်ပေးထားသည်။

## စားသုံးသူရေးရာ ကာကွယ်ရေးဥပဒေသစ် လာမည့်နှစ်အတွင်း ထွက်ရှိရန် မျှော်မှန်းထား

**ယမင်း၊ ယုဝေ**

**ရန်ကုန်၊ နိုဝင်ဘာ-၁၀**

လာမည့်နှစ်မတ်လတွင်စားသုံးသူရေးရာကာကွယ်ရေး ဥပဒေသစ် ထွက်ရှိနိုင်ရန် မျှော်မှန်းကြောင်း စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နိုင်က ပြောသည်။

အဆိုပါ ဥပဒေသစ်သည် ယခင် ၂၀၁၄ က ထွက်ရှိသော ဥပဒေကို အစားထိုးပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပြီး လက်ရှိတွင် စားသုံးသူကာကွယ်ရေးဥပဒေမူကြမ်းကို လွှတ်တော်များသို့ တင်ပြထားသည်။

"ဥပဒေက ပြည်သူ့လွှတ်တော်မှာတော့ အတည်ပြုပြီးသွားပြီ။ နောက် နိုဝင်ဘာမှ ကျင်းပမယ့် အမျိုးသားလွှတ်တော်မှာ ဆွေးနွေးဖို့ရှိပါတယ်။ အမျိုးသားလွှတ်တော်ရော၊ ပြည်သူ့လွှတ်တော်ရော အတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်ကပါ အတည်ပြုပြီး ထုတ်ပြန်မယ်ဆိုရင် ထွက်လာမှာပါ။ ဥပဒေအသစ်ထွက်ပြီးရင် မကြာခင် နည်းဥပဒေပါ ထွက်လာမှာပါ"ဟု ၎င်းက ပြောသည်။

ယင်းဥပဒေသစ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပူးပေါင်းရေးဆွဲထားခြင်းဖြစ်သည်။

ယခင်ဥပဒေဟောင်းတွင် ပြစ်မှုပြစ်ဒဏ်အဖြစ် လုပ်ငန်းပိတ်သိမ်းခြင်းမျိုးသာ ရှိသော်လည်း ဥပဒေသစ်တွင်မူ ပြစ်မှုပြစ်ဒဏ်အဖြစ် အမြင့်ဆုံးထောင်ဒဏ် ၂ နှစ်၊ ငွေဒဏ်ကျပ်သိန်းနှစ်ရာပေးဆောင်ရမည်ဟု ထည့်သွင်းထားသည်။

"ပြီးတော့ အရင်ဥပဒေကတိုင်မှ အရေးယူလို့ရတယ်။ အသစ်ကတော့ မတိုင်ဘဲ စိစစ်တွေ့ရှိရင်အရေးယူလို့ရတယ်။အဲဒါက အဓိကပြောင်းလဲမှု ဖြစ်တယ်။ နောက်တစ်ချက်က လက်ရှိဥပဒေမှာ Consumer Right တွေပဲပါတယ်။ ကုန်စည်နဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေ မပါဘူး။ ဥပဒေသစ်ထဲမှာတော့ ကုန်စည်နဲ့ပတ်သက်တဲ့ အသေးစိတ်တွေပါတယ်"ဟု ဦးရဲထွဋ်နိုင်က ပြောသည်။

## 3MDG ကျန်းမာရေးစောင့်ရှောက်မှု မြန်မာနိုင်ငံအတွက် လက်လှမ်းမီရန်ပုံငွေဖြင့် ကူညီမည်

**ယမင်း**

**ရန်ကုန်၊ နိုဝင်ဘာ ၁၀**

မြန်မာနိုင်ငံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် 3MDG က ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရန်ပုံငွေ (Access to Health Fund) ဖြင့် လာမည့်နှစ်ဆန်းတွင် ဆက်လက်ကူညီမည်ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရန်ပုံငွေ (Access to Health Fund)ကို ၂၀၁၉ ဇန်နဝါရီ ၁ရက်တွင် စတင်မည်ဖြစ်ကာ ယင်းသည် 3MDG ကိုရန်ပုံငွေထောက်ပံ့ပေးနေသည့်အလှူရှင်နိုင်ငံများဖြစ်သော ဗြိတိန်၊ ဆွီဒင်၊ အမေရိကန် ပြည်ထောင်စုနှင့် ဆွစ်ဇာလန်နိုင်ငံတို့က ဆက်လက်ထောက်ပံ့မည်ဖြစ်ပြီးကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသော ထိခိုက်လွယ်မှု အမြင့်ဆုံးသူများထံ ကျန်းမာရေးဝန်ဆောင်မှုရောက်ရှိရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်သုံးမျိုးရန်ပုံငွေ (3MDG)သည် မြန်မာနိုင်ငံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အများဆုံးကူညီနေသည့်နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၎င်းသည် ၂၀၁၃ မှ ၂၀၁၈ ဇွန်လအထိ ကန်ဒေါ်လာ ၂၉၁ ဒသမ ၅ သန်းခန့်ပံ့ပိုးကူညီထားသည်။

၎င်းတို့၏ ၂၀၁၈ ပထမနှစ်ဝက်အစီရင်ခံစာအရ လူနှစ်သိန်းကျော်အား ငှက်ဖျားရောဂါရှာဖွေစစ်ဆေးပေးနိုင်ခဲ့သည်။ တီဘီရောဂါဝေဒနာသည်နှစ်သောင်းကျော်ကို ကျန်းမာရေးဌာနသို့ ကုသနိုင်ရန် လွှဲပြောင်းပေးနိုင်ခဲ့ပြီး ကလေးငယ်နှစ်သောင်းကျော်ကို ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းများဖြင့် မွေးဖွားနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

ယခုနှစ်ပထမနှစ်ဝက်အတွင်း ကိုယ်ဝန်ဆောင်မိခင် ၂၃,၀၀၀ ခန့်ကို မီးမဖွားမီကိုယ်ဝန်စောင့်ရှောက်မှု အနည်းဆုံးလေးကြိမ်ပေးနိုင်ခဲ့ကြောင်းနှင့်သက်ဆိုင်ရာကျန်းမာရေးဌာနများနှင့် ကျန်းမာရေးစေတနာ့ ဝန်ထမ်းများမှ တစ်ဆင့် ကလေးငယ် ၃၃,၀၀၀ဦးကိုလည်း ဝမ်းပျက် ဝမ်းလျှောရောဂါကုသပေးနိုင်ခဲ့သည်။

ထို့အပြင် မူးယစ်ဆေးအကြောထဲထိုးသွင်းသူ ၂၈,၀၀၀ ကျော်ကိုလည်း အိတ်ချ်အိုင်ဗီရောဂါကာကွယ်ရေးအစီအစဉ်များ ပံ့ပိုးပေးပြီး အကျဉ်းထောင်နှင့် အလုပ်စခန်းများသို့နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှု ၁၅၅ ကြိမ်အထိ သွားရောက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။







www.free4readers.com

www.free4readers.com

The Brief
7 DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018

## နယ်လုံဝန်ကြီးနှစ်ဦးအပါအဝင် တပ်မတော်သား ကိုယ်စားလှယ် ၄၆ ဦး ပြောင်းလဲ

နယ်လုံဝန်ကြီးနှစ်ဦးအပါအဝင် လွှတ်တော်အရပ်ရပ်ရှိ တပ်မတော်သားကိုယ်စားလှယ် ၄၆ ဦးကို အစားထိုးပြောင်းလဲကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုဝင်ဘာ ၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်၊ မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးအပါအဝင် တပ်မတော်သားတိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦးကို အစားထိုးပြောင်းလဲကြောင်း ယင်းကြေညာချက်၌ဖော်ပြသည်။ ဗိုလ်မှူးကြီး သူရမျိုးတင်အစား ဗိုလ်မှူးကြီး နေလင်းထွန်း၊ ဗိုလ်မှူးကြီးဝင်းနိုင်ဦးအစား ဗိုလ်မှူးကြီး နေထွဋ်ဦးတို့ဖြင့် အစားထိုးပြောင်းလဲခြင်းဖြစ်သည်။ အလားတူ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးကို အစားထိုးပြောင်းလဲခဲ့သည်။

## မီးပွိုင့်မိ၍ရပ်နေသည့် ဆိုင်ကယ်ကို ပြိုင်ကားကဝင်တိုက်၊ အမျိုးသားနှစ်ဦး သေဆုံး

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကျုံးတောင်ဘက် ၇၈လမ်းနှင့် ၂၆ လမ်းမီးပွိုင့်သို့ ရောက်လာသော ဆိုင်ကယ်စီးအမျိုးသားနှစ်ဦးသည် မီးနီမိ၍ ဆိုင်ကယ်ရပ်ထားစဉ် အနောက်မှ အရှိန်ပြင်းစွာမောင်းလာသော အနီရောင်ပြိုင်ကားတစ်စီးက ဝင်တိုက်သဖြင့်သေဆုံးခဲ့သည်။ ညီအစ်ကိုဝမ်းကွဲတော်စပ်သူနှစ်ဦးသည် နိုဝင်ဘာ ၈ ရက် ည ၁၂ နာရီခန့်ကရုပ်ရှင်ကြည့်ပြီးနောက် နေအိမ်သို့ဆိုင်ကယ်ဖြင့်အပြန် မီးပွိုင့်မီးနီနေ၍ရပ်ထားစဉ် အသက် (၂၆)နှစ်အရွယ် အမျိုးသားမောင်းလာသော အနီရောင်ပြိုင်ကားတစ်စီးက ဆိုင်ကယ်ကိုအနောက်မှဝင်တိုက်ရာ ဆိုင်ကယ်သည်ကားဖြင့်ချိတ်ပါသွားပြီး ယာဉ်ထိန်းရဲအဆောက်အအုံကို ထပ်မံဝင်တိုက်ခဲ့သည်။ ပြိုင်ကားမောင်းသူကို အမှတ်(၂)နယ်မြေရဲတပ်ဖွဲ့စခန်းတွင် မတော်တဆလူသေဆုံးမှု ၃၀၄(က)ဖြင့် အမှုဖွင့်စစ်ဆေးနေသည်။ သေဆုံးသူအမျိုးသားနှစ်ဦးအနက်တစ်ဦးသည် ဥပဒေဘာသာရပ်တက်ရောက်နေပြီး နောက်ဆုံးနှစ်စာမေးပွဲဖြေဆိုထားသူဖြစ်ကာ ကျန်တစ်ဦးမှာ ရေကြောင်းအင်ဂျင်နီယာဖြစ်ကြောင်း မိသားစုဝင်များကပြောသည်။



နိုဝင်ဘာ ၇ရက် ညက မိုင်းပုတ်ရွာဘုန်းကြီးကျောင်းမီးလောင်ကျွမ်းနေစဉ်
ဓာတ်ပုံ – Rack Kham

## RCSS နှင့် PNLO တိုက်ပွဲဖြစ်ပွားရာဒေသရှိ ပအိုဝ်း ဘုန်းကြီးကျောင်းမီးလောင်၍ ကိုရင်နှစ်ပါးပျံလွန်တော်မူ

ရှမ်းပြည်နယ် မိုင်းပန်မြို့နယ်ပန်ပီးဒေသရှိ မိုင်းပုတ်ရွာဘုန်းကြီးကျောင်းတွင် နိုဝင်ဘာ ၇ ရက်ညက မီးလောင်မှုဖြစ်ပွားရာကိုရင်နှစ်ပါးပျံလွန်တော်မူခဲ့ကြောင်း မိုင်းပုတ်ရွာသားအချို့က ပြောသည်။ ယင်းမီးလောင်မှုတွင် ကိုရင် ၃၂ ပါးရှိသည့်အနက် မီးလောင်ကျွမ်းမှုကြောင့်နှစ်ပါးပျံလွန်တော်မူပြီး သုံးပါးဒဏ်ရာရရှိခဲ့ကြောင်း မိုင်းပုတ်ရွာသားတစ်ဦးက ပြောသည်။ မီးလောင်ရသည့်အကြောင်းရင်းကို ရှို့မီးဟု ရွာသားများက ယူဆထားကြောင်း ရွာလူကြီးဦးခွန်ငဲက ပြောသည်။ အဆိုပါဒေသတွင် အောက်တိုဘာ ၁၆ရက်က ရှမ်းလက်နက်ကိုင်အဖွဲ့ (RCSS)နှင့် ပအိုဝ်းလက်နက်ကိုင်အဖွဲ့ (PNLO) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့နောက်ယင်းဒေသတွင် မိုင်းပေါက်ကွဲမှုဖြစ်ပွား၍ ရွာသားနှစ်ဦးဒဏ်ရာရရှိခဲ့သည်။ မီးလောင်ရသည့်အကြောင်းရင်းကို စစ်ဆေးမည်ဟု PNLO အဖွဲ့က ပြောကြားထားပြီး RCSS ကလည်း ဘုန်းကြီးကျောင်းမီးလောင်မှုသည် ၎င်းတို့ လက်ချက်မဟုတ်ဟုထုတ်ပြန်ခဲ့သည်။




MMA တစ်နှစ်တာအကောင်းဆုံး အမျိုးသားတိုက်ခိုက်ရေးသမားဆုကို အောင်လအန်ဆန်ရရှိသည်၊ ဓာတ်ပုံ – ရွှေဘုတ်

## အောင်လအန်ဆန်တစ်နှစ်တာအကောင်းဆုံး MMA အမျိုးသား တိုက်ခိုက်ရေးသမားဆုနှင့် အကောင်းဆုံးပွဲဆုရရှိ

MMA (One Championship) ကမ္ဘာ့ချန်ပီယံခါးပတ်နှစ်ခုပိုင်ရှင် ကချင်တိုင်းရင်းသား အောင်လအန်ဆန်သည် ၂၀၁၈ တစ်နှစ်တာအကောင်းဆုံး MMA အမျိုးသားကစားသမားဆုနှင့် အကောင်းဆုံးပွဲဆုရရှိခဲ့သည်။ နိုဝင်ဘာ ၈ ရက်ညက စင်ကာပူနိုင်ငံ၌ ပြုလုပ်သည့် Global Martial Arts Awards အကောင်းဆုံးဆုပေးပွဲအခမ်းအနားတွင် ဆုအမျိုးအစား ၁၆ မျိုးချီးမြှင့်သည့်အနက် အောင်လအန်ဆန်က နှစ်ဆုရရှိခဲ့သည်။ ၂၀၁၈ အတွင်း အောင်လအန်ဆန်ထိုးသတ်သည့် MMA ပွဲစဉ်သုံးပွဲစလုံး အနိုင်ရရှိသောကြောင့် အကောင်းဆုံးအမျိုးသားကစားသမားဆုရရှိခြင်းဖြစ်သည်။ ထို့အပြင် မစ်ဒယ်ဝိတ်တန်းကာကွယ်ပွဲ၌ အောင်လအန်ဆန်နှင့် ဂျပန်ဖိုက်တာကန်ဟက်ဆီဂါဝါတို့ ငါးချီအထိ အကြိတ်အနယ်ထိုးသတ်ခဲ့သည့်ပွဲသည် ၂၀၁၈ ၏ အကောင်းဆုံးMMA ပွဲအဖြစ် ရွေးချယ်ခံရသည်။

### ဝေဖန်မှုများရှိနေသည့် တက္ကသိုလ်ဆရာ၊ ဆရာမရာထူးတိုးပြောင်းတန်းစီဇယားကို ပြန်လည်စိစစ်ရန်ဆုံးဖြတ်

တက္ကသိုလ်ဆရာ၊ ဆရာမများကို တွဲဖက်ပါမောက္ခမှ ပါမောက္ခ၊ ကထိကမှ တွဲဖက်ပါမောက္ခရာထူး တိုးမြှင့်ရန် ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် တန်းစီဇယားအပေါ် ဝေဖန်ကန့်ကွက်မှုများ ထွက်လာပြီးနောက် ထိုတန်းစီဇယားအား ပြန်လည်စိစစ်ရန် နိုဝင်ဘာ ၉ ရက်က ဆုံးဖြတ်ခဲ့ကြောင်း အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက ပြောသည်။ ထိုတန်းစီဇယားသည် လက်တွေ့တွင် ဆရာ၊ဆရာမတစ်ဦးချင်းစီ၏အရည်အချင်းများနှင့် များစွာကင်းကွာနေပြီး အမှန်တကယ်အရည်အချင်းရှိသည့် ဆရာ၊ဆရာမအများစုသည် တန်းစီဇယား အောက်ဆုံးတွင်ရောက်ရှိနေ၍ ကန့်ကွက်ကြောင်း တက္ကသိုလ် ဆရာ၊ ဆရာမအသင်းများ၏ ကြေညာချက်များ နိုဝင်ဘာ ၈ ရက်က ထွက်ပေါ်ခဲ့သည်။ နိုဝင်ဘာတတိယပတ်တွင် ထိုတန်းစီဇယားပါ ဆရာ၊ ဆရာမတစ်ဦးချင်း၏ ရမှတ်များကို ယခင်ပေးထားသည့်အမှတ်များနှင့် အမှတ်ပေးစည်းမျဉ်းပြန်တိုက်ကာစစ်ဆေးပြီး တန်းစီဇယားပြန်ဆွဲမည်ဟု ဒေါက်တာသိန်းဝင်းကဆိုသည်။ တန်းစီဇယားတစ်ခုလုံးပါ ဆရာ၊ ဆရာမတစ်ဦးချင်း၏အချက်အလက်များကို ပြန်လည်စိစစ်ရမည်ဖြစ်၍ တန်းစီဇယားပြန်လည် ရေးဆွဲပြီးမည့်အချိန်ကို မသိနိုင်သေးဘဲ အသစ်ထွက်လာမှသာ ယခုနှစ် တွဲဖက်ပါမောက္ခမှ ပါမောက္ခ၊ ကထိကမှ တွဲဖက်ပါမောက္ခရာထူးတိုး ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## Weekly Eleven သတင်းသမားသုံးဦးကို တရားစွဲဆိုမှု တိုင်းအစိုးရ ရုပ်သိမ်း

နိုင်ငံတော်အကြံညီပုဂ္ဂိုလ်ရုံးက စေမှုဖြင့် တရားစွဲဆိုထားသော Weekly Eleven ဂျာနယ်သတင်းသမားသုံးဦးအမှုကို ရန်ကုန်တိုင်းအစိုးရအဖွဲ့က ရုပ်သိမ်းလွှာတင်သောကြောင့် တာမွေမြို့နယ်တရားသူကြီးက အမှုကို ရုပ်သိမ်းကြောင်း နိုဝင်ဘာ ၉ ရက်တွင် အမိန့်ချသည်။ ယင်းနေ့တွင် Weekly Eleven ဂျာနယ် သတင်းသမားသုံးဦးကို တတိယအကြိမ်ရုံးထုတ်စစ်ဆေးရာ တရားလိုရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ခိုင်က အမှုရုပ်သိမ်းလွှာတင်ခြင်းဖြစ်သည်။ သတင်းသမားသုံးဦးအမှုကို ရုပ်သိမ်းပေးခဲ့၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ သတင်းမီဒီယာကောင်စီကလည်း ကြားဝင်ဖြေရှင်းပေးရေး တရားရုံးတော်တွင် ရောက်နေသောအမှုကို ရုပ်သိမ်းပေးရန် တောင်းဆိုထားသည်။ သို့သော် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ ညှိနှိုင်းဖြေရှင်းပေးမှု မအောင်မြင်ပါက ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်မည်ဟု ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နိုဝင်ဘာ ၈ ရက်တွင် ပြောကြားထားသည်။

စာမျက်နှာ ၁၂ သို့



Co-located with: PUMP+VALVE MYANMAR 2018 GREENPOWER '18 Hosted by: Organised by: AMBTarsus EVENTS GROUP www.myanenergy.com /myanenergy




7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018

စာမျက်နှာ ၁၁ မှ

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက နေပြည်တော်တွင်ဝယ်ယူထားသည့်မြေနေရာ၌ဥယျာဉ်မှူးသင်တန်း ဖွင့်မည်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက နေပြည်တော်၌ မြေဝယ်ယူခြင်းသည် 'လရောင်တောစီမံကိန်း' အမည်ရှိ ဥယျာဉ်မှူးသင်တန်းဖွင့်ရန်ဖြစ်ကြောင်း ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ၉ ရက်တွင် ပြောသည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ရာဇသင်္ဂဟအိမ်ရာ(၂)နှင့်Ocean Centerအနီးမြေနေရာလွတ်ကို လျှောက်ထားပြီး တစ်ဧကလျှင်ကျပ်သိန်း ၅၀ နှုန်းဖြင့် မြေ ၉၅ ဧကကို ကျပ်သိန်း ၄,၅၀၀ ဖြင့် ဝယ်ယူထားခြင်းဖြစ်သည်။ အဆိုပါမြေနေရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘာဝသစ်တောငယ်တစ်ခုနှင့် သင်တန်းကျောင်းဆောက်မည်ဖြစ်သည်။ ယင်းကျောင်းတွင် ပြည်တွင်းသဘာဝ ဘေးအန္တရာယ်အမျိုးမျိုးနှင့် ပြည်တွင်းပဋိပက္ခများကြောင့် ဒုက္ခရောက်နေသော စစ်ရှောင်ပြည်သူများ၊ တိုင်းရင်းသားမိသားစုများ၊ ဒေသခံများမှ အတန်းပညာဆုံးခန်းတိုင်အောင် သင်ကြားခွင့်မရခဲ့သည့် လူငယ်၊ လူရွယ်များအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတတ်ပညာများ၊ ဥယျာဉ်မှူးများမွေးထုတ်ခြင်းနှင့် သက်မွေးဝမ်းကျောင်းပညာ သင်ကြားခွင့်ရရှိမည်ဖြစ်သည်။

## ရခိုင်ဝန်ကြီးချုပ်၏ကား မြောက်ဦး၌ လမ်းဘေးထိုးကျသော်လည်း လူထိခိုက်မှုမရှိ

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုလိုက်ပါလာသည့် မော်တော်ယာဉ်သည် နိုဝင်ဘာ ၉ရက် နံနက်က ရန်ကုန်–စစ်တွေကားလမ်း မြောက်ဦးမြို့အရောက်တွင် လမ်းဘေးထိုးကျသော်လည်း ဝန်ကြီးချုပ်ထိခိုက်မှုမရှိကြောင်း ဝန်ကြီးချုပ်၏ ကိုယ်ရေးအရာရှိနှင့် NLD ပါတီ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က ပြောသည်။ နိုဝင်ဘာ ၈ ရက်က နေပြည်တော်၌ကျင်းပသည့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ခဲ့သည့် ဝန်ကြီးချုပ်သည် စစ်တွေသို့အပြန် နိုဝင်ဘာ ၉ ရက် နံနက် ၅ နာရီခန့်တွင် မြောက်ဦးဟိုတယ်အနီး၌ ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းဖြစ်သည်။ ယာဉ်မတော်တဆမှုတွင် ဝန်ကြီးချုပ်ထိခိုက်မှုမရှိကြောင်း ဝန်ကြီးချုပ်ကိုယ်ရေးအရာရှိက ပြောသည်။



*လမ်းဘေးထိုးကျသွားသော ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ကားကို တွေ့ရစဉ်*
ဓာတ်ပုံ – ဆည်းဆာဦး

## နိုင်ငံခြားဘဏ်ခွဲများ ပြည်တွင်း လုပ်ငန်းရှင်များအား ငွေစတင်ချေးနိုင်ပြီ

နိုင်ငံခြားဘဏ်ခွဲများကို မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များအား ငွေချေးခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုဝင်ဘာ ၈ ရက်တွင် ညွှန်ကြားချက်ထုတ်ပြန်သည်။ ပြည်တွင်းတွင် နိုင်ငံခြားဘဏ်ခွဲများ ဖွင့်လှစ်ခွင့်ပြုပြီး လေးနှစ်ကျော်၌ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်များကို ဘဏ္ဍာငွေရရှိနိုင်သည့်အခွင့်အရေး ပိုမိုရရှိစေရန် ရည်ရွယ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဗဟိုဘဏ်ညွှန်ကြားချက်၌ဖော်ပြထားသည်။ နိုင်ငံခြားဘဏ်များကို ပြည်တွင်းဘဏ်များနည်းတူ စီးပွားရေးလုပ်ငန်းများအား မည်သည့်ချေးငွေမဆို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ အခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရန်ခွင့်ပြုကြောင်း ညွှန်ကြားစာတွင်ပါရှိသည်။ နိုဝင် ဘာ ၈ ရက် ဗဟိုဘဏ်ထုတ်ပြန်ချက်တွင် အတိုးနှုန်းအပါအဝင် အသေးစိတ်အချက်အလက်များ မပါဝင်သေးပေ။ နိုင်ငံခြားဘဏ်ခွဲများကို ငွေချေးခွင့်ပေးရာတွင် အတိုးနှုန်းသည် အရေးကြီးပြီးလက်ရှိဗဟိုဘဏ်အတိုးနှုန်းဖြင့်ပင်ဖြစ်မည်ဆိုပါက ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ဟု ပြည်တွင်းဘဏ်တာဝန်ရှိသူအချို့က ပြောသည်။

## တရုတ်မယားအဖြစ် ရောင်းစားခံရသော မြန်မာအမျိုးသမီးနှစ်ဦးကို တရုတ်က မြန်မာသို့လွှဲ

တရုတ်နိုင်ငံသားနှစ်ဦး၏မယားအဖြစ် ရောင်းစားခံရသောကိုယ်ဝန်ဆောင်တစ်ဦးအပါအဝင် မြန်မာအမျိုးသမီးနှစ်ဦးကို တရုတ်နိုင်ငံက မြန်မာနိုင်ငံသို့ နိုဝင်ဘာ ၆ ရက်တွင် လွှဲပေးခဲ့ပြီး လူကုန်ကူးသူကို တရုတ်ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။ ရန်ကုန်နှင့် ရှမ်းပြည်နယ်ဇာတိဖြစ်ပြီး အိမ်ထောင်သည်တစ်ဦးပါဝင်သော အမျိုးသမီးနှစ်ဦးကို မြန်မာအမျိုးသမီး လူကုန်ကူးပွဲစားမမိမော်က ကျပ်သိန်း ၁၀၀ ခန့်တန်ကြေးရှိသော ယွမ်ငွေ ၅၀,၀၀၀ ဖြင့် တရုတ်နိုင်ငံသားနှစ်ဦးထံတွင် ပြီးခဲ့သည့်ဇူလိုင်က ရောင်းစားခဲ့ကြောင်းလူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တာဝန်ရှိသူကပြောသည်။ တရုတ်နိုင်ငံတွင် ဆေးစစ်ကြည့်ရာ အိမ်ထောင်သည် အမျိုးသမီးတစ်ဦးတွင် မြန်မာနိုင်ငံမှ ၎င်း၏အမျိုးသားနှင့်ရသော ကိုယ်ဝန်သုံးလရှိနေ၍ ပြန်ခွင့်တောင်းသော်လည်း တရုတ်အမျိုးသားက ခွင့်မပြုဘဲ ဆက်လက်ပေါင်းသင်းခြင်းခံရသည်ဟု ဆိုသည်။

www.free4readers.com


# Education

7DAY NEWS JOURNAL

Vol.17, No.36 · NOVEMBER 14 , 2018


# “တန်းစီဇယားတွေက မှန်ကန်မှုမရှိတဲ့အတွက် ပြန်လည်စိစစ်မယ်၊ လူတွေပြန်စုမယ်၊ ဘာသာရပ်အလိုက် ဆရာ၊ ဆရာမတွေစုပြီးတော့ ပြန်လည်တိုက်ဆိုင် စစ်ဆေးမယ်”

▲ ဒေါက်တာသိန်းဝင်း

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များတွင် လစ်လပ်နေသည့် ပါမောက္ခ ၁၄၇ ဦး၊ တွဲဖက်ပါမောက္ခ ၁,၀၄၁ ဦးနေရာများအတွက် ခန့်အပ်ရန် ရာထူးတိုးပြောင်း လျှောက်လွှာများကို အဆင့်မြင့်ပညာဦးစီးဌာနက ဇွန်လအတွင်းခေါ်ယူခဲ့သည်။ လစ်လပ်ပါမောက္ခနေရာများအတွက် ရာထူးတိုးလျှောက်ထားသူ ၉၆၉ ဦး၊ ပြောင်းရန်လျှောက်ထားသူ ၃၂၁ ဦးရှိသည်။ လစ်လပ်တွဲဖက်ပါမောက္ခနေရာများအတွက် ရာထူးတိုးလျှောက်ထားသူ ၁,၈၂၀ ဦး၊ ပြောင်းရန်လျှောက်ထားသူ ၄၃၀ ဦးရှိသည်။ လျှောက်ထားသူများအား အစဉ်လိုက်ခန့်အပ်မည့် တန်းစီဇယားကို အဆင့်မြင့်ပညာဦးစီးဌာနက နိုဝင်ဘာပထမပတ်တွင် ထုတ်ပြန်ခဲ့သည်။ ထိုတန်းစီဇယားကို ဆရာ၊ဆရာမအများစုက မကျေနပ်ကြောင်း လူမှုကွန်ရက်နှင့်မီဒီယာများတွင် ပြောဆိုဝေဖန်ခဲ့ပြီးအမှန်တကယ် အရည်အချင်းရှိသည့် ဆရာ၊ ဆရာမအများစုသည် တန်းစီဇယားအောက်ဆုံး၌ ရောက်ရှိနေ၍ ကန့်ကွက်ကြောင်းတက္ကသိုလ်ဆရာ၊ဆရာမအသင်းများ၏ ကြေညာချက်များ နိုဝင်ဘာ ၈ ရက်က စတင်ကာ ဆက်တိုက်ထွက်ပေါ်နေသည်။ ထိုတန်းစီဇယားနှင့်ပတ်သက်၍ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒကထိက ဒေါက်တာဇော်မျိုးလှိုင်သို့ 7Day News ဂျာနယ်က ဆက်သွယ်မေးမြန်းထားပါသည်။

ဆုဆက်ရည်ပိုး

## အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းသို့ ဆက်သွယ်မေးမြန်းခြင်း

**ဒီတန်းစီဇယားက တရားမျှတမှု မရှိဘူးလို့ ဆရာ၊ ဆရာမအများစုက ဝေဖန်နေတာတွေ ရှိနေပါတယ်။ လက်ရှိထွက်လာတဲ့တန်းစီဇယားကို ဘယ်လိုပြန်လုပ်ပေးဖို့ စီစဉ်ထားပါသလဲ။**

တန်းစီဇယားနဲ့ပတ်သက်ပြီး ဒီနေ့(နိုဝင်ဘာ ၉ ရက်) ဆရာများအဖွဲ့နဲ့ ဆွေးနွေးတယ်။ ကျောင်းပေါင်းစုံက ဆရာ၊ ဆရာမတွေ ပါပဲ၊ ၂၆ ဦးလောက်လာတယ်။ တန်းစီဇယားတွေ ရေးဆွဲရေးမှုက ကျွန်တော်တို့ ထုတ်ပြီးသား။ Marking Scheme (အမှတ်ပေးစည်းမျဉ်း)လည်း ထုတ်ပြီးသား။ ကျောင်းတွေကိုပေးထားပြီးသား။ ဘယ်ဟာဆို ဘယ်လောက်ပေးရမယ်ဆိုတာ။ ဒါပေမဲ့ သက်ဆိုင်ရာကျောင်းတွေက လက်မညီတဲ့အတွက် ကျွန်တော်တို့ဆီရောက်နေတဲ့ Copy နဲ့ Marking Scheme နဲ့ ပြန်တိုက်တဲ့အခါမှာ အမှတ်တွေ တချို့ကတော့ မတရားပေးထားတာ ရှိတယ်။ တချို့ကတော့တိတိကျကျပေးထားတာ ရှိတယ်။ အဲဒီတော့ သူတို့အဖွဲ့(နိုဝင်ဘာ ၉ ရက်တွင် ဆွေးနွေးခဲ့သည့်ဆရာများ)ကတော့တန်းစီဇယားတွေက မှန်ကန်မှု မရှိတဲ့အတွက် ပြန်လည်စိစစ်မယ်။ လူတွေပြန်စုမယ်။ ဘာသာရပ်အလိုက် ဆရာ၊ ဆရာမတွေ စုပြီးတော့ ပြန်လည်တိုက်ဆိုင် စစ်ဆေးမယ်။ အဲဒါကို ရှေ့တစ်ပတ်မှာ ပြန်လုပ်ဖို့ လုပ်ထားတယ်ခင်ဗျ။

**ပြန်စိစစ်မယ်ဆိုတော့ နောက်ထပ်အတိုး၊ အပြောင်းတန်းစီဇယားက ဘယ်တော့လောက် ပြန်ထွက်လာနိုင်ဖို့ရှိလဲ။**

အဲဒါက သူတို့စစ်ပြီးမှရမှာ။ သူတို့ပြန်စစ်မယ်။ တစ်ယောက်ချင်းကို ပြန်စစ်မယ်။ ဒီမှာ ကျွန်



ဒေါက်တာသိန်းဝင်း

ဓာတ်ပုံ – Ministry of Education

တော်တို့ဆီမှာCopyတွေရှိတယ်။ အဲဒီ Copy တွေနဲ့ Marking Scheme နဲ့ ပြန်တိုက်မယ်။ များရင်လျှော့မယ်၊ နည်းရင်တိုးပေးမယ်။ အားလုံးအဖွဲ့လိုက် ပြန်စစ်ပြီးမှ အမှတ်ပြန်သွင်းမယ်။ သွင်းပြီးမှ အမှတ်အများ၊အနည်း ပြန်စီလို့ရမှာ။ အဓိက အခုပြဿနာတက်တာက အပေါ်လေးလွှာပဲ။ အပေါ်လေးလွှာဆိုတာက ပါမောက္ခအပြောင်း၊ ပါမောက္ခအတိုး၊ တွဲဖက်ပါမောက္ခအပြောင်း၊ တွဲဖက်ပါမောက္ခအတိုး အဲဒီလေးခုပဲ ကျွန်တော်တို့ ပြန်လုပ်မှာ။ အောက်က ကထိ ကတို့၊ AL (လက်ထောက်ကထိက)တို့က ကြိုက်တဲ့နေရာ ပြောင်းလို့ရတယ်။ သတ်မှတ်ကာလပြည့်ရင် ပြောင်းလို့ရတယ်။ AL ကနေ Lecturer (ကထိက)တိုးဖို့ကလည်း Vacancy (ခန့်ထားနိုင်သည့်နေရာ) အလုံအလောက်ရှိတယ်။ အဲဒါကပြဿနာမရှိဘူး။

**ပြန်စိစစ်မယ်ဆိုတာဗျာ တက္ကသိုလ်တွေကိုပဲ ပြန်ပို့ပြီးစစ်ခိုင်းမှာလား။**

တက္ကသိုလ်တွေကနေ ကိုယ်စားလှယ်တွေ ခေါ်မယ်။ ဒီမှာ အဖွဲ့ဖွဲ့မယ်။ ဆရာများအဖွဲ့လည်း ပါမယ်။ဆရာများအဖွဲ့ထဲမှာမဝင်တဲ့ တခြားဆရာ၊ ဆရာမတွေ၊ ဘာသာရပ်ဆရာ၊ ဆရာမတွေလည်း ပါမယ်။ သူတို့ကို ဘာသာရပ်အလိုက် အုပ်စုဖွဲ့ပြီးကျွန်တော်တို့ဆီမှာ ရှိနေတဲ့ Copy တွေနဲ့ ပြန်တိုက်ဆိုင် စစ်ဆေးပြီး အမှတ်ကို၊ တချို့လည်း မှန်ကောင်းမှန်လိမ့်မယ်။ တချို့လည်း များတာဖြစ်ရင်ဖြစ်မယ်။တချို့လည်းနည်းတာ ဖြစ်ရင်ဖြစ်မယ်။ အဲဒါတိုက်ဆိုင်စစ်ဆေးပြီးမှ ပြန်စီမှာ။ အရင်က ၃၀ မှတ်ရနေပေမယ့် အခု ၂၃ ဖြစ်ရင်ဖြစ်သွားမယ်။ ၄၀ ဖြစ် ရင်ဖြစ်သွားမယ်။ အဲဒါပြန်ပြောင်းပြီးရင် အများ၊ အနည်းပြန်စီရမှာ။

**ရာထူးတိုးတန်းစီဇယားဆွဲတာမှာ လုပ်သက်အပြင် ဘယ်အချက်ပေါ်မှာ အဓိကထားဆုံးဖြတ်လဲ။**

စာမျက်နှာ ၁၈ သို့

## ရာထူးတိုးပြောင်းတန်းစီဇယားနှင့်ပတ်သက်၍ ဒေါက်တာဇော်မျိုးလှိုင် (ကထိက၊ ရူပဗေဒ ဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)သို့ မေးမြန်းခြင်း



ဒေါက်တာဇော်မျိုးလှိုင်

**လက်ရှိ တန်းစီဇယားဟာ ကမောက်ကမဖြစ်နေတယ်။ မမျှတဘူး၊ မမှန်ဘူးလို့ ဝေဖန်နေတဲ့ အပေါ် တက္ကသိုလ်ဆရာတစ်ဦးအနေနဲ့ ဘယ်လိုမှတ်ချက်ပြုချင်ပါသလဲ။**

လက်ရှိတန်းစီးဇယားဆွဲတဲ့မှုမှာ ပါနေတာက သင်ကြားရေးအမှတ်က၁၀မှတ်ပဲပေးပြီးသုတေသနလုပ်တဲ့သူတွေက အမှတ် ၃၀ ပေးတယ်။ အဓိကကတော့ လုပ်သက်အမှတ်နဲ့ သင်ကြားရေး၊ သုတေသနတွေနဲ့ ပေါင်းတာကိုး။ အဲဒီတော့ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်မှာ ရှိတဲ့သူတွေကတော့ သုတေသနတွေ ကြိမ်ရေများများ ဖတ်နိုင်တယ်။ သူတို့မှာက သင်ကြားရေးကမရှိသလောက်နည်းတယ်။ ကျန်တဲ့ကျောင်းတွေမှာက သင်ကြားရေးလည်း အများကြီးလုပ်ရတယ်။ သင်ကြားရေးမှာမှ နှစ်ပိုင်းရှိတယ်။ တနင်္လာကနေ သောကြာမှာ Day တွေ သင်ရတယ်။ စနေ၊ တနင်္ဂနွေမှာ အဝေးသင်သိပ္ပံတွဲတွေသင်ရတယ်။ စာမေးပွဲစစ်ရတာတွေ၊ အဖြေလွှာစစ်တာတွေလည်းရှိတယ်။ အဝေးသင်အဖြေလွှာစစ်တာတွေရော အစုံလုပ်ရတယ်။ ဒီလိုအလုပ်တွေအများကြီးလုပ်ထားပေမယ့် သုတေသနပိုင်းကျတော့ အားနည်းသွားတယ်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်ထဲမှာရှိတဲ့သူတွေက သုတေသနကိုအားပြုပြီး အမှတ်ယူတယ်။ ဒီဘက်မှာ သုတေသနအားမပြုနိုင်တဲ့သူတွေက သင်ကြားရေးကြောင့် ရမယ့်အမှတ်ကို အားပြုယူ။ အဲဒီလိုမျိုး Fair ဖြစ်ရမှာ။ တန်းတူဖြစ်ရမယ်အမှတ်က။ ဒါပေမဲ့ တန်းတူမဟုတ်ဘဲနဲ့ သုတေသနသမားက ၃၀၊ သင်ကြားရေးက ၁၀ မှတ်ဆိုရင် တကယ်သင်ကြားရေးလုပ်နေရသူတွေ၊ နယ်တွေမှာ လုပ်နေရသူတွေက အမှတ်က ဘယ်လိုမှပြိုင်ဆိုင်တဲ့အခါမှာ Fair မဖြစ်တော့ဘူး။မင်းတို့လည်းသုတေသနလုပ်ပေါ့ကွာလို့ပြောရင်လည်း လက်လွတ်စပယ် လွယ်လွယ်ပြောတာပဲဖြစ်နေတယ်။ သုတေသနက လုပ်ချင်တယ်။ လုပ်ဖို့အခွင့်အလမ်းမသာဘူး။ သိပ္ပံတွဲတွေမှာ ပိုပြီးတော့ဆိုးတယ်။ သိပ္ပံတွဲတွေဆို သုတေသနလုပ်ဖို့ Lab တွေရှိမှရမယ်။ နယ်ကျောင်းတွေမှာ Lab မပြောနဲ့ လေ့လာစရာ၊ ကိုးကားစရာ Reference စာအုပ်တောင် စာကြည့်တိုက်မှာ ပြည့်ပြည့်စုံစုံရှိတာမဟုတ်ဘူး။ အဲဒီလိုအခြေအနေတွေနဲ့ဆိုတော့ အဲဒီမူကြီးချကတည်းက သုတေသနကို ၃၀၊ သင်ကြားရေးက ၁၀ မှတ်ဆိုကတည်းက လွဲနေတာ။

**အခု တန်းစီဇယားက တက္ကသိုလ်တွေက ပေးလာတဲ့အမှတ်တွေပေါ်မှာ မူတည်ပြီး ရေးဆွဲထားတာဟုတ်ပါသလား။ အဲဒီလို တက္ကသိုလ်တွေကပေးတဲ့အမှတ်တွေမှာ ဘယ်လိုဟာကွက်တွေ ရှိနေနိုင်လဲ။**

သူတို့ကတော့ (အဆင့်မြင့်ပညာဦးစီးဌာန) Centralization (ဗဟိုချုပ်ကိုင်မှုစနစ်)ကနေလျှော့ပြီးတော့ Decentralizationအနေနဲ့သက်ဆိုင်ရာတက္ကသိုလ်တွေကို တာဝန် ခွဲပေးတယ်ဆိုပြီးတော့ လုပ်လိုက်တာ။ ဒါပေမဲ့ အောက်ကလူတွေက အခုအများစုပြောနေတဲ့Responsibilityနဲ့Accoun–tability ပေါ့။ ကိုယ့်တာဝန်ကိုယ်ကျေအောင် မယူတာပေါ့။နောက်ပြီး Bias ဘက်လိုက်တာတွေ ဖြစ်တာပေါ့။ သူ့လူ၊ ကိုယ့်လူခွဲတယ်။ အမှတ်ပေးတဲ့အပေါ်မှာ မှန်မှန်ကန်ကန် သုံးသပ်ပေးတာမျိုးမဟုတ်ဘဲနဲ့ နီးစပ်ရာအလျဉ်းသင့်သလိုတွေ၊ လက်သင့်ရာစားတော်ခေါ်တဲ့ ဇာတ်လမ်းမျိုးတွေရှိနေကြတော့ အဖြေမှန်မထွက်လာတော့ဘဲနဲ့ နစ်နာမှုတွေ ဖြစ်ကုန်တာပေါ့။

စာမျက်နှာ ၁၈ သို့



YN Wynn
PHOTOGRAPHY
One World
Through My Lens
Landscape Photography Exhibition
The Secretariat
Yangon
16 - 19 November
(9am - 5pm)
Prestige Sponsors
Memories
YOMA BANK
CELEBRATING 25 YEARS
Co-Sponsors
krislite
LIGHTING SPECIALIST CO LTD
LAVAZZA
TORINO, ITALIA, 1895
aroma
Media Partners
7DAY DAILY
7DAY tv




OPEN
THIS WEEK!
MYANBUILD'18
MYANMAR INTERNATIONAL BUILDING & CONSTRUCTION INDUSTRY SHOW
မြန်မာ့အကြီးမားဆုံးသော နိုင်ငံတကာ ဆောက်လုပ်ရေး
လုပ်ငန်းဆိုင်ရာ၊လေအေးပေးစနစ်ဆိုင်ရာ ပစ္စည်းများ
ပါဝင်ပြသသော ကုန်စည်ပြပွဲကြီး
၁၆ရက်နေ့ မှ ၁၈ရက်နေ့၊ နိုဝင်ဘာလ၊ ၂၀၁၈
MEP မင်းဓမ္မလမ်း၊ ရန်ကုန်
FREE ENTRY
ပြပွဲနှင့် ပတ်သက်၍အသေးစိတ် သိရှိလိုပါက Ms Phyo
at phyoyadanar@ambtarsus.com/09 259500191 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်၊
Hosted by:
Co-located with:
MYANMAR ARCHITECTS CONGRESS 2018
16 NOVEMBER 2018 • MEP MINDAMA, YANGON
Organised By:
AMBTarsus EVENTS GROUP
www.myanbuild.net
www.fb.com/Myanbuild
Diamond Sponsor:
Dulux
MELBOURNE COMPANY LIMITED
Gold Sponsors:
Silver Sponsors:
INFINITY
KIN LONG
Y&A Co.,Ltd
ATAD
EuroWindow



LG
Life's Good
ဝါကျွတ်ချိန်ခါ ရွေးချယ်စရာ...
TMW Enterprise Limited
BIG SALE
Like Us On
LG loves Myanmar
5th October ~ 30th November | 2018
သတ်မှတ်အမျိုးအစားအလိုက်
အထူးဈေးနှုန်း၊ အထူးလက်ဆောင် များ
ဖြင့်ရောင်းချပေးနေပါပြီ !!!
"LG Electronics ပစ္စည်း
ဝယ်ယူသူတိုင်းအတွက်
အလှဖယောင်းတိုင် လက်ဆောင်"
LG Brand Shop (Sule)
LG Premium Brand Shop (Kabaraye)
LG Brand Shop (Pansodan)
LG Brand Shop (Myanmar Plaza)
LG Brand Shop (Mandalay)
LG Brand Shop (Nay Pyi Taw)
Wai Yan Electronics : Pansodan | Kabar Aye | South Dagon | BAK | Insein
Mandalay | Mingalar Mandalay | Nay Pyi Taw | Taunggyi | Bago




Lilly's
Cook With Confidence
ထုံကြည်မွှေးနှင့်ချတ်ဖြတ်စို့
လီလီ သုံးကြစို့
အသွင်သစ် ဖော်မြူလာအသစ် အရသာသစ်နဲ့ လီလီ
Lilly's Chicken Powder
SEASONING
Vegetable Flavour
SEASONING
Seafood Tom Yum
SEASONING
ကြက်သားမှုန့်
သက်သတ်လွတ် ဟင်းခတ်မှုန့်
ပင်လယ်စာ တုံယမ်းဟင်းခတ်မှုန့်

Business
7DAY NEWS JOURNAL
Vol.17, No.36 · NOVEMBER 14 , 2018

# မြန်မာနိုင်ငံတွင် သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်မှုကို ပြန်လည်ပုံသွင်းရန်စီစဉ်နေသော တရုတ်နှင့်ဂျပန်

တရုတ်နှင့်ဂျပန်တို့သည် ဒေသတွင်းလူများနှင့် ကုန်စည်များစီးဆင်းမှုကို ပြောင်းလဲသွားနိုင်ခြေရှိသော စီမံကိန်းများနှင့်အတူ မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံများ တိုးတက်လာစေမည့် အစီအစဉ်များဖြင့် ရှေ့သို့တစ်ဟုန်ထိုး လှမ်းချီနေသည်။

ဘေဂျင်းသည် အိန္ဒိယသမုဒ္ဒရာရှိ ကျောက်ဖြူမြို့တွင် ရေနက်ဆိပ်ကမ်းတစ်ခု တည်ဆောက်ရန် ကြာမြင့်စွာ စောင့်မျှော်ခဲ့ရသော သဘောတူညီမှုတစ်ရပ်ကို ပြီးခဲ့သည့် ကြာသပတေးနေ့က လက်မှတ်ရေးထိုးခဲ့သည်။ ယင်းဆိပ်ကမ်းသည် ကျောက်ဖြူမြို့နှင့် တရုတ်နယ်စပ်ကို ရထားလမ်း၊ အဝေးပြေးလမ်းများဖြင့် ချိတ်ဆက်မည့် တရုတ်–မြန်မာစီးပွားရေးစင်္ကြံ၏ အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဖြစ်သည်။

တည်ဆောက်ပြီးစီးသည်နှင့် ယင်းစင်္ကြံသည် ကုန်းတွင်းပိုင်းကျသော တရုတ်နိုင်ငံကို အိန္ဒိယသမုဒ္ဒရာသို့ တိုက်ရိုက်ဝင်ရောက်ခွင့်ရရှိစေမည်ဖြစ်သည်။ ထို့အပြင် တရုတ်သမ္မတစီကျင်းပင်၏ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုစီမံကိန်း၏ သင်္ကေတတစ်ခုဖြစ်လာမည်ဖြစ်သည်။ ကုန်းတွင်းကျသော တရုတ်နိုင်ငံသို့ကျောက်ဖြူမြို့မှရေနံပိုက်လိုင်းများဆက်သွယ်ထားပြီးဖြစ်ကာ ရေနံနှင့် သဘာဝဓာတ်ငွေ့များပို့ဆောင်နေပြီဖြစ်သည်။

အရေးကြီးသည်မှာ ယင်းလမ်းကြောင်းသည် တရုတ်၏ရေနံစိမ်းတင်သွင်းမှုအများစုဖြတ်သန်းဝင်ရောက်ရာ မဖြစ်မနေဖြတ်သန်းရမည့်နေရာတစ်ခုဖြစ်နိုင်သော မလက္ကာရေလက်ကြားကို ရှောင်ကွင်းထားခြင်းဖြစ်သည်။ တရုတ်နိုင်ငံသို့ စွမ်းအင်နှင့်ကုန်စည်များပေးပို့ရန် အခြားလမ်းကြောင်းတစ်ခုရှိခြင်းက အန္တရာယ်များနှင့် ကုန်ကျစရိတ်များ လျော့ပါးစေသည်။

ထိုအတောအတွင်းတိုကျိုက မြန်မာနိုင်ငံ၏အကြီးဆုံးမြို့ ရန်ကုန်နှင့် ဒုတိယအကြီးဆုံးမြို့ မန္တလေးသို့ဆက်သွယ်ထားသည့် ရထားလမ်းကို အဆင့်တိုးမြှင့်ရန် စီစဉ်နေသည်။

ယင်းမြို့နှစ်မြို့ကြားဆက်သွယ်ထားသည့် ၆၂၀ ကီလိုမီတာ (မိုင် ၃၈၀ ကျော်)ရှည်သော




*မြန်မာနိုင်ငံရှိ အဓိကကျသည့် စီမံကိန်းများတွင် တရုတ်နှင့်ဂျပန် ရင်းနှီးမြှုပ်နှံမှုမှာ အဓိကဖြစ်နေသည်။*

ရထားလမ်းပိုင်းအဆင့်တိုးမြှင့်မှုကို လာမည့်သီတင်းပတ်တွင် စတင်လုပ်ဆောင်မည်ဖြစ်သည်။ ယင်း တောင်–မြောက် လမ်းကြောင်း အဆင့်တိုးမြှင့်မှုများက ခရီးသွားချိန်ကို ၁၅နာရီမှ ၇ နာရီသို့ထက်ဝက်လျော့ကျစေကာ လူနှင့် ကုန်စည်များစီးဆင်းမှု ပိုမိုလျင်မြန်လာစေမည်ဖြစ်သည်။

စစ်ဘက်က နှစ်များစွာကြာ အုပ်ချုပ်ခဲ့ပြီးနောက် မြန်မာနိုင်ငံသည် ၂၀၁၅ကရွေးကောက်ပွဲများနှင့်အတူ ဒီမိုကရေစီသို့အသွင်ကူးပြောင်းထားပြီး ဗဟိုကချုပ်ကိုင်သောစီးပွားရေးစနစ်မှနေ၍ ဈေးကွက်ရှေ့ဆောင်စီးပွားရေး စနစ်သို့ ပြောင်းလဲထားသည်။ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှုသည် လာမည့်သုံးနှစ်တွင် ပျမ်းမျှ ၆ ဒသမ ၉ ရာခိုင်နှုန်းရှိမည်ဟု ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပြီး ကမ္ဘာတွင် ဖွံ့ဖြိုးမှုအမြန်ဆန်ဆုံးစီးပွားရေးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အာရှတိုက်၏ နောက်ဆုံးဈေးကွက်နယ်ပယ်သစ်များအနက် တစ်ခုဖြစ်သည်ဟု လန်ဒန်မြို့အခြေစိုက်နိုင်ငံစုံပရော်ဖက်ရှင်နယ် ဝန်ဆောင်မှုများ ကွန်ရက် Price waterhouse Cooperr က ပြောထားသည်။

သို့သော် ဘင်္ဂါလီအရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံသည် နိုင်ငံတကာ၏ ကျယ်ပြန့်သော ပြစ်တင်ရှုတ်ချမှုများနှင့် ရင်ဆိုင်နေရသည်။ ယင်းမျက်နှာစာတွင် တရုတ်နှင့်ဂျပန်နှစ်နိုင်ငံစလုံးက အနောက်တိုင်းနှင့် ခွဲထွက်ကာ မြန်မာနိုင်ငံကို ဆက်လက်ကူညီနေသည်။

"ကျောက်ဖြူဆိပ်ကမ်းစီမံကိန်းက ပို့ဆောင်ရေးကုန်ကျစရိတ်တွေကို လျော့ကျစေမှာဖြစ်ပြီး တရုတ်နဲ့မြန်မာနိုင်ငံတို့အတွက်သာမဟုတ်ဘဲနဲ့ ဒေသတစ်ခုလုံးကိုလည်း ရေရှည်ဖွံ့ဖြိုးစေဖို့ အထောက်အကူပြုပါလိမ့်မယ်" ဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ကြာသပတေးနေ့က နေပြည်တော်၌ ပြောကြားသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်သည် ယင်းဆိပ်ကမ်းတည်ဆောက်မှုစတင်ရေး တရုတ်လုပ်ငန်းစုကြီး Citic Group ဥက္ကဋ္ဌချန်ဇန်မန်းနှင့် အခြေခံ သဘောတူညီမှုတစ်ရပ်လက်မှတ်ရေးထိုးခဲ့သည်။ ယင်းရေနက်ဆိပ်ကမ်းသည်ရှိနှင့်ပြီး ဆိပ်ကမ်းများတွင် လက်မခံနိုင်သောသင်္ဘောကြီးများကို လက်ခံနေရာချထားနိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ဒီဇင်ဘာက ဆွေးနွေးပွဲတစ်ရပ်တွင် ပထမဆုံးသဘောတူညီခဲ့ပြီး စက်တင်ဘာက လက်မှတ်ရေးထိုးခဲ့သောသဘောတူညီမှုတစ်ရပ်၌ တရားဝင်ဖြစ်ခဲ့သည့် တရုတ်–မြန်မာစီးပွားရေးစင်္ကြံသည် မန္တလေးမြို့ကို ဖြတ်သန်းသည့် အရှေ့–အနောက်လမ်းကြောင်းတစ်လျှောက်ရထားလမ်းနှင့်အဝေးပြေးလမ်းများမှတစ်ဆင့် တရုတ်နယ်စပ်နှင့် ကျောက်ဖြူမြို့ကို ချိတ်ဆက်မည်ဖြစ်သည်။ နောက်လမ်းတစ်ပိုင်းမှာ ကြီးမားသောအသစ်ပြန်လည်ဆောက်လုပ်မှုစီမံကိန်းတစ်ရပ်ကို ကူညီရန်တရုတ်ကစီစဉ်ထားသည့် ရန်ကုန်မြို့သို့ဆက်သွယ်မည်ဖြစ်သည်။

Citicကုမ္ပဏီဦးဆောင်သော လုပ်ငန်းစုကြီးက တာဝန်ယူမည့် ပထမအဆင့်တွင် ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကုန်ကျမည့် သင်္ဘောနှစ်စီးဆိုက်ကပ်နိုင်သော နေရာတည်ဆောက်မှု ပါဝင်သည်။ ယင်းဆိပ်ကမ်းကို အဆိုပါတရုတ်လုပ်ငန်းစုကြီးက ၇၀ ရာခိုင်နှုန်းပိုင်ဆိုင်မည်ဖြစ်ပြီး ကျန်အားလုံးကို မြန်မာဘက်က ရယူမည်ဖြစ်သည်။

ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခုအစီအစဉ်ကို ထောက်ခံသော အစိုးရသည်များမကြာမီက ရွေးကောက်ပွဲရှုံးနိမ့်မှုများကို မြင်ခဲ့ရပြီးနောက် တရုတ်က ၎င်းတို့၏ မဟာဗျူဟာကို အသေးစိတ်ထိန်းညှိထားသည်။ ၂၀၁၅ က ယင်းလုပ်ငန်းစု လုပ်ပိုင်ခွင့်ရခဲ့သည့် ကျောက်ဖြူစီမံကိန်းသည် ယခင်က ကန်ဒေါ်လာ ၇ ဒသမ ၂ ဘီလီယံကုန်ကျမည်ဟု အကြမ်းဖျင်းသတ်မှတ်ခဲ့သည်။ ချေးငွေပမာဏများလွန်းပါက မြန်မာနိုင်ငံကို အကြွေးထောင်ချောက်တစ်ခုထဲ တဝဲလည်လည် ဖြစ်စေမည်ဆိုသော စိုးရိမ်မှုများကိုတုံ့ပြန်ကာ တရုတ်က ယင်းစီမံကိန်းပမာဏကိုလျှော့ချရန်သဘောတူခဲ့သည်။

ထိုအတောအတွင်း ဘင်္ဂါလီပြဿနာနှင့်ပတ်သက်၍ နိုင်ငံတကာ၏ဝေဖန်မှုပိုများလာစဉ် မြန်မာအပေါ် ဂျပန်ကအားကောင်းကောင်းနှင့်ကူညီနေခြင်းသည်မြန်မာကိုအထီးကျန်အောင်လုပ်ခြင်းက စစ်ဘက်အုပ်ချုပ်စဉ်ကဲ့သို့ မြန်မာကိုတရုတ်လက်ထဲ ပြန်ထည့်ပေးလိုက်ရုံသာ ဖြစ်စေလိမ့်မည်ဆိုသော စိုးရိမ်မှုများမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

မြန်မာ၏ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး ကြိုးပမ်းမှုများကို ပုဂ္ဂလိကနှင့်အစိုးရကဏ္ဍ နှစ်ရပ်စလုံးမှ အပြည့်အဝထောက်ခံကူညီရေး ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အောက်တိုဘာက တွေ့ဆုံမှုအတွင်းကတိပေးခဲ့သည်။ စောစောပိုင်း ၂နှစ်က ကြေညာခဲ့သော အစီအစဉ်အရ လာမည့်ငါးနှစ်အတွက် အစိုးရနှင့်ပုဂ္ဂလိကအကူအညီကန်ဒေါ်လာ ၇ ဒသမ ဝ၃ဘီလီယံ ကူညီပေးနေမှုလည်းအခြေအနေမပြတ်တိုးတက်မှုရှိသည်ဟု အာဘေးကပြောကြားခဲ့သည်။

ယင်းအစီအစဉ်များတွင် မန္တလေး–ရန်ကုန်ရထားလမ်းပိုင်းခေတ်မီစေရေး စီမံကိန်းအတွက် ယန်း ၂၆၀ ဘီလီယံခန့်အပါအဝင် သင်္ဘောသွားလာမှုနှင့်လျှပ်စစ်ဆိုင်ရာအခြေခံအဆောက်အအုံနှင့်အတူ ရန်ကုန်မြို့တွင် မြို့ပြဖွံ့ဖြိုးရေးကို ဗဟိုပြုထားသည်။

ယင်းမြို့နှစ်မြို့ကြားမြစ်ကြောင်းပေါ်ရှိအခြေခံအဆောက်အအုံတိုးတက်ရေးကိုလည်းဂျပန်က လေ့လာနေသည်။ JICA က မန္တလေးတွင် ဆိပ်ကမ်းအဆင့်မြှင့်တင်ရေးယန်းခြောက်ဘီလီယံပေးမည့်သဘောတူညီမှုတစ်ရပ်ကို ပြီးခဲ့သည့်လက လက်မှတ်ရေးထိုးခဲ့သည်။ ဂျပန်သည် ယခင်က သီလဝါ အထူးစီးပွားရေးဇုန်တွင် စက်မှုဇုန်များတည်ဆောက်ရာ၌လည်း ကူညီခဲ့သည်။

NIKKEI ASIAN REVIEW ပါ China and Japan set to reshape shipping in Myanmar ဆောင်းပါးကို ဘာသာပြန်ဆိုသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၁,၅၇၄ | ၁,၅၈၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၁,၁၅၀ | ၁,၁၅၅ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁,၇၇၀ | ၁,၇၉၀ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၄၇ | ၄၈ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၂၂၂ | ၂၂၃ | ကျပ် |

နိုဝင်ဘာ ၁၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၇၆၉၂ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၈၈၁၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၁၃.၈၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၉၄၆၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၇၂.၆၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၃၇၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၇.၈၂ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၄.၁၇၈ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၃.၀၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၄,၆၈၀.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၃,၂၉၀.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၅၃.၀၃၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၈၂၈၉ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၃၈၀၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၄၈၃၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၃၁၉၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၆၆.၉၃၇၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၂၂.၉၀ |
| ရေနံ | စည် | ၆၉.၈၅ |
| ငွေ | အောင်စ | ၁၄.၃၉ |
| ကြေးနီ | ပေါင် | ၂.၇၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃.၅၈ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

နိုဝင်ဘာ ၁၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

www.free4readers.com

7DAY NEWS JOURNAL

Vol.17, No.36 • NOVEMBER 14 , 2018

စာမျက်နှာ ၃ မှ

## မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့်တွေ့ဆုံခြင်း

**နွေကာလ အပူချိန်ကတော ဆရာ။**

အပူချိန်က ပုံမှန်ထက်မြင့်နေမှာ သေချာပါတယ်။ အဲဒီနောက်ဆက်တွဲအပူဒဏ်ကို ထုံးစံအတိုင်း ဂရုစိုက်နေထိုင်ဖို့လိုပါတယ်။

**ကမ္ဘာနဲ့အဝန်းမှာ ရာသီဥတုဖောက်ပြန်လို့ ဘေးကြုံတာတွေ နေ့စဉ်လိုလို ကြားနေရတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ရာသီဥတုအနေအထားကကော ဒီနှစ်ပိုင်းအရင်ကထက် ဘာတွေထူးခြားသွားလဲဆိုတာ အကဲဖြတ်ပေးပါဦး ဆရာ။**

အစွန်းရောက်နေတာပေ့ါ။ မျှတတဲ့ရာသီဥတုမှမရှိတာ။ အစွန်းရောက်တာပေ့ါ။ နောက်ထပ်သတိပေးလိုတာက လာမယ့်နှစ်တွေ သတိပိုထားရမယ်။ အခု ၂၀၁၈ ကနေ ၂၀၂၂ အထိက ကမ္ဘာနဲ့အဝန်း အပူဆုံးနှစ်တွေ ဖြစ်လာမယ်လို့ နိုင်ငံတကာစစ်တမ်းတစ်ခုက ထုတ်ပြန်သတိပေးထားတယ်။

**အစိုးရအပြောင်းအလဲနဲ့အတူ သဘာဝဘေးတွေကို ကူညီကယ်ဆယ်ရေးပုံစံလည်း ပြောင်းလဲသွားပါတယ်။ ဥပမာ- ဘေးသင့်သူတွေဆီ အကူအညီအမြန်ရောက်ရေးကို ပိုပြီးဆောင်ရွက်လာတာမျိုးက သိသာစေတဲ့အပြောင်းအလဲတစ်ခုပါ။ ဒါပေမဲ့ ဖြစ်နေတဲ့ သဘာဝဘေးတွေကို ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးအတွက် အလျဉ်မီအောင် ဆောင်ရွက်မရနိုင်သေးတဲ့ပြဿနာကလည်း ရှိနေတယ်။ လူထုက ဒုက္ခတွေ့နေဆဲ။ ဒါကို ဘယ်လိုကိုင်တွယ် ဖြေရှင်းသင့်ပါလဲ။**

နံပါတ်(၁)က Information သတင်းအချက်အလက် ရရှိမှုက အမြဲရှိနေရမယ်။ နံပါတ်(၂)က လက်ရှိအနေအထားအရ ဝန်ကြီးဌာနမှာ ဝန်ထမ်းအင်အားက အရမ်းနည်းတယ်။ အရမ်းနည်းတော့ တစ်နိုင်ငံလုံးအတွက်ဆို ဘယ်လိုမှအဆင်မပြေဘူး။ ဘတ်ဂျက်ကလည်း နည်း၊ ဝန်ထမ်းကလည်း နည်းဆိုတော့ ဘယ်လိုမှ မကာမိဘူး။ ဒါတွေကို ပြင်ဆင်မှရမှာပေ့ါ။ နောက်ပြီး အပြင်က ပရဟိတအသင်းအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး ကွန်ရက်လုပ်ထားရမယ်။ လုပ်နေတာလည်း တွေ့နေရပါတယ်။ ဒါပေမဲ့ အခုထက်ပိုပြီး စနစ်တကျချိတ်ဆက်လုပ်ရင် ပိုပြီးအောင်မြင်တာပေ့ါ။ အစိုးရကပဲ လုပ်နေရင် မနိုင်ဝန်ထမ်းတာ ဖြစ်နေမယ်။

**ကျွန်တော်တို့နိုင်ငံမှာ သဘာဝဘေးကြီးကြီးမားမားတွေက နှစ်စဉ်လိုလို ကြုံတွေ့နေရတာဆိုတော့ အဲဒီအခြေအနေက နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လောက်အထိ အဟန့်အတားဖြစ်စေလဲ။**

မီးလောင်တာနဲ့၊ ရေကြီးတာနဲ့တင် ပျက်စီးဆုံးရှုံးမှုတွေက နိုင်ငံ GDP ရဲ့ ဘယ်လောက်ရာခိုင်နှုန်းရှိနေပြီလဲဆိုတာ အဖြေထွက်လာမှာပဲ။ ထိခိုက်ပျက်စီးမှုတွေကို သေချာစာရင်းဇယား လုပ်ရမယ်။ လုပ်ရင် ဘယ်လောက်ပျက်စီးဆုံးရှုံးတယ်ဆိုတာ ပေါ်လာမှာပဲ။ အဲဒါကို စာရင်းဇယားရှိတဲ့သူတွေ လုပ်ကြည့်သင့်တာပေ့ါ။ ဘယ်လောက်အတိုင်းအတာအထိ ထိခိုက်နေလဲဆိုတာသိရင် စီမံချက်တစ်ခုချရတော့မှာပေ့ါ။ စီမံချက်ချပြီးရင် တကယ်ဖောက်ချလုပ်ရမှာပေ့ါ။ နောက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကလည်း သိပ်ပီပီပြင်ပြင်မှ မရှိတာပဲ။

**ကျေးဇူးတင်ပါတယ်ဆရာ။**

စာမျက်နှာ ၁၃ မှ

## ရာထူးတိုးပြောင်းတန်းစီဇယားနှင့်ပတ်သက်၍ ဒေါက်တာဇော်မျိုးလှိုင် (ကထိက၊ ရူပဗေဒ ဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)သို့ မေးမြန်းခြင်း

**အခုထွက်ထားတဲ့ တန်းစီဇယားကို ပြန်စိစစ်မယ်လို့ ဆိုပါတယ်။ အားလုံးကျေနပ်မယ့် ရလဒ်ဖြစ်လာနိုင်မယ်လို့ ထင်ပါသလား။**

တန်းစီဇယားကို ပြန်စစ်တဲ့အခါမှာ ပွင့်ပွင့်လင်းလင်းနဲ့ စစ်ဆေးတဲ့သူတွေရဲ့ရလဒ်တွေပေါ်မှာပြန်ပြီးတော့ သေချာယူမယ်ဆိုရင်တော့ အနီးစပ်ဆုံးအဖြေတော့ ရလိမ့်မယ်လို့ မျှော်လင့်လို့ရတယ်။

**ပြီးခဲ့တဲ့နှစ်ကလည်း ရာထူးတိုးတန်းစီဇယားထွက်တဲ့အချိန် ဝေဖန်သံတွေ ထွက်လာပြီးတော့အခုနှစ်မှာလည်း အလားတူပဲဖြစ်နေတာတွေကကော ဘာကြောင့်လဲ။**

နှစ်တိုင်းပွဲဆူနေတာပဲ။ လုပ်နေတဲ့ အမှတ်ပေးစည်းမျဉ်းတွေ လွဲတာက တစ်ချက်၊ Bias တွေပါတာက တစ်ချက်၊ အဲဒီလိုမျိုးတွေနဲ့ကတော့ နှစ်တိုင်းဖြစ်နေမှာပဲ။

**အခု ရာထူးတိုးတန်းစီဇယားကို ဝေဖန်မှုက လူမှုကွန်ရက်မှာရော၊ မီဒီယာမှာရော အတော်ဆူနေတော့ ဆရာ၊ ဆရာမတွေက ရာထူးတိုးဖို့ပဲ အာရုံစိုက်နေတယ်လို့ တချို့က မှတ်ချက်ပြုကြတာလည်း ရှိတယ်။ အဲဒီအပေါ်မှာကော။**

ဒါလည်း မှန်တာပဲ။ ဒီမှာက ပညာရေး ပြုပြင်ပြောင်းလဲမှုအတွက်တို့၊ နိုင်ငံတကာအဆင့်မီအောင် ပညာရေးကြိုးပမ်းကြမယ်ဆိုတဲ့အချိန်ကျတော့အသံမထွက်ဘဲ ရာထူးတိုးကျမှ အသံထွက်တယ်ဆိုတာကြီးကလည်းကျောင်းဆရာမဟုတ်တဲ့ ကျန်တဲ့အသိုင်းအဝိုင်းတွေက ပြောစရာဖြစ်နေတာအမှန်ပဲ။

**ရာထူးတိုးပြဿနာ ဖြေရှင်းဖို့နည်းလမ်းအဖြေက ဘာဖြစ်မလဲ။**

ရေရှည်မှာဒါကိုဖြေရှင်းမယ်ဆိုရင် အဓိကအဖြေကတော့ Autonomous ပဲ။ သက်ဆိုင်ရာတစ်ကျောင်းချင်းမှာ ဘောလုံးအသင်းတွေကို စီမံအုပ်ချုပ်သလိုပဲ။ Autonomous Universityဖြစ်အောင်ပဲ ကြိုးစားရမှာ။ အဲဒီကိုမရောက်မချင်းက အကုန်လုံးဘုံကို အဆည(အဆင့်မြင့်ပညာ ဦးစီးဌာနက)က ကိုင်နေသရွေ့က တစ်ယောက်ကျေနပ်လည်း တစ်ယောက် မကျေနပ်နဲ့ ဒီဇာတ်လမ်းတွေက ဆုံးမှာမဟုတ်ဘူး။ သက်ဆိုင်ရာ ကျောင်းအလိုက် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်နဲ့အတူ ကိုယ့်ကျောင်းက ကိုယ့်လူကိုခန့်တာမျိုး တိုက်ရိုက်လုပ်တဲ့အခါမှာ ဒီကျောင်းကိုကြိုက်ရင် ဒီကျောင်းမှာ အလုပ်လျှောက်ပေ့ါ။ ဒီကျောင်းမကြိုက်ရင် တခြားကျောင်းလျှောက်ပေ့ါ။ ကျောင်းဘက်ကလည်း လျှောက်တဲ့သူ အရည်အချင်း ကြိုက်ရင်ခန့်လိမ့်မယ်။ ဒီလိုပုံစံမျိုးပဲ ဖြစ်ရမှာ။

**Autonomous University ဖြစ်ဖို့က ပြောနေတာတော့ ကြာပြီပေ့ါ။ ဒီအတွက် ကြန့်ကြာနေတာတွေအပေါ်ကော ဘယ်လိုမှတ်ချက်ပြုလိုပါသလဲ။**

Autonomous ဖြစ်လာဖို့ လွှတ်တော်မှာပါ တာဝန်ရှိတယ်။ ၂၀၁၄ ကစပြီးတော့ အမျိုးသားပညာရေးဥပဒေ ပြဋ္ဌာန်းတယ်။ ၂၀၁၅ မှာ ပြင်ဆင်တဲ့ ဥပဒေ ပြဋ္ဌာန်းတယ်။ အခု ၂၀၁၈ရောက်လာပြီ။ အဆင့်မြင့်ပညာဥပဒေလုံးဝမထွက်လာသေးဘူး။ အဲဒါက လွှတ်တော်မှာရော၊ ဥပဒေရေးဆွဲတင်သွင်းတဲ့ ဝန်ကြီးဌာနမှာရော အားထုတ်မှုတစ်ခုခုကတော့ လိုနေတယ်ဗျာ။ အဆင့်မြင့်ပညာရေးဥပဒေပေါ် လာရမယ်။ ပြီးတော့မှနည်းဥပဒေတွေ ပေါ်ရမယ်။ ဒါပြီးတော့မှ တက္ကသိုလ်တွေက ကိုယ်ပိုင်လွတ်လပ်ခွင့်ဖြစ်မယ့် Charter (တက္ကသိုလ်ပဋိညာဉ်)တွေဆွဲရမှာ။ အခုက အဲဒီအဆင့်တွေကို မရောက်နိုင်တော့ဘူး။ အဲဒီတော့ အဆင့်မြင့်ပညာရေးဥပဒေပေါ်ဖို့ အစိုးရ၊ လွှတ်တော်မှာတာဝန်ရှိတယ်။ သူတို့မှာ ဘာအကြောင်းပြချက် ရှိနေလဲ မသိဘူး။ ဒါပေမဲ့ ဒီဥပဒေထွက်လာစေချင်ပြီ။ ဒါကအဖြေပဲ။

**ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

စာမျက်နှာ ၁၃ မှ

## အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းသို့ ဆက်သွယ်မေးမြန်းခြင်း

သုတေသနရမှတ်ကိုအဓိကထားတယ်။ ကိုယ်တိုင်ရေးသားတဲ့ သုတေသနကို အဓိကထားပြီး လုပ်တယ်။ တ ချို့က ကိုယ်တိုင်မရေးသားဘဲနဲ့ SecondAuthor တွေ။ အဲဒါတွေကိုအမှတ်ပေးခဲ့လို့ ဒီဟာ ဖြစ်နေတာ။ ကိုယ်တိုင်လုပ်တဲ့ သုတေသနဆို တစ်စောင်ဆိုဘယ်နှမှတ်ဆိုတာ သူ့ Key ရှိတယ်။ အဲဒီအတိုင်း ပေးရမှာ။

**တန်းစီဇယားမှာ ပြည်တွင်းကပါရဂူဘွဲ့ရနဲ့ ပြည်ပက ပါရဂူဘွဲ့ရ အမှတ်ကွာတယ်လို့ ဝေဖန်နေတာတွေလည်းရှိတယ်။ ပြည်တွင်းပါရဂူဘွဲ့ရက တန်ဖိုးမရှိဘူးလားလို့ ဝေဖန်နေတာတွေကိုကော။**

ပြည်တွင်းဘွဲ့ရယ်၊ နိုင်ငံခြားဘွဲ့ရယ် ရှိတယ်။ အဲဒါကတော့ ရတဲ့ နိုင်ငံပေါ် မူတည်တာ။ မြန်မာနိုင်ငံမှာရှိတဲ့Ph.Dဘွဲ့လည်း အရည်အချင်းရှိပါတယ်။ အဓိကအဲဒါကို အမှတ်မပေးဘူး။ Performance ကို၊ ခုနကပြောတဲ့ သုတေသနရမှတ်ကိုပဲ အဓိကထားတာပါ။

**လစ်လပ်ဘယ်နနေရာအတွက် ခန့်ဖို့ရှိတာလဲ။**

လစ်လပ်က နည်းတယ်။ တစ်ကျောင်းမှာ ပါမောက္ခ နှစ်ယောက်၊ AP(တွဲဖက်ပါမောက္ခ) လေးယောက်ပဲရှိတယ်။ ဥပမာ တစ်ခုပြောရရင် မြန်မာစာမှာဆို လစ်လပ်ပါမောက္ခ ဦးရေက နှစ်ဦးပဲ ရှိတယ်။ ဒီနှစ်ဦးကလည်း ပင်စင်သွားလို့လစ်လပ်သွားတာ။ အဲဒီပါမောက္ခအပြောင်းကို လျှောက်တာ ၃၅ ဦးရှိတယ်။ ပါမောက္ခအတိုးကို AP(တွဲဖက် ပါမောက္ခ)ကနေ အတိုးလျှောက်တာ ၁၂၇ ဦးရှိတယ်။ လစ်လပ်က နှစ်ဦးပဲရှိတာ။ မြန်မာစာရဲ့ တွဲဖက်ပါမောက္ခဆိုလည်း လစ်လပ်ဦးရေက ၁၀ ဦးပဲ ရှိတယ်။ တွဲဖက်ပါမောက္ခ အပြောင်းလျှောက်တာ ၄၉ ဦး၊ ကထိကကနေ တွဲဖက်ပါမောက္ခ အတိုးလျှောက်တာ ၁၂၈ ဦး။ အဲဒီတော့ ခြုံငုံပြီး ပြောရရင် ဘာသာရပ်အကုန်လုံး ၄၄ ခုမှာ လစ်လပ်ဦးရေက ပါမောက္ခမှာ ၁၄၇ ဦးပဲ ရှိတယ်။ ၁၄၇ နေရာ လစ်လပ်တယ်။ အပြောင်းလျှောက်တာ ၃၂၁ဦး၊ ပါမောက္ခအတိုးလျှောက် ၉၆၉ ဦး။ အဲဒီတော့ ကျွန်တော်တို့က တက်မယ့်လူနဲ့ Vacancy နဲ့က မမျှတဲ့အတွက် ဒီလိုမျိုး Issue တွေ တက်နေတာ။

**အခု ပြောတဲ့အနေအထားအရဆိုရင် တက္ကသိုလ်တစ်ခုချင်းက ပေးလာတဲ့ အမှတ်တွေအရ တန်းစီဇယားကို ဆွဲထားတယ်လို့ ယူဆပါတယ်။ အဲဒီလို တစ်ဆင့်ချင်းတက်လာတဲ့အခါမှာ အဂတိပါနေတာတွေ ရှိနိုင်တယ်လို့လည်း ဝေဖန်နေကြတာ ရှိပါတယ်။ အဲဒီလို ရှိနိုင်ပါသလား။**

အဲဒါတော့ ကျွန်တော် မသိဘူးဗျ။ ကျွန်တော့်ဦးစီးမှာတော့ မရှိဘူး။ ကျွန်တော့်လူတွေ သေအောင်လုပ်နေရတာ။ အောက်ကဟာတော့ ကျွန်တော်မသိဘူး။ သက်ဆိုင်ရာကျောင်းပါချုပ်ကို မေးကြည့်မှ သိမယ်။ ကျွန်တော့်ဘက်မှာတော့ မရှိဘူး။ အဲဒါတော့ ကျွန်တော် အာမခံရဲတယ်။

**ရာထူးတိုး တန်းစီဇယား ထွက်ရှိလာချိန်တိုင်း ဝေဖန်သံတွေ နှစ်စဉ်ဖြစ်နေတဲ့အပေါ်ကော ဖြေရှင်းနိုင်မယ့်နည်းလမ်းကို ပညာရေးဝန်ကြီးဌာနအနေနဲ့စဉ်းစားထားတာ၊ စီစဉ်ထားတာရှိပါသလား။**

ဖြေရှင်းဖို့ နည်းလမ်းရှိလားဆိုရင်တော့ တက္ကသိုလ်တွေ Autonomous ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးလိုက်ရင်တော့ ဒီရာထူးတိုး၊ ပြောင်းက ကျွန်တော်တို့အနေနဲ့ ကိုင်စရာမလိုတော့ဘူး။ Autonomous မပေးနိုင်တဲ့ စပ်ကြားမှာတော့ ဒီပြဿနာတွေတော့ ဖြေရှင်းနေရမှာပဲ။ ရှိတာကတော့ နှစ်ရှည် ရှိနေမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆရာ၊ ဆရာမအများစုက အပြောင်းအရွှေ့ကိုအားလုံးက အာသီသရှိကြတာကိုး။

**ဆိုလိုချင်တာက Autonomous ရသွားရင်တော့ ဒါတွေ အားလုံးပြေလည်သွားနိုင်တယ်လို့ မျှော်လင့်လို့ရနိုင်တယ် ပေ့ါ။**

ကျောင်းတွေ ပြောင်းလို့မရတော့ဘူးလေ။ ကျောင်းတွေက သူ့ရဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ သူ့ရဲ့ စီမံခန့်ခွဲမှုနဲ့ဆိုရင် ကျွန်တော်တို့က ဒါတွေကို(ဆရာ၊ ဆရာမတွေကို) လှည့်ပေးစရာ မလိုတော့ဘူးလို့ ထင်တာပဲ၊ ယူဆတာပဲ။

**ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

# ငြိမ်းချမ်းရေး နောက်ပြန်ခြေလှမ်းလား



KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးနှင့် ခေါင်းဆောင်အချို့ လော်ခီးလာတွင်ပြုလုပ်ခဲ့သည့် အရေးပေါ်အစည်းအဝေး၌ ဆွေးနွေးနေစဉ် ဓာတ်ပုံ – Thoolei News

■ အောင်ဇော်ထွန်း၊ ဇာလီမြင့်ဦး

ဒေါ်အောင်ဆန်းစုကြည်ထံ တစ်နိုင်ငံလုံးအပစ်ရပ်စာချုပ် (NCA)လက်မှတ်ထိုးအဖွဲ့များအနက် အင်အားအတောင့်တင်းဆုံးနှင့် အစဉ်အလာအကြီးမားဆုံးအဖွဲ့ဖြစ်သော ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ပေးပို့ခဲ့သည့် စာတစ်စောင်ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စောင့်ကြည့်သူများအကြား အကြီးအကျယ်အံ့အားသင့်သွားသည်။

ရှေ့မတိုးနောက်မဆုတ်သာဖြစ်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဖြေရှာနိုင်ရေး နေပြည်တော်ထိပ်သီးဆွေးနွေးပွဲကို အောက်တိုဘာ လလယ်တွင် ကျင်းပခဲ့သော်လည်း သိသာကောင်းမွန်သည့်ရလဒ်မထွက်ပေါ်ခဲ့ပေ။

ထိပ်သီးဆွေးနွေးပွဲအပြီး ၁၁ ရက်အကြာအောက်တိုဘာ ၂၇ ရက်တွင် လတ်တလောကျင်းပမည့်ငြိမ်းချမ်းရေးဆိုင်ရာ အစည်းအဝေးများ၌ ပါဝင်မှုယာယီရပ်ဆိုင်းကြောင်း ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌက ဒေါ်အောင်ဆန်းစုကြည်ထံ အသိပေးစာပေးပို့ခဲ့သည်။

ထို့ကြောင့် မူလကပင်တစ်ဆို့နေသည့် လိပ်ခဲတည်းလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် စိုးရိမ်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် NCA လက်မှတ်ထိုးအဖွဲ့များအနက်အင်အားကြီးဟုသတ်မှတ်သည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)ကလည်း အရေးပေါ်အစည်းအဝေးများပြုလုပ်ပြီးနောက် နိုဝင်ဘာ ၁၂ ရက်တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်သည်။

ပစ်ခတ်တိုက်ခိုက်မှုစောင့်ကြည့်ရေးပူးတွဲကော်မတီများ (JMC)တွင် NCA အတိုင်း မဆောင်ရွက်ဘဲ တရားမျှတမှုမရှိဟုဆိုကာ ဆွေးနွေးညှိနှိုင်းမှုရလဒ်များအရသာ ယင်းအစည်းအဝေးအဆင့်ဆင့်တွင် ဆက်လက်ပါဝင်ခြင်းရှိ၊ မရှိဆုံးဖြတ်မည်ဟုဆိုသည်။

ထို့ကြောင့်ပင် ဝေဝါးနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အချိန်မီအဖြေရှာနိုင်ရန် ထောက်ပြဝေဖန်မှုများလည်း ကျယ်ပြန့်စွာထွက်ပေါ်နေသည်။

"ဒီနှစ်ဖွဲ့ရဲ့ ထုတ်ပြန်ချက်အပေါ်မူတည်ပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် နည်းနည်းတော့ ဂယက်ရိုက်သွားတယ်။ အဲဒါကမကောင်းတဲ့ ဂယက်ရိုက်တာပေါ့နော်။ ကျွန်တော်တို့အနေနဲ့လည်းကြားကြားချင်းစိုးရိမ်ချက်ရှိခဲ့ပါတယ်" ဟု ကချင်ပြည်နယ်ဒီမိုကရေစီပါတီဥက္ကဋ္ဌဒေါက်တာမနာမ်တူးဂျာက ပြောသည်။

လက်ရှိအခြေအနေအရ တုံ့ဆိုင်းနေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာနောက်သို့ ပြန်ဦးတည်နေသည့်အလားအလာကို ပြသနေကြောင်း တိုင်းရင်းသားအရေးလေ့လာသူဦးမောင်မောင်စိုးက သုံးသပ်သည်။

နေပြည်တော်ထိပ်သီးအစည်းအဝေးအပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အနုတ်လက္ခဏာဆောင်နေသည့်သဘောဟု ၎င်းကဆိုသည်။ လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကစိန်ခေါ်မှုငါးခုရှိသည်ဟုဦးမောင်မောင်စိုးကထောက်ပြသည်။

အစိုးရ၊ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်များအကြား ပြေလည်မှုမရသေးသည့် ပြည်ထောင်စုမှခွဲမထွက်ရကိစ္စ၊ တစ်ခုတည်းသောတပ်မတော်ထားရှိရေးကိစ္စ၊ ၂၀၂၀ တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြီးပြတ်အောင်ဆောင်ရွက်မည်ဆိုသည့်ကိစ္စ၊ တပ်မတော်နှင့်အပစ်ရပ်အဖွဲ့များအကြားစစ်ရေးပဋိပက္ခဖြစ်ပွားခြင်းကို ဖြေရှင်းရန်လိုအပ်နေမှုနှင့် NCA တွင်လက်မှတ်ထိုးရန်ကျန်ရှိနေသည့်အဖွဲ့များကိစ္စတို့ဖြစ်သည်ဟု ဦးမောင်မောင်စိုးက ရှင်းပြသည်။

ယင်းစိန်ခေါ်မှုများသည် ယခုမှရုတ်တရက်ဖြစ်ပွားခဲ့ခြင်းတော့မဟုတ်ပေ။ ၂၀၁၇ မေလက ကျင်းပခဲ့သည့် ၂၁ ရာစုပင်လုံဒုတိယအစည်းအဝေးမတိုင်မီကတည်းက အစပျိုးခဲ့ခြင်းဖြစ်သည်။

၂၁ ရာစုပင်လုံဒုတိယအစည်းအဝေးတွင် တိုင်းရင်းသားများလိုလားသည့် ပြည်နယ်ဖွဲ့စည်းပုံအပါအဝင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာသဘောတူညီချက်များ ဆွေးနွေးဖက်များအကြား သဘောတူညီခဲ့သည်။ သို့သော်ခွဲမထွက်ရကိစ္စကို တိုင်းရင်းသားများဘက်က လက်ခံမှသာ တိုင်းရင်းသားများလိုလားသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာသဘောတူညီချက်များ ပြည်ထောင်စုစာချုပ်တွင် ထည့်သွင်းဖော်ပြရန်အစိုးရအစုအဖွဲ့ အထူးသဖြင့် တပ်မတော်ဘက်မှသဘောတူညီမှုအပေးအယူလုပ်ခဲ့ကြောင်း တိုင်းရင်းသားကိုယ်စားလှယ်အချို့က ပြောသည်။

ယင်းအခက်အခဲက ၂၁ ပင်လုံတတိယအစည်းအဝေးခေါ်ယူရန်ပင်နှောင့်နှေးစေခဲ့သည့်အချက်ဖြစ်သည်။ အလားတူ တစ်ခုတည်းသောတပ်မတော်ကိစ္စသည်လည်း ပြေလည်မှုမရ၍ ဖက်ဒရယ်အခြေခံမူအချက် ၅၁ ချက်ရရှိပြီးဖြစ်သော ပြည်ထောင်စုသဘောတူစာချုပ်တွင် လုံခြုံရေးကဏ္ဍ သဘောတူညီချက်မထည့်သွင်းနိုင်ဘဲဖြစ်ခဲ့သည်။

"(၁) ကတော့ ခွဲမထွက်ရ၊ (၂)ကတော့ တစ်ခုတည်းသောတပ်မတော်ပေါ့နော်။ အဲဒီနှစ်ခုကို ညှိနှိုင်းဆွေးနွေးခြင်းမရှိဘဲနဲ့ တပ်မတော်ဘက်ကတရားသေသွားသာ တစ်ဖက်သတ်ကြီးဆုံးဖြတ်ချက်ချလိုက်တယ်၊ ကန့်သတ်ချက်တွေချလိုက်တယ်။ အဲဒါက ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်ကို ရပ်တန့်သွားစေတဲ့အဓိကအကြောင်းရင်းဖြစ်တယ်"ဟု ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)ပြောရေးဆိုခွင့်ရှိသူဦးစိုင်းလိတ်က ပြောသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင်ပင် နေပြည်တော်ထိပ်သီးဆွေးနွေးပွဲတွင် ၎င်း၏သဘောထားကို ထင်ရှားစွာပြသခဲ့သည်။ ခွဲမထွက်ရကိစ္စသည် ပြည်ထောင်စုသဘောတူစာချုပ်တွင် မဖြစ်မနေထည့်ရမည့်အချက်ဟု ဗိုလ်ချုပ်မှူးကြီးက ပြောကြားခဲ့သည်။

တိုင်းရင်းသား အဖွဲ့များလက်နက်ကိုင်ပြီး အစိုးရအဆက်ဆက်ကို တောင်းဆိုခဲ့သည်မှာ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးတို့ကို NCA တွင်မူအားဖြင့်သဘောတူထားပြီး နိုင်ငံရေးဆွေးနွေးနေကြပြီဟု တပ်ချုပ်က ပြောသည်။

ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အခြေခံမူများ ချမှတ်ရာတွင် NCA ၏အခြေခံမူများ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမူများကို ရှေးရှုပြီးဆောင်ရွက်ရန် ၎င်းကဆိုသည်။

KNU ဘက်ကမူ အစိုးရနှင့် တပ်မတော်က NCA သဘောတူစာချုပ်တွင် ပါဝင်ခြင်းမရှိသော ခွဲမထွက်ရနှင့် တစ်ခုတည်းသောတပ်မတော်ကိစ္စရပ်များဆွေးနွေးရန် တင်သွင်းလာခြင်းဖြစ်သည်ဟု ထောက်ပြသည်။

ထိုသို့တင်သွင်းလာခြင်းကယင်းကြိုတင်သတ်မှတ်ချက်များကို လက်ခံပြီးမှသာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူထားသည့်အကြောင်းအရာများကို ဆက်လက်ဆွေးနွေးမည့်ပုံစံဖြစ်နေကြောင်း KNU က ဆိုသည်။ ထို့အပြင် လုံခြုံရေးစနစ်ကို ကျေလည်စွာဆွေးနွေးပြီးမှသာလျှင် တစ်ခုတည်းသော တပ်မတော်ကဲ့သို့သောကိစ္စကို ဆက်လက်ဆွေးနွေးရမည်ဟု KNU က ထုတ်ပြန်သည်။

နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သော KNU ဗဟိုကော်မတီအရေးပေါ်အစည်းအဝေးတွင် အစိုးရနှင့်တပ်မတော်သွားနေသည့် NCA လမ်းကြောင်းသည် ၂၀၀၈ ဖွဲ့စည်းပုံဘောင်အတွင်း သွတ်သွင်းခြင်းမျိုးဖြစ်နေပါက NCA တွင်ဆက်လက်ပါဝင်ရန်မဖြစ်နိုင်ဟု ဆွေးနွေးသူများပင်ရှိခဲ့ကြောင်း KNU တာဝန်ရှိသူတစ်ဦးက ပြောသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် NCA လမ်းကြောင်းအတိုင်း ဆက်လက်ဆောင်ရွက်ရမည်ကို KNU ကိုယ်စားလှယ်အများစုက ငြင်းဆိုခြင်းမပြုဟု ၎င်းကဆိုသည်။

"သို့သော်လည်းပဲ ဒီအတိုင်းပဲသွားရင်တော့ မဖြစ်တော့ဘူး။ NCA နဲ့လွဲချော်တဲ့ဟာရှိတယ်။ အဲဒါကို ပြောဆိုကြတာလည်းရှိတယ်" ဟု အဆိုပါတာဝန်ရှိသူက ပြောသည်။

RCSS သဘောထားမှာလည်း KNU နှင့်ကွာဟမှုမရှိပေ။

ပြည်ထောင်စုမှမည်သည့်အခါမျှခွဲမထွက်ရဆိုသည့်အချက်သည် NCA တွင်ပါဝင်ခြင်းမရှိသဖြင့် ထိုအချက်နှင့်ပတ်သက်၍ RCSS သည် NCA အတိုင်းသာ ရပ်တည်သွားမည်ဟုလည်း ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

'တစ်ခုတည်းသောတပ်မတော်(Single Army)နှင့်ပတ်သက်၍ အစိုးရ၊ တပ်မတော်နှင့် RCSS တို့အကြား အလွတ်သဘောဆွေးနွေးပွဲများမှတစ်ဆင့် ဆွေးနွေးညှိနှိုင်းအဖြေရှာသွားမည်'ဟုလည်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

NCA လက်မှတ်ထိုး ၁၀ ဖွဲ့တွင် ဦးဆောင်အဖွဲ့အစည်းများဟုယူဆခံရသည့် KNU နှင့် RCSS တို့၏သဘောထားသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆွေးနွေးဖက်များအကြား ယုံကြည်မှုပျောက်ဆုံးနေခြင်းကို မြင်သာနိုင်သည်။

စာမျက်နှာ ၂၀ သို့



ဓာတ်ပုံ – Thoolei News

လတ်တလောငြိမ်းချမ်းရေးလုပ်ငန်းစဉ် အခြေအနေနှင့်ပတ်သက်၍ KNU အရေးပေါ်အစည်းအဝေး ပြုလုပ်နေစဉ်

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.36 · NOVEMBER 14 , 2018

စာမျက်နှာ ၁၉ မှ

## ငြိမ်းချမ်းရေး နောက်ပြန်ခြေလှမ်းလား

“အဲဒီတော့အခုရပ်တန့်သွားတဲ့လုပ်ငန်းစဉ်ကို ပြန်လည်ပြီးတော့မှ အစပျိုးဖို့ဆိုလို့ရှိရင်တော့ယုံကြည်မှု ပြန်လည်တည်ဆောက်ရပါလိမ့်မယ်။ တပ်မတော်အနေနဲ့ သူတစ်ဖက်သတ်ရပ်တည်တဲ့အနေအထားမျိုးကနေပူးပေါင်းပါဝင်ဆောင်ရွက်တဲ့၊ ညှိနှိုင်းဆွေးနွေးတဲ့ အသွင်သဏ္ဍာန်မျိုးကို ပြန်ပြီးတော့ချဉ်းကပ်ရပါလိမ့်မယ်”ဟုဦးစိုင်းလိတ်က ၎င်း၏အမြင်ကိုပြောသည်။

အစိုးရနှင့် တပ်မတော်အကြား တိုင်ပင်ဆွေးနွေးမှုမရှိဘဲ တပ်မတော်က သီးခြားခွဲထွက်သည့်ရပ်တည်မှုမျိုးဖော်ပြပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆက်လက်တုံ့နှေးနေမည်ဟု ၎င်းကဆိုသည်။

KNU ဥက္ကဋ္ဌပေးပို့သည့်စာသည်ထိပ်သီးဆွေးနွေးပွဲရလဒ်နှင့်ပတ်သက်ပြီး KNU အဖွဲ့တွင်း သဘောထားကွဲလွဲမှုကို မြင်သာစေသကဲ့သို့ ဆွေးနွေးဖက်ဖြစ်သည့်အစိုးရနှင့် အခြားNCA လက်မှတ်ထိုးတိုင်းရင်းသား အဖွဲ့များအတွက် ဆွေးနွေးမှုများရှေ့ဆက်ရန်အကျပ်တွေ့စေသည်။

နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိရန်ကုန်၌ ကျင်းပသည့်နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ဆွေးနွေးပွဲသို့ KNU ကိုယ်စားလှယ်စေလွှတ်ခြင်းမရှိ၍ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံအစည်းအဝေးများကျင်းပခြင်းအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရာ၌အခရာကျသည့် မူဘောင်ပြင်ဆင်ရေးဆွေးနွေးမှုများ အားလျော့ခဲ့သည်။

ထို့အပြင် နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည့် NCA လက်မှတ်ထိုး၁၀ဖွဲ့ခေါင်းဆောင်များ စုံညီစွာတက်ရောက်လေ့ရှိသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST)သို့လည်း KNUက ခွင့်တိုင်ခဲ့၍ယင်းအစည်းအဝေးကို ရွှေ့ဆိုင်းခဲ့ရသည်။

“KNU က မအားသေးဘူး။ နောက်ပြီးတော့ ဒုအဖွဲ့ခေါင်းဆောင်က ဦးဆောင်ပြီးတော့ ခေါ်ပါလို့ ပြောတော့လည်း သူတို့ကလည်း KNU ကို စောင့်ချင်တယ်။ စသဖြင့် အဲဒါနဲ့ ရက်ရွှေ့ပေးဖို့ပြောတယ်။ အဲဒီအပေါ်မှာ ဘယ်ရက်ကို ရွှေ့မှန်းတော့မသိသေးဘူး။ KNU အစည်းအဝေးပြီးမှ ပြန်ခေါ်မယ်ထင်တယ်”ဟု ပအိုဝ်းအဖွဲ့ (PNLO)ဦးဆောင်နာယကဗိုလ်မှူးကြီးခွန်ဥက္ကာက ပြောသည်။

NCAလက်မှတ်ထိုးအဖွဲ့များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် မူဝါဒများချမှတ်ပေးရန် ဖွဲ့စည်းထားသည့် PPST ၏ အဖွဲ့ခေါင်းဆောင်များ KNU ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးဖြစ်ပြီး ဒုတိယအဖွဲ့ခေါင်းဆောင်မှာ RCSS ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး ယွက်ဆစ်ဖြစ်သည်။

KNU နှင့် RCSS တို့၏ သဘောထား ဖော်ပြချက်များကြောင့် စိုးရိမ်စရာဖြစ်နေသည့် NCA လမ်းကြောင်းအပေါ် လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက စောင့်ကြည့်လေ့လာနေသည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများ ကြုံတွေ့ရခြင်းသည် ဖြစ်လေ့ဖြစ်ထရှိသည့်သဘာဝဖြစ်၍ မည်သူ့ကိုမျှ အပြစ်တင်မည်မဟုတ်ကြောင်း သမ္မတရုံးပြောခွင့်ရပုဂ္ဂိုလ် ဦးဇော်ဌေးက KNUဥက္ကဋ္ဌပေးပို့သည့် စာအပေါ် မှတ်ချက်ပြုသည်။

“KNU အတွင်းမှာ အကျေအလည် ဆွေးနွေးညှိနှိုင်းပြီးတော့ မကြာခင်မှာ ကောင်းမွန်တဲ့ရလဒ်ရလာမယ်လို့ ကျွန်တော်တို့က ယုံတယ်” ဦးဇော်ဌေးက သမ္မတအိမ်တော်၌ အောက်တိုဘာ ၂၉ ရက်တွင် အရေးပေါ်ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

“ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေက NCA မှာလည်း ဒီလိုပဲကျော်ဖြတ်ခဲ့ပြီးပြီ။ နိုင်ငံရေး ဆွေးနွေးပွဲပေါ့နော်။ အနှစ်နှစ်အလလ ပြောခဲ့တဲ့ ဒီနိုင်ငံရေးဆွေးနွေးပွဲမှာလည်း ဒီအတိုင်းပဲ ကျော်ဖြတ်နိုင်မယ်လို့ ကျွန်တော်တို့က အပြည့်အဝယုံကြည်တယ်” ဟု ဦးဇော်ဌေးက ဆက်လက်ပြောကြားသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရှေ့ဆက်နိုင်ရေး ယုံကြည်မှုတည်ဆောက်ရာတွင် အစိုးရဘက်က စတင်ဆက်သွယ်ရန် ဒေါက်တာမနာမ်တူးဂျာက အကြံပြုသည်။

NCA တွင် မပါဝင်နိုင်သေးသည့် ကချင်လက်နက်ကိုင်အဖွဲ့ (KIO/KIA) ဒုဥက္ကဋ္ဌဟောင်းလည်းဖြစ်သူ ဒေါက်တာမနာမ်တူးဂျာက KNU နှင့် RCSS တို့အနေဖြင့် အလွတ်သဘောဆွေးနွေးမှုများမှတစ်ဆင့် အဖြေရှာနိုင်ပြီး တရားဝင်လမ်းကြောင်းအပေါ် ပြန်လည်ရောက်ရှိလာမည်ဟု မျှော်လင့်ကြောင်း ပြောသည်။

NCA လက်မှတ်မရေးထိုးရသေးသည့် ‘ဝ’လက်နက်ကိုင်အဖွဲ့လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးညီရန်းကမူ ယခုကဲ့သို့ မှတ်ချက်ပြုသည်။

“ဘယ်ငြိမ်းချမ်းရေးမဆို လွယ်လွယ်လေးနဲ့ရသွားတဲ့ ငြိမ်းချမ်းရေးဆိုတာ မရှိသလောက်ပဲလေ။ ဘယ်လိုပဲဖြစ်ဖြစ် ဒါကတော့အင်အားကြီးတဲ့အာဏာပိုင်တွေ အစိုးရပဲဖြစ်ဖြစ်၊ တပ်မတော်ပဲဖြစ်ဖြစ် သဘောထားကြီးဖို့တော့လိုတယ်။ ဘယ်ကိစ္စရပ်တွေပေါ်မှာပဲဖြစ်ဖြစ်ပေါ့” ဟု ဦးညီရန်းကပြောသည်။

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် လက်ရှိအစိုးရက ၂၀၁၉ မကုန်မီ ၂၁ ရာစုပင်လုံ အစည်းအဝေး သုံးကြိမ်ကျင်းပကာ ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများ အပြီးအပြတ် သဘောတူညီမှု ရရှိရေးလိုလားနေသည်။

ဖက်ဒရယ်အခြေခံမူများ ပါဝင်မည့် ပြည်ထောင်စုသဘောတူစာချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် အရေးပါခြင်းကြောင့်ဖြစ်သည်။

ဦးစိုင်းလိတ်ကမူ လက်ရှိဝေဝါးနေသည့် ငြိမ်းချမ်းရေး ဖြစ်စဉ်ပြန်လည် တည့်မတ်လာနိုင်ရေး အောက်ပါအတိုင်း မှတ်ချက်ပြုသည်။

“ဒီယုံကြည်မှုကို ပြန်တည်ဆောက်မယ်ဆိုရင်တော့ နံပါတ်(၁)အချက်က ခေါင်းဆောင်အချင်းချင်းက ပွင့်လင်းမြင်သာမှုရှိစွာနဲ့ တန်းတူရည်တူထားပြီးတော့မှ ဆွေးနွေးပိုင်ခွင့်အနေအထားမျိုးကို ဖန်တီးပေးရပါလိမ့်မယ်။ နောက်ကြိုတင်သတ်မှတ်ချက်မထားဘဲနဲ့ ထွက်လာတဲ့ရလဒ်ကို အကောင်းဆုံးရှုမျှော်ပြီးတော့မှ စည်းကမ်းတွေ ကြိုတင်မချမှတ်ဘဲနဲ့ ဆွေးနွေးဖို့ လိုအပ်ပါတယ်”



### နိုဝင်ဘာ ၁၄ မှ ၂၀ ရက်အထိ

### မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ**

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်ဟာ ပိုမိုအားကောင်းလာကာ နိုဝင်ဘာ ၁၂ ရက် နံနက် ၇ နာရီခွဲအချိန် တိုင်းတာချက်အရ ဆိုင်ကလုန်းမုန်တိုင်း GAJA အဖြစ်သို့ ရောက်ရှိလာပြီးနောက် အနောက်တောင်ယွန်းယွန်းဘက်ဆီသို့ တစ်နာရီ ၁၂ မိုင်နှုန်းဖြင့် ရွေ့လျားနေပါတယ်။အများဆုံးလေတိုက်နှုန်းမှာတစ်နာရီ၄၅မိုင်နှုန်းရှိနေပြီး နောက် ၂၄ နာရီအတွင်းအားကောင်းတဲ့ဆိုင်ကလုန်းမုန်တိုင်းဖြစ်လာနိုင်ပါတယ်။ ဆိုင်ကလုန်းမုန်တိုင်း GAJA ဟာ အနောက်တောင်ဘက်ဆီသို့ ဦးတည်ရွေ့လျားလာပြီးနောက် နိုဝင်ဘာ ၁၅ ရက်နေ့ညနေတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒက်ရှ်ပြည်နယ်ကမ်းခြေသို့ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ဖြင့် ဝင်ရောက်မည်ဟုခန့်မှန်းပါတယ်။ကမ်းကိုဖြတ်ကျော်စဉ် လေတိုက်နှုန်းတစ်နာရီ(၄၅–၆၀)မိုင်ခန့်နဲ့ မုန်တိုင်းဒီရေ(၁၂–၁၅)ပေခန့် တက်ရောက်နိုင်ပါတယ်။

**ဘင်္ဂလားပင်လယ်အော်နှင့် တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နိုင်ပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသ၊ မြေလတ်ပိုင်းဒေသနဲ့ အလယ်ပိုင်းဒေသတွေမှာ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး မြောက်ပိုင်းတွင် တိမ်ကင်းစင်နိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိနိုင်ပါတယ်။

**ညအပူချိန်များအခြေအနေ**

ချင်း၊ ရှမ်းနှင့် ကယားပြည်နယ်တို့မှာ ၁၀ ဒီဂရီစင်တီဂရိတ်မှ ၁၆ ဒီဂရီစင်တီဂရိတ်ခန့်၊ ကျန်ဒေသတွေမှာ ၁၇ ဒီဂရီစင်တီဂရိတ်မှ ၂၂ ဒီဂရီစင်တီဂရိတ်အထိ ရှိနိုင်ပါတယ်။

**ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများအခြေအနေ**

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းတန်ဖိုးသည် မြန်မာတစ်နိုင်ငံလုံးတွင် အလွန်မြင့်မားသော အဆင့်တွင် ရှိနေပါတယ်။

**မိုးတိမ်တောင်ဖြစ်ပေါ်နိုင်မှုအခြေအနေ**

ရှမ်းအရှေ့ပိုင်းနဲ့ တောင်ပိုင်း၊ ရခိုင်၊ မွန်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်နိုင်ပြီး ကျန်တစ်ပြည်လုံးတွင် မိုးတိမ်တောင်များကင်းစင်နိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေခန့်မှန်းချက်**

ကချင်၊ ရှမ်းမြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် သာယာနိုင်ပြီး ကျန်တစ်ပြည်လုံးတွင် နေရာကွက်ကျားမှ ကျဲကျဲ မိုးထစ်ချုန်းရွာမည်။

ဒေါက်တာထွန်းလွင်

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**

Senior Medical Officer (၅)ဦး၊ Junior Medical Officer (၅)ဦး၊ Computer Cashier (၂)ဦး၊ Air-Con (ကျွမ်းကျင်) ၂ ဦး၊ စာရင်းကိုင် (Computer) ၂ ဦး၊ ဓာတ်ခွဲကျွမ်းကျင် မ(၃)ဦး၊ ဆေးဝါးကျွမ်းကျင် (၅)ဦး၊ ရွှေဝပိုဆေးရုံ၊ မြေညီထပ် (ရုံးခန်း)၊ ၁/၃၃၊ သမိန်ဗရမ်းလမ်း၊ မေတ္တာရိပ်မွန်အိမ်ရာဝင်း၊ တာမွေ၊ ရန်ကုန်မြို့။

Ph- 09- 422535781

---

**ဝန်ထမ်းအလိုရှိသည်**

မူကြို အကူ(၃)ဦး အလိုရှိသည်။ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေး၊ ရန်ကုန်မြို့။ Ph- 09- 964243712

**အလိုရှိသည်**

Model သရုပ်ဆောင် ကျား/မ(၁၀)ဦး၊ အသက်(၁၃)နှစ်မှ (၂၅)နှစ်အတွင်း၊ အိမ်ထောင်မရှိသူ (လူပျို/အပျို)၊ အနုပညာလှုပ်ရှားမှုများ လုပ်ကိုင်နေသူ၊ လုပ်ကိုင်ဖူးသူများ၊ အခြား Agency သင်တန်းများတွင် တက်ရောက်ဖူးသူများမဖြစ်ရ။ သတ်မှတ်ထားသော Trainingအားတက်ရောက်နိုင်သူဖြစ်ရမည်။

Ph- 09- 791950087

---

**ဝန်ထမ်းအလိုရှိသည်**

စက်ချုပ်ဝန်ထမ်း မ(၂)ဦး အမြန်အလိုရှိသည်။ နေစရာစီစဉ်ပေးမည်၊ စမ်းချောင်း။

Ph- 09-797749777

**ဝန်ထမ်းအလိုရှိသည်**

Sales Promoter (ကျား/မ)၅ဦး(လစာ-150,000 မှ 180,000+Commission)၊ Social Media Customer Service (ကျား/မ) ၂ဦး၊ (လစာ-150,000 မှ 200,000 အတွင်း)၊ Designer ကျား/မ(၂)ဦး(လစာ 250,000 မှ 500,000 အတွင်း)၊ Digital Marketer ကျား/မ(၂)ဦး (လစာညှိနှိုင်း)။

Ph- 09- 777788000

---

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း(မ) (၂)ဦး၊ ပန်းကြယ်သီး/Sequin ကျွမ်းကျင်(မ) (၁)ဦး၊ လက်ချုပ်ကျွမ်းကျင်(မ) (၁)ဦး၊ ဆိုင်တည်နေရာ-ဒဂုံမြို့နယ်။

Ph- 01- 375901

**ဝန်ထမ်းအလိုရှိသည်**

WPE Training and Capacity Building Officer, Lashio, Shan State (1), Construction Engineer, Sittwe, Rakhine State (1), Safe at Home Community Facilitator, Lashio, Shan State (2), Reproductive Health Doctor, Lashio, Shan State (1), Safety and Security Consultant(Individual), Yangon (1), International Rescue Committee, Myanmar Program, No.69/54 (B-4), Oak Tha Pha Yar Street, Kyaik-kasan Quarter, Bahan Township, Yangon, Myanmar.

Ph: +95 (1) 860 4243

---

**ဝန်ထမ်းအလိုရှိသည်**

Junior Accountant မ(၂)ဦး (ညှိနှိုင်းလစာ)၊ B.Com(or)LCCI Level-3, Sale & Marketing ကျား(၃)ဦး (ညှိနှိုင်းလစာ)၊ BE, B.Tech, AGTI ဘွဲ့ရရှိပြီးသူ၊ အသက်(၂၅)မှ (၃၀)နှစ်ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ(၂)နှစ်၊ စနေနေ့ ရုံးမပိတ်ပါ။

Ph- 01-538101

---

**အလိုရှိသည်**

တရုတ်၊ ကိုရီးယား၊ အင်္ဂလိပ်၊ ဂျပန်၊ အီတလီ၊ ပြင်သစ်၊ ရုရှား၊ စပိန် စသော နိုင်ငံခြားဘာသာစကား သင်နိုင်သော ဆရာ/မများအလိုရှိသည်။

Ph- 09- 449021733

**ဝန်ထမ်းအလိုရှိသည်**

QC မ (၃)ဦး၊ အတွေ့အကြုံရှိရမည်။

Ph- 09- 448331596

---

**ဝန်ထမ်းအလိုရှိသည်**

Good Day Hair Style ဆံပင်ညှပ်ကျွမ်းကျင်(၃)ဦးအမြန်အလိုရှိသည်။ စားရိတ်ငြိမ်းလစာညှိနှိုင်း။

Ph- 09- 442748811

---

**ဝန်ထမ်းအလိုရှိသည်**

စက်ပြင် ကျား(၁)ဦး၊ ယာဉ်မောင်း ကျား(၃)ဦး၊ လုံခြုံရေး ကျား(၁)ဦး၊ အမှတ်(၂၉)၊ ပန်းတဉ်းဝန်ဦးရွှေဘင်လမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်။

Ph- 01- 685526

အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x2")ထက် မကြီးသော အရွယ်အစားဖြင့် လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ် ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကို အသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018

# အတ္တလန္တိတ် တစ်ဖက်ကမ်းမှ ပစိဖိတ်ကမ်းသို့ (၁၀)

မြင့်မိုရ်ဆွေ



©SoeThawDar

**ပစိဖိတ်** ကမ်းခြေ ခရီးစဉ်မှာ နောက်ဆုံးမြို့ ဖြစ်တဲ့ ဆန်ဖရန်စစ္စကိုမြို့သို့ အယ်လ်အေ (Los Angeles)မှ ရောက်ရှိခဲ့ပါပြီ။ ဆန်ဖရန်စစ္စကိုမြို့ကို ရှေးယခင် ဒေသခံတိုင်းရင်းသားများက 'ပင်လယ်အော်မှာရှိတဲ့မြို့' (Place at the Bay)လို့တည်နေရာကို အစွဲပြုပြီး ခေါ်ဆိုခဲ့ကြောင်းသိရှိရပါတယ်။ ၁၇၇၆ ခုနှစ်မှာ စပိန်တို့က သူတော်စင် စိန့်ဖရန်စစ် (Saint Francis)ကို အစွဲပြုပြီး ဆန်ဖရန်စစ္စကိုမြို့လို့ စတင်ခေါ်ဝေါ်ခဲ့ကြောင်း သိရှိရပါတယ်။

စာရေးသူက ဆန်ဖရန်စစ္စကိုမြို့ကို 'လောကခံမြို့'လို့ အမည်ပေးမိပါတယ်။ မူလက ငါးဖမ်းလှေတွေ၊ ကုန်သွယ်ရေးသင်္ဘောတွေနဲ့ ဆင်းရဲတဲ့ ဆိပ်ကမ်းမြို့လေးဖြစ်ပါတယ်။ ၁၈၄၈ ခုနှစ်မှာ ရွှေထွက်တဲ့ သတင်းကြောင့် လူတွေဟာ သင်္ဘောတွေကို ဆိပ်ကမ်းမှာ အပြီးအပိုင်စွန့်ပစ်ခဲ့ကြပြီး ရွှေတွင်းတွေနောက်လိုက်ခဲ့ကြပါတယ်။ အဲဒီကာလကို '၁၉၄၈ ခုနှစ် ရွှေဇောကြွကာလ' (1948 Gold Rush) လို့ ခေါ်ဆိုခဲ့ကြပါတယ်။ ဆိပ်ကမ်းမှာ သင်္ဘောတွေခမျာ ဘဝပျက်ခဲ့ရပြီး အဆောက်အအုံတွေမှာ သုံးလိုသုံး၊ ခြံကာလိုကာတဲ့ အခြေအနေကို ရောက်သွားရှာပါတယ်။ အရှေ့ဘက် အတ္တလန္တိတ်ကမ်းမှ လူတွေဟာ သူတို့ကိုယ်သူတို့ လူယဉ်ကျေးများလို့ သတ်မှတ်ပြီး ဆန်ဖရန်စစ္စကိုအပါအဝင် အနောက်ဘက်ကမ်းခြေကို လူရမ်းကားများနေရာဒေသလို့ ချိုးနှိမ်သတ်မှတ်ထားကြပေမယ့် ၁၉၄၈ ခုနှစ်မှာ ရွှေလက်နဲ့ ခေါ်လိုက်တဲ့အခါ အပြိုင်အဆိုင် ရွှေဇောကြွပြီး ဆန်ဖရန်စစ္စကိုမြို့ကို အဟောဝတကောင်းလေစွလို့ ကြွေးကြော်ရင်း အလုံးအရင်းနဲ့ ပြောင်းရွှေ့လာခဲ့ကြပါတယ်။ မူလက လူဦးရေတစ်သောင်းသာရှိတဲ့ မြို့ကလေးဟာ တစ်နှစ်သာမှာ ၂၅,၀၀၀ အထိ တိုးပွားစည်ကားလာခဲ့ပါတယ်။

နောက်ပြီး ရွှေမိုင်းတွေအတွက် ပြည်ပမှ တရုတ်အလုပ်သမားတွေ အများဆုံးတင်သွင်းခဲ့လို့ ကမ္ဘာ့ပင်လယ်ရပ်ခြားမှာ တရုတ်အများဆုံးဒေသအဖြစ် စံချိန်တင်ခဲ့ပြီး ပိုမိုစည်ကားခဲ့ပြန်ပါတယ်။ နောက်တော့ တရုတ်တွေနဲ့ လူမျိုးရေးပဋိပက္ခတွေ မကြာခဏ ဖြစ်ပေါ်လာပါတယ်။ အဲဒီအခါ အရှေ့ဘက်ကမ်းမှာ အိုင်းရစ်တွေ လွှမ်းမိုးသလို အနောက်ဘက်ကမ်းမှာ တရုတ်တွေ လွှမ်းမိုးတော့မှာပဲလို့ အကြီးအကျယ်စိုးရိမ်လာကြပါတယ်။ ဒါကြောင့် ၁၈၈၂ ခုနှစ်မှာ တရုတ်တားမြစ်ရေးအက်ဥပဒေ (Chinese Exclusion Act)ကို ပြဋ္ဌာန်းပေးခဲ့ပြန်ပါတယ်။ တရုတ်တွေခမျာ လောကခံရဲ့ အပြောင်းအလဲကို အလူးအလဲ ခံစားကြရရှာပါတယ်။ မကြာမီ ၁၉၀၀ ပြည့်နှစ်မှာ စည်ကားနေတဲ့ မြို့ကြီးဟာ ပလိပ်ရောဂါကြောင့် သေကျေပျက်စီးမှုတွေ တွေ့ကြုံရပြန်ပါတယ်။ နောက်တစ်ခါ နာလန်ထူစကာလ ၁၉၀၆ ခုနှစ်မှာ ၇ ဒသမ ၈ ရစ်ချ်တာစကေးရှိတဲ့ ငလျင်ဒဏ်ကြောင့် မီးပါလောင်ပြီး မြို့ကြီးရဲ့ ၈၀ ရာခိုင်နှုန်း ပျက်စီးခဲ့ပြန်ပါတယ်။ ဒါပေမဲ့ ၁၉၁၅ ခုနှစ်မှာ ပနားမားတူးမြောင်းဖွင့်ပွဲနဲ့တကွ နိုင်ငံတကာပြပွဲကြီး ကျင်းပခဲ့လို့ ဆယ်စုနှစ်တစ်စုအတွင်း မြို့ကြီးကို ပြန်လည်တည်ဆောက်နိုင်ခဲ့ပြန်ကြောင်း တွေ့ရှိရပါတယ်။

ဒုတိယကမ္ဘာစစ်မှာ ဂျပန်တွေက ပုလဲဆိပ်ကမ်းကို ဗုံးကြဲခဲ့တဲ့အတွက် သမ္မတကြီး သီအိုဒိုရုစဗဲ့ရဲ့ Executive Order 9066 အရ မြို့တွင်းရှိ Japan Town မှ ဂျပန်တွေ အမြောက်အမြားကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြန်ပါတယ်။ အဲဒီအချိန်မှာ လောကခံက ဂျပန်တွေအပေါ် ဖိစီးပြီး အာဖရိကန်တွေကို မျက်နှာသာပေးခဲ့လို့ များစွာသော အာဖရိကန်တွေဟာ ဂျပန်တွေရဲ့ နေရာကိုယူပြီး လစ်လပ်သွားတဲ့ ဂျပန်ရပ်ကွက်ထဲမှာ အလုံးအရင်းနဲ့ ခြေချနိုင်ခဲ့ကြပါတယ်။ ၁၉၈၉ ခုနှစ်မှာ ဒုတိယမ္ပိ ၇ ဒသမ ၁ ရစ်ချ်တာစကေးငလျင်ဒဏ်နှိပ်စက်မှုကြောင့် အဆောက်အအုံတွေပြိုပြီး မီးတွေလောင်ခဲ့ပြန်ပါတယ်။ ဒါကြောင့် လောကခံမြို့လို့ ခေါ်တွင်ခဲ့ခြင်းဖြစ်ပါတယ်။

ယခုတော့ ကမ္ဘာကျော် Golden Gate တံတားရယ်၊ အပန်းဖြေစရာဆိပ်ခံတံတား (Fisherman Wharf) ရယ်၊ မိန်းမလျာ (Gay) ရပ်ကွက်ရယ်၊ အနုပညာပြတိုက် (Palace of Fine Art) ရယ်၊ အကောက်အကွေ့အနိမ့်အမြင့်တွေနဲ့ လှပတဲ့ Lombard Street ရယ် စတဲ့ဆွဲဆောင်မှုတွေကြောင့် ဆန်ဖရန်စစ္စကိုဟာ ကမ္ဘာလှည့်တို့ ဇောကြွရာမြို့ကြီး (Tourist Rush City) ဖြစ်နေပါတယ်။ အထူးသဖြင့် ၂၀ ပေ × ၆၀ ပေ ခန့်သာရှိတဲ့ သစ်သားနှစ်ထပ်၊ သုံးထပ်အိမ်တွေကို ကမ္ဘာပေါ်မှာ ဒီဇိုင်းအမျိုးမျိုးနဲ့ အလှပဆုံး တည်ဆောက်နိုင်တဲ့မြို့ဟာ ဆန်ဖရန်စစ္စကိုမြို့ပါပဲလို့ ပြောချင်ပါတယ်။ အပေါ်ထပ်ကိုတက်မယ့် နှစ်ထပ်လှေကားကို ဝရန်တာမှာထားပြီး ဌေးသည်လာမှ လျှောချပေးတာလည်း အမြင်ဆန်းလို့နေပါတယ်။

ဆန်ဖရန်စစ္စကို၊ လော့စ်အန်ဂျလိစ်အပြင် အမေရိကန်နိုင်ငံရဲ့ အခြား အပန်းဖြေမြို့ကြီးတွေမှာ နှစ်စဉ် ကမ္ဘာလှည့်ခရီးသည်တွေ သန်းပေါင်းများစွာ လာရောက်နေကြတဲ့အတွက် အမေရိကန်နိုင်ငံသားများအနေနဲ့ အားလပ်ရက်အတွင်း မိသားစုအပန်းဖြေခရီးသွားကြတဲ့အခါ တည်းခိုဖို့ ဟိုတယ်ရရှိရေးကိစ္စမှာ အခက်အခဲများစွာကြုံတွေ့ရကြောင်း သိရှိရပါတယ်။ စာရေးသူဟာ စာအုပ်ဆိုင်တစ်ဆိုင်မှာ စာအုပ်ဝယ်ရင်း အသက် (၅၀)ခန့်ရှိ ဆိုင်မန်နေဂျာ အမေရိကန် အမျိုးသမီးကြီးတစ်ဦးနဲ့ခရီးသွားတဲ့အကြောင်းစကားလက်ဆုံကျမိပါတယ်။ သူက တစ်သက်တာမှာ ခရီးသွားဖို့ ပြည်ပနေရာ ၁၄၈ နေရာကို ရွေးချယ်ထားခဲ့ကြောင်း၊ ယခု ၁၀၀ အထိ သွားရောက်ခဲ့ပြီဖြစ်ကြောင်း ပြောကြားပါတယ်။ မြန်မာပြည် မပါသေးဘူးလားလို့မေးတော့ ကျန် ၄၈ နေရာအပြင် မြန်မာပြည်ကို ထပ်တိုးမယ်လို့ ပြုံးပြီးပြောပြပါတယ်။ သူ့အသက်နဲ့ ခရီးသွားမယ့်ဒေသကို တွက်ကြည့်ရင် တစ်နှစ်ကို သုံးနေရာသွားတောင် နှစ် ၅၀ လောက်ကြာမှ အကုန်နိုင်မယ့် သဘောရှိပါတယ်။ အမေရိကန်တွေဟာ ခရီးသွားခြင်းကို အလွန်မက်မောသူများဖြစ်ကြောင်း သိသာတဲ့ သာဓကတစ်ခုပါပဲ။

**အဲဒီလို ခရီးသွားကြတဲ့အခါ အထက်မှာပြောခဲ့သလို တည်းခိုရေးအတွက် အခက်မတွေ့ကြရအောင် Timeshare လို့ခေါ်တဲ့ အိမ်ရာခွဲဝေသုံးစွဲမှု စနစ်တစ်ရပ်ပေါ်ပေါက်လာတဲ့ အကြောင်းပြောကြားလိုပါတယ်။ အဲဒီစနစ်ကို အိမ်ခန်းခွဲဝေသုံးစွဲမှု အခွင့်အရေးအား ဝယ်ယူခြင်း** (Purchase of the right to use on time-share basis)**လို့လည်းခေါ်ဆိုကြပါတယ်။** ဒီစနစ်အရ အိမ်ခန်းတစ်ခန်း (သို့မဟုတ်) နှစ်ခန်းပါတဲ့ အိမ်ခန်းအမျိုးအစားအလိုက် ရွေးချယ်ပြီး ၂၅ နှစ် အသုံးပြုခွင့်ကို ဝယ်ယူကြခြင်းဖြစ်ပါတယ်။ နှစ်စဉ် မိမိအသုံးပြုလိုတဲ့ အချိန်ရာသီကို ဖော်ပြရပါတယ်။ အသုံးပြုခွင့်ရမယ့်အချိန်ကာလကို သတ်မှတ်ထားပြီး များသောအားဖြင့် ရက်သတ္တတစ်ပတ်ခန့်ဖြစ်ကြောင်း သိရှိရပါတယ်။ ကွန်ဒိုအိမ်ခန်းအများစုဖြစ်ပြီး အပန်းဖြေဒေသများမှာ ပုဂ္ဂလိကကုမ္ပဏီများက ဆောက်လုပ်ထားတဲ့ အိမ်ရာများဖြစ်ပါတယ်။ ကုမ္ပဏီအနေနဲ့ အိမ်ခန်းတစ်ခန်းကို အချိန်ပိုင်းအသုံးချခွင့်အတွက် ၅၂ ဦးကို (၅၂)ကြိမ်အထိ ခွဲပြီးရောင်းချနိုင်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှု အမြန်ဆုံးပြန်လည်ရရှိနိုင်ကြောင်း သိရှိရပါတယ်။ ဝယ်ယူသူများက ပြင်ဆင်ထိန်းသိမ်းစရိတ်ကို တစ်ရက်လျှင် ၁၅ ဒေါ်လာ စသည်ဖြင့် နေထိုင်မယ့်ကာလအတွက် သီးခြားပေးသွင်းရပါတယ်။ မိမိအသုံးမပြုဖြစ်လျှင် အခြားသူကို အခွင့်အရေးလွှဲပြောင်းရောင်းချနိုင်ခွင့်ရှိပါတယ်။ ရက်ကာလအပြောင်းအလဲနဲ့ မြို့နေရာ အပြောင်းအလဲကိုလည်း ပွဲစားမှတစ်ဆင့် ပြုလုပ်နိုင်ပါတယ်။ အချို့ကုမ္ပဏီတွေမှာ အဲဒီလိုအခန်းပေါင်းမြို့အနှံ့၊ ကမ်းခြေအနှံ့ စုစုပေါင်း ၇,၀၀၀ ခန့်အထိရှိတယ်လို့ သိရပါတယ်။ ဈေးနှုန်းမှာ နှစ်အလိုက် ပြောင်းလဲမှုရှိကြောင်းလည်း တွေ့ရှိရပါတယ်။ **မြန်မာနိုင်ငံမှာ မန္တလေး၊ ပုဂံ၊ စစ်ကိုင်း၊ အင်းလေး၊ တောင်ကြီး၊ မြိတ်၊ မော်လမြိုင်၊ ချောင်းသာ၊ ငပလီ၊ ငွေဆောင် စတဲ့အပန်းဖြေကမ်းခြေဒေသများသာမက အသစ်တည်မယ့် New Mandalay Resort စီမံကိန်းမှာ အထက်ပါစနစ်ကိုစတင်ကျင့်သုံးနိုင်ကြောင်းနဲ့ ပုဂ္ဂလိကကုမ္ပဏီများအနေနဲ့ လေ့လာမှု ပြုလုပ်သင့်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။ တိုက်ခန်းတွေ ရောင်းမထွက်တဲ့ ကုမ္ပဏီတွေအနေနဲ့ အဲဒီစနစ်အရ ရောင်းချလို့ရတဲ့နေရာမှာ စမ်းသပ်ပြီး ရောင်းချပေးနိုင်ပါက မိမိတို့ရဲ့ မြုပ်နေတဲ့အရင်းတွေ ပြန်ပေါ်လာနိုင်မယ်လို့ ယူဆပါတယ်။**

စာရေးသူဟာ ဆန်ဖရန်စစ္စကိုမှာ သုံးရက်နေပြီးတဲ့နောက် ပစိဖိတ်ကမ်းခြေခရီးဟာ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၅ ရက်မှာ ပြီးဆုံးခဲ့ပါတယ်။ စာရေးသူရဲ့ တူမမိသားစုရှိရာ ကော်လိုရာဒိုပြည်နယ် ဒင်ဗာမြို့တော်သို့ လေယာဉ်နဲ့ ခရီးဆက်ခဲ့ပါတယ်။ တူမလေးရဲ့သမီးက အလွန်ကြိုးစားတဲ့ မွန်အမျိုးသားလေးနဲ့ အိမ်ထောင်ကျ၊ နောက် ဒင်ဗာအနီး အော်ရိုရာမြို့မှာ ကိုယ်ပိုင်တာယာဆိုင်နဲ့ Convenience Store ပါ တွဲဖွင့်ထားပါတယ်။ ခင်ပွန်းက ဆိုင်ကို တာဝန်ယူပြီး တူမလေးရဲ့သမီးက ကုမ္ပဏီမှာ အလုပ်လုပ်တော့ အိမ်ပိုင်၊ ကားပိုင်နဲ့ စီးပွားရေးပြေလည်ကြပါတယ်။ **အဲဒီမြို့မှာ မွန်လူမျိုး အိမ်ထောင်စု ၄၀ ခန့်ရှိသလို ရခိုင်၊ ဗမာနဲ့ ကရင်တိုင်းရင်းသားမိသားစုတွေလည်း ရှိကြပါတယ်။ အားလုံးအပြိုင် ဘုန်းကြီးကျောင်းတွေ လှူဒါန်းထားလိုက်ကြတာ စုစုပေါင်း ကျောင်းလေးကျောင်းတိတိရှိကြောင်း တွေ့ရှိရပါတယ်။ ဒကာများက စုပေါင်းပင့်သလို ဘုန်းတော်ကြီးတွေက စုပေါင်းဆွမ်းစားကြွ၊ စုပေါင်းတရားပြပြီး ယဉ်ကျေးမှုနဲ့ဘာသာရေးပွဲတော်များကိုပါ ကျောင်းအသီးသီးမှာ စည်စည်ကားကား ညီညီညွတ်ညွတ် ကျင်းပကြတာတွေ့ရှိရပါတယ်။** စာရေးသူနေထိုင်တဲ့ ခုနစ်ရက်အတွင်း မွန်ဆရာတော်နဲ့ ကရင်ဆရာတော်တို့ကို သွားရောက်ဖူးမြော်ခဲ့ပြီး ဗမာကျောင်းနဲ့ ရခိုင်ကျောင်းဆရာတော်များ ခရီးထွက်နေလို့ ဖူးမြော်နိုင်ခြင်းမရှိခဲ့ပါဘူး။ အထူးသဖြင့် မွန်ဆရာတော်ကျောင်းမှာ အမေရိကန်အမျိုးသမီးကြီး လေးဦးခန့်ကို ဆရာတော်က အင်္ဂလိပ်

စာမျက်နှာ ၃၄ ››

7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018

# ပညာသင်ယူခြင်းဟာ ပြိုင်ပွဲတစ်ခုလား

■ ကေရီကို

ပညာသင်ယူခြင်းသည်ပြိုင်ပွဲတစ်ခုမဟုတ်ပါ။ အနာဂတ်အတွက် ပြင်ဆင်ရန်သာဖြစ်ပါသည်။



World Economic Forum ၏'ပညာရေးကို တစ်ဖန်ပြန်လည် အဓိပ္ပာယ်ဖွင့်ဆိုခြင်း' (Redefining the Education) အမည်ရ ရုပ်သံဖိုင်တွင် စင်ကာပူကို ဥပမာပေးသွားသည်။ စင်ကာပူသည် သူတို့၏ပညာရေးစနစ်ကို ပြန်လည်သုံးသပ်ပြီး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေပြီဟု World Economic Forum က ဆိုသည်။

ခြင်္သေ့မြို့တော်၏အဓိက ရည်ရွယ်ချက်မှာ ကျောင်းသူ၊ ကျောင်းသားများကို စာမေးပွဲရမှတ်များ ပြိုင်ဆိုင်ခြင်းမှ ကင်းလွတ်ရန်ဖြစ်သည်။ ပညာသင်ယူခြင်းသည် ပြိုင်ပွဲမဟုတ်ဘဲ အနာဂတ်အတွက် ပြင်ဆင်ရန်သာဖြစ်ကြောင်း ရည်ရွယ်ရင်းဖြစ်သည်။ လစဉ် စာမေးပွဲရလဒ်များကို အာရုံထားခြင်းထက် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ကိုယ်ပိုင်တိုးတက်မှုကိုသာ အလေးထားရန်ဖြစ်သည်။ကလေးများနှင့် သမမျှတခြင်းမရှိသော ပြိုင်ဆိုင်မှုများကို ဆုတ်ယုတ်စေရန်လည်း ရည်ရွယ်သည်။ ပြုပြင်ပြောင်းလဲမှုများအရ စင်ကာပူတွင် အသက်(၅)နှစ်မှ (၈)နှစ်အတွင်း ကလေးများနှင့် အလယ်တန်းကျောင်းသူ၊ ကျောင်းသားများကို စာမေးပွဲဖြေဆိုမှုများမှ ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။

တတ်မြောက်မှုကို စာမေးပွဲဖြင့် စစ်ဆေးမည်မဟုတ်ဘဲ ဆန်းစစ်လေ့လာချက်များမှသာ အကဲဖြတ်မည်ဖြစ်သည်။ ထို့အပြင် အိမ်စာများ လျှော့ပေါ့ခြင်းဖြင့် ကလေးများ အားလပ်ချိန်ပိုမိုရရှိလာပြီး မိသားစုနှင့် အချိန်ပိုပေးနိုင်ရန်နှင့် ကလေးများ ဝါသနာပါရာကို ပိုမိုအချိန်ပေးလေ့လာနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်လည်းဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများသည် မိမိကိုယ်ကိုယ် အားကိုး၍ ပညာရပ်များအား လေ့လာခြင်း၊ တွေးခေါ်ခြင်းတို့ကိုပြုလုပ်လာရန် အားပေးအားမြှောက်ပြုရန် ဖြစ်သည်။

စင်ကာပူပညာရေးဝန်ကြီးဌာနကလည်း ရမှတ်များကို အလွန်အမင်းအာရုံမစိုက်ဘဲ လက်တွေ့ဘဝ၏ခက်ခဲနက်ခဲသည့် ပြဿနာများကို ကျောင်းသား၊ ကျောင်းသူများ ဖြေရှင်းနိုင်ရန်အတွက် လေ့ကျင့်ဖို့ကို ပိုမိုအလေးထားသည်။ ဘဝတစ်လျှောက်လုံးတွင် သင်ယူလေ့လာမှုကို အမြဲမပြတ်လုပ်နေသော လူသားများအဖြစ် ပျိုးထောင်ရန် ရည်ရွယ်သည်။

၂၀၂၂ ခုနှစ်တွင် လိုအပ်သည့် လုပ်ငန်းခွင်စွမ်းရည်များသည် ဦးဆောင်နိုင်ခြင်း၊ တီထွင်ဖန်တီးနိုင်ခြင်း၊ လွတ်လပ်စွာတွေးခေါ်နိုင်ခြင်းနှင့် မိမိကိုယ်တိုင်ရှာဖွေလေ့လာရခြင်း စသည့် Soft Skills ဖြစ်လာမည့်အတွက် အဆိုပါစွမ်းရည်များကို ကလေးများရရှိရန် ကြိုတင်ပြုစုပျိုးထောင်ခြင်းလည်း ဖြစ်သည်။ World Economic Forum ၏ ရုပ်သံဖိုင်က သည်လောက်သာဖြစ်သည်။ (ရုပ်သံဖိုင်၏လင့်ခ် https://wef.ch/2NAXqNz)

ပြိုင်ဆိုင်ခြင်းကို အားပေးခြင်း၊ အားမပေးခြင်းကအငြင်းပွားမှုဖြစ်နေဆဲပါ။ ပြိုင်ပွဲတွေက ဘဝတစ်လျှောက်လုံး ပုံစံမျိုးစုံဖြင့် ရှိနေသည်သာ။ ငယ်စဉ်ကတည်းက ပုံပြောပြိုင်ပွဲ၊ စုံညီပွဲတော်မှာ မော်ဒယ်ရှိုးလျှောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ဘောလုံးပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲ၊ နိုင်ငံတကာ ပညာသင်ဆုများလျှောက်ထားရာတွင် အဆင့်ဆင့်ပြိုင်ဆိုင်ရသည့် ပြိုင်ပွဲများအပြင် လုပ်ငန်းခွင်ထဲ ရောက်လာသည်အထိ မဆုံးနိုင်သော ပြိုင်ဆိုင်မှုများနှင့် ကြုံရသည်။

ပြိုင်ပွဲများ၏သဘောသဘာဝကို ချိန်ထိုးစဉ်းစားရာမှာ Zero Sum Game နှင့် Win-Win ဟူ၍ အပြောများလေ့ရှိသည်။ Zero Sum Game မှာ ပြိုင်ဆိုင်သူများထဲမှ တစ်ယောက်သာ ရွေးမည့် အနေအထားမျိုး။ ဥပမာ- ကမ္ဘာ့ဖလား၊ ပရောဂျက်တင်ဒါခေါ်ယူခြင်း၊ ဝန်ဆောင်မှုပေးရာတွင် ကုမ္ပဏီတစ်ခု(သို့မဟုတ်)လူတစ်ဦးကိုသာ ရွေးချယ်ခြင်း စသည့်ကိစ္စရပ်များတွင် မြင်တွေ့နိုင်သည်။ မဖြစ်မနေ တစ်ဦးတစ်ဖွဲ့သာ ရွေးချယ်ရမည့် အခြေအနေမျိုးမှာ ရှိနေနိုင်တဲ့အတွက် Zero Sum Game သည်လည်း မှားနေသည်။ လုံးဝဥသုံပစ်ပယ်ရသည့် အရာဖြစ်မနေပေ။

Win-Winကတော့သူလည်းနိုင်ရမည်။ ကိုယ်လည်းနိုင်ရမည်။ ပါဝင်ပတ်သက်သူ၊ ပူးပေါင်းသူများအတွက်လည်း အကျိုးရှိရမည်။ ပြိုင်ပွဲသဘာဝနှစ်ခုလုံးကို တစ်ခုမဟုတ် တစ်ခု ယှဉ်ပြိုင်နေကြရသည်။ ဖြောင့်မတ်တည်ကြည်စွာ၊ သန့်ရှင်းစွာ၊ ကိုယ်စွမ်း၊ ဉာဏ်စွမ်းကို အသုံးချရာတွင် ကိုယ်ကျင့်တရားနှင့်အညီ ယှဉ်ပြိုင်သူဖြစ်နေသရွေ့ ရှုံးရှုံးနိုင်နိုင် လေးစားခြင်းခံရသည်။ သို့သော် ပညာရေးသည် ပြိုင်ဆိုင်မှုတစ်ခု မဟုတ်ပါချေ။ အသိပညာနှင့် အတတ်ပညာသည် ပိုမိုကောင်းမွန်မျှတသည့် လူ့အဖွဲ့အစည်းကို ဖန်တီးဖို့ ကိရိယာများသာဖြစ်ပါသည်။ ပညာသင်ယူခြင်းဟာ တွေးခေါ်မြော်မြင်တတ်သော၊ ကြံဆတတ်သော ဉာဏ်ရည်နှင့်အများသူငါကို ကိုယ်ချင်းစာတတ်ခြင်းဟု ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်က 'ပညာရဲ့သဘော'စာအုပ်တွင် ရေးသားခဲ့ဖူးသည်။

ငယ်ရွယ်စဉ်ကတည်းက ပြိုင်ဆိုင်ဖို့၊ အသာရဖို့ကိုပဲ ဖိအားပေးခံလာရသည့် ကလေး၊ မိဘများ၏အချိန်ဇယားနောက်ကိုသာ လိုက်ရပြီး ကျူရှင်ပြီး ကျူရှင်တက်နေရသည့်ကလေးကို လုပ်ငန်းခွင်ထဲရောက်မှ အသင်းအဖွဲ့နှင့် အလုပ်လုပ်တတ်ဖို့၊ အများကို ကူညီဖို့၊ ကိုယ်သိတာကို စိတ်စေတနာအမှန်နဲ့ ပြန်လည်မျှဝေတတ်ဖို့၊ မည်သူမှ မခိုင်းစေလည်း မိမိကိုယ်ပိုင် ဆင်ခြင်ဉာဏ်ဖြင့် ဦးဆောင်နိုင်ခြင်းစတဲ့ စွမ်းရည်များပါမလာခဲ့လျှင် သူတို့ကို အပြစ်တင်လျှင် တရားပါမည်လားကို မိဘ၊ ဆရာများ ပြန်စဉ်းစားပေးဖို့ အလွန်လိုအပ်နေပါပြီ။ လုပ်ငန်းခွင်များတွင် သင်တန်းပေးကာ ခံယူချက်များ ပြုပြင်ပြောင်းလဲစေရန် အားထုတ်သော်ငြားလည်း ရလဒ်မှာ အချိန်ကြာပါသည်။

မိဘများမှာ သားသမီးများအတွက် အကောင်းဆုံး၊ အတော်ဆုံးကိုသာ အလိုရှိပါသည်။ အလိုလည်း ရှိသင့်ပါသည်။ သို့သော် ကလေးတစ်ယောက်သည် သမားရိုးကျ ကျောင်းစာမှာ ထူးချွန်ဟန်မပြဘဲ အခြားသော အသိပညာ၊ အတတ်ပညာများမှာ ထူးချွန်ဟန်ပြလျှင်လည်း ကလေး၏ဝါသနာကို အတင်းမပိတ်ပင်သင့်ပါ။ ကလေးကို "အဆင့်(၁) ကနေ (၁၀)အတွင်း မဝင်ရကောင်းလား"၊ "နင့်ကြောင့် ငါ တခြားမိဘတွေရှေ့ မျက်နှာပြရတာ သိပ်ရှက်တယ်"၊ "နင်က ဘယ်လောက်လုပ်ပေးပေး မိဘပိုက်ဆံဖြုန်းတီးရုံသားသမီး။ ဘယ်သူ့ကို ကြည့်စမ်း၊ နင်နဲ့ တခြားစီပဲ" ဆိုသည့် စကားလုံးများနှင့် ကိုယ့်သားသမီးကို မနာကျင်စေသင့်ပါ။

"သားအတွက်၊ သမီးအတွက် အကောင်းဆုံးကို မေမေက ဖြစ်စေချင်တာမို့မေမေ့သားလေး၊ သမီးလေးကို ပိုကြိုးစားစေချင်တယ်။ စာမေးပွဲအမှတ်ထက် ဘယ်သူနဲ့မှ မပြိုင်ဆိုင်ဘဲ သားလေးက၊ သမီးလေးက ဘာလုပ်လုပ်အကောင်းဆုံးကိုရည်ရွယ်ပြီး လုပ်တယ်ဆိုတဲ့ စိတ်ဓာတ်လေးကို မေမေက ရစေချင်တာ" ဆိုသည့်သွန်သင်မှုမျိုးမှာ ကလေးလေး လူကြီးဖြစ်လာသည်အထိ ဘယ်အလုပ်ကိုမဆို ကြိုးစားလုပ်ဖို့ တွန်းအားပေးပါလိမ့်မည်။

ထို့အပြင် သားသမီးနှင့်မိဘ ပွင့်ပွင့်လင်းလင်း ညှိနှိုင်းခြင်း၊ သဘောတူညီခြင်း စသည့်အလေ့အထများကိုလည်း အားပေးရာရောက်ပါလိမ့်မည်။

ကျောင်းစာများထက် ခြံထဲက အပင်လေးများ၊ အကောင်လေးများနှင့် အနေများပြီး စိတ်ဝင်စားသည့်ကလေးမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူလေး ဖြစ်လာနိုင်ပါသည်။ ပတ်ဝန်းကျင်ကြောင့်၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဒုက္ခရောက်ကြရသည့် လယ်သမားများကို ကူညီချင်သည့် ပညာရှင်လေးဖြစ်လာနိုင်ပါသည်။ အစားအစာ၊ ကစားစရာနှင့် ချက်ပြုတ်တမ်း ဆော့ကစားရန် အားသန်သည့် ကလေးမှာလည်း အရသာ၊ အာဟာရနှင့်ညီညွတ်သည့် အစားအစာများကို ချက်ပြုတ်တတ်သူ ဖြစ်လာနိုင်ပါ၏။ မြို့တည်၊ နန်းတည် ကစားနည်းကိုအားသန်သည့်ကလေးမျိုးက မြို့ပြအင်ဂျင်နီယာဖြစ်လာခဲ့သည်ဆိုသော်မြို့တည်သည့်အခါ မြို့ပြ၏လိုအပ်ချက်ကို အဘက်ဘက်က သုံးသပ်တတ်သည့်ပညာရှင်မျိုး ဖြစ်လာနိုင်ပါသည်။

ကာတွန်းကားလေးများ၊ ဝတ္ထုလေးများနှင့် စိတ်ကူးယဉ်တတ်သည့် ကလေးမျိုးကတော့ အနုပညာကနေတစ်ဆင့် လူသားတွေကို ကိုယ်ချင်းစာဖို့၊ မေတ္တာထားဖို့ စသည့်တန်ဖိုးများကို အနုပညာမြောက်စွာ ချပြပေးနိုင်သူတွေ ဖြစ်လာနိုင်ပါလိမ့်မည်။

စာမေးပွဲများ အောင်ဖို့ကလည်း လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ကျောင်းမှာပညာသင်ကြားရင်း တကယ့် လက်တွေ့ဘဝမှာ အသုံးချရမည့် အလေ့အထကောင်းများရသွားဖို့က အရေးတကြီး ပိုမိုလိုအပ်ပါသည်။ ကလေးများ ဘာကို စိတ်ဝင်စားသည်၊ ဘယ်နေရာမှာ Passion အပြည့်ရှိသည်ကို သိအောင် ပိုမိုလုပ်ဆောင်သင့်ပါသည်။

သူတို့၏စွမ်းရည်ကို ပိုမိုထူးချွန်ပြောင်မြောက်အောင်၊ တကယ်အောင်မြင်အောင် လုပ်နိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် ဘဝတစ်လျှောက်လုံးမှာ စိတ်ကိုဖွင့်ထားပြီး စဉ်ဆက်မပြတ် သင်ယူလေ့လာတတ်သူများ ဖြစ်လာစေရန်မှာ အလွန်အကြူး ပြိုင်ဆိုင်မှုများမှတစ်ဆင့် ကလေးများကို ဖိအားမပေးဘဲ အကောင်းဆုံး ကြိုးစားဖို့တိုက်တွန်းသည့် မိဘ၊ ဆရာများ၏ အကူအညီလိုပါသည်။

**(ဆောင်းပါးရှင် ကေရီကိုသည် အင်္ဂလိပ်ဘာသာရပ်သင်ဆရာမတစ်ဦးဖြစ်ပြီး လူမှုဆက်ဆံရေးနှင့် ကိုယ်ရည်ကိုယ်သွေးတိုးတက်မှုဆိုင်ရာများကို ပို့ချပေးနေသူတစ်ဦးဖြစ်သည်)**

www.free4readers.com

www.free4readers.com

7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018



ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နာမင်းကြီး ဘာချီလက်

# "ဒီနေ့ခေတ် ကမ္ဘာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကထက် ပိုကောင်းနေပါပြီ"

## ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နာမင်းကြီး ဘာချီလက်နှင့်တွေ့ဆုံခြင်း

ကျော်သူမောင်

ချီလီသမ္မတရာထူးအတွက် နှစ်ကြိမ်ရွေးကောက်ခံရပြီးတော့ ကုလသမဂ္ဂအမျိုးသမီးများ အဖွဲ့အစည်းရဲ့ ပထမဆုံးအကြီးအကဲဖြစ်ခဲ့တဲ့ မိချဲလ်ဘာချီလက်ဟာ ဩဂုတ်လက လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မရှင်နာမင်းကြီးအနေနဲ့ ဇိအစ်ရာအဒ်အယ်လ်ဟူစိန်ရဲ့ နေရာကို အစားထိုးဝင်ရောက်ခဲ့ပါတယ်။

ကုလသမဂ္ဂရဲ့ ထိပ်တန်းလူ့အခွင့်အရေးအရာရှိအနေနဲ့ ကော်မရှင်နာမင်းကြီးဟာ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတွေ၊ ပဋိညာဉ်တွေအရ ကုလသမဂ္ဂရဲ့ ပဋိညာဉ်စာတမ်းမှာ ဖော်ပြထားတဲ့ အခွင့်အရေးတွေအားလုံးကို လူတွေအားလုံးခံစားရတာနဲ့အပြည့်အဝတွေးတောမိစေဖို့အတွက် ကာကွယ်ပေးဖို့နဲ့ အခြေအနေတိုးတက်စေဖို့အတွက် တာဝန်ရှိပါတယ်။

အဲဒီတာဝန်တွေမှာ လူ့အခွင့်အရေးချိုးဖောက်တာတွေကို ကာကွယ်ပေးဖို့၊ လူ့အခွင့်အရေးကို ကာကွယ်ဖို့အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ပိုကောင်းလာစေဖို့ လူ့အခွင့်အရေးနယ်ပယ်မှာ ကုလသမဂ္ဂစနစ်တစ်ခုလုံး အားကောင်းလာအောင်၊ တိုးတက်လာအောင် လုပ်ဆောင်ပေးဖို့ တာဝန်တွေ ပါဝင်ပါတယ်။

**ကော်မရှင်နာမင်းကြီးခင်ဗျာ။ ခင်ဗျားဟာ ကမ္ဘာတစ်ဝန်းမှာ လူ့အခွင့်အရေးတွေ ပြင်းပြင်းထန်ထန်တိုက်ခိုက်ခံနေရတဲ့ ကာလတစ်ခုမှာ ဝင်ရောက်လာပါတယ်။ ခင်ဗျားရဲ့ ဦးစားပေးဆောင်ရွက်မယ့်ကိစ္စတွေက ဘာဖြစ်မလဲဗျ။**

ကျွန်မရဲ့ လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ဖို့ ပြောထားတဲ့ကိစ္စတွေဟာ ကျွန်မ ဦးစားပေးလုပ်ဆောင်မယ့်ကိစ္စတွေဖြစ်ပါတယ်။ အသံမဲ့နေသူတွေရဲ့ အသံကိုဖော်ဆောင်ပေးဖို့ ဖြစ်ပါတယ်။ အဲဒါအပြင် လူ့အခွင့်အရေးချိုးဖောက်ခံရတာတွေကနေ လူတွေကို ကာကွယ်ပေးဖို့၊ အစိုးရအဖွဲ့အစည်းတွေက လူ့အခွင့်အရေးကို လေးစားစေဖို့အတွက် သူတို့နဲ့ စေ့စပ်ဆောင်ရွက်ပေးဖို့ လူ့အခွင့်အရေးတိုးတက်လာအောင် ဆောင်ရွက်ဖို့ဟာလည်း ဦးစားပေးကိစ္စတွေဖြစ်ပါတယ်။

ဒါပေမဲ့ တချို့နိုင်ငံတွေမှာ လုပ်ဆောင်နိုင်တဲ့ စွမ်းပကားမရှိတာကြောင့် မှန်ကန်တဲ့ဟာတွေမလုပ်တာဟာ အစိုးရမူဝါဒတစ်ရပ် မဟုတ်ဘူး ဖြစ်နေတယ်။ ဒါကြောင့် ကျွန်မရဲ့ ရုံးရဲ့ တာဝန်တွေထဲက တစ်ခုက စွမ်းရည်တည်ဆောက်ရာမှာ ကူညီပေးဖို့ဖြစ်တယ်။ နိုင်ငံတွေအများကြီးက သူတို့တရားစီရင်ရေးစနစ်တွေ အမှီအခိုကင်းလာအောင်၊ ဒါမှမဟုတ်ရဲတပ်ဖွဲ့နဲ့ လက်နက်ကိုင်တပ်တွေက လူ့အခွင့်အရေးနဲ့ နိုင်ငံတကာဥပဒေတွေကို လေးစားဖို့ အရေးကြီးတယ်ဆိုတာ နားလည်အောင်နဲ့ နည်းစနစ်ပိုင်း ပူးပေါင်းဆောင်ရွက်မှုတွေအတွက် ကူညီပေးဖို့ ကျွန်မတို့ဆီ တောင်းဆိုထားပါတယ်။ မတူညီတဲ့ ဒေသတွေက လူ့အခွင့်အရေးချိုးဖောက်တာတွေရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေ ကျွန်မတို့ လက်ခံထားရတဲ့ ကိစ္စတွေကိုလည်းကျွန်မတို့စောင့်ကြည့်အစီရင်ခံနေပါတယ်။

ဒါပေမဲ့ အတွင်းရေးမှူးချုပ်ဆီက ကျွန်မအတွက် သတ်မှတ်ထားတဲ့ အထူးဦးစားပေးလုပ်ရမယ့်ဟာတွေထဲက တစ်ခုကတော့ ကြိုတင်ကာကွယ်ဖို့ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်မအောင်မြင်မယ်လို့ ပြောနေတာ မဟုတ်ဘူး။ ဒါပေမဲ့ စောစောစီးစီးအရေးယူလုပ်ဆောင်ဖို့ စဉ်းစားမယ့်၊ စောစောစီးစီး သတိထားရမယ့် လက္ခဏာတွေရှိနိုင်မယ့်စနစ်တစ်ခုကို ပုံဖော်ဖို့ ကျွန်မကြိုးစားသွားပါမယ်။

**လောလောဆယ်မှာ တချို့နိုင်ငံတွေက OHCHR နဲ့ ပူးပေါင်းလုပ်ဆောင်ချင်တဲ့ ဆန္ဒမရှိကြဘူး။ ဒါမှမဟုတ် လူ့အခွင့်အရေးကောင်စီရဲ့ တန်ဖိုးကို မေးခွန်းထုတ်နေကြတယ်။ လူတိုင်းအတူတကွဖြစ်လာစေဖို့ ခင်ဗျား ဘယ်လိုစီစဉ်ထားလဲ။**

ကျွန်မရဲ့ အဖွင့်ကြေညာချက်မှာအားလုံးသဘောတူလက်ခံမှုဟာ ဖြစ်နိုင်တယ်။ ရှင်းလင်းတဲ့ အငြင်းပွားမှုတွေမှာ ကျွန်မတို့ကိုယ်ကျွန်မတို့ မဆုံးရှုံးသွားသင့်ဘူးဆိုတဲ့အကြောင်း ကျွန်မ ပြောထားပါတယ်။ တကယ်ပဲ လူ့အခွင့်အရေးဟာ အရမ်းနိုင်ငံရေးဆန်တဲ့အရာပါ။ အဲဒါကို အထွေထွေညီလာခံမှာ လုံခြုံရေးကောင်စီမှာ မြင်ရမယ်။ ဒါကြောင့် အဲဒါဟာ လူ့အခွင့်အရေးကောင်စီတစ်ခုတည်းမှာ ရှိနေတာ မဟုတ်ဘူး။

ဒီကနေ့ခေတ် ကမ္ဘာဟာ ရှုပ်ထွေးနေတယ်။ ပြီးတော့ တချို့ကိစ္စတွေမှာ အရမ်းသဘောထားကွဲလွဲနေတယ်။ ကျွန်မ အကောင်းဆုံးလုပ်သွားမှာပါ။ ကျွန်မ အောင်မြင်မယ်လို့ မျှော်လင့်ပါတယ်။ ဆိုလိုတာက နိုင်ငံတွေမှာ သူတို့ရဲ့ အမြင်တွေ၊ အကျိုးစီးပွားတွေရှိကြတယ်။ ပြီးတော့ တစ်ခါတလေမှာ သူတို့ဟာ တချို့ကိစ္စတွေကို စိတ်မဝင်စားကြဘူး။ ဒါပေမဲ့ ကျွန်မလုပ်နေတာက ကောင်စီတစ်ခုလုံးပဲ မဟုတ်ဘဲနဲ့ နိုင်ငံအုပ်စုတွေနဲ့လည်း တွေ့ဆုံဆွေးနွေးတာဖြစ်တယ်။ လက်တင်အမေရိကနဲ့ ကာရစ်ဘီယံနိုင်ငံအုပ်စုလို အာဖရိကနိုင်ငံတွေ၊ အာရပ်နိုင်ငံတွေ၊ အာရှပစိဖိတ်နိုင်ငံတွေ၊ အနောက်ဥရောပနဲ့တခြားနိုင်ငံတွေ၊ အရှေ့ဥရောပနိုင်ငံတွေလိုမျိုးဂျိနီဗာမှာ နိုင်ငံအုပ်စုတွေနဲ့ ပြောဆိုဆွေးနွေးပြီး နားထောင်တယ်။

**ဒီနှစ်ဟာ လူ့အခွင့်အရေးတွေအတွက် တစ်ကမ္ဘာလုံးက ကြေညာတဲ့ နှစ် (၇၀)ပြည့်တဲ့နှစ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်း ၇၀ အတွင်းမှာ တိုးတက်အောင် လုပ်ဆောင်ထားနိုင်တဲ့အနေအထားက ဘာလို့ ခင်ဗျားထင်လဲ။**

တိုးတက်မှုတွေ အများကြီးရှိပေမယ့် အဲဒါဟာ ယုံရခက်ပါတယ်။ တီဗီဖွင့်ကြည့်လိုက်တဲ့ အကြိမ်တိုင်းမှာ ခွတီးခွကျနိုင်တဲ့ကိစ္စတွေအားလုံး မြင်ရတယ်။ အဲဒါဟာ မှန်တယ်။ ဒါပေမဲ့ တိုးတက်မှုရှိတယ်။ ၁၉၄၈ အကြောင်း စဉ်းစားကြည့်ရင် ဥပမာပေါ့။ ဘယ်နှနိုင်ငံကများ အမျိုးသမီးတွေကို မဲပေးခွင့်ပေးခဲ့လဲ။ နိုင်ငံဘယ်လောက်များများက လွတ်လပ်စွာပြောဆိုခွင့်ကို လေးစားခဲ့လဲ။ ဒီကနေ့ခေတ် ကမ္ဘာဟာ ကျန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကထက် ပိုကောင်းနေပါပြီ။ ဒါပေမဲ့ အဲဒါကိုပြောရာမှာ အန္တရာယ်တွေ အများကြီးရှိနေသေးတယ်။ လူ့အခွင့်အရေးနဲ့ဆိုင်တဲ့ ဆုတ်ယုတ်တာတွေရှိနေမယ်။ စိန်ခေါ်မှုတွေ အများကြီးရှိနေတယ်။ ကျွန်မ ပြောနိုင်တဲ့ တစ်ခုတည်းသော အရာကတော့ လူ့အခွင့်အရေးတွေအတွက် ရန်းကန်တာဟာ လုံးဝအဆုံးသတ်မှာ မဟုတ်ဘူးဆိုတာပဲ။

**ကာကွယ်ပေးတဲ့ လူတွေကို အကာအကွယ်ပေးဖို့အကြောင်းမေးချင်ပါတယ်။ လူ့အခွင့်အရေးကို ကာကွယ်နေတဲ့ လူတွေဟာ**

စာမျက်နှာ ၂၉ »

7 DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018

www.free4readers.com

# အာရှရဲ့ စိတ်ကြွဆေးအရှိန်



ထိုင်းနိုင်ငံတွင် ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများကို ထိုင်းရဲတပ်ဖွဲ့က စစ်ဆေးနေစဉ်

ဓာတ်ပုံ – gettyimages

မြန်မာတောနက်ကြီးများကနေ ဟောင်ကောင်က လမ်းတွေအထိ အာရှဒေသတစ်ဝန်းက ရဲများသည် မက်သာဖက်တမင်းခေါ် စိတ်ကြွဆေးချေမှုန်းရေးစစ်ပွဲကြီးကို ဆင်နွှဲနေကြသည်။ သို့သော် အခြေအနေအရပ်ရပ်တွေက သူတို့ကျဆုံးနေပြီဆိုတာကိုပြနေ၏။

မူးယစ်ထုံထိုင်းစေမှုနှင့် ကဖင်းဓာတ်ပါသော ဆေးပြားများဖြစ်သည့် မူးယစ်ဆေးဝါးနှင့် ယာဘစိတ်ကြွဆေးနှစ်မျိုးလုံးကို လိုလားတောင်းဆိုချက်မှာ တစ်ရှိန်ထိုးမြင့်တက်လာနေသည်။

ထုတ်လုပ်မှုကလည်း မကြုံစဖူး အရှိန်မြင့်နေသလို မူးယစ်ဆေးကြောင့် သေဆုံးသူများကလည်း မကြားစဖူး တိုးလာနေသည်။ ဘင်္ဂလားဒေ့ရှ်နှင့် ဖိလစ်ပိုင်နိုင်ငံကဲ့သို့ နိုင်ငံများက ခေါင်းဆောင်များသည် သေမင်းတမန်မူးယစ်ဆေးဝါးတိုက်ပွဲများမှာဆင်နွှဲကြသည့်အတွက် လူ့အသက်များ ထောင်ချီသေဆုံးနေကြ၏။

သို့ရာတွင် 'Breaking Bad' တီဗီဇာတ်လမ်းတွဲထဲကကဲ့သို့ မဟုတ်။ ထိုဇာတ်လမ်းထဲကကဲ့သို့ စိတ်ကြွဆေးဝါးကို ဆင်းရဲသူများနှင့် မတရား နှိပ်စက်ခံရသူတွေချည်းပဲ သုံးနေကြတာ မဟုတ်တော့ပါ။

အာရှမှာ မူးယစ်ဆေးဝါးသုံးစွဲမှု၌ အဆင့်အတန်းလူမျိုးခွဲခြားမှုမရှိ။ စိတ်ကြွဆေးမှာ အဆင့်အတန်း၊ အသက်အရွယ်၊ ကျား၊ မ မရွေး ဒေသတစ်ဝန်းကို လွှမ်းမိုးထားသောဆေးဝါးဖြစ်လာပြီဟု ယူအင်န်အိုဒီစီခေါ် ကုလသမဂ္ဂမူးယစ်နှင့် ရာဇဝတ်မှုရုံးက ဂျယ်ရမီ ဒေါက်ကလပ်စ်က ပြောကြားသည်။ သူ၏ဝန်ထမ်းသက် ၁၆ နှစ်တွင် ယခုကဲ့သို့ အပြင်းအထန်လိုလားတောင်းဆိုမှုများ မမြင်ဖူးပါဟုဆို၏။

ထိုကဲ့သို့ ကြီးထွားတိုးတက်လာမှုသည် ဒေသတွင်း မူးယစ်ဆေးဝါးအဖွဲ့များကို အကျိုးဖြစ်ထွန်းစေသောပြည်တွင်းနှင့်ပထဝီဝင်အနေအထား မျက်နှာသာပေးမှုကြောင့်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောကြသည်။

စိတ်ကြွမူးယစ်ဆေးထုတ်လုပ်မှုအများစုကို ထိုင်း၊ လာအို၊ မြန်မာနယ်စပ်ဆုံရာဖြစ်သည့် ဥပဒေမစိုးမိုးသည့် ရွှေတြိဂံဒေသက တောနက်များအတွင်းထဲမှာ လုပ်ကိုင်နေကြသည်။ ထိုဒေသတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ယူမှုကို အချိန်တိုအတွင်း သိပ္ပံနည်းကျဖော်ပစ်ရန် လွယ်ကူသည်ဟု ကျွမ်းကျင်သူများက ဆို၏။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံကနေ ကမ္ဘာတစ်ဝန်းက ဈေးကွက်များကို ဆက်သွယ်ဖို့ ဒေါ်လာကုဋေပေါင်းများစွာ အကုန်ခံဆောက်လုပ်နေသည့် လမ်းသစ်များနှင့် အခြေခံဖွံ့ဖြိုးမှုများအား လူများနှင့် ကုန်ပစ္စည်းများစီးဆင်းမှုကို အသုံးပြုပြီး မူးယစ်ဆေးဝါးကုန်သွယ်မှုလုပ်ရန် မူးယစ်ဆေးသမားများကအသုံးချနေကြသည်။

ဒေါ်လာသန်းချီနိုင်သည့်ရလာသည့် အကျိုးအမြတ်များကို ရှုပ်ထွေးလှသော နိုင်ငံတကာငွေကြေးကွန်ရက်တွေက တစ်ဆင့်ငွေဖြူဖြစ်အောင် ခဝါချကြသည်။ ဥပဒေစောင့်ကြည့်မှုလျော့ရဲပြီး ငွေကြေးများကို အလွယ်တကူ ဖျောက်နိုင်သောနိုင်ငံများရှိဟန်ပြကုမ္ပဏီများကို မကြာခဏအသုံးပြုပြီး ငွေမည်းများကို ငွေဖြူဖြစ်အောင်လုပ်ကြသည်။

"ဒါတွေက မက်သာဖက်တမင်းစိတ်ကြွဆေးထုတ်လုပ်မှုအတွက် တကယ့်ပြည့်စုံတဲ့အနေအထားပဲ"ဟု ဩစတြေးလျအစိုးရရဲတပ်ဖွဲ့မှ နည်းဗျူဟာမှူးဟောင်း ဂျွန်ကွိုင်ရင်းက ပြောသည်။

"ဒါတွေက နောက်ဆုံးတစ်နေ့ အရှေ့တောင်အာရှမှာ စိတ်ကြွဆေးကပ်ကြီး ဆိုက်ရောက်လာအောင် တွန်းအားပေးနေပါတယ်"

## ထုတ်လုပ်မှု

အာရှပစိတ်ဒေသမှာ ဖမ်းမိသော မူးယစ်ဆေးဝါးအမြောက်အမြားသည် လက်နက်ကိုင်အဖွဲ့များစွာ ကြီးစိုးရာ မြန်မာနိုင်ငံ ရှမ်းပြည်မြောက်ပိုင်းကနေလာသည်။ ထိုဒေသမှာ အထင်ရှားအင်အားအကောင်းဆုံးမှာ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) နှင့် သူ၏နိုင်ငံရေးပါတီဖြစ်သည့် 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)တို့ဖြစ်သည်။ 'ဝ' လူမျိုးသည် တရုတ်တောင်ပိုင်း ယူနန်ပြည်နယ်က လူမျိုးများနှင့် ဘာသာစကားရောယှဉ်ကျေးမှုသမိုင်းပါ တူညီသည့် လူမျိုးစုတစ်စုဖြစ်သည်။

ဘိန်းကောင်းစွာ စိုက်ပျိုးနိုင်သော ရာသီဥတုနှင့် တရားဥပဒေစိုးမိုးမှုကင်းမဲ့မှုတို့တို့ကို ရှမ်းပြည်နယ်က ပံ့ပိုးပေးလေသည်။ ရွှေတြိဂံဒေသသည် နှစ်များစွာကြာအောင် ကမ္ဘာ့တရားမဝင် ဘိန်းဖြူနှင့် ဘိန်းစိမ်းအများစု၏ အရင်းအမြစ်ဖြစ်ခဲ့၏။

'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်နှင့် ပါတီသည် မူးယစ်ဆေးဝါးထုတ်လုပ်မှုမှ ရရှိသည့် အကျိုးအမြတ်ဖြင့် လက်နက်ကိုင်တော်လှန်ရေးအတွက် ငွေကြေးရယူနေသည်ဟု အနောက်နိုင်ငံအစိုးရများက စွပ်စွဲကြသည်။ 'ဝ' တပ်သည် ယခုအခါ တပ်သား ၃၀,၀၀၀ ခန့်အထိ အင်အားတိုးထားသည်။

သည်စွပ်စွဲချက်တွေကို ဖော်ထုတ်သက်သေပြရန် ခက်ခဲလှသည်။ ရှမ်းပြည်မြောက်ပိုင်းသည် ကမ္ဘာမှာ အရောက်သွားဖို့ အခက်ခဲဆုံးဖြစ်သည်။ မြောက်ကိုရီးယားကိုမှ သွားရသည်မှာ လွယ်ဦးမည်ဟု တချို့က ရယ်စရာအဖြစ် ပြောကြသည်။ ၂၀၁၆ခုနှစ်တွင်သတင်းစာဆရာများကို 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်က ရှားရှားပါးပါး လာရောက်ခွင့်ပေးခဲ့သည်။ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့်ပတ်သက်ပြီး စွပ်စွဲချက်များကို သူတို့ငြင်းဆိုထားသည့်အချိန်က ဖြစ်သည်။

တရားဝင်ကိန်းဂဏန်းများအရလည်း 'ဝ' တပ်သည် ဘိန်းဖြူထုတ်လုပ်မှုမရှိတော့ဘူးဆိုတာ ယုံကြည်စရာရှိသည်။ ကုလသမဂ္ဂက ရသောအချက်အလက်များအရ ရွှေတြိဂံဒေသတွင် ဘိန်းဖြူထုတ်လုပ်မှုနှင့် ဖြန့်ဝေမှု ကျဆင်းနေသည်ဟု သိရသည်။ ထိုသို့ကျဆင်းရသည်မှာ မူးယစ်ဆေးဝါးအဓိက ထုတ်လုပ်သူများသည် ဘိန်းဖြူကို ကျော်ခိုင်းကာ ဈေးသက်သာသော ကုန်ပစ္စည်းသစ် မက်သာဖက်တမင်း စိတ်ကြွမူးယစ်ဆေးကို ပြောင်းလဲထုတ်လုပ်လာကြသည့်အတွက်ဖြစ်သည်ဟု တာဝန်ရှိသူတွေက ရှင်းပြသည်။

"အဲဒီဒေသအနှံ့က လာတဲ့အချက်အလက်တွေက ဒီအုပ်စုတွေ၊ ဒီနေရာတွေကိုပဲ ပြန်ညွှန်ပြနေတယ်"ဟု ယူအင်န်အိုဒီစီက မစ္စတာဒေါက်ကလပ်စ်က ပြောကြားသည်။

စိတ်ကြွမူးယစ်ဆေးကစားနည်းထဲမှာ 'ဝ'တပ်က ပါဝင်ဖို့ ဆုံးဖြတ်ရခြင်းသည် ဈေးကွက်တောင်းဆိုချက်ကလည်း တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အကျိုးအမြတ်နှင့် ထုတ်လုပ်ရေးလွယ်ကူသည့်အတွက်ကြောင့်လည်း ဖြစ်သည်ဟု ကျွမ်းကျင်သူများက ဆိုသည်။

မက်သာဖက်တမင်းသည် ဓာတုဗေဒဆေးဝါးတစ်မျိုးဖြစ်၏။ ဓာတုဆေးဝါးများကို သုံးပြီးဓာတ်ခွဲခန်းများမှာ ထုတ်လုပ်သည်။ ဘိန်းဖြူထုတ်သကဲ့သို့ သဘာဝသီးနှံ ဘိန်းစေ့လို အရာများကို စိုက်ပျိုးစရာမလိုပေ။

ဆေးထုတ်သည့်ဓာတ်ခွဲခန်းများသည် အချိန်တိုအတွင်း အဖုံးအကာဖြင့် ဖျောက်လိုက်လို့ရသည်။ အချိန်တိုအတွင်း နေရာပြောင်းလို့ရသည်။ ဘိန်းခင်းကိုမူ သည်လိုလုပ်ကိုင်လို့မရ။

## ဖြန့်ဖြူးရေး

စိတ်ကြွမူးယစ်ဆေးထုတ်လုပ်ပြီးသည့်အခါတွင် နောက်တစ်ဆင့် အခက်အခဲက ပို့ဆောင်သယ်ယူရေးဖြစ်သည်။ ရွှေတြိဂံဒေသသည် ကမ္ဘာပေါ်မှာ အဆင်းရဲဆုံးနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးဒေသတစ်ခုဖြစ်ခဲ့ဖူး၏။ သို့သော် တရုတ်အစိုးရ၏ပိုးလမ်းမကြီးအစီအစဉ်ဖြင့် ကမ္ဘာတစ်ဝန်းဆက်သွယ်ရန် အခြေခံဖွံ့ဖြိုးမှုအမြောက်အမြားလုပ်လာသည့်အတွက် အနေအထားမှာ ပြောင်းလဲလာနေသည်။

တရုတ်အစိုးရက မြန်မာမှာ ကြီးကြီးမားမား စီမံကိန်းများရှိသည်။ တရုတ်၏ကုန်းတွင်းပိတ် ယူနန်ဒေသကိုတောင် အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများက ဆိပ်ကမ်းမြို့များနှင့် ဆက်သွယ်နိုင်ရန်မြန်မာမှာတရုတ်က ဒေါ်လာသန်းချီ ရင်းနှီးမြှုပ်နှံထားသည်။ လာအိုနှင့် ထိုင်းနိုင်ငံမှာလည်း အလားတူ ရင်းနှီးမြှုပ်နှံမှုများရှိ၏။

ထိုအခြေခံလူနေမှု အဆောက်အအုံဖွံ့ဖြိုးမှုများ တိုးတက်လာခြင်း၏မရည်ရွယ်သော ဆိုးကျိုးတစ်ခုမှာ စိတ်ကြွမူးယစ်ဆေးကုန်ကူးသူများအတွက် ရှမ်းပြည်နယ်အတွင်းဘက်ကနေ အရှေ့တောင်အာရှတစ်ခုလုံးကို ဆက်သွယ်ရန် လွယ်ကူခြင်းဖြစ်သည်ဟု ကွိုင်ရင်က ပြောကြားသည်။

"လာအိုတို့၊ မြန်မာတို့ကနေ တရားဝင်ကုန်သွယ်မှုအများအပြား...ဥပမာ လူတွေ၊ ကုန်ပစ္စည်းတွေ ထွက်လာလို့ရပြီ။ အဲဒီမှာ မူးယစ်ဆေးဝါးတွေကို ဖုံးဖိပြီး သယ်လာရုံပဲ"

ရှမ်းပြည်မြောက်ပိုင်းကလာသည့် စိတ်ကြွဆေးအခဲနှင့် ဆေးပြားသည် ဂျပန်၊ နယူးဇီလန်နှင့် ဩစတြေးလျတို့မှာပင် တွေ့နိုင်သည်။ ပြီးခဲ့သည့် နှစ် ဒီဇင်ဘာက ဩစတြေးလျအနောက်ပိုင်းမှာ ရဲများတွေ့ခဲ့သည့် အမေရိကန်ဒေါ်လာသန်း ၈၀၀ ခန့်ရှိ စိတ်ကြွဆေးများသည် ရှမ်းပြည်နယ်က လာသည်ဟု ယူဆရ၏။

ယခုနှစ်တွင်တာဝန်ရှိသူများသည် ထိုင်း၊ တရုတ်၊ ကမ္ဘောဒီးယားနှင့် လာအို၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများမှ စိတ်ကြွဆေးဖမ်းဆီးမှုအမြောက်အမြားလုပ်နေကြသည်။ အံ့အားသင့်စရာပင်။ မလေးရှားနှင့်မြန်မာမှာငါးလအတွင်း ဖမ်းဆီးရမိမှုက ၂၀၁၇ ခုနှစ် တစ်နှစ်လုံးထက်ပင် များနေသည်ဟု ဒေါက်ကလပ်စ်က ရှင်းပြသည်။

ထိုကဲ့သို့ ဖြိုးခွင်းမှုများက တာဝန်ရှိသူများသည် မူးယစ်ဆေးကုန်ကူးသူများကို ဖြိုခွင်းရာမှာ အောင်ပွဲခံနေသည်ဟု ဆိုသော်လည်း စိတ်ကြွဆေးအမြောက်အမြား သယ်ယူပို့ဆောင်နေကြပြီဆိုသည်ကိုလည်းထောက်ပြနေသည်။

မစ္စတာကွိုင်ရင်က နောက်ထပ် ဖြစ်နိုင်ခြေတစ်ခုကို ထောက်ပြသတိပေးသည်။ စိတ်ကြွဆေးထုတ်လုပ်သူများသည် အမြောက်အမြား အလွန်အကျွံ ထုတ်လုပ်လာသဖြင့် ထုတ်လုပ်မှုစရိတ်များ သက်သာလာပြီး အမြောက်အမြားဖမ်းဆီးခံရသော်လည်း ကုန်သည်များအတွက် မှုစရာမလိုတာလည်း ဖြစ်နိုင်၏။

"အကျိုးအမြတ်က ရနေသေးတဲ့အတွက် အရေအတွက်အမြောက်အမြားလည်း အဆုံးခံနိုင်တာပေါ့"

7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018



# တက်လာခြင်း

### ငွေကြေးခဝါချခြင်း

မူးယစ်ဆေးဝါးကနေ ရလာသော ငွေအားလုံးမှာ တစ်နေရာရာကို ရောက်ရမည်ဖြစ်သည်။ သူတို့၏တရားမဝင်ရလာသော အကျိုးအမြတ်များကို သိုဝှက်ဖို့ မူးယစ်ဆေးဝါးရောင်းသူများက အလွန်ရှုပ်ထွေးပွေလီသည့်ငွေကြေးဆိုင်ရာ ဆက်နွှယ်မှုများကို သုံးနေကြသည်။

သူတို့ထဲက အထင်ရှားဆုံး၊ လူသိအများဆုံးမှာ 'ဝ'တပ်၏စိတ်ကြွဆေးရောင်းမှုက ငွေတွေကို လာအိုက သူ၏ကာစီနိုလောင်းကစားရုံကနေ ငွေဖြူဖြစ်အောင် လုပ်ပေးနေသည်ဟု အမေရိကန်အစိုးရက စွပ်စွဲထားသည့်လောင်းကစားရုံသူဌေး ရှောင်ဝ်ဝေဖြစ်သည်။

သူတို့ဆီမှာ ငွေသားအမြောက်အမြားလက်ထဲထည့်လုပ်ကိုင်ရသည့်အတွက် လောင်းကစားရုံများကို ငွေကြေးခဝါချရန် အသုံးပြုကြသည်။ ရှောင်ဝ်ဝေသည် ဒုစရိုက်ကမ္ဘာအငယ်စားတစ်ခုဟုယူအင်န်အိုဒီစီက ခေါ်သည့်နေရာမှာလုပ်ကိုင်နေသည့်အကျိုးအမြတ်ကိုလည်း ရထားသည်။

"သူကိုယ်ပိုင် လုံးဝထိန်းချုပ်ထားတဲ့ပုံစံမျိုးလုပ်ကိုင်နေတာ" ဟု ဒေါက်ကလပ်စ်က ဆိုသည်။

ရွှေတြိဂံအထူးစီးပွားရေးဇုန်ဟု သိကြသည့်နေရာမှာ လုပ်ကိုင်ရန်အတွက် ရှောင်ဝ်က ၉၉ နှစ်စာ လာအိုအစိုးရနှင့် ငှားရမ်းစာချုပ်ချုပ်ထားသည်ဟု သိရသည်။ ထိုဇုန်သည် ထိုင်း၊ မြန်မာ၊ လာအိုနိုင်ငံအကြားမဲခေါင်မြစ်ဘေးတစ်လျှောက်မှာရှိသည်။ အဆိုပါဇုန်၏အချက်အချာနေရာတွင်ကင်းစ်ရိုမန်စ် ကာစီနိုလောင်းကစားရုံလည်း ရှိသည်။

ရှောင်ဝ်နှင့် လာအိုအစိုးရတို့ သဘောတူညီချက်အရ ထိုကာစီနိုကို သူ၏သီးသန့်ဥပဒေ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများဖြင့် လုပ်ကိုင်ခွင့်ရသည်။ စစ်တပ်၊ တရားရေးနှင့်လာအိုနိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်နေသည့်ကိစ္စမျိုးမှာမှသာ လာအိုအစိုးရကို ရှောင်ဝ်က ပါဝင်လုပ်စေသည်ဟု ၂၀၁၁ ခုနှစ်က တရုတ်အစိုးရ မီဒီယာကို ရှောင်ဝ်က ပြောခဲ့ဖူး၏။

သည်စနစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အထူးစီးပွားရေးဇုန်မှာ လာလုပ်ချင်အောင် မက်လုံးပေးဆွဲဆောင်ဖို့ လုပ်ဆောင်ထားခြင်းဖြစ်သည်။ သို့သော် အမေရိကန်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ပြီးခဲ့သည့် ဇန်နဝါရီတွင် ရှောင်ဝ်သည် စည်းမျဉ်းလုပ်ထုံးများ တင်းကျပ်မှုမရှိသည်ကို အသုံးချပြီး မြန်မာနိုင်ငံမှာ လုပ်ငန်းများဆောင်ရွက်နေသော 'ဝ'တပ်နှင့် တခြားတရားမဝင် အဖွဲ့အစည်းများအတွက် ဘိန်းဖြူ၊ စိတ်ကြွဆေးနှင့် တခြားမူးယစ်ဆေးများကို သိုလှောင်ဖြန့်ဖြူးနေသည်ဟု စွဲချက်ဖြင့် ပိတ်ဆို့အရေးယူမှုများ ချမှတ်ခဲ့သည်။

ရှောင်ဝ်ကတော့ သူ့ကို စွပ်စွဲချက်များသည် အခြေအမြစ်မရှိဟု အကြိမ်ကြိမ်ငြင်းဆိုထားသည်။

"အမေရိကန်အစိုးရရဲ့ တခြားနိုင်ငံတွေနဲ့ ဒေသတွေအပေါ် တစ်ဖက်သတ်ဆန်တဲ့ အရေးယူပိတ်ဆို့မှုတွေက တကယ့်ကိုကျိုးကြောင်းမခိုင်လုံတဲ့အပြင် အဓိပ္ပာယ်မရှိပါဘူး။ တခြားရည်ရွယ်ချက်တွေနဲ့ လုပ်တာပါ။ အဲဒီအပြုအမူက ကမ္ဘာ့အသိုင်းအဝိုင်းမှာ အကြီးအကျယ် နားမလည်မှုတွေဖြစ်စေတဲ့အပြင် ရင်းနှီးမြှုပ်နှံသူတွေ၊ ဧည့်သည်တွေအတွက် မလိုလားတဲ့ စိုးရိမ်ပူပန်မှုတွေဖြစ်လာစေတယ်"

အမေရိကန်အစိုးရက သူ့ကို အရေးယူ ပိတ်ဆို့မှုအပြီးမှာ ရှောင်ဝ်က လာအိုအစိုးရမီဒီယာကနေ ပြောကြားခြင်းဖြစ်သည်။

"ကင်းစ်ရိုမန်စ်အုပ်စုရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ ဖွံ့ဖြိုးမှုတွေက ဥပဒေနဲ့ လက်မှတ်ထိုးထားတဲ့ သဘောတူညီချက်တွေအရတိတိကျကျလုပ်နေတာပါ။ တရားမဝင်စီးပွားရေးလုပ်ငန်းလုပ်ဖို့ အကြောင်းပြချက်၊ လှုံ့ဆော်ချက်တွေ မရှိပါဘူး။ သူတို့ပြောတာနဲ့ ပြောင်းပြန်ပဲ။ တရားမဝင်လုပ်ရပ်တွေကို တင်းတင်းကျပ်ကျပ်ကာကွယ်ဖို့နဲ့ နှိမ်နင်းဖို့ လာအိုအစိုးရနဲ့ ကျွန်တော်တို့က ပူးပေါင်းလုပ်ဆောင်နေတာပါ"

လာအိုစီမံကိန်းရေးဆွဲမှုနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနကသည်ကိစ္စနှင့်ပတ်သက်ပြီး မှတ်ချက်မပေးပါ။ အမေရိကန်မူးယစ်ဆေးဝါးအေဂျင်စီကလည်း သည်ကိစ္စနှင့်ပတ်သက်ပြီး အဆက်မပြတ်ဆောင်ရွက်မှုများရှိနေသေးသောကြောင့် မှတ်ချက်ပေးရန် ငြင်းဆိုပါသည်။

### ငွေစီးဆင်းမှုလမ်းကြောင်း

ရှောင်ဝ်၏မူးယစ်ဆေးဝါးကရသည့်ငွေမည်းများကို ခဝါချရာမှာ ပါဝင်နေသည့် အဓိကဂိုဏ်းခွဲတစ်ခုမှာ သူ၏ကာစီနိုရုံကနေ မိုင်ထောင်ချီဝေးသောဟောင်ကောင်က ပျားပန်းခတ်မျှ လူစည်ကားသည့် နေရာမှာ ရှိသည်ဟု အမေရိကန်ဘဏ္ဍာရေးဌာနက စွပ်စွဲထားသည်။

ထိုဂိုဏ်းခွဲမှာ ကင်းစက်ရှိမန်စ်အင်တာနေရှင်နယ်(ဟောင်ကောင်)ကုမ္ပဏီဟု ခေါ်သည်။ ထိုကုမ္ပဏီရော ရှောင်ဝ်ကိုပါ အမေရိကန်အစိုးရက ယခုနှစ်ဇန်နဝါရီမှာအရေးယူပိတ်ဆို့မှု လုပ်ခဲ့သည်။

အမေရိကန်ဘဏ္ဍာရေးဌာနနှင့် ဟောင်ကောင်ကုမ္ပဏီမှတ်ပုံတင်ရုံးအဆိုအရ ထိုကုမ္ပဏီသည် ဟောင်ကောင်ကဘားခန်းများနှင့် အပျော်အပါးနေရာတစ်ခုအဖြစ် ကျော်ကြားသည့် ဝမ်ချိုင်ဒေသက ဂူချောင်ဟောက်စ်တာဝါမှာ ရုံးစိုက်ထားသည်ဟု သိရသည်။

ထိုရုံးခန်းမှာ ဘာတွေလုပ်ကိုင်နေသည်ဆိုသည်ကိုမူ အမေရိကန်အစိုးရက အတိအကျတော့ မပြောပါ။ သို့သော်လည်း ထိုရုံးခန်းသည် ငွေမည်းတွေကို လည်ပတ်ခဝါချပေးသည့် နာမည်ဆိုးဖြင့် ကျော်ကြားပြီး မြို့တော်အာဏာပိုင်များကလည်း သည်ပြဿနာကို အသိအမှတ်ပြုထားသည်။

"ကျွန်တော်တို့ရဲ့ပြိုင်ဘက်ကင်းအားသာချက်တွေဖြစ်တဲ့ ငွေအရင်းအနှီး၊ လူ၊ ကုန်ပစ္စည်းတွေ၊ သတင်းအချက်အလက်တွေ လွတ်လွတ်လပ်လပ်စီးမျောလည်ပတ်ခွင့်ရတာ၊ စနစ်တကျရှိတဲ့ ဥပဒေစနစ်၊ ခေတ်မီတဲ့ ဈေးကွက်ဖွံ့ဖြိုးမှု၊ အဆင့်မြင့် ဝန်ဆောင်မှုတွေက ကျွန်တော်တို့ဈေးကွက်ကို၊ ငွေတွေကို ဖုံးဖိခဝါချချင်တဲ့ ငွေကြေးအရ ပိတ်ဆို့ခံရမှုတွေကို ရှောင်ချင်တဲ့ ရာဇဝတ်မှုကျူးလွန်ထားသူတွေအတွက်ဆွဲဆောင်နေသလိုဖြစ်နေတယ်" ဟု ဟောင်ကောင်ငွေကြေးထိန်းချုပ်ရေးအာဏာပိုင်အဖွဲ့က ဒုတိယအမှုဆောင်အရာရှိ အာသာယွန်က ပြီးခဲ့သည့် ဧပြီက လုပ်ခဲ့သော အစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။

ကင်းစ်ရိုမန်စ်ကုမ္ပဏီရုံးခန်းကို ဟောင်ကောင်ဂူချောင်ဟောက်စ်တာဝါ၏ ၃၆ ထပ်မှာ ဖွင့်လှစ်ထားသည်ဟု တရားဝင်မှတ်တမ်းများက ဆို၏။ သို့သော် စီအင်န်အင်န်သတင်းအဖွဲ့ သွားရောက်သည့်အခါ ရုံးခန်းအရိပ်အယောင်ကိုမျှ မတွေ့ခဲ့ရချေ။

အဆောက်အအုံလမ်းညွှန်အရ ရွှန်ဝေဆိုသည့် ကုမ္ပဏီက အဆိုပါရုံးခန်းနေရာကို အသုံးပြုသည်ဟု သိရသည်။ အိမ်မြေလမ်းညွှန်မှတ်တမ်းများအရ ရွှန်ဝေသည် အဆိုပါအဆောက်အအုံ၏ ပိုင်ရှင်ဖြစ်၏။

ရွှန်ဝေနှင့် ကင်းစ်ရိုမန်စ်ကုမ္ပဏီတို့သည် လိပ်စာတစ်ခုထက်မကကို အတူပိုင်ဆိုင်ထားကြသည်။ ရွှန်ဝေနှင့် ထိုကုမ္ပဏီမှ ဒါရိုက်တာနှစ်ဦးထဲက တစ်ဦးသည် 'ဝ'တပ်အတွက် မူးယစ်ဆေးဝါးရောင်းချမှုကနေ ငွေကြေးခဝါချပေးနေသည့်နေရာမှာ အဓိကပတ်သက်မှုဖြင့် ၂၀၀၈ ခုနှစ်တွင် အမေရိကန်၏အရေးယူပိတ်ဆို့ခြင်းခံထားရသည်။

"ဝ တပ်ဟာ ဟောင်ကောင်ကနေ လုပ်ငန်းတွေ လုပ်ဆောင်နေမယ်ဆိုတာ အဓိပ္ပာယ်ရှိပါတယ်။ သူတို့မှာက တရားမဝင်တာတွေကို တရားဝင်လုပ်ငန်းတွေနဲ့ ရောနှောလုပ်တဲ့ သမိုင်းကြောင်းကကြာပြီ။ ဟောင်ကောင်က သူတို့အတွက် ဒါတွေလုပ်ဖို့ အကောင်းဆုံးနေရာပါ" ဟု ဟောင်ကောင်အခြေစိုက် သုတေသနအဖွဲ့တစ်ခုက သုတေသီ အီဝန်ရီးစ်က ဆိုသည်။

ဟောင်ကောင်ကုမ္ပဏီမှတ်ပုံတင်အဖွဲ့၏မှတ်တမ်းများအရ ကင်းစ်ရိုမန်စ်အင်တာနေရှင်နယ်ကုမ္ပဏီသည် လုပ်ငန်းများလုပ်ကိုင်နေဆဲဖြစ်ကာ အမှတ် ၃၆၀၅ ဂူချောင်ဟောက်စ်တာဝါမှာ ရှိနေဆဲဖြစ်သည်။ ချိုင်ဝေမှာလည်း ရှောင်ဝ်ဝေ၏တခြားနာမည်တစ်ခုဖြစ်နိုင်သည်။ အမေရိကန် ဘဏ္ဍာရေးဌာနသည် ချိုင်ဝေ၊ ဝေချိုင်တို့ကို ရှောင်ဝ်၏အမည်ပွားများအဖြစ် မှတ်တမ်းတင်ထားသည်။

မှောင်နေသော ရုံးခန်းအဝင်လမ်းတစ်လျှောက်မှာ ရွှန်ဝေဆိုသည့်အမည်ကသာ လူသူမြင်သာသော လုပ်ငန်းဖြစ်၏။ ထိုအမည်ကို လူမရှိသော ကုမ္ပဏီအတွင်းရေးမှူး၏ စားပွဲ၏အထက်၌ တောက်ပသော စာလုံးများဖြင့် ပုံဖော်ထိုးထားသည်။ ထိုဆိုင်းဘုတ်ကို သစ်သားပန်းပုဖော်ထားသော အတွန့်အတက်များ၊ ကျောက်ဖြူသားအခင်းဖြင့် ခင်းကျင်းအလှဆင်ထားသည်။ သို့သော် မီးတွေက တစ်ဝက်သာ ထွန်းထားပြီး မြင်ကွင်းမှာ မည်သူမှ မရှိနေ။

ထိုလုပ်ငန်းက ယခုချိန်ထိ လူသိထင်ရှားလုပ်ဆောင်နေခြင်းကို အရေးယူပိတ်ဆို့ရေးဆိုင်ရာ ကျွမ်းကျင်သူများက အံ့အားသင့်ကြသည်။

"များသောအားဖြင့် လိပ်စာနဲ့ ရေးတာ တူနေဦး။ အနည်းဆုံးတော့ ဆိုင်းဘုတ်ကို ပြန်ပြောင်းဆေးသုတ်ကြတယ်။ ဆယ်နှစ်လောက်တောင် နာမည်မပြောင်းဘဲ ဆက်လုပ်နေသေးတယ်ဆိုတော့ သူတို့က အတော်ရဲတင်းတာပဲ"ဟု အမေရိကန်၏အရေးယူပိတ်ဆို့မှုဆိုင်ရာ ကျွမ်းကျင်သူ ပီတာဟာရဲလ်က ဆိုသည်။

ပီတာသည် အမေရိကန်နိုင်ငံခြားရေးဌာနစီးပွားရေးနှင့်လုပ်ငန်းများဌာနမှာ ဒုတိယလက်ထောက်အတွင်းရေးမှူးအဖြစ် တာဝန်ယူထမ်းဆောင်ဖူးသူဖြစ်သည်။

စီအင်န်အင်န်သတင်းအဖွဲ့က အဆိုပါရုံးခန်းက ခေါင်းလောင်းကို နှိပ်လိုက်သောအခါ သက်လတ်ပိုင်းအရွယ် မျက်မှန်တပ်သောအမျိုးသားတစ်ယောက်က လာဖြေသည်။ သူတို့ကုမ္ပဏီသည် ယခင်က ကျောက်စိမ်းကုန်သွယ်မှုလုပ်ပြီး ယခုအခါ နာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်နေသည်ဟု ပြောပြသည်။

စီအင်န်အင်န်သတင်းဌာနကိုသူ့နာမည်ပြောပြပေးဖို့ငြင်း၏။ သူသည် ကုမ္ပဏီမှာ စာရင်းကိုင်မန်နေဂျာအဖြစ် အလုပ်လုပ်လာသည်မှာ နှစ် ၂၀ ရှိပြီဖြစ်ပြီး ရွှန်ဝေ၏ဒါရိုက်တာများအဖြစ် လတ်တလော စာရင်းတင်ထားသူနှစ်ဦးကို သူက သိသည်။ ထိုနှစ်ဦးမှာ တရုတ်ပြည်မကြီးမှာ အခြေချသဖြင့် ဟောင်ကောင်ကို တစ်နှစ်ကို အကြိမ်ရေ အနည်းငယ်လာပြီး တစ်ရက်၊ နှစ်ရက်သာ နေကြသည်ဟု သိရသည်။

စာရင်းကိုင်မန်နေဂျာကနေ စီအင်န်အင်န် သတင်းဌာနက သူတို့ကို ဆက်သွယ်မေးမြန်းရန် ကြိုးစားသော်လည်းသူတို့ကပြောကြားချင်စိတ်မရှိဟု အကြောင်းပြန်သည်။

ဂူချောင်ဟောက်စ်၏ဆက်စပ်နေမှုများအပေါ် မေးမြန်းရာတွင် ယူအင်န်အိုဒီစီက ဒေါက်ကလပ်စ်က ကိစ္စရပ်တိုင်းမှာ ကွဲပြားခြားနားပြီး တရားဝင်ဟန်ပြကုမ္ပဏီကြီးတစ်ခု၏သက်တမ်းကလည်း သူ့အနေဖြင့် မှတ်ချက်ပေးနိုင်သည့် အရာမျိုးမဟုတ်ဟု ဆိုသည်။

"တကယ်လို့ ဒီကုမ္ပဏီကြီးက မူးယစ်ဆေးဝါးရောင်းဝယ်မှုကို ၁၀ နှစ်လောက် လုပ်နေတယ်ဆိုရင် အာဏာပိုင်တွေအနေနဲ့လည်း စုံစမ်းထောက်လှမ်းသင့်တာပေါ့"ဟု ဆိုသည်။

"ဆက်နွှယ်မှုတွေနဲ့ စနစ်တကျ စီစဉ်ထားတဲ့ ရာဇဝတ်မှုတွေကို သက်သေပြ အတည်ပြုနိုင်တယ်ဆိုရင် ပြင်းပြင်းထန်ထန် အရေးယူမှုတွေ ရှိလာမှာပေါ့။ မေးစရာတွေက ဒီလိုဟန်ပြကုမ္ပဏီတစ်ခုက ဟောင်ကောင်မှာ ဒါလောက်ကြာအောင် ဘယ်လိုအလုပ်လုပ်နိုင်ခဲ့သလဲဆိုတာပဲ"

ဒီမေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားဖို့ ဟောင်ကောင်အာဏာပိုင်များက ငြင်းဆန်ကြပါသည်။

**(CNN မှ တင်ဆက်သော** Asia's Meth Boom **ကို လင်းလင်းက ဘာသာပြန်ဆိုသည်။ ဆောင်းပါး၏အာဘော်မှာမူရင်းသတင်းဌာန CNN၏အာဘော်သာဖြစ်ပါသည်။)**

- မှတ်ချက် -

**ဆောင်းပါး၏ စွပ်စွဲချက်နှင့်ပတ်သက်၍ 'ဝ'အဖွဲ့(UWSA) လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးညီရန်း၏ တုန့်ပြန်ချက်**

အဓိကက ဒီကိစ္စတွေက ယိုးဒယားမီဒီယာတွေကနေတစ်ဆင့် ကမ္ဘာကို ဖြန့်တာပေါ့နော်။ယိုးဒယားကတော့ တွေ့တဲ့အတိုင်းပဲ ဖမ်းမိတဲ့ မူးယစ်ဆေးဝါးတော်တော်များများကတော့'ဝ'အဖွဲ့ကပဲလို့ အဲဒီလို မျိုးလျှောက်ပြီးတော့ ညွှန်းနေတာပဲရှိတယ်။ တစ်ကြိမ်တစ်ခါမှ သက်သေအထောက်အထားလည်းပြနိုင်တာလည်းမရှိဘူး။ မြန်မာနိုင်ငံမှာ ဖမ်းမိနေတာ မူးယစ်ဆေးဝါးတော်တော်များများ ကြည့်ကြည့်လိုက်လေ။ ဘယ်ဘက်ကနေထွက်သလဲ။ အချိုကြီးတွေ၊ စံချိန်တင်ဖမ်းမိနေတဲ့ မူးယစ်ဆေးဝါးတွေ 'ဝ'ဘက်ကလာတာလား၊ ဒါစဉ်းစားစရာပေါ့။ တကယ်လို့ ဟုတ်တယ်ဆိုရင်တော့၊ သက်သေ အထောက်အထားပြနိုင်တယ်ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ ဖမ်းဆီးအရေးယူဖို့ရှိတယ်။ မီဒီယာအပိုင်းတွေကို တုံ့ပြန်မှုအားနည်းချက်၊ ချေပမှုအားနည်းချက်ရှိတဲ့ဟာကို အခွင့်ကောင်းယူပြီး ယိုးဒယားကဝါဒဖြန့်တာ။ ကျွန်တော်တို့က နယ်စပ်ဒေသမှာနေတဲ့အခါကျတော့ 'ဝ'ပြည်နယ်ကို ဖြတ်သန်းပြီး ပြည်ပနိုင်ငံကိုထွက်ခွာသွားတဲ့ မူးယစ်ဆေးဝါးတွေကို ကျွန်တော်တို့ကလည်းဖမ်းနေတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် 'ဝ'အနေနဲ့ တစ်ချိန်တစ်ခါတုန်းက ဘိန်းစိုက်ပျိုးခဲ့တယ်ဆိုတဲ့ ကိစ္စရပ်တွေက သမိုင်းတွေကျန်ခဲ့ပြီ။ ကျွန်တော်တို့က ဒီမူးယစ်ဆေးဝါးမပျောက်တဲ့တိုင်အောင် မပျောက်မချင်း ကျွန်တော်တို့က တော့ ကျွန်တော်တို့ရဲ့လုပ်ဆောင်ချက်၊ ကျွန်တော်တို့ တိုက်ဖျက်မှုတွေဘယ်တော့မှ ရပ်နားမှာမဟုတ်ဘူး။ ကျွန်တော်တို့လည်း ဒီမူးယစ်ဆေးဝါး တိုက်ဖျက်နေတဲ့ကိစ္စတွေ လစဉ်လတိုင်း၊ နှစ်စဉ်နှစ်တိုင်း ပိုမိုပြီးတော့ တိုးချဲ့ပြီးမှတိုးတိုက်ခိုက်သွားမယ်။ အထူးချေမှုန်းသွားမယ်။ အထူးစီမံချက်အနေနဲ့ တိုက်ဖျက်နေတယ်။ ကျွန်တော်တို့ ဒေသအတွင်းတစ်ခုလုံး ခြိမ်းခြောက်နေတဲ့ကိစ္စဖြစ်နေတယ်။ ကျွန်တော်တို့ ရန်သူမကဘူး၊ တစ်ကမ္ဘာလုံးရဲ့ရန်သူဖြစ်နေတယ်ဆိုတာ ကျွန်တော်တို့လည်း အသိအမှတ်ပြုနေတာပဲ။ ကျွန်တော်တို့လည်းသိတယ်။ ဒီကိစ္စက ဘယ်လိုပဲဖြစ်ဖြစ်တစ်ယောက်တစ်ယောက်လက်ညှိုးထိုးတာထက် ကျွန်တော်တို့ဘယ်လို ပူးပေါင်းတိုက်ဖျက်ရမယ်ဆိုတာကို စဉ်းစားတာ ပိုပြီးမှ ထိရောက်ပါလိမ့်မယ်။

7DAY NEWS JOURNAL
Vol.17, No.36 · NOVEMBER 14 , 2018

www.free4readers.com




ရေနက်ဆိပ်ကမ်းစီမံကိန်းနှစ်ခု တည်ဆောက်မည့် တည်နေရာပြ ပုံစံငယ်

ဓာတ်ပုံ – ပိုင်စိုးသူ

# ကျောက်ဖြူ အထူးစီးပွားရေးဇုန်လာပြီ

**ထွန်းထွန်းမင်း**

လူမျိုးရေး၊ ဘာသာရေးအကဲဆတ်လှပြီး ဆင်းရဲနွမ်းပါးမှုမြင့်မားနေသည့် ရခိုင်ပြည်နယ်တွင် အစိုးရက တရုတ်ကုမ္ပဏီ တစ်ခုကို ရောမ စီမံကိန်းကြီး ခွင့်ပြုခဲ့ခြင်းက မြန်မာနိုင်ငံအတွက် အကျိုးအမြတ် မည်မျှရှိမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ကျောက်ဖြူမြို့ကို ဟောင်ကောင်နှင့် စင်ကာပူကဲ့သို့ ဘင်္ဂလားပင်လယ်အော်အတွင်း အရောင်တောက်ပနေသည့် ပုလဲမြို့တော်အဖြစ် ဖွံ့ဖြိုးတိုးတက်လာရမည်ဟု ကြွေးကြော်မှုဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရန် မြန်မာအစိုးရနှင့် တရုတ် CITIC ကုမ္ပဏီတို့သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သည်။

ထိုသို့သဘောတူညီရန် မြန်မာအစိုးရနှင့် တရုတ်ကုမ္ပဏီကြားအချိန် ၂ နှစ်ခွဲကြာ ညှိနှိုင်းခဲ့ရသည်။ ထို့နောက် မြန်မာက အစုရှယ်ယာ ၃၀ ရာခိုင်နှုန်းနှင့် တရုတ်ကုမ္ပဏီက ရှယ်ယာ ၇၀ ရာခိုင်နှုန်းဖြင့် နိုဝင်ဘာ ၈ ရက်တွင် သဘောတူညီခဲ့သည်။

တရုတ်ကုမ္ပဏီ၏ကတိကဝတ်များ၊ စာချုပ်ပါ စည်းကမ်းဥပဒေများနှင့် တရုတ်အကြွေးနွံနစ်မည့်အရေးအပေါ် မြန်မာအစိုးရ၏ထိန်းကျောင်းနိုင်မှု၊ ဒေသတွင်း ပဋိပက္ခများကို ဖြေရှင်းနိုင်ခြင်းရှိ၊ မရှိ၊ ဒေသခံတိုင်းရင်းသားများအတွက်အကျိုးအမြတ်မည်မျှရရှိမည်ကို မေးခွန်းထုတ်စောင့်ကြည့်ရမည်ဖြစ်သည်။

ကျောက်ဖြူ ဒေသသည် တရုတ်စီမံကိန်းကို ပထမဆုံးအကြိမ် ထိတွေ့မည့် ဒေသမဟုတ်ပေ။ ယခင်ရှိရင်းစွဲတရုတ်စီမံကိန်းများကြောင့်အငြင်းပွားဖွယ်ရာများ ရှိနေသော ဒေသဖြစ်သည်။

ကျောက်ဖြူဒေသသည် မြန်မာနိုင်ငံကို ကန့်လန့်ဖြတ်ထားသည့် ရေနံပိုက်လိုင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းများလည်း တည်ရှိနေသည်။ ထိုစီမံကိန်းများကို ဒေသခံအများစုက ကြိုက်နှစ်သက်လှသည် မဟုတ်ပေ။ အချို့နေရာများတွင် ကန့်ကွက်မှုများရှိနေဆဲဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းကို နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ငွေရေးကြေးရေးနှင့် ပတ်သက်ပြီးအကြိမ်ကြိမ်ညှိနှိုင်းခဲ့ရသည်ဟု ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က ပြောသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ဟုန်လျံက မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသည့်စီမံကိန်းဖြစ်သလို ရခိုင်ဒေသတွင် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက်လည်း အရေးပါသည်ဟုဆိုသည်။

"မြန်မာနိုင်ငံရဲ့ ရခိုင်ပြည်နယ်အရေး ဖြေရှင်းနိုင်ရေး ကြိုးပမ်းအားထုတ်မှုများအပေါ် အထောက်အပံ့ဖြစ်စေပါတယ်"ဟု တရုတ်သံအမတ်က ကတိပေးခဲ့သည်။

တရုတ်နိုင်ငံက ဖော်ဆောင်နေသည့် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (OBOR) စီမံကိန်းအတွက် အဓိကကျသည့် စီမံကိန်းဖြစ်သည်ဟုလည်း ဆိုသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက "ရခိုင်အများစုကတော့ ကျေနပ်အားရမှုဖြစ်ပြီး ဝမ်းသာအားရလိမ့်မယ်လို့ ထင်ပါတယ်" ဟု စီမံကိန်းအပေါ်ကို မှတ်ချက်ပြုသည်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ စိတ်ဝင်စားဖွယ်အချက်အလက်များ**

- **၁။ ရှယ်ယာပိုင်ဆိုင်မှု** - မြန်မာ ၃၀ ရာခိုင်နှုန်း တရုတ် ၇၀ ရာခိုင်နှုန်း
- **၂။ စီမံကိန်း ပုံစံ** - အပိုင်း ၃ ရှိသည်။ ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်၊ အိမ်ရာစီမံကိန်း

  ရေနက်ဆိပ်ကမ်း – အပိုင်း ၄ ပိုင်းရှိ ပထမအဆင့်ဒေါ်လာ ၁.၃ ဘီလီယံ – ယခုလက်မှတ်ထိုးသည်။
  သဘော်ကျောက်ချရပ်နားစခန်း နှစ်ခု

  ကျန်အပိုင်း ညှိနှိုင်းဆဲ၊ မကြာခင် လက်မှန်ထိုးမည်
- **၃။ အလုပ်အကိုင်အခွင့်အလမ်း** -
  ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်ပြီးပါက အလုပ်အကိုင် တစ်သိန်းရမည်။ တရုတ်က ကတိပြု။ ၁၀ နှစ်အတွင်း စီမံအုပ်ချုပ်ဝန်ထမ်း ၉၀ ရာခိုင်နှုန်း ရှိစေရမည်။
- **၄။ အကျိုးအမြတ် နှစ် (၅၀)အတွင်း အခွန်** -

  ရေနက်ဆိပ်ကမ်း ဒေါ်လာ ၆.၅ ဘီလီယံ
  စက်မှုဇုန် ဒေါ်လာ ၇.၈ ဘီလီယံ
  နှစ်စဉ်ထုတ်ကုန်တန်ဖိုး ဒေါ်လာ ၃.၂ ဘီလီယံရှိမယ်

## ကျောက်ဖြူအထူးစီးပွားရေးဇုန် ဘယ်လိုအကောင်အထည်ဖော်မလဲ

ဦးသိန်းစိန် အစိုးရ သက်တမ်းကုန်ရန် ရက် ၉၀ အလိုတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို တရုတ်အစိုးရပိုင် CITIC ကုမ္ပဏီအုပ်စုထံ လုပ်ကိုင်ခွင့်ပေးခဲ့သည်။ ဦးသိန်းစိန်အစိုးရက ထိုစီမံကိန်းကို ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နှင့် အိမ်ရာစီမံကိန်းဟူ၍ အပိုင်းသုံးပိုင်းဖြင့် လုပ်ကိုင်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။ စီမံကိန်းတစ်ခုလုံးအတွက် ရှယ်ယာ ၁၅ ရာခိုင်နှုန်းကို မြန်မာအစိုးရက ပိုင်ဆိုင်ပြီး တရုတ်ကုမ္ပဏီက ရှယ်ယာ ၈၅ ရာခိုင်နှုန်းပိုင်ဆိုင်မည်ဖြစ်သည်။ ထိုရှယ်ယာအချိုးတွင် မြန်မာဘက်က ငွေကြေးတစ်စုံတစ်ရာ ထည့်ဝင်စရာမလိုခဲ့ပေ။

ထိုစီမံကိန်းသည် နိုင်ငံရေး၊ စီးပွားရေးအရ မဟာဗျူဟာမြောက်စီမံကိန်းတစ်ခုဖြစ်၍ ဒီချုပ်အစိုးရက စာချုပ်ပါ အချက်အလက်များကို ပြန်လည်ပြင်ဆင်ရန် ကြိုးစားခဲ့သည်။ မြန်မာဘက်က အဓိကပြုပြင်ပြောင်းလဲလိုသည့် ကိစ္စရပ်များသည် ရှယ်ယာအချိုးအစားကိုတိုးမြှင့်ပေးရေး၊ စီမံကိန်းကုန်ကျစရိတ်လျှော့ချရေးနှင့် မြန်မာအစိုးရ၏ရင်းနှီးမြှုပ်နှံမှုပမာဏ လျှော့ချရေးတို့ ဖြစ်သည်ဟု တရုတ်ကုမ္ပဏီမှ မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျင်းဒါရိုက်တာ ယွမ်ရှောင်ပင်က ပြောသည်။

သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ၁၀ ကြိမ်ထက်မကဆွေးနွေးညှိနှိုင်းခဲ့ပြီး ပုံမှန်အစည်းအဝေးများလည်းအကြိမ် ၁၀၀ ခန့်ကျင်းပခဲ့ကြောင်း မြန်မာနှင့် ညှိနှိုင်းခဲ့ရသည်များကို မစ္စတာယွမ်က ပြန်ပြောသည်။

အထက်ပါအတိုင်း ၂ နှစ်ခွဲကြာညှိနှိုင်းပြီးနောက် ဦးသိန်းစိန်အစိုးရသဘောတူညီခဲ့သည့် ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နှင့် အိမ်ရာစီမံကိန်းလုပ်ငန်းသုံးခုစလုံးကို ဒီချုပ်အစိုးရက တရုတ်ကုမ္ပဏီအား လုပ်ကိုင်ခွင့်ပြုခဲ့သည်။ သဘောတူညီမှုတွင် ရှယ်ယာပိုင်ဆိုင်မှု ၃၀ ရာခိုင်နှုန်းထိ မြန်မာဘက်က တိုးတက်ရရှိခဲ့ပြီး စီမံကိန်း ကနဦး ရင်းနှီးမြှုပ်နှံမှုငွေကြေးပမာဏကို လျှော့ချနိုင်ခဲ့သည်။ မြန်မာဘက်က ရှယ်ယာပိုမိုရရှိလာခြင်းကြောင့် ငွေကြေးထည့်ဝင်ရန် လိုအပ်လာသည်။

ပထမဆုံး မူဘောင်သဘောတူခဲ့သည့် ရေနက်ဆိပ်ကမ်းတန်ဖိုးသည် ကန်ဒေါ်လာ ခုနစ်ဘီလီယံရှိပြီး မြန်မာက တစ်ဘီလီယံကျော်ထည့်ဝင်ရမည်ဖြစ်သည်။ နိုဝင်ဘာ ၈ ရက်တွင် မြန်မာအစိုးရနှင့်တရုတ်ကုမ္ပဏီကြားသဘောတူညီမှုအရ ရေနက်ဆိပ်ကမ်းကို ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံဖြင့် ပထမအဆင့် အကောင်အထည်ဖော်မည်ဖြစ်သည်။ ထိုအဆင့်တွင် ဆိပ်ခံတံတားနှစ်ခုတည်ဆောက်မည်ဖြစ်သည်။

တရုတ်ကုမ္ပဏီက မြန်မာအစိုးရကို မြေငှားခအပါအဝင်ပေးအပ်မည့် ကန်ဒေါ်လာသန်း ၃၅၀ ရှိရမည်ဖြစ်သည်။ မြန်မာက ထည့်ဝင်ရမည့် ငွေကြေးကို ထိုအထဲမှထည့်ဝင်မည်ဟုစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။

ကျန်ရှိသည့် စက်မှုဇုန်စီမံကိန်းနှင့် အိမ်ရာစီမံကိန်းများအတွက် မြေနေရာသတ်မှတ်ခြင်းအပါအဝင် သဘောတူညီမှုမူဘောင်များကိုမကြာမီဆက်လက်ချုပ်ဆိုမည်ဟု ဦးအောင်ထူးက ပြောသည်။

တရုတ်ကုမ္ပဏီနှင့် မြန်မာအစိုးရကြား သဘောတူညီမှုအရ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းသည် အိန္ဒိယသမုဒ္ဒရာကိုဖြတ်ပြီး အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် အိန္ဒိယတို့နှင့် ချိတ်ဆက်ရန်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းကိုဖြတ်၍ တရုတ်၊ အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်ရန်ဖြစ်သည်။

စာမျက်နှာ ၂၈ »

7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018



# ဖိအားများကြားက ဒုက္ခသည်များလက်ခံရေး

ထက်အာကာကျော်

ဒီချုပ်အစိုးရသည် အကြီးမားဆုံးနှင့် အရှုပ်ထွေးဆုံး ပြဿနာတစ်ရပ်ကို ဖြေရှင်းရန် ခြေလှမ်းတစ်လှမ်း စတင်လိုက်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှနေရပ်စွန့်ခွာသူများကို နိုဝင်ဘာ ၁၅ ရက်တွင် စတင်လက်ခံရန် အဆင်သင့်ဖြစ်နေပြီဟု အခိုင်အမာကြေညာခဲ့ခြင်းဖြစ်သည်။

ယမန်နှစ် ဩဂုတ် ၂၅ ရက်တွင်ဖြစ်ပွားခဲ့သော မောင်တောဒေသအကြမ်းဖက်ခံရမှုဖြစ်စဉ်နောက်ပိုင်းတွင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူများကို ပြန်လည်လက်ခံရန် မြန်မာအစိုးရက ယခုနှစ်ဇန်နဝါရီ ၂၃ ရက်ကတည်းက အဆင်သင့်ဖြစ်ပြီဟု တရားဝင်ထုတ်ပြန်ကြေညာခဲ့သော်လည်း နိုင်ငံတကာအသိုင်းအဝိုင်းကလက်ခံသည့် အရေအတွက်မဖြစ်ပေါ်ခဲ့ပေ။

ယင်းအခြေအနေတွင် နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂနှင့် နိုင်ငံတကာမျက်နှာစာတွင် ဆက်တိုက်ဖိအားပေးမှုနှင့်ဝေဖန်မှုများရှိခဲ့ပြီး မြန်မာအစိုးရက ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် စဉ်ဆက်မပြတ်အားထုတ်မှုများလည်း လုပ်ဆောင်ခဲ့သည်။

ပြီးခဲ့သည့်အောက်တိုဘာလကုန်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးမြင့်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးအတွင်းဝန်တို့ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တို့၏ နှစ်နိုင်ငံပူးတွဲလုပ်ငန်းကော်မတီ အစည်းအဝေးအပြီးတွင် ဘင်္ဂါလီဒုက္ခသည်များပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ပထမဆုံးအသုတ်ကို နိုဝင်ဘာလလယ်တွင် စတင်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ပထမဆုံးအသုတ်ကို ဘင်္ဂါလီဒုက္ခသည် ၂,၂၅၁ ဦးဖြင့်စတင်မည်ဖြစ်ပြီး ရေလမ်းကြောင်းမှဝင်ရောက်လာမည်ဖြစ်၍ ငါးခူရစခန်းမှ ပြန်လည်လက်ခံမည်ဖြစ်သည်။ တစ်ရက်လျှင် ၁၅၀ ဦးနှုန်းဖြင့် စိစစ်လက်ခံမည်ဖြစ်ကာ ယင်းပထမဆုံးအသုတ်သည် နိုဝင်ဘာလကုန်(သို့မဟုတ်) ဒီဇင်ဘာလဆန်းတွင် ပြီးဆုံးမည်ဟု မြန်မာအစိုးရက ခန့်မှန်းထားသည်။

ယင်းနောက် ကုန်းလမ်းကြောင်းဖြစ်သည့် တောင်ပြိုလက်ဝဲစခန်းမှ ဒုတိယအသုတ်အဖြစ် ဒုက္ခသည် နှစ်ထောင်ကျော်ကို ဆက်လက်လက်ခံမည်ဖြစ်သည်။ အထက်ပါအရေအတွက်သည် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအစိုးရတို့အကြား ရှစ်လခန့်အပြန်အလှန်စိစစ်၍ ထွက်ပေါ်လာသော ဒုက္ခသည်ငါးထောင်ခန့်စာရင်းဖြစ်သည်။

ပြီးခဲ့သည့်ဖေဖော်ဝါရီတွင် ဘင်္ဂလားဒေ့ရှ်အစိုးရက ဒုက္ခသည်ရှစ်ထောင်ကျော်စာရင်းကို မြန်မာအစိုးရထံပေးပို့ခဲ့သည်။ ပြန်လည်လက်ခံရေးအတွက် မြန်မာအစိုးရက စိစစ်ရာတွင် ဒုက္ခသည်ငါးထောင်ကျော်သာ မောင်တောဒေသ၌နေထိုင်ခဲ့ဖူးသူများဖြစ်သည်။ ထို့အတွက် စိစစ်ပြီးသူ ဒုက္ခသည်ငါးထောင်ခန့်ကို အထက်ပါအတိုင်း နှစ်သုတ်ခွဲ၍ လက်ခံရန်စီစဉ်ခြင်းဖြစ်သည်။

သို့ရာတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းအချို့က ဒုက္ခသည်များ၏လုံခြုံရေးနှင့် လက်ခံရန် အဆင်သင့်မဖြစ်မှုတို့ကြောင့် ရွှေ့ဆိုင်းရန်တိုက်တွန်းထားသလို မောင်တောဒေသခံတိုင်းရင်းသားများကလည်း ဘင်္ဂါလီများကို မောင်တောတောင်ပိုင်း၌ နေရာချထားမပေးရန် တောင်းဆိုဆန္ဒပြသည်။

ထို့အတွက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်သည် မြန်မာအစိုးရအတွက် ခဲယဉ်းစွာကြိုးစားဆောင်ရွက်ရမည့်အခြေအနေဖြစ်ကြောင်း လေ့လာစောင့်ကြည့်သူအချို့က ရှုမြင်သည်။

"ခက်ခက်ခဲခဲနဲ့ စိန်ခေါ်မှုတွေကြားထဲမှာ ရင်ဆိုင်ရမယ့် လုပ်ငန်းစဉ်ဖြစ်ပါတယ်"ဟု တိုင်းရင်းသားအရေးလေ့လာသူ ဦးမောင်မောင်စိုးက မှတ်ချက်ပြုသည်။

ဒေသခံတိုင်းရင်းသားများကလည်း ဘင်္ဂါလီများကို နိုင်ငံတကာ၏ဖိအားများကြောင့် အလျင်စလိုလက်မခံသင့်ကြောင်း ပြောကြားထားပြီး လိုအပ်သည့် စိစစ်မှုများ အခိုင်အမာပြုလုပ်ပြီးမှသာလက်ခံရန်နှင့် လုံခြုံရေးအရ ၎င်းတို့ကိုစောင့်ကြည့်နိုင်သည့်နေရာများတွင်ပြန်လည်နေရာချထားပေးရန် ဆန္ဒရှိသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဒီချုပ်အစိုးရလက်ထက်တွင်မှ ပထမဆုံး ပြုလုပ်သည်တော့မဟုတ်ပေ။ ၁၉၇၀ ကျော်ကာလများတွင် မဆလအစိုးရက ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးတိမ်းရှောင်သူများကို ပြန်လည်လက်ခံခဲ့ပြီး တပ်မတော်အစိုးရလက်ထက် ၁၉၉၃ တွင်လည်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး(UNHCR)နှင့် နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးကာ ပြန်လည်လက်ခံရသည့်ဖြစ်စဉ်များရှိခဲ့သည်။

ထိုစဉ်က ဘင်္ဂါလီဒုက္ခသည် ခုနစ်သောင်းကျော် ပိုမိုလက်ခံရသည့်ဖြစ်စဉ်ရှိခဲ့၍ ဒေသခံများက အလားတူဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်မှုရှိကြောင်း စစ်တွေမြို့ ရပ်မိရပ်ဖ ဦးသန်းထွန်းက ပြောသည်။

"အခုက ငါးခူရစခန်းမှာ လက်ခံမယ်။ တကယ်လို့ဒီလူတွေက ဒီဘက်မှာနေခဲ့တဲ့အခြေအနေ မဟုတ်ဘူးဆိုတာ တွေ့ရှိတယ်ဆိုရင် အဲဒီလူတွေကို ဘယ်လိုလုပ်မလဲ"ဟု ၎င်းက မေးခွန်းထုတ်သည်။

မြန်မာအစိုးရကမူ မောင်တောဒေသ၌နေထိုင်ခဲ့ဖူးကြောင်း အထောက်အထားခိုင်လုံသူများစာရင်းကိုသာ ဘင်္ဂလားဒေ့ရှ်အစိုးရထံပေးပို့ထားပြီး ယင်းစာရင်းအတိုင်းလက်ခံမည်ဖြစ်ကာ လက်ခံရေးစခန်းသို့ရောက်ရှိချိန်၌လည်း လူဝင်မှုကြီးကြပ်ရေးက အချက်အလက်စိစစ်ရေးကို ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဒေါက်တာဝင်းမြတ်အေးက နိုဝင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့၌ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဒုက္ခသည်များကို ပြန်လည်နေရာချထားရာတွင် မူလနေထိုင်ခဲ့သည့် ကျေးရွာရှိပါက အထောက်အထားခိုင်လုံလျှင် ယင်းနေရာများ၌ နေထိုင်ခွင့်ရှိမည်ဖြစ်ပြီး မူလနေထိုင်ခဲ့သည့်ကျေးရွာများမရှိတော့ပါက အစိုးရက စီစဉ်ထားသည့် အနီးစပ်ဆုံးကျေးရွာများတွင် နေထိုင်ခွင့်ရမည်ဖြစ်ကြောင်း ဒေါက်တာဝင်းမြတ်အေးက ရှင်းပြသည်။

တောင်ပြိုလက်ဝဲနှင့် ငါးခူရလက်ခံရေးစခန်းတို့တွင် တစ်ညအိပ်နှစ်ရက်ထားမည်ဖြစ်ပြီး ထိုနေရာများမှတစ်ဆင့် လှဖိုးခေါင်ကြားစခန်းသို့ ဆက်လက်ပို့ဆောင်မည်ဖြစ်သည်။ လှဖိုးခေါင်ကြား စခန်းတွင် ဒုက္ခသည်များကို တစ်လစာစားနပ်ရိက္ခာ(ဆန်၊ ဆီ၊ ဆား၊ ပဲ၊ မီးဖို၊ လောင်စာတောင့်) ထောက်ပံ့မည်ဖြစ်ပြီး နေ့စဉ်အသားစိမ်း၊ ငါးစိမ်းနှင့် ဟင်းသီးဟင်းရွက်များဝယ်ယူစားသောက်နိုင်ရန်တစ်ထောင်ကျပ်နှုန်း ပေးအပ်မည်ဖြစ်သည်။

ထို့အပြင် ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များအတွက် ပညာရေးနှင့် ကျန်းမာရေး ကူညီစောင့်ရှောက်မှုများလည်း အစိုးရက စီစဉ်ပေးထားကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

"ကျွန်တော်တို့ဆောင်ရွက်ရမယ့်ကိစ္စတွေ အကုန်ဆောင်ရွက်ထားပြီးပြီ။ လုံခြုံရေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံက အကောင်းဆုံးပြင်ဆင်ဆောင်ရွက်ထားတယ်ဆိုတာ သိထားရပါတယ်" ဟု ဒေါက်တာဝင်းမြတ်အေးက ဆိုသည်။

ပြန်လည်လက်ခံရေး လုပ်ငန်းကို ရွှေ့ဆိုင်းရန် တိုက်တွန်းထားသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် လက်တွေ့ပြဿနာကို ဖြေရှင်းရေးထက် အခြားရည်ရွယ်ချက်လည်း ရှိနိုင်ကြောင်း လေ့လာစောင့်ကြည့်သူများက သုံးသပ်သည်။

"ဆိုလိုတာကတော့ ပုံမှန်နိုင်ငံသားပြဿနာကို ဖြေရှင်းပြီး ပြန်လည်လက်ခံတာထက် ကိုဆိုဗိုလိုပြဿနာဖန်တီးဖို့ ရည်ရွယ်တယ်ဆိုရင်တော့ ပြဿနာက ပိုကြီးပြီး ပိုရှုပ်ထွေးသွားပါမယ်။ ဖြေရှင်းလို့မရပါဘူး"ဟု တိုင်းရင်းသားအရေးလေ့လာသူ ဦးမောင်မောင်စိုးက မှတ်ချက်ပြုသည်။

ဒုက္ခသည်များ ပြန်မလာရန် တိုက်တွန်းနေသူများထဲတွင် ရိုးသားစွာစိုးရိမ်နေသူများရှိသကဲ့သို့ လက်ရှိအခြေအနေများ ငြိမ်းချမ်းသွားပါက၊ ပဋိပက္ခများမရှိတော့ပါက အလုပ်လက်မဲ့ ဖြစ်သွားမည့်သူများနှစ်ဖက်စလုံးတွင် ရှိနေကြောင်း ဒေါက်တာကိုဖိအာနန်ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့ဝင်ဦးအေးလွင်က သုံးသပ်သည်။

"အဲဒီလိုလူတွေက အမြဲမြောက်ပင့်ပေးပြီး၊ အဆိုးမြင်ပြီးတဲ့အခါမှာမဖြစ်အောင် အဖျက်သဘောတွေပြောနေမယ်။ ရိုးရိုးသားသားစိုးရိမ်သူတွေ စိုးရိမ်စိတ်ပြေပျောက်ဖို့အတွက် လက်တွေ့လုပ်ရပ်လုပ်ပြရမယ်"ဟု ၎င်းက ပြောသည်။

လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့(HRW)နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ အထူးကိုယ်စားလှယ် မစ္စစ်ယန်ဟီးလီအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းအချို့က ဒုက္ခသည်များ နေရပ်မပြန်သင့်သေးကြောင်းနှင့် ၎င်းတို့၏ လုံခြုံရေးအတွက် စိုးရိမ်မှုရှိကြောင်း ပြီးခဲ့သည့်သီတင်းပတ်က ထုတ်ပြန်ပြောဆိုခဲ့သည်။

အဆိုပါထုတ်ပြန်ပြောဆိုမှုများနှင့်ပတ်သက်၍ "အခုအချိန်မှာ ပြောနေတာကတော့ မဖြစ်မြောက်စေချင်တဲ့သူတွေလည်းရှိတာပေါ့။ တော်တော်များများ NGO တွေဆိုလည်းထုတ်ပြန်ချက်တွေ ထုတ်နေတာရှိတယ်" ဟု နိုင်ငံတော် အတိုင်ပင်ခံရုံးညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။

မြန်မာအစိုးရသည် ဒုက္ခသည်များအတွက် မောင်တောဒေသ၌ကျေးရွာတည်ထောင်ခြင်း

စာမျက်နှာ ၂၈ »



နေရပ်စွန့်ခွာထွက်ပြေးသော ဒုက္ခသည်များ ပြန်လည်စိစစ်လက်ခံမည့် လဖိုးခေါင်စခန်းကို ဝေဟင်မှ တွေ့ရစဉ်

ဓာတ်ပုံ - အီးပီအေ

www.free4readers.com

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018

စာမျက်နှာ ၂၆ မှ

## ကျောက်ဖြူ အထူးစီးပွားရေးဇုန်လာပြီ

မြန်မာအစိုးရ၏ ပြောကြားချက်အရ ပြည်တွင်းလမ်းကြောင်းသည် ကျောက်ဖြူအထူးစီးပွားဇုန်မှ တစ်ဆင့် နေပြည်တော်–မန္တလေး၊ ထိုမှတစ်ဆင့် တရုတ်ပြည်အထိ ချိတ်ဆက်ရန်ဖြစ်သည်။ ယင်းသည် ပထမလမ်းကြောင်းဖြစ်သည်။

ဒုတိယလမ်းကြောင်းအနေဖြင့် ကျောက်ဖြူ–နေပြည်တော်–ရန်ကုန်–မော်လမြိုင်–ထားဝယ်တို့သည် အရှေ့၊ အနောက်စီးပွားရေးစင်္ကြံနှင့်တောင်ပိုင်းစီးပွားရေးစင်္ကြံတို့နှင့်ချိတ်ဆက်ပြီး ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်တို့အထိ ဆက်သွယ်ရန်ဖြစ်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က "ဆက်စပ်စီမံကိန်းကြီးများပါဝင်နိုင်မယ့်ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များကိုလည်းအနေးနဲ့အမြန်ဖိတ်ခေါ်မှာဖြစ်ပါတယ်" ဟု အစိုးရ၏ရှေ့လုပ်ငန်းစဉ်ကို ပြောကြားသည်။

**တရုတ်ကုမ္ပဏီက ပေးသောကတိကဝတ်များ**

ယခုစီမံကိန်းသည် မဟာဗျူဟာမြောက်စီမံကိန်းတစ်ခုဖြစ်သလို ဒေသတွင်း ပဋိပက္ခများရှိနေခြင်းနှင့် ယခင် တရုတ်ကုမ္ပဏီအချို့၏ လုပ်ရပ်များကြောင့် ကျောက်ဖြူဒေသအတွက် စီမံကိန်းလုပ်ကိုင်ခွင့်ရ ကုမ္ပဏီ၏ ပထမဆုံး ပေးအပ်လာမည့် ကတိကဝတ်သည် အရေးကြီးလှသည်။ လူအများစုကလည်း စိတ်ဝင်စားသည်။

ထို့အပြင် ကုမ္ပဏီက ဆောင်ရွက်ခွင့်သက်တမ်းနှစ်၅၀အတွင်း ရေနက်ဆိပ်ကမ်းက ကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံ၊ စက်မှုဇုန်က ကန်ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံအထိ အခွန်ဝင်ငွေရရှိမည်ဟု ဆိုပါသည်။ နှစ်စဉ် ထွက်ကုန်တန်ဖိုး ၃ ဒသမ ၂ ဘီလီယံအထိ ရှိလာမည်ဟု မူဘောင်သဘောတူညီချက်တွင် ထည့်သွင်းထားသည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ပတ်သက်၍ ကောင်းကျိုးများ ပိုမိုဖြစ်ထွန်းစေပြီး ဆိုးကျိုးများကို တတ်နိုင်သလောက် လျှော့ချမည်ဟု ဆိုသည်။

"သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်တဲ့ တည်ဆောက်ရေး၊ ပြုပြင်ရေးလုပ်ငန်းများကို တားမြစ်ပိတ်ပင်ပြီး သာယာလှပတဲ့ စက်မှုဇုန်နဲ့ ပတ်ဝန်းကျင်နဲ့ လိုက်ဖက်တဲ့ ရေနက်ဆိပ်ကမ်းကို တည်ဆောက်ကြမှာ ဖြစ်ပါတယ်"ဟု CITIC ကုမ္ပဏီအုပ်စု ရန်ကုန်ရုံးခွဲမန်နေဂျင်းဒါရိုက်တာ ယွမ်ရှောင်ပင်က ပြောသည်။

**အစိုးရက စီမံကိန်းကို ဘယ်လိုထိန်းချုပ်မလဲ**

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ဒီချုပ်အစိုးရအတွက် သတိကြီးစွာထားရသည့် စီမံကိန်းတစ်ခုဖြစ်သည်။ စီမံကိန်းကို ဥပဒေကြောင်းအရ ကြီးကြပ်မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတွင် ဥက္ကဋ္ဌ နှစ်ဦး ပူးတွဲရှိနေသည်။

နိုင်ငံအတွင်း အောင်မြင်မှုအတော်အသင့်ရနေသည့် သီလဝါအထူးစီးပွားရေးဇုန်ကို ကိုင်တွယ်ခဲ့သည့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဒုဝန်ကြီး ဦးဆက်အောင်နှင့် ဒီချုပ်ဗဟိုစီးပွားရေးကော်မတီမှ ဦးစိုးဝင်းကို ဥက္ကဋ္ဌအဖြစ် ပူးတွဲခန့်အပ်ထားခြင်းဖြစ်သည်။ လုပ်ငန်းပိုင်းကျွမ်းကျင်သူနှင့် ပါတီထိပ်ပိုင်းခေါင်းဆောင်တစ်ဦးကို ခန့်အပ်ထားခြင်းသည် ဒီချုပ်အစိုးရက ကာစစ်ကိုမြှင့်တင်ထားခြင်းဖြစ်သည်။




*အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ မူဘောင်သဘောတူညီမှု လက်မှတ်ရေးထိုးစဉ်*

ဓာတ်ပုံ – ပိုင်စိုးသူ

ထိုစီမံကိန်းနှင့် ပတ်သက်ပြီး ဒီချုပ်အစိုးရသက်တမ်းအတွင်း အဝေဖန်ခံရဆုံးမှာ တရုတ်၏ အကြွေးထောင်ချောက်မိ၍ စီမံကိန်းကို တရုတ်ကုမ္ပဏီအား နှစ်ရှည်လုပ်ကိုင်ခွင့်ပေးလိုက်ရမည်ကိုဖြစ်သည်။

ထို့ကြောင့် မြန်မာအစိုးရဘက် စီမံကိန်းအတွက် စီမံကိန်းပမာဏကို အဆင့်လိုက်လျှော့ချပြီး အောင်မြင်မှုရှိလာမှသာ ကျန်အပိုင်းများ ဆက်လက်လုပ်ကိုင်မည်ဟု ဆုံးဖြတ်ခဲ့သည်။ မြန်မာပုဂ္ဂလိကကုမ္ပဏီ ၅၀ ကျော်ကို ရှယ်ယာပါဝင်ခွင့်ပြုခြင်းဖြစ်သည်။

ထို့အပြင် စီမံကိန်းတစ်ခုလုံးကို တရုတ်–မြန်မာ ပူးပေါင်းဖွဲ့စည်းထားသည့် ကုမ္ပဏီဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ကိုသာခွင့်ပြုခဲ့ခြင်းဖြစ်သည်။

**ဒေသခံများ ဘယ်လိုရှုမြင်**

ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ပျှင် သဘာဝပတ်ဝန်းကျင်ထိခိုက်မည်ကို စိုးရိမ်သကဲ့သို့ မြေသိမ်းခံရမည်ကိုလည်း ဒေသခံများက စိုးရိမ်နေသည်။ ယခင် တရုတ်စီမံကိန်းများ၏ ဥပမာအရ ယခုစီမံကိန်းတွင်လည်းအလုပ်အကိုင်အခွင့်အလမ်းရရှိမှုအပေါ် မျှော်လင့်ချက်မထားကြဟုဆိုသည်။

ကျောက်ဖြူဒေသခံတစ်ဦးဖြစ်သည့် ကိုရဲနိုင်က "ရှင်းရှင်းလင်းလင်းပြောရရင် ကျွန်တော်တို့ အလုပ်ရမယ်မထင်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က ဒီရေနက်ဆိပ်ကမ်းမှာ ဝင်လုပ်နိုင်တဲ့ ပညာမရှိဘူးလေ"ဟု သူ့အမြင်ကို ပြောသည်။

ယခင် အထူးစီးပွားရေးဇုန်များတွင် ဖြစ်ပေါ်ခဲ့သည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုများကို နမူနာရယူရမည်ဖြစ်ပြီး ကုမ္ပဏီက စာချုပ်၊ စည်းမျဉ်း၊ စည်းကမ်းများကို ချိုးဖောက်ခွင့်မရှိအောင် အစိုးရက ဆောင်ရွက်ထားသင့်သည်ဟု ကျောက်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်က ပြောသည်။

ဂျိနီတာအခြေစိုက် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင်၏ ထုတ်ပြန်ချက်အရ ကျောက်ဖြူအထူးစီးပွားရေးဇုန်စတင်ပါက ရွာ ၃၅ ရွာမှ လူ ၂၀,၀၀၀ ခန့် ရွှေ့ပြောင်းခံရနိုင်သည်ဟု ဆိုသည်။ ထိုသူများကို လက်ရှိ အစိုးရသတ်မှတ်ထားသော အခြေခံလစာနှုန်းထားပေးရုံဖြင့် အသက်မွေးဝမ်းကျောင်းပြန်လည်ရရှိမည်မဟုတ်ဟု သတိပေးထားသည်။

**ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး ကျောက်ဖြူ အထူးစီးပွားရေးဇုန်မှ တွန်းတင်ပေးမည်ဟု မျှော်လင့်နေ**

ဒီချုပ်အစိုးရလက်ထက်တွင် ပထမဦးဆုံး အကောင်အထည်ဖော်မည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံတွင် ဒုတိယမြောက် ပေါ်ထွန်းလာမည့် အထူးစီးပွားရေးဇုန်ဖြစ်လာမည်ဖြစ်သည်။ အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော်ရာတွင် ပြန်လည်ပြင်ဆင်စရာမလိုအပ်အောင် စည်းမျဉ်းဥပဒေအတိုင်း အတိအကျလုပ်ထားပြီးကန့်ကွက်မှုများကိုလည်း ခွန်အားအဖြစ်ပြောင်းပစ်မည်ဟု ရခိုင်ပြည်ဝန်ကြီးချုပ် ဦးညီပုက ဆိုထားသည်။ အထူးစီးပွားရေးဇုန် ကျွမ်းကျင်သူ ဒုဝန်ကြီးဦးဆက်အောင်ကလည်း တရုတ်သာမက ဒေသတွင်းနိုင်ငံများကို ချိတ်ဆက်ပေးမည့် အားကောင်းသည့် စီမံကိန်းကြီးဖြစ်လာမည်ဟု ပြောကြားထားသည်။

"မြန်မာနိုင်ငံမှာ ရှယ်ယာအများဆုံး ကုမ္ပဏီတစ်ခုအနေနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့က ဘယ်နိုင်ငံနဲ့မဆို အကျိုးအမြတ်ရှိရင် လုပ်ရမှာပဲ။ အကျိုးအမြတ်ဆိုတာ နှစ်ချက်၊သုံးချက်ပေါ့။ နိုင်ငံရေး အကျိုးအမြတ်ရှိမယ်။ ငွေရေးကြေးရေး အကျိုးအမြတ်ရှိမယ်။ နိုင်ငံရဲ့ Economy (စီးပွားရေး)ကို အကျိုးအမြတ်ရှိမယ်။ ပတ်ဝန်းကျင်ကောင်းကို မြှင့်တင်နိုင်ရင် ရင်းနှီးမြှုပ်နှံဖို့ရှာရမှာပဲ။ ဒါကြောင့် တရုတ်ဆိုတဲ့ ခေါင်းစဉ်တပ်လို့ မရဘူး ။ ရခိုင်ဒေသမှာက စီးပွားရေးတိုးတက်လာရင် ကျန်တဲ့ပဋိပက္ခတွေလျော့နည်းသွားမှာပါ။ အရေးကြီးဆုံး စီးပွားဖြစ်ဖို့ပဲ။ အဓိကက အဲ့ဒီဒေသမှာရှိတဲ့ လူတွေ အခြေခံအဆင့်အတန်းမြင့်လာဖို့ပါပဲ"ဟုကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် ပုဂ္ဂလိကကုမ္ပဏီအဖြစ်ပါဝင်ရန် စီစဉ်နေသည့် MTSH(သီလဝါအထူးစီးပွားဇုန်အများပိုင်ကုမ္ပဏီ) အုပ်ချုပ်မှုဒါရိုက်တာဦးအောင်စိုးသာကပြောသည်။

"မြန်မာစီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဒေသတွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းရဖို့ အစိုးရက သတိကြီးကြီးနဲ့ ဆောင်ရွက်နေတာပါ။ အခု ၁ ဒသမ ၃ ဘီလီယံဆိုတာ တိုင်းပြည်အတွက် ဝန်ထုပ်ဝန်ပိုးလည်း မဖြစ်ဘူး။သေသေချာချာလုပ်ရင်အကျိုးအမြတ်ရှိမယ်။လုပ်ငန်းက အကျိုးအမြတ်မရှိဘူးဆိုရင်လည်း ဒီလောက်နဲ့ ရပ်လို့ရတယ်။ ပြောရရင် လုပ်သင့်လုပ်ထိုက်တယ်လို့ မြင်ပါတယ်"ဟုကျောက်ဖြူအထူးစီးပွားရေးဇုန်အတွက်ယခင်အစိုးရလက်ထက်တွင် ကန့်ကွက်ခဲ့သူ ပုလဲမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က ပြောသည်။

လာမည့်နှစ်တွင် မြေပြင်လုပ်ငန်း စတင်တော့မည်ဖြစ်သော မဟာစီမံကိန်းက မြန်မာနိုင်ငံအတွက် မည်သည့်အရာများသယ်ဆောင်လာမည်ကို အားလုံးက စိတ်ဝင်စားနေသည်။ သေချာသည်က အဆိုပါ စီမံကိန်းသည်မြန်မာအတွက်သက်ရောက်မှု ကြီးမားမည့် စီမံကိန်းဖြစ်ပေမည်။

စာမျက်နှာ ၂၇ မှ

## ရခိုင်ပြည်နယ် ပြန်လည်လက်ခံရေး အစီအစဉ် အဆင်ပြေချောမွေ့မလား

အစီအစဉ်များ လုပ်ဆောင်ထားပြီးနေရာ ၄၂ ခုတွင် ကျေးရွာများနှင့် နေအိမ်များ ဆောက်လုပ်ပေးထားကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသည်။

ထို့အပြင် ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များသည် မိမိတို့၏လုပ်အားခဖြင့် နေအိမ်ဆောက်လုပ်နိုင်ရန် အစိုးရက စီစဉ်ပေးထားသည်ဟုဆိုသည်။

နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာချိန်တွင် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား(NVC)ကို စိစစ်ထုတ်ပေးမည်ဖြစ်ပြီး NVC ကိုင်ဆောင်ထားသူများသည် မောင်တောမြို့နယ်အတွင်းလွတ်လပ်စွာသွားလာနိုင်မည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဌေးလှိုင်က ရှင်းပြသည်။

သို့သော် NVC ကိုင်ဆောင်ထားသူများသည် မြို့နယ်ကျော်၊ ခရိုင်ကျော်၊ ပြည်နယ်ကျော် သွားလာမည်ဆိုပါက ပုံစံ(၄)ဖြည့်စွက်၍ ခွင့်ပြုချက်ရရှိပါက သွားလာခွင့်ရရှိမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံသားဖြစ်ခွင့်နှင့်ပတ်သက်၍ ပြန်လည်ဝင်ရောက်လာသူများသည် လျှောက်ထားခွင့်ရှိသော်လည်း တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ စိစစ်မည်ဖြစ်ကြောင်းညွှန်ကြားရေးမှူးချုပ်ဦးဇော်ဌေးက ပြောသည်။

ပြန်လည်ဝင်ရောက်လာမည့်သူများသည် ၎င်းတို့၏အခွင့်အရေးများဆုံးရှုံးမည်ကို စိုးရိမ်နေသကဲ့သို့ပင် ဒေသခံတိုင်းရင်းသားများကလည်း အကြမ်းဖက်သမားများဝင်ရောက်လာမည်ကိုစိုးရိမ်နေပြီး ထပ်မံ၍အကြမ်းဖက်မှုဖြစ်မည်ကို ထိတ်လန့်နေသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီတွင် ဘင်္ဂလားဒေ့ရှ်အစိုးရက မြန်မာအစိုးရကိုပေးပို့သည့် ဒုက္ခသည်ရှစ်ထောင်ကျော်စာရင်းတွင် အကြမ်းဖက်သမား ၆၅ ဦးပါဝင်ခဲ့သည်။ ပြန်လည်ပို့ဆောင်မည့်စာရင်းထဲတွင်အကြမ်းဖက်သမားများပါဝင်လာမှုကို မြန်မာအစိုးရက ဘင်္ဂလားဒေ့ရှ်ကို အချိန်နှင့်တစ်ပြေးညီပြန်လည်အကြောင်းကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ပြောသည်။

နေရပ်ပြန်လာသည့် ဘင်္ဂါလီဒုက္ခသည်များထဲတွင် အကြမ်းဖက်သမားများပါဝင်လာပါကအရေးယူမည်ဖြစ်ပြီး ၎င်းတို့ကို စိစစ်ရန် သက်ဆိုင်ရာသတင်းတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့နှင့် ပြည်နယ်ရဲတပ်ဖွဲ့များကို တာဝန်ချထားပြီးဖြစ်ကြောင်း ပြည်ထဲရေးဒုဝန်ကြီး ဗိုလ်ချုပ်အောင်သူက နိုဝင်ဘာ ၁၀ ရက်တွင်အတည်ပြုပြောကြားသည်။

လက်ရှိအခြေအနေသည် မြန်မာအစိုးရအတွက် နိုင်ငံတကာဖိအားလျော့ကျစေရန် လက်တွေ့ကျကျ ပြန်လည်လက်ခံရေးလုပ်ငန်းကိုစတင်နိုင်ရန်လိုအပ်နေပြီး တစ်ဖက်တွင်လည်း ရခိုင်ပြည်နယ်အတွင်းရှိ အသိုင်းအဝိုင်းနှစ်ခုအကြား လုံခြုံရေးနှင့် တည်ငြိမ်ရေးရှိရန် လိုအပ်နေသည်။

သို့သော် မြန်မာအစိုးရက ဒုက္ခသည်များကို ပြန်လည်လက်ခံရန် အသင့်ပြင်ထားသည့်တိုင် လက်တွေ့ သတ်မှတ်ရက်တွင် ပြန်လာနိုင်၊ မလာနိုင်ဆိုသည်မှာ တစ်ဖက်နိုင်ငံ၏ တုံ့ပြန်မှုအပေါ် မူတည်နေကြောင်း ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက မှတ်ချက်ပြုသည်။

7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018

www.free4readers.com

7DAY BOOK REVIEW



## ပရကထာနှင့် နိုင်ငံရေးသုခမိန် (ပါရဂူ)

မိမိအကြောင်း ရေးသားသောစာမျိုးကို ပါဠိဘာသာဖြင့် အတ္တကထာဟုခေါ်သည်။ သူတစ်ပါးအကြောင်း ရေးသားသောစာမျိုးကိုမူ ပရကထာဟုခေါ်ပါသည်။ ဆရာပါရဂူသည် မကွယ်လွန်မီ ၎င်းထိတွေ့ကြုံဆုံဖူးသော ပုဂ္ဂိုလ်များအကြောင်းကို ပရကထာအမည်ဖြင့် ရေးသားထုတ်ဝေခဲ့ပြီး တစ်ဖန်နိုင်ငံရေးလောကက လူပုဂ္ဂိုလ်များအကြောင်းကို နိုင်ငံရေးသုခမိန်အမည်ဖြင့် ရေးသားခဲ့သော်လည်း စာအုပ်အဖြစ်မထွက်ခဲ့ပေ။

ယခုစာအုပ်သည် ထိုပရကထာနှင့် စာအုပ်အဖြစ် တစ်ကြိမ်တစ်ခါမျှ မပေါ်ထွက်သေးသော နိုင်ငံရေးသုခမိန်များ အကြောင်းကို တပေါင်းတစည်းတည်း စုစည်းထုတ်ဝေခြင်းဖြစ်သည်။ ပရကထာတွင် လူပုဂ္ဂိုလ်များသာမက ၎င်းထိတွေ့ခဲ့သော စာနယ်ဇင်းလောကအကြောင်းပါ ထည့်သွင်းရေးထားရာ ကျယ်ပြန့်သော စာပေပင်လယ်ကြီးကို ဖတ်ရှုမြင်တွေ့ရပေမည်။ ယင်းတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ဒီးဒုတ်ဦးဘချို၊ ဆရာဇေယျ၊ အမျိုးသားပညာဝန်ဦးဖိုးကျား၊ သတင်းစာဆရာဦးသိမ်းမောင်၊ ဦးပဂျိုင်၊ ဆရာဇော်ဂျီ၊ ဒဂုန်ခင်ခင်လေး၊ လူထုဦးလှနှင့်ဒေါ်အမာ၊ ဦးသိန်းဖေမြင့်၊ ဆရာကြီးဦးဆန်းထွန်း(မန္တလေး)၊ ဂျာနယ်ကျော်မမလေး၊ ဦးညိုမြ၊ ဗန်းမော်တင်အောင် အစရှိသည့် စာရေးဆရာ၊ ဆရာမကြီးများအကြောင်းသာမက ဟံသာဝတီ၊ နဂါးနီတို့ကဲ့သို့ အစဉ်အလာကြီးမားသော နိုင်ငံရေးအဖွဲ့အစည်းနှင့် ပုံနှိပ်တိုက်ကြီးများအကြောင်း ပါဝင်သည်။ တစ်ဖန် နိုင်ငံရေးသုခမိန်နှင့်ပတ်သက်၍ ရေးသားရာ၌ ဆရာပါရဂူက အမှာစကားတွင် 'ယခုရေးမည့် အတ္ထုပ္ပတ္တိရှင်များသည် မိမိနှင့် ထိတွေ့မှုရှိသော၊ မိမိမြင်တွေ့နေရသော ပစ်မှတ်များဖြစ်၍ ယခုမိမိ၏ကြိုးပမ်းမှုသည် မိမိတွေ့မြင်နေရသော ပစ်မှတ်ကို ချိန်ပြီးပစ်လိုက်ခြင်းမျှသာဖြစ်သည်။ သို့ရာတွင် ပစ်မှတ်ကို မြင်တွေ့နေရသောအချိန်မှာ နာရီလက်တံများ အကြိမ်ကြိမ်ရွေ့လျားနေသော နေ့ရက်ပေါင်းများစွာ မြင်တွေ့နေရခြင်းမဟုတ်ဘဲ လျှပ်တစ်ပြက် မျက်စိတစ်မှိတ်အတောအတွင်း၌သာ မြင်တွေ့နေရသော ပစ်မှတ်ဖြစ်၍ မိမိ၏အမှတ်သညာထဲ ပေါ်လာသော ပစ်မှတ်ပုံရိပ်များသည်လည်း တရိပ်ရိပ်နှင့်သွားသော ရုပ်ရှင်ကားများလို ဖျတ်ခနဲ ဖျတ်ခနဲပေါ်လာပြီး ပျောက်ကွယ်သွားသည်။ ယင်းဖျတ်ခနဲ ဖျတ်ခနဲပေါ်လာသော ပုံရိပ်များကို အမိအရဖမ်းဆုပ်ပြီး ယခုစာအုပ်တွင် စာလုံးများဖြင့် ပုံဖော်လိုက်ခြင်းဖြစ်သည်။

ယင်းပစ်မှတ်ပုံရိပ်များကား နိုင်ငံရေးသုခမိန်များဖြစ်ကြသော ဦးနု(သို့)သခင်နု၊ သခင်အောင်ဆန်း၊ သခင်ဗစိန်၊ သခင်ထွန်းအုပ်၊ တရားဝန်ကြီးချုပ်ဦးသိမ်းမောင်၊ သိန်းဖေမြင့်၊ ဗိုလ်ရန်နိုင်၊ အဓိပတိဒေါက်တာဘမော်၊ သခင်စိုး၊ သခင်မြ၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ မြန်အောင်သခင်ချစ်မောင်၊ ဝိဓူရသခင်ချစ်မောင်၊ ဦးသိန်းတန်၊ ဦးဘချို၊ မောင်ခင်တင့်(သို့)သခင်စိုးမြင့်နှင့် ဂျပန်ဘုန်းတော်ကြီး နာဂါအိစံတို့ ဖြစ်ကြသည်'ဟု ရေးထားသည်။

သတင်းစာဆရာ၊ စာရေးဆရာဂျာနယ်ကျော်ဦးချစ်မောင်၏ တစ်ပိုင်းတစ်စရုပ်ပုံလွှာကို တစ်နေရာတွင် 'ဦးချစ်မောင်၏ဘဝ၌ ဆန့်ကျင်ဘက်နှစ်ခုပေါင်းစပ်နေသည့် အခြားအချက်အလက်တစ်ခုရှိသေးသည်။ ဦးချစ်မောင်သည် ပြုံးပြုံးရွှင်ရွှင်မနေပေ။ မျက်နှာမချိုပေ။ မျက်နှာထားတင်းသည်။ အနေအထိုင်လည်း အလွန်ရိုးသည်။ ဦးချစ်မောင်၏ အပြင်ပန်းစရိုက်လက္ခဏာကို ကြည့်လျှင် အတ္တသမားတစ်ယောက်လို့ ထင်ကောင်းထင်လိမ့်မည်။ သို့သော်လည်း ဦးချစ်မောင်၏ 'အတ္တ'တွင် 'ပရ'လွှမ်းမိုးနေသည်။ 'အတ္တ'ထက် 'ပရ'ကို ဦးစားပေးသည်။ ယင်းသို့ 'ပရ'ကို ဦးစားပေးသော အဖြစ်အပျက်မျိုး ဦးချစ်မောင်၏ဘဝ၌ ဖြစ်ပျက်ခဲ့ဖူးသည်။ တစ်နေ့အလုပ်အားလပ်နေသည်ဖြစ်၍ ကွမ်းခြံဘူတာရုံထဲသွားပြီး ခုံတစ်ခုံပေါ်၌ထိုင်နေသည်။ ထိုအချိန်၌ ရထားဆိုက်လာသည်။ မိန်းမကြီးတစ်ယောက် ပစ္စည်းတွေ မနိုင်မနင်းနှင့်ရထားပေါ်က ဆင်းမည်လုပ်စဉ် ဦးချစ်မောင်က ကပျာကယာပြေးပြီး မိန်းမကြီး၏ ပစ္စည်းတချို့ကို ကူသယ်ပေးသည်။ သုတ်သီးသုတ်ပျာလုပ်ရသည့်အတွက် မျက်မှန်ကျွတ်ကျပြီး ကွဲသွားသည်။ မိန်းမကြီးက ဦးချစ်မောင်ကို ကူလီဟုအောက်မေ့ပြီး ကူလီခပိုက်ဆံပေးသည်'ဟူ၍ ရေးထားပါသည်။

ယခုစာအုပ်သည် အပြင်အဆင် သေသပ်လှပသော်လည်းအတွင်းဓာတ်ပုံများကို ထပ်မံရှာဖွေ၍ပိုမိုကြည်လင်စွာဖော်ပြနိုင်ပါက အလွန်ပြည့်စုံသော စာအုပ်ဖြစ်သွားနိုင်ပါသည်။ စာအုပ်ကို နန်းဒေဝီစာပေက တန်ဖိုး ၆,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ပဟုသုတ

## သွေးပေါင်ချိန်တိုင်းတဲ့ကိရိယာကို ဘယ်သူတီထွင်ခဲ့လဲ

သွေးပေါင်ချိန်တိုင်းသော ပထမဆုံးကိရိယာကို ၁၈၈၁ ခုနှစ်အတွင်း ဆမ်မြူရယ်ဆီဂရီဖီးကားလ်ရစ်တာဗွန်ဘက်ချ်ဆိုသူက တီထွင်ခဲ့ပြီး စတီပီယွန်နီရီဗာရော့ချီဆိုသူက ၁၈၉၆ ခုနှစ်တွင် ပိုမိုလွယ်ကူစွာသုံးနိုင်သော သွေးပေါင်ချိန်တိုင်းကိရိယာကို မိတ်ဆက်ခဲ့သည်။

—Ref: Wikipedia

# ဇာတာ/တာရာ ဟောစာတမ်း: တစ်ပတ်တာဟောကြမ်း

စံဇာကီဘို

နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ

### ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

အလွဲလွဲအချော်ချော်ဖြစ်မည်။ စီစဉ်ထားသည်များအဆင်မပြေ။ အခက်အခဲများနှင့်ကြုံမည်။ ဦးတည်လိုက်တိုင်း နေရာတိုင်း၌ အခက်အခဲအတားအဆီးများရှိမည်။ ထိုကဲ့သို့အဆိုးများကြုံပြီး ထူးခြားသောအပြောင်းအလဲများဖြစ်ပေါ်မည်။ မူလမှန်းထားသည်တို့မဖြစ်လင့်ကစားဖြစ်ပေါ်နေသည့်အခြေအနေကို အသုံးချ၍လမ်းသစ်ထွင်ကာ တိုးတက်မှုရမည်။ အချိန်ဆွဲပြီးလုပ်ဆောင်က အဆင်မပြေ။

### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

ပေါ်ပေါက်လာသောစိတ်ကူးတို့ကို လက်တွေ့ဆောင်ရွက်ပါ။ ပြဿနာများဖြေရှင်း၍အဆင်ပြေမည်။ ပစ္စည်းလျောင်ရန်မသင့်။ မြုပ်နေသောငွေများ ပြန်ဖော်ရင်းအခါကောင်းကျရောက်သည်။ မှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ်အစရှိသောအရေးကြီးသည့်စာရွက်စာတမ်းများ စနစ်တကျသိမ်းဆည်းပါ။ ပျောက်တတ်သည်။ မိမိတာဝန်ယူထားရသည့် လျှို့ဝှက်စာတမ်းများအား သေချာထိန်းသိမ်းပါ။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ရည်ရွယ်ချက်အောင်မြင်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ အကုန်အကျခံပြီး ကြိုးစားထားသည်များမှ အဆင့်မြင့်တက်လမ်းပေါ်ထွန်းမည်။ မေတ္တာရေးကံကောင်းမည်။ အတတ်ပညာနှင့်ဘဝတိုးတက်မှုများဖြစ်ထွန်းမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ လူမျိုးကွဲအမျိုးသမီးတစ်ဦးနှင့်ပူးပေါင်း၍ ဆောင်ရွက်သောကိစ္စမှ အဆင့်မြင့်တိုးတက်မှုများရရှိမည်။ အခြားသူများလွယ်လင့်တကူမရနိုင်သောအောင်မြင်မှုကိုရရှိလိမ့်မည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

စီစဉ်ထားသည်နှင့်လက်တွေ့ကွာဟမည်။ ပေါ်ပေါက်လာသောအခြေအနေတို့ကိုအသုံးချ၍ လမ်းသစ်ထွင်ကာဆောင်ရွက်ခြင်းဖြင့် လိုရာဆောင်ရွက်နိုင်မည်။ ပြည်ပခရီးရှိမည်။ ပညာသင်တန်းနှင့်ပတ်သက်သော ရည်ရွယ်ချက်များလက်တွေ့အကောင်အထည်ဖော်အောင်မြင်မည်။ အပြောင်းအလဲနှင့်တက်လမ်းရှိမည်။ ပြည်ပမှအတတ်ပညာများသင်ကြားတတ်မြောက်မည်။

### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

ရန်ပဋိပက္ခများငြိမ်းချမ်းအောင်ဖြေရှင်းနိုင်မည်။ မလိုမုန်းထားရှိနေသူများထံမှ အကူအညီရအောင်ဆောင်ရွက်နိုင်မည်။ ပေါ်ပေါက်လာသောအပြောင်းအလဲသစ်များကို လက်ခံ၍နေရာအပြောင်းအလဲကိစ္စများ ဆောင်ရွက်နိုင်မည်။ မိတ်ကောင်း၊ ဆွေကောင်းအထောက်အကူရမည်။ လုပ်ရိုးလုပ်စဉ်မှခွဲထွက်၍ ပုံစံသစ်နှင့် ဆောင်ရွက်ရာမှ ထင်ရှားသောအောင်မြင်မှုများရရှိမည်။ အသစ်ပြောင်းလဲလာသူနှင့် ပူးတွဲအဆင်ပြေမည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

ပြဿနာဟောင်းများပြန်လည်ဖြေရှင်းရမည်။ အေးချမ်းစွာနေထိုင်သည့်အနေအထားအပေါ် အနှောင့်အယှက်များကြုံမည်။ သူတစ်ပါးကြောင့်ဖြစ်သောပြဿနာများဖြေရှင်းနိုင်မည်။ အတွေးအခေါ်သစ်ကို အသုံးချ၍ အောင်မြင်မှုများဖန်တီးနိုင်မည်။ အခွင့်အရေးနှစ်မျိုးတစ်ပြိုင်နက်တည်းပေါ်မည်။ ပေါ်ပေါက်လာသောအခွင့်အရေးတိုင်းသည် ကိုယ့်အတွက် လက်တွေ့အကျိုးရှိမည်။ ရင်းနှီးသူများနှင့်စကားများရမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

စကားကတိပျက်ယွင်းသူများနှင့်တွေ့တတ်သည်။ ရင်းနှီးသူများနှင့်စကားများရမည်။ မနာလိုသူများ၏အတင်းအဖျင်းပြောဆိုခြင်းနှင့် အနှောင့်အယှက်ပြုခြင်းကြုံမည်။ ငွေချေးကဆုံးမည်။ ကြားဝင်တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ ကတိပျက်သူများနှင့်တွေ့မည်။ ကြိုတင်စီစဉ်ထားသည်များကို အကောင်အထည်ဖော်ရန်ခက်ခဲမည်။ ဖြစ်ပေါ်လာသောအခြေအနေကို အသုံးချ၍ အလိုဆန္ဒတို့ကို ဆောင်ရွက်ပါ။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

မည်သည့်ကိစ္စမဆို နှစ်ကြိမ်နှစ်ခါဆောင်ရွက်ရတတ်သည်။ စနစ်တကျအဆင့်မြင့်စွာ လိမ်ညာနေသူများနှင့်တွေ့၍ ငွေကြေးဆုံးရှုံးနိုင်သည်။ ဆောင်ရွက်နေသောကိစ္စ၊ တည်ရှိနေသောဝန်းကျင်၌သာအာရုံထားပါ။ ချစ်သူ၏လှည့်စားမှုကိုလည်း ခံရမည်။ ရင်းနှီးသူများနှင့်စကားများရမည်။ အသွင်မတူစရိုက်ကွဲသူများနှင့် ခရီးသွားရ၍ စိတ်အနှောင့်အယှက်များဖြစ်ရမည်။ ငွေပေးငွေယူကိစ္စတွင် သတိနှင့်ဆောင်ရွက်ပါ။

### SAGITTARIUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ အလေးအနက်ထား၍ကြိုးစားဆောင်ရွက်ခြင်းတို့၏ ကောင်းသောအကျိုးဆက်ကိုရရှိမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူကောင်းရမည်။ ဖြစ်လိုသောအလိုဆန္ဒနှင့် ရည်ရွယ်ချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

လက်ဝယ်ရှိသောငွေများကုန်ကျသွားမည်။ အတိုက်အခံ၊ အခက်အခဲများရင်ဆိုင်ရမည်။ လူမျိုးကွဲများနှင့်တွဲဖက်လုပ်သောလုပ်ငန်းများတွင် အဆင်ပြေမလိုဖြစ်ပြီးမှ အချိန်ကုန်၊ ငွေကုန်ဖြစ်ကာလွဲချော်ကြန့်ကြာသွားမည်။ လက်ဝယ်ရထားသောအခွင့်အလမ်းများလိုက်လံလုယက်နှောင့်ယှက်သူပေါ်မည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စနှင့်ဆက်စပ်၍ ရန်ပြဿနာများဖြစ်ပေါ်တတ်သည်။ ရုတ်တရက်ကျန်းမာရေးအညံ့ကြုံမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

မသိသောသူများ၊ တတ်ကျွမ်းနားလည်မှုမရှိသူများက ဦးဆောင်လုပ်ကိုင်သောကိစ္စများတွင် ပါဝင်ဆောင်ရွက်ရင်းစိတ်အနှောင့်အယှက်များဖြစ်ရလိမ့်မည်။ ကိုယ်တိုင်သည်လည်းမိမိတတ်ကျွမ်းနားလည်မှုမရှိသော အလုပ်တို့ကို တာဝန်ယူလုပ်ကိုင်ရလိမ့်မည်။ အမှုပြဿနာများဖြစ်မည်။ ရန်အတိုက်အခံများနှင့် ထိပ်တိုက်တွေ့မည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရပ်များကြုံမည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

အလိုဆန္ဒရည်မှန်းချက်များပြည့်စုံအောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ မိတ်ကောင်း၊ ဆွေကောင်းအထောက်အကူရမည်။ ရန်ပဋိပက္ခပြုသူများနှင့်အဆင်ပြေအောင်ဆက်ဆံနိုင်မည်။ ခက်ခဲသောပြဿနာများဖြေရှင်းနိုင်မည်။ အချိန်တို၊ ကာလတိုအတွင်း ပြင်ဆင်ပြီး ယှဉ်ပြိုင်ရေ့တိုးလုပ်ကိုင်သောကိစ္စများမှ အောင်မြင်အဆင်ပြေသော အနေအထားကို ရရှိမည်။

www.free4readers.com






# မြေပုံအများနှင့် ခရီးသွားခြင်း

■ မောင်သာချို

(တစ်)

အင်္ဂလိပ်စကားလုံးပေါင်း ထောင်သောင်းကုဋေကုဋာထဲ၌ စကားလုံး၏ ပထမနေရာတွင် 'K' ပါသောစကားလုံးနှင့် စကားလုံး၏အလယ်တစ်နေရာတွင် 'K' ပါသောစကားလုံးမည်သည်ကပို များသနည်းဟု မေးလာခဲ့လျှင် မည်သို့ဖြေကြမည်မသိ။ ကျွန်တော်ကတော့ ခပ်သွက်သွက်ခပ်မြန်မြန်ဆိုသလို ပထမနေရာ၌ 'K' ပါသည့်စကားလုံးက ပိုများကြောင်း ဖြေချလိုက်မည်ပင်ဖြစ်ပါသည်။ အများစုကလည်း ကျွန်တော့်လိုပင် ဖြေမိကြလိမ့်မည်ဟု ထင်ပါ၏။ ကျွန်တော်တို့မှတ်ဉာဏ်ထဲမှာက 'K' နှင့်စသော စကားလုံးတွေက ခပ်လွယ်လွယ် အစီအရီမဟုတ်လား။

Kangaroo, Karate, Keep, Key, Keyboard, Kick, Kid, Kill, Kind, King, Kiss, Kitchen, Knee, Knew, Knife စသည်..စသည်..စသည်။ အကုန်လုံး 'K' နှင့်စသည့်စကားလုံးများ။

တကယ်တော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကဗျာထဲ၌ 'မင်းတို့ဉာဏ်အမြင်တစ်ထွာ တစ်မိုက်မျှရယ်နဲ့' ဟုဖွဲ့ဆိုထားခဲ့သည့်အတိုင်း ကျွန်တော်တို့ လက်လှမ်းမီရာ၊ နီးစပ်ရာဗဟုသုတကလေးဖြင့် ဖြေချလိုက်ခြင်းမျှသာဖြစ်ပါသည်။

စင်စစ်စကားလုံး၏ အလယ်တွင် 'K' ပါဝင်သည့် စကားလုံးတို့က ပို၍မြောက်မြားလှပါကြောင်း အဘိဓာန်များ၌ဖော်ပြထားရှိပြီးသား။ သို့သော် ကျွန်တော်တို့မသိ။ ကျွန်တော်တို့ မကျွမ်းဝင်။ ကျွန်တော်တို့ မနီးစပ်။

သို့ဖြင့် ကိုယ်က 'K' နှင့်စသောစကားလုံးခပ်များများသိထားနှင့်သဖြင့် အင်္ဂလိပ်စကားလုံးဖွဲ့စည်းပုံတွင် ပထမနေရာ၌ 'K' ပါသည့်စကားလုံးက ပိုများကြောင်း ပြောချလိုက်ကြခြင်းပင်ဖြစ်ပါသည်။

ယင်းဥပမာကို ပေးသူက ဆွစ်ဇာလန်စာရေးဆရာ Rolf Dobelli ဖြစ်ပါသည်။ သူက ယင်းကို အဘယ်လဘလတီ ဗိုင်းရပ် (Availability Bias)ဟုအမည်ပေးပါသည်။ လက်လှမ်းတမီအစွဲဟု ဆိုရမည်ထင်ပါ၏။ ကိုယ့်အသိဉာဏ်လက်လှမ်းမီရာကို အမှန်ဟု ယူဆထားလိုက်ပုံများ။

(နှစ်)

ကွမ်းစားသူတစ်ယောက်ကို ကွမ်းအန္တရာယ်အကြောင်းပြောပြမိခဲ့ဖူးပါ၏။ သူက သူ့အဘိုး၊ သူ့အဘွားများကွမ်းယာစားရင်း အသက်(၉၀)နီးပါးအထိ နေထိုင်သွားခဲ့ကြောင်း အကိုးအကားပြလာသည့်အခါ ရုတ်တရက်ဘာပြန်ပြောရမှန်းမသိ ဖြစ်ခဲ့ဖူးပါသည်။

လူတချို့၌ ထိုသို့သောလက်လှမ်းတမီအစွဲများ ရှိတတ်ပါသည်။

စီးကရက်၏အန္တရာယ်ကို ပြောပြသည့်အခါ တစ်နေ့သုံးဘူးသောက်သည့်သူ့အဘိုးအသက်ရာကျော်နေသွားကြောင်း တုံ့ပြန်ပါသည်။ မန်ဟက်တန် (Manhattan)ရွာကလေးကို သဘောကျသူက လုံခြုံစိတ်ချရသည့်ရွာကလေးဖြစ်ကြောင်း၊ သော့ခတ်စရာမလိုကြောင်း၊ ခရီးဝေးသွားပြီး ပြန်လာသည့်အခါ ဖောက်ထွင်းခံရမှုမျိုးကင်းကြောင်း အမွှမ်းတင်ပါသည်။

ယင်းသည် ကိုယ်ထိတွေ့ဆက်စပ်သိရှိထားခဲ့သည့် လက်လှမ်းမီရာခြွင်းချက်ကလေးတစ်ခုစ၊ နှစ်ခုစကို သာဓကဆောင်ကာ တစ်လောကလုံးဆိုင်ရာအမှန်တရားအဖြစ် ယေဘုယျလုပ်ပစ်လိုက်ခြင်းပင်ဖြစ်ပါသည်။ စီးကရက်သောက်သူအဘိုးအသက်ရာကျော်သည့် ခြွင်းချက်ကလေးကိုယူကာ စီးကရက်သောက်သူများအသက်ရှည်လတ္တံ့ဟု ယေဘုယျလုပ်ပစ်လိုက်ခြင်း၊ မိမိအိမ်အဖောက်ထွင်းမခံရသည့် ခြွင်းချက်ကလေးကိုယူကာ မန်ဟက်တန် (Manhattan)၌ ခိုးမှုဖောက်ထွင်းမှုမရှိဟု ယေဘုယျလုပ်ပစ်လိုက်ခြင်းပင်ဖြစ်ကြောင်း ဆိုပါသည်။

လူတို့သည် ခရီးသွားစဉ် လေယာဉ်ပျက်ကျမည်ကို စိုးရိမ်ပါ၏။ ကားမတော်တဆဖြစ်မည်ကို စိုးရိမ်ပါ၏။ လူအသတ်ခံရမည်ကို စိုးရိမ်ပါ၏။ သို့သော် ဆီးချိုဖြစ်၍ သေမှာမျိုး၊ သွေးတိုးဖြစ်၍ သေမှာမျိုး၊ အစာအိမ်ကင်ဆာဖြစ်၍ သေမှာမျိုးကိုကား မစိုးရိမ်လှဟု ဆိုပါ၏။

စင်စစ်လူတို့အသက်ဆုံးရှုံးမှုအန္တရာယ်များပြားနေရသည်မှာ ဆီးချိုလိုမျိုး၊ သွေးတိုးလိုမျိုး၊ အစာအိမ်ကင်ဆာလိုမျိုးဝေဒနာကို ခံစားရသည်က လေယာဉ်မတော်တဆ၊ ကားမတော်တဆ၊ အကြမ်းဖက်မတော်တဆတို့ထက် အဆပေါင်းများစွာပိုမိုပြီး ဖြစ်နိုင်ခြေရာခိုင်နှုန်းလည်း ပိုများပါလျက် ယင်းတို့ကို အန္တရာယ်ကြီးသည်ဟုမမြင်ဘဲ လေယာဉ်တို့၊ ကားတို့၊ အကြမ်းဖက်မှုတို့လောက်ကိုသာ ကြောက်စရာဟု ထင်မြင်နေခြင်းသည် လက်လှမ်းတမီအစွဲများပင်ဖြစ်ပါသည်။

(သုံး)

ဆရာဝန်တို့ကား ကုနေကျကုထုံးများဖြင့်သာ ကုသရန် အားသန်ကြသည်ဟုဆိုပါသည်။ နာဇီခေါင်းဆောင်တို့က ဂျူးတို့သည် ပြဿနာများပင်ဖြစ်ကြောင်းထပ်တလဲလဲပြောခြင်းဖြင့် အောက်လက်ငယ်သားများကို အမြင်မှားစေပါသည်။

လူသည်မည်သည့်သတင်းမှ မကြားရသည်ထက်သတင်းအမှားများကို ခံတွင်းတွေ့သည်ဟု ဆိုပါ၏။ ပန်းကန်ပြားပျံ(UFO)ကို စိတ်ဝင်စား၏။ ကြမ္မာကို အာရုံညွတ်၏။

လူတို့သည် မြေပုံမပါဘဲနှင့် နိုင်ငံရပ်ခြားမြို့ကြီးတစ်မြို့ထဲသို့ ရောက်နေကြသည်နှင့်တူသည်ဟုဆိုပါသည်။ ဆွဲထုတ်ကာ လွယ်လွယ်သုံးရန်ဖြန့်ကြည့်လိုက်သည်က ကိုယ့်ဇာတိမြို့၏မြေပုံ။ ကိုယ့်မြေပုံနှင့်သူ့ဒေသ။ မြေပုံအမှားနှင့် ခရီးနှင်ခြင်း။

(လေး)

ကိုယ့်အဘိုးဖြစ်သူ မသေတာနှင့်ပဲ စီးကရက်သောက်ခြင်းက အသက်ရှည်သည်ဟုဖြစ်၊ ကိုယ်အင်္ဂလိပ်စာမကြွယ်ဝသည်နှင့်ပဲ 'K' နှင့်စသည့်စကားလုံးက အရေအတွက်များသည်ဟုဖြစ်၊ မတော်တဆမှုကလေးတစ်ခုမြင်၊ တစ်ခုကြားနှင့်ပဲ ခရီးသွားရတာမကောင်းဘူးဟု ဖြစ်နှင့်။

ကမ္ဘာအနှံ့ခြေဆန့်ပြီဆိုမှဖြင့် ကမ္ဘာ့မြေပုံကြီးကြီးတစ်ခုလောက်တော့ ရှိထားမှသင့်မည်ထင်ပါသည်။ ဒေသန္တရမြေပုံကလေးလောက်နှင့် ခရီးမပေါက်နိုင်ပါလေတော့။

**(စာရေးဆရာမောင်သာချိုသည် ကဗျာ၊ ဝတ္ထုတို၊ ခရီးသွားစာပေ၊ လူမှုရေး၊ ပညာရေး၊ စာပေရေးရာဆောင်းပါးများရေးသားနေသူဖြစ်သည်)**

စီးကရက်၏အန္တရာယ်ကို ပြောပြသည့်အခါ တစ်နေ့သုံးဘူးသောက်သည့်သူ့အဘိုး အသက်ရာကျော်နေသွားကြောင်း တုံ့ပြန်ပါသည်။ မန်ဟက်တန် (Manhattan) ရွာကလေးကို သဘောကျသူက လုံခြုံစိတ်ချရသည့် ရွာကလေးဖြစ်ကြောင်း၊ သော့ခတ်စရာမလိုကြောင်း၊ ခရီးဝေးသွားပြီး ပြန်လာသည့်အခါ ဖောက်ထွင်းခံရမှုမျိုးကင်းကြောင်း အမွှမ်းတင်ပါသည်။

www.free4readers.com



# PARKER ဘောပင်လေး



မင်းသန်းထိုက်(အေးဒရဲ)

စင်ကာပူနိုင်ငံက ခေတ္တပြန်လာသည့် တပည့်လေး တစ်ယောက် လာကန်တော့သွားသည့် PARKER တံဆိပ် ဘောပင်လေးကို ကျွန်တော် ငေးစိုက်ကြည့်နေမိသည်။ တစ်ချိန်တည်းမှာပဲ တပည့်လေး ပြောသွားသည့် စကားသံကိုလည်း ကျွန်တော် ပြန်ကြားနေမိသည်။ "ဆရာက စာရေးနေတာမို့ ဆရာသုံးစေချင်လို့ ကန်တော့တာနော်။ တခြားသူတွေ ပေးမပစ်ပါနဲ့ဆရာ။ ဒါစင်ကာပူငွေနဲ့ ၆၅ ဒေါ်လာ ပေးရတယ်"။

မြန်မာငွေနှင့် တွက်ကြည့်တော့ ကျပ်ခြောက်သောင်းခွဲကျော်။ စာရေးဖို့အတွက် သည်လောက် တန်ဖိုးကြီးကြီးလည်း မလိုအပ်။ တစ်ခါမှလည်း ဝယ်မသုံးခဲ့။ ကျွန်တော်တို့မြို့လို မြို့ငယ်လေးမှာလည်း ရှိမယ်မထင်။ ကျွန်တော့်အတွက်က တရုတ်ပြည်လုပ် ပန်းသီးတံဆိပ် ကျပ် ၂၅၀ တန် အနက်ရောင်ဘောပင် ရှိလျှင် လုံလောက်ပြီ။ သို့ကြောင့် "အေးပါကွာ။ ဘယ်သူ့မှလည်း မပေးပါဘူး။ ဆရာလည်း မသုံးပါဘူး။ အမှတ်တရသိမ်းထားပါ့မယ်"ဟု တပည့်ဖြစ်သူကို ဆိုခဲ့သည်။ ယခုတော့ တကယ်ပဲ အမှတ်တရ သိမ်းထားရတော့ပေမည်။

ကျွန်တော့်မှာ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ထုတ်ချင်သည့် ရောဂါစွဲကပ်နေခဲ့တာ အတော်ကြာခဲ့ပြီ။ သတင်းစာ၊ ဂျာနယ်ခေတ်မှာ သတင်းဆောင်းပါးတွေ၊ သဘောထားအမြင်တွေချည်း ရေးလာတော့ ၈၈ မတိုင်ခင်က မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုတွေ ကျွန်တော် ရေးခဲ့တာကို သည်ဘက်ခေတ်စာဖတ်သူတွေ သိပ်မသိကြတော့။ ဝတ္ထုတိုတွေ ရေးခဲ့သည်ဆိုပေမယ့် သိပ်များများစားစားတော့ မဟုတ်။ အပုဒ် ၂၀ လောက်တော့ ရှိမည်ထင်သည်။ ၂၀၀၈ မှာ နာဂစ်မုန်တိုင်းတိုက်တော့ ကျွန်တော့်ဝတ္ထုပါသည့် မဂ္ဂဇင်းတွေအကုန်ပျက်စီးသွားသည်။ တစ်ပုဒ်ဆိုတစ်ပုဒ်မှကို မကျန်ခဲ့။ ကျွန်တော်လည်း စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့။ ဝတ္ထုတော်တော်များများကိုတော့ ပါခဲ့သည့် မဂ္ဂဇင်းအမည်တွေ မှတ်မိသော်လည်း ခုနှစ်၊ လတွေ မမှတ်မိ၍ ပြန်ရှာဖို့မလွယ်တော့ပေ။

သည်လိုနှင့် ၂၀၁၀ တွင် ရန်ကုန် ပညာရေးတက္ကသိုလ်မှာ ကျောင်းသွားတက်သည့် တပည့်လေးတစ်ယောက်က တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှာ စာအုပ်သွားသွားငှားရင်း ကျွန်တော် ခန့်မှန်းခြေပြောလိုက်သည့် ခုနှစ်များအတွင်းက မဂ္ဂဇင်းတွေမှာ စိတ်ရှည်ရှည်နှင့် ရှာကြည့်သည်။ သူကျောင်းတက်နေသည့် လေးနှစ်တာကာလအတောအတွင်းမှာ ရှစ်ပုဒ်၊ ကိုးပုဒ်လောက် ရှာတွေ့ခဲ့သည်။ ထိုစဉ်ကတည်းက ကျွန်တော့်မှာ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ထုတ်ချင်သည့် ရောဂါစွဲကပ်သွားခြင်းဖြစ်၏။ ဘယ်နှပုဒ်ပဲပြန်တွေ့တွေ့၊ တွေ့သမျှကလေး စာအုပ်လုပ်ထားလိုက်လျှင် နာဂစ်လိုမုန်တိုင်းမျိုး နောက်တစ်ခါထပ်တိုက်လည်း ပျက်စီးပျောက်ဆုံးသွားမှာ စိုးရိမ်စရာမလိုတော့ပေ။ သည်အတွေး၊ သည်စိတ်ကူးဖြင့် ဝတ္ထုတိုပေါင်းချုပ်လေးတစ်အုပ် လုပ်ချင်နေခဲ့သည်။

သို့သော် သိသည့်အတိုင်း စာအုပ်တစ်အုပ် ဖြစ်ဖို့ဆိုတာ မလွယ်။ အွန်လိုင်းမီဒီယာခေတ်မှာ တစ်ချိန်က ထင်ရှားလူကြိုက်များပြီးသား စာအုပ်များသာ အမြတ်ကျန်ဖို့သေချာသည်။ နာမည်ရပြီးသား စာရေးဆရာများပင် အသစ်ထုတ်လျှင် အရင်းဦးဆုံး အရင်းရဖို့ ရင်တမမဖြစ်နေရသည်။ သည်တော့ နာမည်မရှိသေးသည့် စာရေးဆရာကို မည်သည့်စာအုပ်တိုက်ကမှ အရဲစွန့်ပြီး ထုတ်ပေးလိမ့်မည်မဟုတ်ပေ။ ဒါလည်း သဘာဝကျသည်။ ငွေကြေးရင်းနှီးမြှုပ်နှံရသည့်အလုပ်ကိုး။ ကိုယ်တိုင်ထုတ်ဖို့ကျတော့လည်း ငွေကြေးအရင်းအနှီးကမရှိ။ သည်လိုနှင့် ကိုယ်တိုင်ထုတ်နိုင်ဖို့ စုရင်းဆောင်းရင်း လေး၊ ငါး၊ ခြောက်နှစ်ကြာသွားသည်။ သည်အတောအတွင်း စိတ်ကူးရသည့်အခါ ထထရေးသည့် ဝတ္ထုတိုလေးတွေကလည်း ခုနစ်ပုဒ်လောက်ရှိလာသည်။ အဟောင်းတွေနှင့်ပေါင်းလိုက်လျှင် ၁၅ ပုဒ်လောက်ဖြစ်သွားသည်။ ပေါင်းချုပ်တစ်အုပ်စာအတွက် အနေတော်ဖြစ်နေပြီ။

ရောဂါပိုးက မရိုးမရွကနေ ရိုးရိုးရွရွဖြစ်လာပြီ။ ဝတ္ထုတိုပေါင်းချုပ်စာအုပ် မထုတ်လိုက်ရဘဲ သေများသေသွားရင် စာအုပ်တစ္ဆေများ ဖြစ်လေမည်လားမသိ။ ကျွန်တော့်အခြေအနေကို မကြည့်ရက်သည့် ဇနီးသည်က ငွေကျပ်သုံးသိန်း ထုတ်ပေးသည်။ ကျွန်တော့်မှာရှိသည့် ငွေကျပ်တစ်သိန်းနှင့် ပေါင်းလိုက်တော့ ကျပ်လေးသိန်းဖြစ်သွားသည်။ ထုတ်ဝေသူတစ်ယောက်နှင့် ဆက်သွယ်ကြည့်တော့ စာအုပ်ထွက်မှ ကျန်တာ ရှင်းဆိုပြီး သဘောတူကြ၏။ ကျွန်တော့်မှာ ပျော်လိုက်သည့်ဖြစ်ခြင်း။ စိတ်ကူးအိပ်မက်တွေ အကောင်အထည် ပေါ်တော့မည်လေ။ စာအုပ်ထွက်လျှင် ကျန်တာ ရှင်းနိုင်ဖို့ အလှမ်းအကမ်းလေးတွေတော့ ကြိုကြည့်ထားရသည်ပေါ့။

ဝတ္ထုစာမူတွေ စာအုပ်တိုက်ကို သွားပေးတော့ သူငယ်ချင်းတွေက ဝိုင်းပြီး အကြံပေးကြသည်။

စာမျက်နှာ ၃၄ »

7DAY NEWS JOURNAL
ရ ရက် သတင်းဂျာနယ်

| | |
|---|---|
| အယ်ဒီတာချုပ် | အားမာန် |
| အကြံပေး | ရဲနိုင်မိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| အမှုဆောင် အယ်ဒီတာ | မေဝင်းမွန် |
| အကြီးတန်း အယ်ဒီတာ | အေးသူစံ၊ ဗိုလ်ဗိုလ်ဝင်း |
| တပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| အယ်ဒီတာ | အောင်နိုင်၊ နန္ဒ၊ ဟေမာန်ညီညီ၊ မေဇင်ဝင်း |
| ဘာသာပြန် အယ်ဒီတာ | ရဲမင်း |
| သတင်းထောက်ချုပ် | အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ပြည်သိမ်း(စီးပွားရေး) |
| လက်ထောက် ကော်ပီ အယ်ဒီတာ | သန်းဌေး |
| ဒုတိယ သတင်းထောက်ချုပ် | အောင်ဇော်ထွန်း၊ ညီညီဇော်၊ ထက်အာကာကျော် |
| ဘာသာပြန် | ကျော်သူမောင်၊ မြတ်ကိုနိုင်၊ စုမွန်ဖြိုး |
| အကြီးတန်းသတင်းထောက် | ကျော်ဝင်း၊ မိုးမင်း၊ ဖွဲ့ဉာဏ်၊ ခိုင်ခိုင်စိုး၊ ဆုဆက်၊ ဇာလီမြင့်ဦး၊ ဟိန်းသာ၊ ထွန်းထွန်းမင်း၊ နိုင်လင်း၊ ဖြိုးဖြိုးဝေ |
| သတင်းထောက်များ | ယမင်း၊ ရဲနိုင်၊ ပိုင်စိုးသူ၊ ချစ်ဝိုင်း၊ ဖြိုးဝေလင်း၊ ဝဏ္ဏာအောင်၊ ခင်ဆွေသက်၊ လင်းဟိန်း၊ ရွှေဘုတ်၊ ယုဝေ |
| အငယ်တန်းသတင်းထောက် | ခင်မို့မို့လွင်၊ သက်အောင်၊ ခင်ရှုပါမော်၊ အောင်ကျော်ဇင်၊ စိုင်းကိုကိုထွန်း |
| မန္တလေးသတင်းထောက် | နိုင်လင်းအောင်၊ ဖြိုးဖြိုးဇော်၊ ထက်သာဦး၊ စည်သူလင်း |
| အကြီးတန်းဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| ဓာတ်ပုံသတင်းထောက် | ကျော်ဇင်သန်း၊ နစ်ကီ၊ စိုင်းဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ ဇော်မင်းထိုက်၊ မောင်ကံ၊ ဂျွန်ချစ်ငြိမ်း၊ သက်ဆွေ၊ မိုးကျော်၊ လင်းသက်နိုင်၊ သက်သန္တာလှိုင် |
| တပြင် | သီသီအောင်၊ ကျော်စွာဝင်း၊ ကျော်နိုင်၊ ကျော်မိုးအောင်၊ သန့်ဇင်ထွန်း |
| အကြီးတန်းဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နိုင်လင်းထွန်း၊ ရဲသူရ၊ ဇော်ဝင်းအောင်၊ သက်ပိုင်ဌေး၊ နေဝင်းလှိုင် |
| ကွန်ပျူတာစာစီ | ကေသီမိုး၊ သဇင်သိမ့်သိမ့်ဌေး၊ ဇင်ထက်၊ စန်းစန်း၊ ယဉ်ယဉ်ထွေး၊ မင်းထက်ကို၊ အောင်ကို |

7DAY DIGITAL
7DayDaily.com | fb.com/7DayNews | fb.com/7DayOnlineTV

| | |
|---|---|
| အယ်ဒီတာချုပ် | ငြိမ်းငြိမ်းနိုင် |
| အကြီးတန်း အယ်ဒီတာ | အိဖြူလွင် |
| အယ်ဒီတာ | ရန်မျိုးနိုင် |
| Creative Director | အောင်ချမ်းမြတ် |
| ဘာသာပြန်အယ်ဒီတာ | ဖွဲ့ရဲဝင့် |
| နည်းပညာတာဝန်ခံ | အောင်ဖြိုးမွန် |
| Moderator | ထိုက်ယဉ်အောင်၊ သူဇာဖြိုးကိုကို |
| ဗီဒီယိုအယ်ဒီတာ | ထက်ပိုင်၊ ကျော်ခန့်၊ မေဝသန်မိုး၊ အိနှင်းဝေ |
| Assistant Creative Director | နေမျိုး |
| ကင်မရာ | အောင်မျိုးထွန်း၊ ကျော်ဇင်ထွန်း၊ နေဝန်းဦး၊ ထက်အာကာ |
| ဗီဒီယိုသတင်းထောက် | လွင်သဲငယ်ဦး၊ သန်းဌေးအောင်၊ အေးမြတ်၊ အိမ့်မြတ်နိုးဇော်၊ မောင်သင်တုန်း၊ ယဉ်မွန်၊ အလှလေးသူဇာ၊ စောအောင်မင်းဦး၊ မိုးညို |
| News Anchor | ဆွေမာသိန်းလွင်၊ တင်နှင်းယု |

| | |
|---|---|
| အကြီးတန်းသုတေသန | နှင်းနုထွေး |
| သုတေသန | ဖြိုးမမခိုင်၊ အေမီမီမောင် |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| ပုံတူပန်းချီ | ဇော်မောင် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ပိုးအိဇာ၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ်၊ သိင်္ဂီဝေဖြိုး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ စည်သူအောင်၊ ဆုရည်လွင်၊ ကျော်နိုင်လင်း၊ နေထက်အောင်၊ နိုင်မီမီကို၊ မီမီကျော်၊ မျိုးမင်းသူ၊ စန်းမြတ်သီတာ၊ ကျော်ဇေဟိန်း |
| ရောင်းဈေး | ၄၅၀ ကျပ် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၁၀၅၆) ၄၉၇၊ ဂို-၁၂၊ ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ် | 7Day Press (၀၀၄၅၈) ၂၈၉-၂၉၁၊ စက်မှုဇုန်လမ်းကြီး။ |

7Day Daily သတင်းစာတိုက် - Diamond Center Building (E)၊ ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅-၅၁၉၊ ၀၉ ၇၃၂၂၄၅၅၄၁။ ဖက်စ် - ၅၁၃၅၁၉
Mandalay Office - အမှတ်-၁၂၄(ဘီ)၊ ၃၆ လမ်း၊ ၇၈/၇၉ ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း- ၀၉-၄၃၀၁၀၇၄၇၊ ၀၉-၄၀၂၆၀၇၃၇၇
Website : www.7daydaily.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018



## တစ်ပတ်အတွင်း နိုင်ငံတကာသတင်းကောက်နုတ်ချက်

### ပထမကမ္ဘာစစ်ပြီးဆုံးခြင်း နှစ်(၁၀၀)ပြည့် အခမ်းအနားများ ကမ္ဘာတစ်ဝန်းကျင်းပ



၁၉၁၄ ဇူလိုင် ၂၈ ရက်မှ ၁၉၁၈ နိုဝင်ဘာ ၁၁ ရက်အထိ ကြာမြင့်ခဲ့သော ပထမကမ္ဘာစစ်ပြီးဆုံးခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က ကမ္ဘာတစ်ဝန်းကျင်းပခဲ့သည်။

### ကမ္ဘာတစ်လွှား ကလေးမွေးဖွားနှုန်း သိသာစွာကျဆင်း

ကမ္ဘာတစ်ဝန်း အမျိုးသမီးများ ကလေးယူသည့်ဦးရေသည် အံ့သြစရာကောင်းလောက်အောင် လျော့ကျနေကြောင်း သုတေသီများက ပြောသည်။ မွေးဖွားနှုန်းကျဆင်းခြင်းကြောင့် အဘိုး၊ အဘွားအရေအတွက်သည် မြေးအရေအတွက်ထက် ပိုများနေသော လူမှုအသိုင်းအဝိုင်းများ နောက်ဆက်တွဲဆိုးကျိုးကြုံတွေ့မည်ဖြစ်သည်။

### ဒူးရင်းသီးနံ့ကို ခရီးသည်များ မခံနိုင်၍ အင်ဒိုနီးရှားလေယာဉ်တစ်စီး မထွက်ခွာနိုင်

လေယာဉ်ထဲတွင် ဒူးရင်းသီးနံ့ကြောင့် ခရီးသည်များက တိုင်ကြားပြီးနောက် အင်ဒိုနီးရှားလေယာဉ်တစ်စီး ခေတ္တမထွက်ခွာနိုင်ဖြစ်ခဲ့ရသည်။ ယင်းလေကြောင်းလိုင်းက ဒူးရင်းသီးများကို ဖယ်ရှားပေးပြီး သတ်မှတ်ထွက်ခွာချိန်ထက် တစ်နာရီနောက်ကျပြီးမှ ထွက်ခွာနိုင်ခဲ့သည်။

### သီရိလင်္ကာတွင် သေနတ်မပါသော အာဏာသိမ်းမှု ဖြစ်ပွားခဲ့ဟု ပါလီမန်ဥက္ကဋ္ဌပြော

သမ္မတမိုင်သီရိပါလာသီရိဆီနာက ဝန်ကြီးချုပ်ရာနေးလ်ဝစ်ကရီမီဆင်ဂ်အား ထုတ်ပယ်ပြီး သမ္မတဟောင်းရာဂျာပက်ဆာနှင့် အစားထိုးခဲ့ခြင်းသည် သွေးထွက်သံယိုမရှိသော အာဏာသိမ်းမှုဟု သီရိလင်္ကာလွှတ်တော်ဥက္ကဋ္ဌ ဂျာယာဆူရီယာက ပြောသည်။

### ခေါက်သိမ်းနိုင်သော ဆမ်ဆောင်းစမတ်ဖုန်းသစ် မိတ်ဆက်ပြသ

ဆန်ဖရန်စစ္စကိုမြို့တွင် ပြုလုပ်သည့် အခမ်းအနား၌ ဆမ်ဆောင်းကုမ္ပဏီက ခေါက်သိမ်းနိုင်သော Infinity Flex Display ဖုန်းကို မိတ်ဆက်ခဲ့ပြီး ယင်းကို မနက်ဖြန်၏စမတ်ဖုန်းအခြေခံဟု ဖော်ညွှန်းကာ လပိုင်းအတွင်း စတင်ထုတ်လုပ်ရန် ရည်ရွယ်ထားသည်။

### ရင်ချင်းဆက် ဘူတန်အမြွှာညီအစ်မနှစ်ဦး ဩစတြေးလျတွင် ခွဲစိတ်မှုအောင်မြင်



ဘူတန်နိုင်ငံမှ ရင်ချင်းဆက်အမြွှာညီအစ်မနှစ်ဦးကို ဩစတြေးလျနိုင်ငံရှိ ဆေးရုံတစ်ခုတွင် ခြောက်နာရီကြာခွဲစိတ်မှုအတွင်း အောင်မြင်စွာ ခွဲခြားနိုင်ခဲ့ပြီး ဦးဆောင်ခွဲစိတ်ဆရာဝန်က ယင်းကလေးနှစ်ဦးကျန်းမာရေးအပြည့်အဝကောင်းလာမည်ဟု ယုံကြည်ကြောင်း ပြောသည်။

### ယီမင်ပြည်သူထက်ဝက်ခန့် အစာအာဟာရပြတ်လပ်နေ

ပြည်တွင်းစစ်ဖြစ်ပွားနေသော ယီမင်နိုင်ငံ၌ လူ ၁၄ သန်းခန့် ဆိုးရွားစွာ အစာအာဟာရပြတ်လပ်မှုဒဏ် ခံစားနေရသဖြင့် ရန်လိုမှုများ၊ ပဋိပက္ခများ ချက်ချင်းရပ်ဆိုင်းရန် နိုင်ငံတကာနှင့် ယီမင်အခြေစိုက် အင်န်ဂျီအိုအဖွဲ့အစည်း ၃၅ ခုက တောင်းဆိုသည်။

## Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**သင်ကြားပေးသည်**

Grade 3 to 9 ကျက်စာများနှင့် အင်္ဂလိပ်၊ သင်္ချာ၊ ဘာသာစုံတို့ကို သင်ကြားပေးပါသည်။ International ကျောင်းမှ ကျောင်းသားများအတွက် မြန်မာစာသင်ရိုးများကိုလည်း သင်ကြားပေးပါသည်။

Ph- 09- 420003869

**သင်ကြားပေးသည်**

English, Chinese, Computer & Japanese 4Skills & Speaking Courses အတန်းခွဲသစ်များနှင့် နိုင်ငံခြားသွားအမြန်သင်တန်းများ အိမ်၊ ရုံး၊ ကုမ္ပဏီများတွင် သင်ကြားပေးပါသည်။အမှတ်(၂၅)၊ မဟာဗောဓိလမ်း၊ မြေနီကုန်း၊ In front of Dagon Centre I.

Ph- 09- 5012710

**သင်ကြားပေးသည်**

ဂုဏ်ထူးဒေါ်စန္ဒီ B.Sc (Botany), Dip in English (SEMEO), Grade 9 and 10 (Myan, Bio) သင်၊ ကျက်၊ စစ်စနစ် ဖြင့် ဂုဏ်ထူးထွက်အောင် လေ့ကျင့်သင်ကြားပေးသည်။

Ph- 09- 448005957

**သင်ကြားပေးသည်**

2018 New Year ကျောင်းဖွင့်ရက်အချိန်အတွက် Grade-10, Grade-11 များကို ဘာသာစုံ Study Guide အိမ်အရောက်သင်ကြားပို့ချပေးသည်။ Eng and Math Guideအတွက်အိမ်အရောက်အထူးသင်ကြားပေးသည်။

Ph- 09- 448015891

**သင်ကြားပေးသည်**

၁၀ တန်းဘာသာစုံ(သို့)တစ်ဘာသာချင်း Guide သင်ကြားပေးသည်။ မေးခွန်းဟောင်းများ ဖြေနည်းပုံစံများကို ၅ ဘာသာဂုဏ်ထူးရှင်ကိုယ်တိုင် အိမ်တိုင်ရာရောက် စနစ်တကျ လာရောက်သင်ကြားပေးသည်။ Ph- 09-428034608

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်း ကျောင်းသားများအတွက် အနီးကပ် ၄ လပြတ် ဘာသာစုံ (သို့) တစ်ဘာသာချင်း အောင်မှတ်စိတ်ချရသည်အထိ အောင်မှတ်အခန်းများကို အဓိကထား၍ မေးခွန်းဟောင်းများနှင့် တကွ အထပ်ထပ် လေ့ကျင့်သင်ကြားပေးပါသည်။ Ph- 09- 250811254

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်း စာကြည့်အားနည်းသည့် ကျောင်းသားများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ ဘာသာရပ်များအား ဘာသာစုံ အောင်မှတ်စိတ်ချရသည်အထိ ကလေးနဲ့အတူ စာသင်၊ စာကျက်၊ စာစစ်ပေးခြင်းဖြင့် စနစ်တကျ Guide လုပ်ပေးပါသည်။

Ph- 09- 788641631

**ငှားမည်**

ပေ(၂၅×၅၅)၊ ၄ လွှာ၊ မင်္ဂလာဈေးကားမှတ်တိုင်ရှေ့၊ နှစ်ဖက်မျက်နှာစာ၊ စက်ရုံလမ်းမကြီးပေါ် အိမ်ခန်း၊ စာသင်ခန်း၊ ရုံးခန်း ခန်းလုံးပြည့်ငှားမည်။

Ph- 09- 5096794

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်း အနီးကပ် ဘာသာစုံ (သို့) တစ်ဘာသာချင်း ကလေးနှင့်အတူ စာဝိုင်းကျက်ပေးခြင်း၊ မေးခွန်းဟောင်းများ လေ့ကျင့်ပေးခြင်း၊ အခန်းလိုက် စာဖြတ်ချင်းများကို သေချာပိုင်နိုင်စွာ Revision Guide ပြုလုပ်ပေးပါသည်။

Ph- 09-772759911

**သင်ကြားပေးသည်**

ပုံမှန်လစဉ်/သင်ရိုးကုန် ၈ တန်း (ဘာသာစုံ)၉တန်း၊ ၁၀တန်း (Eng, Phy, Bio)သင်ကြားပေးသည်။Ph- 09-768735039

**သင်ကြားပေးသည်**

Grade 10 (Maths, Chemistry, Physics) တစ်ဘာသာချင်း (သို့) သုံးဘာသာပေါင်း Guide လုပ်ပေးသည်။

Ph- 09-956664427

**ဝန်ဆောင်မှု**

Naing Car Rental Service မှ ကားမျိုးစုံအား အငှားဝန်ဆောင်မှုပေးပါရစေ။

Ph- 09- 954280158

**သင်တန်း**

ဆရာရန်နိုင် DRAGON KING ကွန်ဖူး၊ ဝန်ဒို၊ ထိုက်ကျို အထူးသိုင်းသင်တန်းကျောင်း၊ လက်တွေ့အသုံးဝင် Fighting သင်တန်းဖြစ်သည်။ အမျိုးသား၊ အမျိုးသမီး၊ ကလေးအသက်အရွယ်မရွေးသင်ကြားနိုင်ပါသည်။ အမှတ်(၃၆၇)၊ ၆ လွှာ၊ မဟာဗန္ဓုလလမ်းမကြီးနှင့်၃၈လမ်းထောင့် (ဖြိုးကြီးလက်ဖက်ရည်ဆိုင်အပေါ်)။

Ph- 09- 449711033

**သင်တန်း**

မော်ဒယ်တစ်ယောက်(သို့)သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်လိုသူများ၊ကိုယ်ရည်ကိုယ်သွေးတောက်ပလိုသူ ရုံးဝန်ထမ်းများ၊ တက္ကသိုလ်ကျောင်းသား/သူများ၊ တက်သစ်စလူငယ်များအား ဖိတ်ခေါ်အပ်ပါသည်။အတွေ့အကြုံရင့်ဆရာကိုယ်တိုင်သင်ကြားပေးမည်။

Ph- 09- 791950087

**သုံးညအိပ် (၂)ရက်အထူးတရားစခန်းပွဲ**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကျိုက်ဒေးအလွန်ဘုရားလမ်း၊ စုပေါင်းရုံးမှတ်တိုင်အနီးရှိ မိုးကုတ်ဝိပဿနာထေရီမေ့ရိပ်သာအတွင်း၌ နှစ်ရက်အထူးတရားစခန်းပွဲကြီးကို (၂၄.၁၁.၂၀၁၈) မှ (၂၅.၁၁.၂၀၁၈)အထိ ကျင်းပဖွင့်လှစ်ပါမည်။ ၂၃.၁၁.၂၀၁၈ညနေ(၅~၈)နာရီအတွင်း ယောဂီများ ရောက်ရှိရန်။

Ph- 09- 254450305

**ရောင်းမည်**

ACS Simcard ဇီလာမှ နံပါတ်အလှရောင်းမည်။ Telenor (၁ကတ်-၃,၅၀ဝိ/၊ ၃ကတ်-၁၀,၀၀ဝိ/)၊ Bill 1,000 ပါပြီး)၊ 09-797083777, 09-797087000, 09-781999034, 09-781999049, 09-781999051, 09-781999089, 09-781999185, 09-781999219, 09-781735677, 09-781735900, 09-797088079, 09-781733822, 09-779939808.

Ph- 09- 779961616

**ဝန်ဆောင်မှု**

MAC OS X Installation, OS X Repair and Upgrade, MAC Software Service၊ Data back-up ပြုလုပ်ပေးခြင်း၊ မြန်မာဖောင့်ထည့်ပေးခြင်း၊ ကွန်ပျူတာများအားပုံမှန်ပြုပြင်ပေးခြင်းတို့ကိုဝန်ဆောင်မှုပေးသည်။ Ph- 09-420102030

**ဝယ်မည်**

Good Second - တစ်ပတ်ရစ် ( Smart TV, Smart Phone, Tablet)များကို ဝယ်ယူပါသည်။ Model အမြင့် Xiaomi ဖုန်း, Samsung, Apple iPhone & iPad/ Samsung Tablet & Smart TV များကို ရောင်းချပြီး ပိုက်ဆံရယူလိုက ဆက်သွယ်ပေးပါ။ Ph- 09-780057001

**ဝယ်ယူနိုင်သည်**

ဆုဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ 'သီဟဇလဇိဇ' အက်ရှင်ဗီဒီယိုဇာတ်ကားထွက်ပြီ။ ဆရာရန်နိုင်၏သိုင်းပညာလေ့လာလိုသူများ ဝယ်ယူအားပေးနိုင်ပါသည်။ တခြားဇာတ်ကားများအားလည်းသိုင်းသင်တန်း၌ လာရောက်ဝယ်ယူနိုင်ပါသည်။

Ph- 5016623

**ရောင်းမည်**

Ni Ni & Myo Myo Fashion (လက်လီ၊ လက်ကားအထည်ဆိုင်)၊ ထိုင်းမိတ်အင်္ကျီ၊ ချည်ဂါဝန်နှင့် ပွဲတက်ဂါဝန်အမျိုးမျိုး၊ ကိုရီးယားမိတ်စကပ်(၃လွှာ၊ ဒွဲစွပ်)အမျိုးမျိုးနှင့် အိုတာဆိုဒ်ကြီး အဝတ်အထည် ဒီဇိုင်းမျိုးစုံတို့ကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးသည်။ Ph- 09- 254215081

**ဝယ်ယူနိုင်သည်**

ဆဋ္ဌမအာရုံ ဂမ္ဘီရနှင့် သုတမဂ္ဂဇင်း နိုဝင်ဘာလထုတ်အား အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်တိုင်း၌ ဝယ်ယူရရှိနိုင်သည်။

Ph- 09- 766097442

**ရောင်းမည်**

အိမ်၊ ခြံ၊ မြေရောင်းမည်။ ဒဂုံမြောက်၊ (၄၇)ရပ်ကွက်၊ ဗိုလ်ဇထူးလမ်းမကြီးမှ ဒွဲပေါက်လမ်းမြေ (၁၅×၆၀)ပေပေါ်တွင် အိမ်(၁၂ × ၅၀)ပေ၊ RC 2 ထပ်အသစ်၊ အဆင့်မြင့်ပြင်ထား၊ အဆင်သင့်တက်နေရုံ၊ ဈေးနှုန်း-ကျပ်သိန်း ၄၅၀။

Ph- 09- 448039240

**ရောင်းမည်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်အတွင်း ရန်ကုန်-ပြည် ခရိုင်ချင်းဆက်လမ်းမ (ကွန်ကရစ်လမ်းမစီမံကိန်း)ပေါ်ရှိ ဥယျာဉ်ခြံမြေ ၃၂ ဧက၊ တစ်ဆက်စပ်တည်းရောင်းပါမည်။တစ်ဧက ကျပ်သိန်း ၄၀။ Ph- 09- 423661937

**ငှားမည်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်းရှိ Condo တိုက်ခန်း၊ ဒုတိယအလွှာ အိမ်ခန်းအား ငှားရမ်းလိုပါက ဆက်သွယ်ပေးပါ။

Ph- 09-974097000

**ရောင်းမည်**

ပေ(၇၅×၈၀) နှစ်ထပ်တိုက်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ လုံးချင်းအိမ်အရမ်းတန်တဲ့ဈေးဖြင့် ရောင်းမည်။

Ph- 09- 455406244

www.free4readers.com



7DAY NEWS
Vol.17, No.36 · NOVEMBER 14 , 2018

စာမျက်နှာ ၂၁ မှ

## အတ္တလန္တိတ် တစ်ဖက်ကမ်းမှ ပစိဖိတ်ကမ်းသို့ (၁၀)

ဘာသာနဲ့ တရားပြနေတာကိုလည်း ဝမ်းမြောက်စွာ တွေ့မြင်ခဲ့ရပါတယ်။

အမေရိကန်နိုင်ငံမှာ ဘာသာတရား အမျိုးမျိုးရှိတဲ့အနက် ယခင်ဆောင်းပါးများမှာ ကွေကာဝါဒ (Quakerism)နဲ့ ဒေအီဇင် (Deism)ဝါဒ စတဲ့ထူးထူးခြားခြား အယူဝါဒတွေအကြောင်းရေးသားခဲ့ပြီး ဖြစ်ပါတယ်။ ယခု မော်မွန်ဝါဒ (Mormonism) အကြောင်း ပြောပြချင်ပါတယ်။စာရေးသူဟာ ကော်လိုရာဒိုပြည်နယ် ဒင်ဗာမြို့မှ ဝိုင်အိုမင်းပြည်နယ်နဲ့ တောင်ဒါကိုတာပြည်နယ်ကို ခရီးသွားရောက်လည်ပတ်ခဲ့ပါသေးတယ်။ ဝိုင်အိုမင်းပြည်နယ်ရဲ့ အနောက်ဘက်ကပ်လျက် ယူတားပြည်နယ် (Utah State) ရှိပါတယ်။ အဲဒီပြည်နယ်ရှိ ဆော့လိတ်ခ်မြို့ (Salt Lake City)ဟာ မော်မွန်ဝါဒရဲ့ ဗဟိုဌာနချုပ်တည်ရှိရာမြို့ဖြစ်ပါတယ်။ ၎င်းဝါဒဟာ အမေရိကန်မှာ ပေါက်ဖွားတဲ့ ခရစ်ယာန်ကျောင်းတော်သစ် ဝါဒဖြစ်ပြီး ယောက်ျားတစ်ဦးဟာ ကောင်းကင်ဘုံကိုသွားဖို့ မိန်းမအများယူတဲ့စနစ် (Polygamy) ကို ကျင့်သုံးကြတာဖြစ်လို့ အလွန်ထူးခြားတဲ့ ဝါဒဖြစ်နေပါတယ်။ ၁၈၃၀ ခုနှစ်မှာ Joseph Smith ဆိုသူက စတင်တည်ထောင်ခဲ့ကြောင်းလည်း တွေ့ရှိရပါတယ်။ သူ့ရဲ့အဆိုအရ သူတော်စင် မော်ရွန်နီ (Moroni) ဆိုသူဟာ မက်ဆာချူးဆက်မှာ ကွယ်လွန်ပြီးနောက် ၁၈၂၇ ခုနှစ်မှာ နတ်သမီးတစ်ပါးအဖြစ် ပြန်လည်ရောက်ရှိလာပြီး ကျမ်းစာရွှေပြားတွေ တည်ရှိရာနေရာကို သူ့အား ပြောကြားခဲ့ကြောင်းနဲ့ အင်္ဂလိပ်ဘာသာပြန်ဆိုရန် သူ့ကို တာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရပါတယ်။ အဲဒီကျမ်းစာအုပ်ကို Book of Mormon လို့ ခေါ်တွင်ပြီး ဘီစီ ၂၂၀၀ မှ အေဒီ ၄၂၁ အထိ အမေရိကန်မှာ နေထိုင်ကြတဲ့ သူတော်စင်များက ရွှေပြားမှာ ရေးခဲ့တယ်လို့ သိရှိရပါတယ်။ မူလကျမ်းစာအရေးအသားက ရှေးဟောင်းအီဂျစ်စာကို ပြုပြင်ထားတဲ့ အရေးအသားဖြစ်တယ်လို့ ဆိုကြပါတယ်။ Joseph Smith ဟာ မိန်းမ အယောက် ၄၀ အထိ ယူခဲ့ကြောင်းလည်း သိရှိရပါတယ်။ မော်မွန်ဂိုဏ်းရဲ့ ကျောင်းတော်ကို The Church of Jesus Christ of Latter-Day Saints (LDS Church)လို့ ခေါ်ဆိုကြောင်း တွေ့ရှိရပါတယ်။ ယေရှုခရစ်ကိုသာမက နောက်ပိုင်း အမေရိကန်မှာ ပေါ်ပေါက်တဲ့ သူတော်စင်များကိုပါ ယုံကြည်ပြီး ၎င်းတို့ရဲ့ ပညတ်ချက်များကိုပါ လိုက်နာတဲ့ ဂိုဏ်းဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ဂိုဏ်းဝင်တွေဟာ အနည်းဆုံး မိန်းမသုံးဦးယူတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ၁၉၀၄ ခုနှစ်မှာ အမေရိကန် ကွန်ဂရက်ရဲ့ တားမြစ်ချက်များအပြင် ကျောင်းတော်ရဲ့ဥက္ကဋ္ဌဖြစ်သူကပါ လက်မခံတော့ကြောင်း ကြေညာတဲ့အတွက် ဂိုဏ်းကွဲတွေ ပေါ်ထွက်လာပါတယ်။ လက်ရှိ ဘောင်တီဖူးလ် (Bountiful) မြို့ရှိ ရှေးရိုးဝါဒီတွေကတော့ ဘာသာရေးလွတ်လပ်ခွင့်ဆိုပြီး Polygamy ကို လက်ခံဆဲဖြစ်တယ်လို့ သိရှိရပါတယ်။

နောက်ထပ်စိတ်ဝင်စားဖွယ်ကောင်းတဲ့ ဘာသာရေးတစ်ခုအကြောင်း ပြောရန်ကျန်ပါသေးတယ်။ အဲဒါက အာဖရိကဘာသာရေးမှ အမေရိကန်ကို ထိုးဖောက်ဝင်ရောက်လာတဲ့ ဗူးဒူး(voo doo) ယုံကြည်မှုဖြစ်ပါတယ်။ အမေရိကန်တောင်ပိုင်း လူဝီစီးယားနားပြည်နယ် နယူးအော်လင်းမြို့မှာ ယုံကြည်လက်ခံမှု အများဆုံးရှိနေကြောင်း သိရှိရပါတယ်။ ကျမ်းစာမရှိ၊ ထာဝရဘုရားမရှိ၊ ကွန်မြူနစ်နီတီ (ခေါ်) ရပ်ရွာလူ့အဖွဲ့အစည်းကို ဗဟိုပြုတဲ့ယုံကြည်မှုလို့ ဆိုကြပါတယ်။ အထူးသဖြင့် နတ်ဝင်သည်များအပေါ် ယုံကြည်တဲ့ ဘာသာရေး ဖြစ်ကြောင်းလည်း သိရှိရပါတယ်။

**အဲဒီလိုလူမျိုးစုံလင်ပြီး ဘာသာရေးထွေပြားတဲ့ နိုင်ငံကြီးမှာ ဘာသာရေး ပဋိပက္ခမရှိသလောက် ဖြစ်နေတာ ဘာကြောင့်လဲလို့ စူးစမ်းကြည့်မိတဲ့အခါ ဘာသာရေးလွတ်လပ်ခွင့် ရှိသလို အခြေခံဥပဒေ ရေးဆွဲစဉ်ကပင် ဘာသာရေးယုံကြည်မှုနဲ့ နိုင်ငံရေးအကြား အုတ်တံတိုင်းကာရံခြင်း** (Laid the foundation of the 'Wall of Separation' between faith and Politics) **လုပ်ငန်းကို တစ်ပါတည်းပြတ်သားစွာဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း တွေ့ရှိရပါတယ်။** ဒါဟာ အမေရိကန်နိုင်ငံရေးရဲ့ ထူးခြားချက်တစ်ရပ်လို့ ဆိုချင်ပါတယ်။



နောက်ထပ် စာရေးသူလေ့လာမိတဲ့ ထူးခြားချက်တစ်ရပ် ရှိပါသေးတယ်။ စာရေးသူဟာ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၉ ရက်နေ့မှာ တောင်ဒါကိုတာပြည်နယ်ရှိ ကမ္ဘာကျော် 'ရပ်ရှ်မိုးတောင်တန်း အမျိုးသားဥယျာဉ်' (Mount Rushmore National Park) ကို ရောက်ရှိခဲ့ပါတယ်။ အဲဒီမှာ ကျောက်တောင်ထိပ်ဖျားကိုထွင်းပြီး ဂျော့ချ်ဝါရှင်တန်၊ သောမတ်စ်ဂျက်ဖာဆင်၊ သီအိုဒိုရုစဗဲ့နဲ့ အေဘရာဟင်လင်ကွန်း အစရှိတဲ့ သမ္မတကြီးလေးဦးရဲ့ ဦးခေါင်းနဲ့ မျက်နှာကို ပုံတူထုလုပ်ထားတာ အဝေးမှပင် လှမ်းမြင်နိုင်ပြီးအလွန်လက်ရာမြောက်လှပါတယ်။

သူတို့လေးဦးရဲ့ မတူညီတဲ့ နိုင်ငံအကျိုးပြုဂုဏ်ရည်ကို နှောင်းလူတွေစိတ်ထဲမမေ့အောင်စကားလုံးကြီးတွေ များများမသုံးသလို စာကြောင်း တစ်ကြောင်းမျှပင် မသုံးဘဲ တစ်ဦးလျှင် ရိုးရိုးစကားလုံး တစ်လုံးစီ၊ စုစုပေါင်းစကားလုံး လေးလုံးနဲ့ ဖော်ပြမှတ်တမ်းတင်ထားတာကိုလည်း တွေ့ရပါတယ်။ **အဲဒီစကားလုံးတွေက တည်ထောင်ခြင်း (Foundation)၊ ချဲ့ထွင်ခြင်း (Expansion)၊ ဖွံ့ဖြိုးခြင်း (Develpment)နဲ့ ထိန်းသိမ်းခြင်း (Preservation) ပဲ ဖြစ်ပါတယ်။ စကားလုံးတစ်လုံးတိုင်းဟာ တိုင်းပြည်တိုးတက်ရေးအတွက် လှေကားထစ်တစ်ထစ်လို့လည်း ဆိုနိုင်ပါတယ်။** ပထမဦးဆုံး ဂျော့ချ်ဝါရှင်တန်ဟာ နိုင်ငံကို တည်ထောင်ခြင်း (Foundation) ဆိုတဲ့ လှေကားထစ်တွေကို စတင်တည်ဆောက်ခဲ့ပါတယ်။ ဒုတိယအနေနဲ့ သောမတ်စ်ဂျက်ဖာဆင်က နိုင်ငံကို ချဲ့ထွင်ပြီး (Expansion)ဆိုတဲ့ လှေကားထစ်ကိုတည်ဆောက်ပေးခဲ့ပြန်ပါတယ်။ သူ့လက်ထက်မှာ ပြင်သစ်ပိုင် လူဝီစီးနီးယားဒေသ စုစုပေါင်း စတုရန်းမိုင် ၈၂၈,၀၀၀ ကို ဒေါ်လာ ၁၅ သန်းနဲ့ လွှတ်တော်အတည်ပြုချက်ရယူပြီး ဝယ်ယူခဲ့ပါတယ်။ မူလတိုင်းပြည်ဧရိယာကို နှစ်ဆတိုးလာအောင် တရားဝင်ဆောင်ရွက်ပေးခဲ့သူဖြစ်ပါတယ်။ သီအိုဒိုရုစဗဲ့က နိုင်ငံဖွံ့ဖြိုးမှု (Development)ဆိုတဲ့ တတိယလှေကားထစ်ကို ဆက်လက်တည်ဆောက်ခဲ့ပြန်ပါတယ်။ သူ့လက်ထက်မှာ ရှေ့တန်း စက်မှုနိုင်ငံဖြစ်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ အေဘရာဟင်လင်ကွန်းက ပြည်တွင်းစစ်မီးကို ငြိမ်းသတ်ပြီး ကျေးကျွန်စနစ်ကို အပြီးတိုင်ဖျက်သိမ်းကာ နိုင်ငံကို အခွန့်ရှည်တည်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်ခြင်း (Preservation) တည်းဟူသော စတုတ္ထလှေကားထစ်ကို ခင်းပေးခဲ့သူဖြစ်ပါတယ်။ အဲဒီလှေကားထစ် လေးထစ် (သို့မဟုတ်) နိုင်ငံရေး အခြေခံအဆောက်အအုံလေးရပ်ကြောင့် မျက်မှောက်ခေတ် အမေရိကန်နိုင်ငံကြီး အနိုင်အမာ ဖြစ်တည်လာခြင်းပါပဲ။

စာရေးသူတို့နိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်များ ထူထောင်ပေးခဲ့တဲ့ ပထမလှေကားထစ်မှလွဲပြီး ယနေ့အထိ တစ်ထစ်မှ ပိုင်ပိုင်နိုင်နိုင် တိုးမလာနိုင်သေးပါဘူးလို့ ပြောချင်ပါတယ်။အရေးကြီးတဲ့ဖွံ့ဖြိုးရေးလှေကားထစ်ကို ဘယ်လိုခင်းနိုင်မှာလဲလို့ မျှော်လင့်နေစဉ် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများ မငြိမ်းသေးတဲ့အထဲ အစိုးရနဲ့ တပ်မတော် သံသယမီးတောက်လောင်အောင် ရည်ရွယ်ချက်ရှိရှိ မီးမွှေးတဲ့သူတွေနဲ့ ဖွံ့ဖြိုးရေးကို တတ်ယောင်ကားလုပ်သူတွေကြားမှာ 'ပိုလီယိုဖွံ့ဖြိုးရေး' ဖြစ်လာမှာ အထူးစိုးရိမ်မိပါကြောင်း ဖော်ပြရင်း အမေရိကန်ခရီးစဉ် ဆောင်းပါးကို နိဂုံးချုပ်လိုက်ပါတယ်။ ။

**(ဆောင်းပါးရှင် မြင့်မိုရ်ဆွေသည် မြို့ပြရေးရာ၊ ယဉ်ကျေးမှု၊ ခရီးသွား၊ စာပေနှင့်မျက်မှောက်ရေးရာများကို ရေးသားနေသူဖြစ်သည်)**

စာမျက်နှာ ၃၂ မှ

## PARKER ဘောပင်လေး

နာမည်ရပြီးသား ဝတ္ထုရေးဆရာ တစ်ယောက်ယောက်ကို မိတ်ဆက်အမှာ စာရေးခိုင်းပါလားပေါ့။ ကျွန်တော်ကလည်း ကိုယ့်ဘာသာ ထုတ်တာနှင့်စာလျှင် စာဖတ်ပရိသတ်ရင်းနှီးပြီးသား တစ်ယောက်ယောက်က မိတ်ဆက်ပေးလျှင်ပိုကောင်းမည်ဟု ယူဆသဖြင့် သူတို့ပေးသည့်အကြံကို လက်ခံလိုက်သည်။ ကျွန်တော့်မှာ ဝတ္ထုရေးဆရာမိတ်ဆွေတွေ အများကြီးရှိသည်မဟုတ်လား။ ဦးစွာအစ်ကိုတစ်ယောက်လိုခင်သည့် ဝတ္ထုရေးဆရာတစ်ယောက်ကို ဖုန်းဆက်၍ ကျွန်တော့်စာအုပ်မှာ အမှာစာရေးပေးဖို့အကူအညီတောင်းလိုက်သည်။ ရှောရှောရှူရှူပင် ထိုဆရာက "အေး ရေးပေးရတာပေါ့ကွာ။ မင်းစာမူတွေ ဘယ်သူ့ပေးထားလိုက်"ဟု ဆိုပါသည်။

ကျွန်တော်က နယ်မှာနေသူမို့ ရန်ကုန်စာပေလောကအကြောင်း မသိပါ။ တောသားပီပီ လူတစ်ယောက်ကိုခင်လျှင် ရိုးရိုးသားသားပဲ ခင်တတ်ပါသည်။ စာပေသမားများကိုလည်း ကိုယ့်လိုပဲ ရိုးသားသူများဟု အပြည့်အဝယုံကြည်ထားပါသည်။ ထို့ကြောင့် ကျွန်တော့်စာအုပ် အမှာစာကိုလည်း သည်အတိုင်း ရိုးရိုးသားသား ရေးခိုင်းလိုက်ပါသည်။ သို့သော် ကိုယ့်ကိုကူညီသူကို ပြန်လည်ကျေးဇူးတုံ့ပြန်ရမည့် လူ့ကျင့်ဝတ်ကို ကျွန်တော်နားလည်ပါသည်။ ငွေကြေးတစ်စုံတစ်ရာပေးလျှင်လည်း စေတနာဖြင့်ရေးပေးသည့်အမှာစာကို တန်ဖိုးဖြတ်ရာကျမည်ကိုလည်း ကျွန်တော်စိုးပါသည်။ ဤတွင် စင်ကာပူက တပည့်လေး ကန်တော့ခဲ့သည့် PARKER တံဆိပ်ဘောပင်ကလေးက ကျွန်တော့်အတွေးထဲရောက်လာသည်။ ကျွန်တော့်မှာလည်း အဖိုးတန်ပစ္စည်းဆိုလို့ သည်ဘောပင်လေးပဲရှိသည်။ စာပေသမားအချင်းချင်း ဘောပင်လေး လက်ဆောင်ပေးသည်က မြတ်နိုး တန်ဖိုးထားလိမ့်မည်။ သည်အတွေးဖြင့် အမှာစာရလျှင် PARKER ဘောပင်လေးပေးမည်ဟု စိတ်ကူးထားလိုက်သည်။ စင်ကာပူက တပည့်လေးကိုလည်း "တပည့်ရေ ဆရာ့လိုပဲ အဲဒီဆရာကလည်း တပည့်ရဲ့ကန်တော့ပစ္စည်းလေးကို အမြတ်တနိုးသိမ်းထားမှာပါ"ဟု စိတ်ထဲက လှမ်းပြောလိုက်သေး၏။

တကယ်တမ်း သူပြောထားသူထံ ကျွန်တော့်ဝတ္ထုစာမူတွေ သွားပေးသည့်အခါ အမှာစာရေးခ ကျပ်သုံးသောင်း တောင်းဖို့မှာ သွားကြောင်း ပြောပါသည်။ ကျွန်တော် အတော်အံ့သြသွား၏။ လုံးဝထင်မထားသော စကားကိုကြားလိုက်ရသောကြောင့် ဖြစ်သည်။ ကျွန်တော့် သူငယ်ချင်းကတော့ ပြောသည်။ စာပေလောကမှာ အဲဒီအတိုင်းဖြစ်နေပြီတဲ့။ တချို့ဆရာကြီးတွေဆို ကျပ်ငါးသောင်းအထိတောင်းကြောင်းပြောသည်။ စာပေလောကသား အချင်းချင်း။ စီးပွားရေး အကျိုးအမြတ်တွက်ပြီး ထုတ်ကြသည်လည်းမဟုတ်။ ကိုယ့်နှလုံးသွေးနှင့်ရေးထုတ်ထားသည့် ရတနာထုပ်စာတစ်ပုဒ်ကို တစုတစည်းတည်း မြင်ချင်လွန်း၍ အိပ်မက်တွေကို ပျံသန်းခွင့်ပေးခြင်းဖြစ်သည်။ ငွေသုံးသောင်းကို မပေးချင်၍မဟုတ်။ ငွေပေးပြီး ချီးမွမ်းထောမနာပြုရေးမည့် အမှာစာကို မလိုချင်သောကြောင့်ဖြစ်သည်။ အမှာစာကို စာမူတစ်ပုဒ်လို သဘောထား၍ စာမူခတောင်းခြင်းသည် စင်စစ်မသင့်တော်ဟု ထင်သည်။ အဘယ်ကြောင့်ဆိုသော် နာမည်ရပြီးသား စာရေးဆရာကလည်း မည်သူ့ထံကမှ မိတ်ဆက်အမှာစာ တောင်းမည်မဟုတ်ပေ။ အမှာစာရေးခိုင်းသည်မှာ ကျွန်တော်တို့လို နာမည်မရသေးသည့် စာရေးသူများသာ ဖြစ်ပေရာ စာပေသမား အချင်းချင်းကူညီသည့်အနေဖြင့်သာ ရေးပေးသင့်သည်ဟုထင်သည်။

မေတ္တာဖြင့် ကူညီ၍ရလာမည့်အကျိုးအမြတ်က ငွေထက်ပင် တန်ဖိုးရှိသည်။ အကယ်၍ ကျွန်တော်တောင်းသော အမှာစာကို ငွေကြေးဖြင့် တန်ဖိုးမသတ်မှတ်ဘဲ သည်အတိုင်းမေတ္တာဖြင့် သာရေးပေးလိုက်ပါလျှင် ကျွန်တော့်ထံမှ တုံ့ပြန်လာမည့်မေတ္တာလက်ဆောင်မှာ ငွေကျပ်သုံးသောင်းထက်ပင် ပို၍တန်ဖိုးရှိပါသည်။ နောင်လည်း အစဉ်အမြဲ အမှတ်တရရှိနေပါလိမ့်မည်။ ယခုမူ ကျွန်တော်နှင့်သူ့ကြားမှာ ငွေကျပ်သုံးသောင်းကြောင့် အမည်းစက်တို့ စွန်းထင်းသွားခဲ့ချေပြီ။

ငွေသည်လောကမှာ မရှိမဖြစ်လိုအပ်သော်လည်း တစ်ခါတစ်ရံတွင်မူ လူတစ်ဦးနှင့်တစ်ဦးကြားမှာ ရှိထားသည့် ကြည်ညိုခြင်း၊ လေးစားခြင်း၊ ခင်မင်ခြင်းတို့ကို ဖျက်ဆီးပစ်တတ်ပါလားဟု ကျွန်တော် တွေးတောနေမိပါသည်။

မနေ့တစ်နေ့ကမှ ကပ်ထားသည့်ပက်ကင်အလှစက္ကူလေးကို ပြန်ခွာလိုက်တော့ အထဲက မီးခိုးရောင်ဘူးကလေးပေါ်လာ၏။ ဘူးကလေးထဲမှာ ရွှေရောင်ဘောပင်လေးတစ်ချောင်းနှင့်မင်ချောင်းအပိုနှစ်ချောင်းရှိနေကြောင်း စိတ်က အလိုလိုသိနေသည်။ ဘူးကလေးပေါ်မှ PARKER အမှတ်တံဆိပ်နှင့် EST.1888 ဟူသော စာတန်းလေးက ကျွန်တော့်ကိုလှောင်နေသယောင်။

စင်ကာပူရောက် တပည့်လေးသိလျှင်တော့ ဝမ်းသာရှာနေလိမ့်မည်ထင်သည်။ ။

**(ဆောင်းပါးရှင် မင်းသန်းထိုက် (ဒေးဒရဲ)သည် ပညာရေးဆိုင်ရာဆောင်းပါးများနှင့် မျက်မှောက်ရေးရာ ဆောင်းပါးများ ရေးသားနေသူဖြစ်သည်။)**

www.free4readers.com



7DAY NEWS JOURNAL
Vol.17, No.36 · NOVEMBER 14 , 2018

# Cartoon


































www.free4readers.com



# Commodity Watch

7DAY NEWS JOURNAL
Vol.17, No.36 · NOVEMBER 14 , 2018

## ၁၂-၁၁-၂၀၁၈ တွင် ကောက်ယူထားသည်။ လယ်ယာထွက်ကုန်နှင့် သီးနှံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၈,၀၀၀ မှ ၅၆,၀၀၀ |
| ၂ | ဧည့်မထ(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃,၀၀၀ မှ ၂၃,၅၀၀ |
| ၃ | ငစိန်(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃,၀၀၀ မှ ၂၇,၀၀၀ |
| ၄ | မီးဒုံး(ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၄၂,၅၀၀ မှ ၄၄,၀၀၀ |
| ၅ | မိုးသုခ (ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄,၆၀၀ မှ ၂၅,၀၀၀ |
| ၆ | ရွှေဦးသီးထပ် (ဆန်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၄,၆၀၀ မှ ၂၅,၀၀၀ |
| ၇ | ပေါ်ဆန်း (သစ်ရှယ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၆၁,၀၀၀ မှ ၆၃,၀၀၀ |
| ၈ | ဆန်ကြမ်း (သစ်ရှယ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅,၂၀၀ မှ ၂၆,၀၀၀ |
| ၉ | မတ်ပဲ (FAQ/RC) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၉၄၄,၀၀၀ |
| ၁၀ | ပဲတီစိမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁,၄၁၅ မှ ၂,၁၇၀ |
| ၁၁ | ကုလားပဲခြမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁,၈၀၀ မှ ၁,၈၅၀ |
| ၁၂ | ထောပတ် (ပဲ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂,၄၃၀ မှ ၂,၉၆၀ |
| ၁၃ | စွန်တာနီ/ပြာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁,၃၉၀ မှ ၁,၄၃၀ |
| ၁၄ | ပြောင်းဆံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၁၅ မှ ၅၇၅ |
| ၁၅ | ကြက်သွန်နီ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀ မှ ၁,၂၀၀ |
| ၁၆ | ကြက်သွန်ဖြူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၅၀ မှ ၁,၆၀၀ |
| ၁၇ | ငရုတ်ပွစိမ်းစား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၈,၀၀၀ မှ ၁၀,၀၀၀ |
| ၁၈ | ဒီမွှန်ငရုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄,၃၅၀ မှ ၄,၄၀၀ |
| ၁၉ | အာလူး(A1, S1) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၇၀ မှ ၈၂၀ |
| ၂၀ | နှမ်းနက် | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၂၂၀,၀၀၀ မှ ၂၃၀,၀၀၀ |
| ၂၁ | နှမ်းဖြူ | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၉၅,၀၀၀ |
| ၂၂ | ပဲပုတ်(ဗမာ) | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၇၅,၀၀၀ |
| ၂၃ | ပဲပုတ်(ရှမ်း) | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၆၂,၀၀၀ မှ ၇၃,၀၀၀ |
| ၂၄ | သဘော်သီး | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၃၅၀ မှ ၇၀၀ |
| ၂၅ | သခွားမွှေး | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀ မှ ၁,၁၀၀ |
| ၂၆ | ဖီးကြမ်း ငှက်ပျော | တစ်ဖီး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ |

## NOTE BOOK PRICE

| | | |
|---|---|---|
| **Acer** | | |
| Acer Aspire E5-576G | [i7-7500U 2.7 GHz, | 699$ |
| Acer Aspire E5-476G | [i5-8200U 1.6 GHz | 604$ |
| Acer Aspire E5-576G | [i3-8130U 2.2GHz, | 519$ |
| Acer Aspire E5-476 [i3-8130U 2.2GHz, 4GB DDR4 | | 509$ |
| **Dell** | | |
| Dell Inspiron | 5570 [i7-8550U | 919$ |
| Dell Inspiron | 5570 [i7-8550U, | 899$ |
| Dell Inspiron | 7577 [i7-7700HQ, | 1,059$ |
| Dell Vostro | 3568 [i7-7500U | 719$ |
| **Lenovo** | | |
| Lenovo Ideapad 330[i7-8550U, | | 779$ |
| Lenovo Ideapad 330 [i5-8250U, | | 629$ |
| Lenovo Ideapad 330[Celeron N4000, | | 329$ |
| Lenovo Ideapad 320 [i3-6006U, | | 409$ |

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane (92) 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Nov (6) | 1,035 | 1,070 | 965 | 1,075 |
| Nov (7) | 1,035 | 1,070 | 965 | 1,075 |
| Nov (8) | 1,035 | 1,070 | 965 | 1,075 |
| Nov (9) | 1,035 | 1,070 | 965 | 1,075 |
| Nov (10) | 1,035 | 1,070 | 965 | 1,075 |
| Nov (11) | 1,035 | 1,070 | 965 | 1,075 |
| Nov (12) | 1,035 | 1,070 | 965 | 1,075 |

ဈေးနှုန်းအပြောင်းအလဲ အနည်းငယ်ရှိနိုင်ပါသည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung | 55" Smart LED UHD Curved TV | 2,739,000 |
| Samsung | 55" 4K Smart TV | 979,000 |
| SONY | 55" Smart LED UHD Curved TV | 2,590,000 |
| LG | 55" LED UHD 4K Smart TV | 1,329,000 |
| **DVD** | | |
| Samsung | U29-f15(BluRay) | 130,000 |
| AEK | momo EVD | 40,000 |
| Nibban | EVD | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | 2 Door,Digital Inverter | 799,000 |
| Panasonic | 2 Door, 195L Refrigerator | 369,000 |
| Hisense | 1Door, 175L Refrigerator | 214,000 |
| Haier | 1Door,178L Refrigerator | 195,000 |
| **Washing** | | |
| SAMSUNG | Fully Auto, 12kg | 415,000 |
| Panasonic | Fully Auto, 7.5kg | 275,000 |
| **Aircon** | | |
| Samsung | Split 1.5HP, Inverter Air Conditioner 1200W | 455,000 |
| Panasonic | Split 1.5HP, Inverter Air Conditioner | 670,000 |
| MISUBISHI | Split 1.5HP, Inverter Air Conditioner 980W | 865,000 |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာလ(၁၂)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(Alpha) | တစ်အိတ် | ၄,၂၅၀ |
| ဘိလပ်မြေ (Crown) | တစ်အိတ် | ၄,၃၅၀ |
| ဘိလပ်မြေ (ကြံနှစ်ကောင်) | တစ်အိတ် | ၄,၃၅၀ |
| ဘိလပ်မြေ (ဆင်ဗင်) | တစ်အိတ် | ၄,၃၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၀-၁၁၇ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ်(ဂပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၀ |
| နေပြည်တော်စက်အုတ်(၁၀)ပေါက် | တစ်လုံး | ၇၅-၈၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၈,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၆၅၀-၅၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.42mm) | တစ်ပေ | ၉၀၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၅-၃၆၀ |
| ထုံး(ဂပိဿာအိတ်) | တစ်အိတ် | ၁,၄၀၀-၁,၆၀၀ |
| အိမ်ရိုက်သံ (2"-4") | တစ်ပိဿာ | ၁,၅၀၀-၁,၇၀၀ |
| အိမ်ရိုက်သံ (1"½") | တစ်ပိဿာ | ၁,၇၀၀-၁,၈၀၀ |
| အိမ်ရိုက်သံ (1") | တစ်ပိဿာ | ၁,၇၀၀-၁,၈၀၀ |

အထက်ပါဈေးနှုန်းများမှာ နိုဝင်ဘာလ(၁၂)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| | | |
|---|---|---|
| ဆန် (ပေါ်ဆန်းမွှေး) | တစ်ပြည် | ၂,၃၀၀-၃,၀၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၂,၀၀၀-၂,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၁,၆၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၅၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၂,၅၀၀ |
| ဆီ (ပဲဆီစစ်) | တစ်ပိဿာ | ၆,၀၀၀-၇,၀၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀-၃၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၂၀၀-၃,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀ |
| မန်ကျည်းမှည့် (အစေ့လွတ်) | တစ်အိတ် | ၃,၀၀၀ |
| အာလူး | တစ်ပိဿာ | ၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၉၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၉၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၂၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၃,၀၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား (ဗမာ) | တစ်ပိဿာ | ၁၂,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၁၀,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၁၀,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| ဂေါ်ဖီထုပ် | တစ်ထုပ် | ၅၀၀-၈၀၀ |
| ငရုတ်သီး (အပု) | တစ်ပိဿာ | ၇,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၃,၅၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၆,၀၀၀ |
| ငါးဖယ်(အရော) | တစ်ပိဿာ | ၈,၀၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၁၀,၀၀၀-၁၉,၀၀၀ |
| ပုစွန်ဆိတ် | တစ်ပိဿာ | ၅,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၂၀,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၄,၅၀၀-၆,၀၀၀ |

နိုဝင်ဘာလ(၁၂)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Note 9(128GB) | 1,499,000 |
| S9+ (256 GB) | 1,400,000 |
| S9 (64GB) | 1,090,000 |
| Galaxy Note 8 | 1,275,000 |
| Galaxy S8+ | 1,055,000 |
| Galaxy Note FE | 799,000 |
| Galaxy A8(2018) | 615,000 |
| Galaxy A6 + | 560,000 |
| Galaxy J7 + | 495,000 |

### iPhone

| Model | Price |
|---|---|
| iPhone X (64GB) | 1,490,000 |
| iPhone 8 (256GB) | 1,350,000 |
| iPone 7+ (32GB) | 1,000,000 |
| iPhone7 32(All Colour) | 780,000 |
| iPone 6S+ (32GB) | 710,000 |

### Oppo

| Model | Price |
|---|---|
| Oppo F3 Plus | 530,000 |
| Oppo F7 | 389,000 |
| Oppo F5 | 339,000 |
| Oppo F3 | 339,000 |
| Oppo F7 Youth | 319,000 |
| Oppo F5 Youth | 279,000 |

### Xiaomi

| Model | Price |
|---|---|
| Mi8 (6,128) Black | 555,000 |
| Mi8 SE (6,64) Gold | 388,000 |
| Mi 6X (6,128) RED | 349,000 |
| Mi 6X (6,128)Black | 349,000 |
| MiMax 3 (4,64)Gold | 340,000 |
| MiMax 2 (4,128) Gold | 277,000 |
| RedMi 6Pro (4,64) | 230,000 |

www.free4readers.com

Politics 7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018



ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန သစ်ဖွဲ့စည်းမည်ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးဌာန(၂၅)ခုရှိလာမည်ဖြစ်သည်။

နိုင်လင်း

# အာဏာရပါတီ၏တပ်လှန့်သံ

ကြား ဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေအချို့ ဆုံးရှုံးပြီးနောက် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်အာဏာရပါတီကအလျင်အမြန်ဆုံးဖြတ်လိုက်ပြီဖြစ်သည်။ ရွေးကောက်ပွဲအပြီး ရှစ်ရက်အကြာတွင်ပထမဆုံးပြန်လည်ကျင်းပသည့် ဒီချုပ်ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးက ထိုသို့ဆုံးဖြတ်ချက် အချမှတ်ခြင်းဖြစ်သည်။

၂၀၂၀ မတိုင်မီ အကြိုအားစမ်းပွဲဖြစ်သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အောင်ပွဲခံရန် ဒီချုပ်ခေါင်းဆောင်များက ရည်မှန်းချက် ကြီးကြီးထားခဲ့သည်။သို့သော် ၁၃ နေရာတွင် ခုနစ်နေရာသာအနိုင်ရရှိသည့်အပြင် ပိုင်ဆိုင်ပြီးသား ထိုင်ခုံလေးနေရာကိုပါလက်လွှတ်လိုက်ရသဖြင့် မှန်းချက်နှင့် နှမ်းထွက်မကိုက်ခဲ့ပေ။

၂၀၁၅ က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိမ်းကျုံးအနိုင်ယူခဲ့သော ဒီချုပ်သည် အာဏာရအပြီး ကြားဖြတ်နှစ်ကြိမ်တွင်မှ အနိုင်ရရှိမှု ၅၀ ရာခိုင်နှုန်းကျော်သာရှိတော့သည်။ အထူးသဖြင့် ၂၀၁၅ က အနိုင်ရခဲ့သောနေရာအချို့ကို ပြန်လည်စွန့်လွှတ်ရခြင်းက အာဏာရပါတီအတွက် ထင်ရှားသောသတိပေးခေါင်းလောင်းသံများဖြစ်သည်။

ထို့ကြောင့် ၂၀၂၀ တွင် ထပ်မံအောင်ပွဲခံနိုင်ရေး လက်ကျန် ၂ နှစ်အတွင်း အားနည်းချက်များကို ပြုပြင်မည်ဖြစ်ကြောင်း ဒီချုပ်ခေါင်းဆောင်များက ပြောသည်။

“ဝေဖန်တာတွေကို အပြုသဘောအနေနဲ့ ယူဆပြီးတော့ ကျွန်တော်တို့ပြင်မယ်”ဟု လက်ရှိ ပါတီကိုဦးဆောင်နေသူ မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုတိယဥက္ကဋ္ဌ(၁) သမ္မတဦးဝင်းမြင့်တို့ ပါတီတာဝန်မဆောင်ရွက်နိုင်ချိန်တွင် ဒေါက်တာဇော်မြင့်မောင်က လက်ရှိပါတီအတွင်းရာထူးအကြီးဆုံး ဖြစ်သည်။

ပါတီတွင်းအဖွဲ့အစည်းများက ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ အစီရင်ခံစာများတင်သွင်းပြီးနောက် ဒီချုပ်ခေါင်းဆောင်များက အထက်ပါအတိုင်းဆုံးဖြတ်ချက် ချမှတ်ခြင်းဖြစ်သည်။ ပါတီဗဟိုအမျိုးသမီးလုပ်ငန်း အဖွဲ့၊ လူငယ်လုပ်ငန်းအဖွဲ့နှင့်ကြားဖြတ်ရွေးကောက်ပွဲ အောင်နိုင်ရေးကော်မတီတို့က ဗဟိုအလုပ်အမှုဆောင်အဖွဲ့ထံအစီရင်ခံစာများ တင်သွင်းခဲ့သည်။


ဓာတ်ပုံ – ပိုင်စိုးသူ

*ကြားဖြတ်ရွေးကောက်ပွဲအပြီး ပြုလုပ်သော ဒီချုပ် CEC အစည်းအဝေးပြီးနောက် မီဒီယာများအား ဖြေကြားနေသည့် ပါတီဒုဥက္ကဋ္ဌ(၂)ဒေါက်တာဇော်မြင့်မောင်*

“အဓိကကတော့ ကိုယ့်ရဲ့ဖြစ်တည်မှုကို သုံးသပ်တာပါပဲ” ဟု ဗဟိုအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌဒေါက်တာမျိုးညွန့်က အစီရင်ခံစာများနှင့်ပတ်သက်၍ ရှင်းပြသည်။

အစီရင်ခံစာများတွင် ပြည်သူနှင့် ပိုမိုထိတွေ့နိုင်ရေးရပ်ကျေးစည်းရုံးရေးအဖွဲ့များ ယခုထက်ပိုအလုပ်လုပ်ရန်၊ တိုင်းနှင့်ပြည်နယ်အစိုးရများ ပိုမိုကြိုးပမ်းဆောင်ရွက်ရန်စသည့် အချက်များပါဝင်နေသည်။

အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပါတီဝင်များသုံးပွင့်ဆိုင်အားနည်းမှုကြောင့်၂၀၁၈ ကြား ဖြတ်ရွေးကောက်ပွဲတွင် ယခုကဲ့သို့ ရလဒ်ထွက်ပေါ်လာရကြောင်း ဒေါက်တာဇော်မြင့်မောင်ကဝန်ခံသည်။

“ရွေးချယ်ခံကိုယ်စားလှယ်တွေမှာ အားနည်းမှုရှိတယ်၊ စည်းတွေ(ပါတီစည်းရုံးရေးအဖွဲ့များ)မှာ အားနည်းမှုရှိတယ်။ နောက်တစ်ခု ကျွန်တော်တို့အစိုးရမှာလည်း အားနည်းမှုရှိတယ်” ဟု ၎င်းက ပြောသည်။

အားနည်းချက်များကို အသေးစိတ်သိရှိနိုင်ရန် အဖွဲ့ဝင်ငါးဦးပါဝင်သော လေ့လာသုံးသပ်ရေးအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့၏ လေ့လာတွေ့ရှိသုံးသပ်ချက်များအပေါ်အခြေခံ၍ ၂၀၂၀ အတွက် ပြင်ဆင်မည်ဟုဆိုသည်။

လေ့လာသုံးသပ်ရေး အဖွဲ့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်သုံးဦးအပါအဝင် အဖွဲ့ဝင်ငါးဦးဖြင့် ဖွဲ့စည်းထားသည်။ ဒေါက်တာတင်မျိုးဝင်း၊ဒေါ်မေဝင်းမြင့်၊ ဦးအောင်ကြည်ညွန့်၊ ဒေါ်ကြူကြူသန်းနှင့် လူငယ်အဖွဲ့ဝင်တစ်ဦးပါဝင်မည်ဖြစ်သည်။

လူငယ်အဖွဲ့ဝင်ကို ပါတီဗဟိုလူငယ်လုပ်ငန်းအဖွဲ့က ရွေးချယ်မည်ဖြစ်သည်။

ထို့အပြင် ပါတီကိုအောက်ခြေအဆင့်ကစတင်၍ ပြုပြင်ပြောင်းလဲရန်လည်း ပြင်ဆင်ထားသည်။ အောက်ခြေရပ်ကျေးအဆင့်တွင် စည်းရုံးရေးအဖွဲ့ စာရင်းရှိနေသော်လည်း လက်တွေ့တွင် မဖွဲ့စည်းနိုင်ခြင်းကြောင့် တစ်အိမ်တက်ဆင်း မဲဆွယ်စည်းရုံးနိုင်မှု အားနည်းခဲ့ကြောင်း ဒေါက်တာဇော်မြင့်မောင်ကပြောသည်။

အဆိုပါသုံးသပ်ချက်အပေါ် ဒီချုပ်ပါတီဝင် အမျိုးသားလွှတ်တော်အမတ် ဦးရဲထွဋ်ကထောက်ခံသည်။ “ပါတီတစ်ရပ်ရဲ့ အဓိကအသက်က မြို့နယ်ပဲ၊ မြို့နယ်တွေကို အသက်သွင်းဖို့လိုတယ်။ လူမှန်၊ နေရာမှန်ဖြစ်အောင် လုပ်ရမယ်။ လျော့ရိလျော့ရဲဖြစ်နေတာကအများစု။ ရပ်ကျေးဆိုရင် ပြောစရာတောင် မလိုတော့ဘူး” ဟု ၎င်းကဆိုသည်။

ထို့အပြင် ပါတီအောက်ခြေအဆင့်တွင် ဂိုဏ်းဂဏကွဲပြားမှုများလည်းရှိနေပြီး မြို့နယ်ပါတီအချို့လုပ်ငန်းပိုင်းဆိုင်ရာ အားနည်းချက်ကြောင့် ပါတီရန်ပုံငွေပင် မှန်မှန်ထည့်နိုင်ခြင်းမရှိဟု ဦးရဲထွဋ်ကပြောသည်။ ထို့ကြောင့် ပါတီတွင်း ပြန်လည်တည်ဆောက်ရေးဆောင်ရွက်ရန် ကော်မတီတစ်ရပ်ဖွဲ့စည်းကာ သီးခြားတာဝန်ပေးသင့်ကြောင်း ၎င်းက အကြံပြုသည်။

၂၀၁၅ နောက်ပိုင်းတွင် ပြည်နယ်နှင့်တိုင်းများ၌ ပါတီတာဝန်နှင့် အုပ်ချုပ်ရေး၊ဥပဒေပြုရေးတာဝန်များအကြား ရှုပ်ထွေးမှုကြောင့် ပါတီတွင်စနစ်တကျလုပ်ငန်းဆောင်ရွက်မှု အားနည်းကြောင်း ဒီချုပ်ကိုယ်စားလှယ်အချို့က သုံးသပ်သည်။

တိုင်းနှင့်ပြည်နယ်အချို့တွင် ဝန်ကြီးချုပ်(သို့မဟုတ်)လွှတ်တော်ဥက္ကဋ္ဌက ပါတီဥက္ကဋ္ဌအဖြစ်ပူးတွဲတာဝန် ထမ်းဆောင်နေရခြင်း၊ မြို့နယ်အဆင့်တွင် လွှတ်တော်ကိုယ်စားလှယ်က ဥက္ကဋ္ဌဖြစ်ခြင်းစသည်တို့ကြောင့် ပါတီတာဝန်ပိုင်း လစ်ဟင်းမှုများရှိလာသည်ဟုဆိုသည်။

“အမှန်က အာဏာရကတည်းက၊ ၂၀၁၅ ကတည်းက ပါတီကို ပြန်တည်ဆောက်ရမှာ၊ မလုပ်ခဲ့ဘူး။ အဲဒီအကျိုးဆက်တွေကို အခုတွေ့ရတာပေါ့”ဟု ဦးရဲထွဋ်က ဝေဖန်သည်။

ဒီချုပ်သည် ယခုနှစ်အတွင်း နိုင်ငံလုံးဆိုင်ရာ ဒုတိယအကြိမ်လူငယ်ညီလာခံ၊ အမျိုးသမီးညီလာခံ၊ ပါတီညီလာခံတို့ကို ကျင်းပကာ ပါတီဖွဲ့စည်းပုံကိုခိုင်မာစေရန်ဆောင်ရွက်ခဲ့သည်။ ထို့အပြင်ပါတီလုပ်ငန်းများ အသက်ဝင်နေစေရန် ဗဟိုအလုပ်သမားရေးရာအဖွဲ့၊ တောင်သူလယ်သမားရေးရာအဖွဲ့ စသည်တို့ကိုလည်း ပြန်လည်ဖွဲ့စည်းခဲ့သည်။

သို့သော် ဖွဲ့စည်းပုံမပြည့်မီခြင်းနှင့် တာဝန်မကျေပွန်မှုများရှိနေသဖြင့် ပါတီပြန်လည် တည်ဆောက်ရေး ဆောင်ရွက်ရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က ရှင်းပြသည်။ ပါတီကမူဝါဒနှင့် စည်းကမ်းများအတိုင်း ဆောင်ရွက်နိုင်မှုရှိ၊မရှိ စောင့်ကြည့်အကဲဖြတ်မည်ဟု ဆိုသည်။

“အလုပ်ကောင်းကောင်း မလုပ်တဲ့သူတွေ၊ စည်းကမ်းဖောက်ဖျက်တဲ့သူတွေကို အလုပ်ပိုလုပ်မယ့်သူတွေနဲ့ အစားထိုးမယ်။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို အကဲဖြတ်ပြီးတော့ အလုပ်အမှုဆောင်အဆင့်ဆင့်က အကဲဖြတ်ကြီးကြပ်ပြီးလုပ်သွားမယ်ဆိုရင် ၂၀၂၀ အတွက် အဆင်သင့်ဖြစ်ပါလိမ့်မယ်”ဟု ၎င်းကပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကိုမူ အဂတိလိုက်စားမှုနှင့် လူမှုရေးဖောက်ပြန်မှုကဲ့သို့သော ကြီးလေးသည့်ဖြစ်ချက်များမရှိပါက အပြောင်းအလဲလုပ်မည်မဟုတ်ဟု ဒေါက်တာမျိုးညွန့်က ပြောသည်။

လက်ရှိ တိုင်းနှင့်ပြည်နယ်ဝန်ကြီးချုပ်အချို့အပေါ် ဝေဖန်မှုများရှိနေသော်လည်း သက်တမ်းတစ်ဝက်ကျိုးချိန်တွင် လူစားထိုးမည်ဆိုပါက အခက်တွေ့နိုင်ကြောင်း ဒီချုပ်ခေါင်းဆောင်များက သုံးသပ်ထားသည်။

“နောင်လာတဲ့ ပုဂ္ဂိုလ်ကအလုပ်သစ်နဲ့ အသားကျအောင်လုပ်ရင်းနဲ့ပဲ တာဝန်ယူတဲ့ကာလကုန်သွားမှာစိုးရတယ်။ ပြစ်ချက်ကြီးကြီးမားမားမရှိရင်တော့ ကျွန်တော်တို့ဖြစ်နိုင်သရွေ့ ဒီကာလအတွင်းမှာ ဆက်သုံးသွားမှာပါ” ဟု ဒေါက်တာမျိုးညွန့်က ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲရှုံးနိမ့်မှုကြောင့် ပါတီတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခြင်းအပေါ်ကြိုဆိုသော်လည်း အာဏာရပါတီတစ်ရပ်အနေဖြင့် ကြိုတင်ပြင်ဆင်မှု အားနည်းခြင်းမဖြစ်သင့်ဟု နိုင်ငံရေးလေ့လာသူ ဦးသီဟသွေးကပြောသည်။

“နောက်တောင်ကျနေပြီ။ အစိုးရရဲ့ စွမ်းဆောင်ချက်နဲ့လွှတ်တော်ရဲ့ စွမ်းဆောင်ချက်အပေါ် လူထုက အားမရတာတွေအများကြီးရှိတယ်။ အဲဒါတွေသိအောင် ဖော်ထုတ်ဖို့လိုတယ်”ဟု ၎င်းကမှတ်ချက်ပြုသည်။ အားနည်းချက်များကို ပါတီတွင်းအဆုံးအဖြတ်ပေးနိုင်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများထံ အမှန်အတိုင်းတင်ပြနိုင်မှသာ ပြန်လည်ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း ပြောသည်။

သို့သော် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လူထုအသံနားထောင်မှု အားနည်းခဲ့၍ ရွေးကောက်ပွဲရှုံးနိမ့်ရခြင်းဖြစ်ကြောင်း ဒေါက်တာဇော်မြင့်မောင်က ပြောကြားထားသည်။ သို့ဖြစ်ရာ ၂၀၂၀ တွင် ရလဒ်ကောင်းရယူနိုင်ရန် ဒီချုပ်အစိုးရအနေဖြင့် လူထုအသံကို ပိုမိုနားထောင်ရန် လိုအပ်သည်။

ထို့အပြင် ကြားဖြတ်ရွေးကောက်ပွဲရလဒ်သည် တိုင်းနှင့်ပြည်နယ် အစိုးရအဖွဲ့များသာမက ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်နှင့်လည်း သက်ဆိုင်ကြောင်းနိုင်ငံရေး လေ့လာသူများကပြောသည်။ အထူးသဖြင့် လက်ကျန်သက်တမ်း ၂ နှစ်အတွင်း စီးပွားရေးအပေါ်င်းလက္ခဏာမပြပါက ၂၀၂၀ တွင် ဒီချုပ်အခက်တွေ့ဖွယ်ရှိနေသည်။

“တကယ်တမ်းကတော့ အစိုးရမှာ အများကြီးတာဝန်ရှိတယ်။ အစိုးရရဲ့စွမ်းဆောင်ချက်တွေကိုသာ ပြည်သူကကျေနပ်နေရင် ရွေးကောက်ပွဲသာသာလေးနိုင်တယ်” ဦးသီဟသွေးက ဆိုသည်။







www.free4readers.com

www.free4readers.com

Environment

7DAY NEWS JOURNAL

Vol.17, No.36 • NOVEMBER 14 , 2018

# ကယ်တင်ရန် လိုအပ်လာသည့် ချင်းပြည်နယ်၏ သင်္ကေတငှက်များ

■ နိုင်နိုင်စိုး

ချင်း တောင်တန်းဒေသများတွင် ယခင်ကာလများက ပေါများစွာတွေ့ရှိရသည့် ချင်းပြည်နယ်၏သင်္ကေတ အောက်ချင်းငှက်၊ အောင်လောင်ငှက်များမှာ လက်ရှိတွင် အလွယ်တကူ တွေ့မြင်ရန် ခက်ခဲနေပြီဖြစ်သည်။

ယခင်က ချင်းတောင်တန်းဒေသများ၊ တောင်ထိပ်များတွင် ကောင်ရေအများအပြားဖြင့် အုပ်စုဖွဲ့ နေထိုင်ကျက်စားမှုများ ရှိသော်လည်း ယခုအခါ မရှိသလောက်ရှားပါးနေပြီး မျိုးပြုန်းတီးမှုအန္တရာယ်နှင့် ကြုံတွေ့လုနီးအဆင့်သို့ပင် ကျရောက်နေပြီဖြစ်သည်။

"အရင်တုန်းက ပေါပေါများများရှိပေမယ့် အခုက မသိနားမလည်ဘဲ ပစ်ခတ်တော့ မျိုးပြုန်းမတတ်ဖြစ်နေတယ်။ အရင်ရှိဖူးတဲ့နေရာတွေမှာ မရှိတော့ဘူး" ဟု မင်းတပ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတိတ်ထန်းက ပြောသည်။

အဓိကအားဖြင့် ရိုးရာခလေ့ပွဲတော်များတွင် အလှဆင်ပစ္စည်းအဖြစ် အသုံးပြုခြင်း၊ စားသုံးရန်နှင့် ရောင်းဝယ်ဖောက်ကားရန် ဖမ်းဆီးသတ်ဖြတ်ခြင်းတို့ကြောင့် ရှားပါးပျောက်ကွယ်သည့် အခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အောက်ချင်းမျိုးရင်းဝင် မျိုးစိတ် ၁၀ မျိုးရှိပြီးချင်းလူမျိုးတို့၏အထိမ်းအမှတ်ငှက်ဖြစ်သော အောင်လောင်/အောက်ချင်း (Great Hornbill)၊ အောက်ချင်းငှက် (Oriental Pied Hornbill)တို့ကို မြန်မာအမည်ခေါ်ရာတွင် ရောထွေးမှုရှိနေသည်။

မြန်မာတစ်နိုင်ငံလုံးတွင် Oriental Pied Hornbill ကို အောက်ချင်းငှက်ဟု နာမည်တစ်မျိုးတည်း ခေါ်ဆိုပြီး Great Hornbill ကိုမူ ချင်းပြည်နယ်နှင့် နေရာအချို့တွင် အောက်ချင်းငှက်ဟု ခေါ်ဆိုပြီး အခြားနေရာများတွင် အောင်လောင်ငှက်ဟု ခေါ်ဆိုသည်။




*အောက်ချင်းငှက်/အောင်လောင်ငှက် (Great Hornbill) နှစ်ကောင်ကို တွေ့ရစဉ်*

ဓာတ်ပုံ – WCS

အောက်ချင်း/အောင်လောင် (Great Hornbill) သည် ငှက်ကြီးမျိုးဖြစ်ပြီး ကိုယ်အလျား လက်မ ၅၀ ခန့်ရှိကာ ဝါဖန့်ဖန့်လည်တိုင်နှင့် နှုတ်သီးအမောက်မှာ လှပ၍ကြီးမားသည်။ အောက်ချင်းငှက် (Oriental Pied Hornbill)က သေးငယ်ပြီး ကိုယ်အလျား ၂၇ လက်မရှိကာ နှုတ်သီးနှင့် နှုတ်သီးအမောက်မှာ အနက်ရောင်နှင့် ဝါဖန့်ဖန့်အရောင်ရှိသည်။

ကြီးမားသည့် ကိုယ်ခန္ဓာ၊ လှပသည့် နှုတ်သီးအမောက်နှင့် ဦးခေါင်းရှိသဖြင့် ဒေသခံများနှင့် တောလိုက်မုဆိုးတို့၏ မျက်စိကျစရာဖြစ်လာပြီး ဖမ်းဆီးသတ်ဖြတ်ခံရတော့သည်။

"အောက်ချင်းငှက်တွေ အသတ်ခံရတာက အကောင်ကြီးတဲ့ သတ္တဝါဆိုတော့ အထူးသဖြင့် စားဖို့ပစ်ကြတာ။ တောင်ပံကလှတော့ ပွဲလမ်းသဘင်တွေမှာ တောင်ပံကို အလှဆင်အဖြစ် အသုံးပြုကြတယ်လေ"ဟု ဦးတိတ်ထန်းက ပြောသည်။

အောက်ချင်း/အောင်လောင်ငှက်များ ရှားပါးလာသည့်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)တို့ ပူးပေါင်း၍ ချင်းပြည်နယ်အတွင်း ယင်းငှက်ကျက်စားမှုအခြေအနေကို ၂၀၁၇ မတ်လတွင် သုတေသနပြုလေ့လာခဲ့သည်။

သုတေသနပြု လေ့လာမှုများအရ ချင်းပြည်နယ်ရှိ ခုနစ်မြို့နယ်တွင် အောက်ချင်း/အောင်လောင်( Great Hornbill)များ ရှင်သန်ကျက်စားသည်ကို တွေ့ရှိခဲ့ရသည်။

ယင်းအနက် ဟားခါးတွင် နှစ်ကောင်၊ တီးတိန်တွင် နှစ်ကောင်၊ တွန်းဇံတွင် လေးကောင်၊ ကန်ပက်လက်တွင် ကိုးကောင်၊ မင်းတပ်တွင် နှစ်ကောင်၊ မတူပီတွင် ၂၈ ကောင်နှင့် ပလက်ဝတွင် ၁၇ ကောင် တွေ့ရှိခဲ့သည်ဟု ဆိုသည်။

လေ့လာချက်များအရ ယင်းငှက်မျိုးစိတ်များ၏အသားကို စားရန်၊ ဦးခေါင်းခွံကို အလှထားရန်၊ အမြီး၊ အမွေးတောင်တို့ကို ရိုးရာဝတ်စုံများတွင် အလှဆင်ရန် နည်းမျိုးစုံဖြင့် သတ်ဖြတ်နေကြပြီး ယင်းကြောင့်ပင် အောက်ချင်း/အောင်လောင်ငှက်များ ဆက်လက် အသက်ရှင်နေထိုင်ရန် အဓိက ခြိမ်းခြောက်မှုကြီးတစ်ခု ဖြစ်နေသည်။

ချင်းတိုင်းရင်းသားများ၏ ရိုးရာပွဲတော်များတွင် အမြီး၊ အတောင်တို့ကို ခေါင်းတွင် အဆင်တန်ဆာအဖြစ် အလှဆင်အသုံးပြုခြင်း၊ နေအိမ်အချို့တွင် အစိတ်အပိုင်းများကို အိမ်တွင် ချိတ်ဆွဲအသုံးပြုခြင်းတို့ကြောင့်လည်းရှားပါးလာခြင်းဖြစ်သည်ဟု သားငှက်ထိန်းသိမ်းရေးအသင်းမှ ငှက်ပညာရှင် ဦးသက်ဇော်နိုင်ကပြောသည်။

"ဒေသခံတွေကို မေးမြန်းချက်အရတော့ တော်တော်ကို ရှားနေပြီ"ဟု ဦးသက်ဇော်နိုင်က ပြောသည်။

ရိုးရာခလေ့အရ အမွေးအတောင်များကို အဆင်တန်ဆာအဖြစ် အသုံးပြုဆင်ယင်သော်လည်း ယင်းငှက်များမှာ ဥပဒေဖြင့် ထိန်းသိမ်းကာကွယ်ထားခြင်းကြောင့် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အစိတ်အပိုင်းများကို မည်သည့်နည်းနှင့်မျှ အသုံးပြုခွင့်မရှိပေ။ အသုံးပြုလိုပါက သစ်တောဦးစီးဌာနတွင် မွေးမြူခွင့်မှတ်ပုံတင်၍ တတိယမြောက် မျိုးဆက်ကိုသာ ရောင်းချခွင့်၊ အစိတ်အပိုင်းများ အသုံးပြုခွင့်ရှိသည်ဟု ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

အောက်ချင်း/အောင်လောင် (Great Hornbill) များသည် ချင်းပြည်နယ် တောင်ပိုင်းတွင် ၂၁ နေရာ၊ မြောက်ပိုင်းတွင် ငါးနေရာ ပျံ့နှံ့ကျက်စားသည်ကို တွေ့ရှိရပြီး မြောက်ပိုင်းတွင် အလွန်ရှားပါးနေသည်ကို တွေ့ရသည်။ ယင်းအတွက် ချင်းပြည်နယ်မြောက်ပိုင်းတွင် ကျန်ရှိနေသေးသည့် အောက်ချင်း/အောင်လောင်များ မျိုးသုဉ်းမပျောက်ကွယ်စေရေး ထိန်းသိမ်းရေးလုပ်ငန်းများကို တောင်ပိုင်းထက် ပိုလုပ်သင့်သည်ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့က အကြံပြုထားသည်။

ရွှေ့ပြောင်း တောင်ယာများ ခုတ်ခြင်း၊ သစ်ထုတ်ခြင်း၊ တောမီးလောင်ခြင်းတို့ကြောင့် အဆိုပါ ငှက်များ နေထိုင်ကျက်စားရာ နေရာများ ဆုံးရှုံးခြင်းကလည်း ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်။

"သူတို့က အကောင်က အကြီးကြီးတွေဆိုတော့ အသိုက်ဆောက်တဲ့ နေရာမှာလည်း သစ်ခေါင်းအကျယ်ကြီးရှိတဲ့ သစ်ပင်အကြီးကြီးတွေမှာ ဆောက်တယ်။ အခုက တောထဲမှာ အပင်ကြီးတွေကလည်းရှားလာတာကြောင့် လည်းပါတယ်"ဟု ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (BANCA) မှ သုတေသနနှင့် ထိန်းသိမ်းရေး ဒါရိုက်တာ ဒေါက်တာသီရိဒေဝီအောင်က ပြောသည်။

ထို့အပြင် အောက်ချင်း/အောင်လောင်ငှက်များ၏ နှုတ်သီးအမောက်နှင့် ဦးခေါင်းမှာ ကြီးမားလှပသဖြင့် ယင်းတို့ကို ကုန်သွယ်သည့် ဈေးကွက်ကလည်း ရှိနေရာ သတ်ဖြတ်မှုများပြားလာခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောသည်။

ချင်းတောင်တန်းများနှင့် ထိစပ်ရာ မကွေးတိုင်းဒေသကြီး ငဖဲ၊ မင်းတုန်း၊ မင်းလှနှင့် စေတုတ္တရာ မြို့နယ်များတွင်လည်း အောက်ချင်း/ အောင်လောင်ငှက်များကို တရားမဝင် ဖမ်းဆီးသတ်ဖြတ်မှုများ ရှိနေသည်ဟု ငဖဲဒေသခံ ကိုရန်အောင်ထွန်းကပြောသည်။

ယင်းဒေသများတွင် အောက်ချင်း/အောင်လောင်ငှက်များ ဈေးကွက်တစ်ခုဖြစ်နေရာ အမွေးအတောင်နှင့် ဦးခေါင်းခွံများအရောင်းအဝယ်ရှိခြင်းကြောင့် ကျေးရွာများတွင် အောက်ချင်းငှက်များ မဖမ်းဆီးရေး ပညာပေးနေပြီး တောလိုက်မုဆိုးများကိုလည်း အောက်ချင်းငှက်များ မဖမ်းဆီးရန် မေတ္တာရပ်ခံလျက်ရှိသည်ဟု ၎င်းကဆိုသည်။

"ပြီးခဲ့တဲ့ ၂ နှစ်လောက်က စပြီး တော်တော်အသတ်ခံရတယ်။ စားဖို့အသတ်ခံရတာကနေ နောက်ပိုင်းမှာ ဈေးကွက်ရှိလာတော့ သတ်ဖြတ်လာကြတယ်။ ဒီငှက်ကိုသတ်ဖြတ်ရင် ဥပဒေအရ ဘယ်လိုအရေးယူမှုတွေ လုပ်တယ်ဆိုတာ တောင်ပေါ်ရွာတွေကို ပညာပေးတာတွေလုပ်တယ်" ဟု ကိုရန်အောင်ထွန်းက ပြောသည်။

ယင်းအတွက်ပင် အောက်ချင်းငှက်/ အောင်လောင်ငှက် ကျက်စားရာ နေရာဒေသများကို ထိန်းသိမ်းရေး အဖွဲ့အစည်းများနှင့် ပြည်နယ်အစိုးရက ထိန်းသိမ်းမှုအစီအစဉ်များ ပြုလုပ်နေရပြီဖြစ်သည်။

ချင်းပြည်နယ်တွင် အောက်ချင်း/အောင်လောင်ငှက် ကျန်ရှိရာ မြို့နယ်၊ ကျေးရွာများတွင် အောက်ချင်းငှက်ကို မဖမ်းဆီးရန်၊ ပစ်ခတ်ခြင်းမပြုရန် ပညာပေးနှိုးဆော်ထားပြီး ဖမ်းဆီးပစ်ခတ်ပါက အရေးယူမည်ဖြစ်ကြောင်း ထုတ်ပြန်ထားကာ ပညာပေးမှုများ လုပ်ဆောင်နေသည်ဟု ဦးတိတ်ထန်းကပြောသည်။

မြန်မာနိုင်ငံတွင်ငှက်မျိုးစိတ်အရေအတွက် ၁,၁၁၆ မျိုးရှိ၍ ကမ္ဘာပေါ်၌ရှိသည့် ငှက်မျိုးစိတ်များ၏ ဆယ်ပုံတစ်ပုံမှာ မြန်မာနိုင်ငံတွင် လာရောက်ကျက်စားသည်ဟု ကောက်ချက်ချနိုင်သော်လည်း အယူအဆ၊ ရိုးရာခလေ့နှင့် ယုံကြည်မှုအလွဲများကြောင့် သဘာဝအတိုင်း နေထိုင်ကျက်စားသည့် ငှက်များသတ်ဖြတ်ခံရခြင်း၊ ဖမ်းဆီးခံရခြင်းတို့ကြောင့် တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်နှင့် ကြုံတွေ့လျက်ရှိသည်။

ချစ်ခြင်းသင်္ကေတ အောက်ချင်း/ အောင်လောင်ငှက်များသည်လည်း ချင်းပြည်နယ်၏ အထိမ်းအမှတ်ငှက်များအဖြစ် သတ်မှတ်ထားရာ အကြောင်းအမျိုးမျိုးဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်းကြောင့် မျိုးသုဉ်း ပျောက်ကွယ်သွားပါက တစ်မျိုးသားလုံးအတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ခု ဖြစ်လာမည်မှာ ကေန်မလွဲပင်။

"အောက်ချင်းငှက်က ပြည်နယ် အထိမ်းအမှတ်ငှက်ဆိုပြီး တန်ဖိုးထားကြတာ၊ ထိန်းသိမ်းမှုနည်းတော့ ရှားပါးလာတာ ဝမ်းနည်းစရာ ကောင်းပါတယ်။ ရေရှည်မပျောက်ပျက်အောင် ထိန်းသိမ်းဖို့ လုပ်ဆောင်သင့်ပါပြီ" ဟု ဦးတိတ်ထန်းကပြောသည်။ ။

www.free4readers.com


# Tourism

7DAY NEWS JOURNAL

Vol.17, No.36 • NOVEMBER 14 , 2018


## ရွှေသောင်ယံကမ်းခြေသည် ဧရာဝတီတိုင်း၏ အဓိကခရီးစဉ်တစ်ခုဖြစ်လာမည်ဟုဆို

**မြင့်ကျော်လှိုင်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၀**

ချောင်းသာကမ်းခြေမှ ကားဖြင့် ၄၅ မိနစ်ခန့်သာ သွားရသည့် ရွှေသောင်ယံကမ်းခြေသည် ဧရာဝတီတိုင်း၏ အဓိကကမ်းခြေခရီးစဉ်တစ်ခုဖြစ်လာမည်ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဧရာဝတီတိုင်းတာဝန်ခံ ဦးဇော်လင်းထွန်းက ပြောကြားသည်။



ရွှေသောင်ယံကမ်းခြေတစ်နေရာကို တွေ့ရစဉ်　　ဓာတ်ပုံ – Hotel Shwe Thaung Yan

အဆိုပါကမ်းခြေသည် လှပပြီး သန့်ရှင်းသည့် ကမ်းခြေဖြစ်ပြီး ယခင်က လမ်းပန်းဆက်သွယ်ရေးကြောင့်သာ သွားလာသူနည်းပါးခဲ့သည်ဟု ၎င်းက ပြောကြားသည်။

"အရင်က သစ်သားဇက်နဲ့ ကူးနေရတာ။ ကားတစ်စီး၊ ဆိုင်ကယ်သုံးစီးလောက်ပဲ သယ်နိုင်တယ်"ဟု ဦးဇော်လင်းထွန်းက ပြောသည်။ အောက်တိုဘာ ၂၈ ရက်တွင် ချောင်းသာနှင့် ရွှေသောင်ယံကမ်းခြေအကြား မကျီးချောင်းတံတား ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါကမ်းခြေသည် အရှည်သုံးမိုင်ခွဲခန့်ရှိသည်။

လက်ရှိတွင် အဆိုပါကမ်းခြေ၌ ဟိုတယ်တစ်လုံး စတင်ဖွင့်လှစ်ထားပြီးဟိုတယ်တစ်လုံးထပ်မံတည်ဆောက်ရန် တိုင်းဒေသကြီးအစိုးရထံ တင်ပြထားသည်။ ရွှေသောင်ယံကမ်းခြေတွင် တည်ဆောက်မည့် ဟိုတယ်များသည် အခြားကမ်းခြေများနှင့် မတူဘဲ အိုးအိမ်ဌာန၏ မြို့ပြစီမံကိန်းအတိုင်းသာ ခွင့်ပြုမည်ဟု ဦးဇော်လင်းထွန်းက ပြောသည်။

"ချောင်းသာလိုမျိုး ကမ်းခြေတွေမှာ ဟိုတယ်တွေက လမ်းအတွင်းပိုင်း ကမ်းခြေကို ကပ်ပြီး ဆောက်ကြတယ်။ ဟိုးအရင်က တည်းကဆိုတော့ ဘာမှလုပ်လို့မရဘူး။ ရွှေသောင်ယံက ဟိုတယ်တွေက ကမ်းခြေဘက်မှာမရှိဘူး။ လမ်းအပြင်ဘက်မှာပဲ ခွင့်ပြုမယ်"ဟု ၎င်းကပြောသည်။

ရွှေသောင်ယံကို ခရီးစဉ်တစ်ခုအနေဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ခြင်းမရှိကြောင်း၊ ဒေသသစ်တစ်ခုသည် လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံစိတ်ချရမှု ရှိလာသည့်အခါ ခရီးစဉ်များ အလိုလိုပေါ်ပေါက်လာမည်ဖြစ်ကြောင်း A.M စတားခရီးသွားကုမ္ပဏီ ဒါရိုက်တာ မဖြူဖွေးသန့်က ပြောကြားသည်။

လက်ရှိတွင် ရွှေသောင်ယံကမ်းခြေဒေသ၌ စီးပွားရေးလုပ်ငန်းရှင်များက မြေယာရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေပြီဖြစ်၍ မကြာမီ ကမ်းခြေခရီးစဉ်အသစ်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်လာမည်ဟု ဦးဇော်လင်းထွန်းက ပြောသည်။

## မန္တလေး–ရှန်ယန်းလေကြောင်းခရီးစဉ် ဒီဇင်ဘာတွင် စတင်ပြေးဆွဲမည်

**နိုင်လင်းအောင်**

**မန္တလေး၊ နိုဝင်ဘာ-၁၁**

တရုတ် စီချွမ်းလေကြောင်းလိုင်းသည် မန္တလေး –ရှန်ယန်း (Xiang Yang) ခရီးစဉ်ကို ယခုနှစ် ဒီဇင်ဘာ ပထမအပတ်အတွင်း တိုးချဲ့ပြေးဆွဲမည်ဖြစ်ကြောင်း မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံခန့်ခွဲရေးဝန်ဆောင်မှု ကုမ္ပဏီ MC Jalux Airport Services အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းက ပြောသည်။

"စီချွမ်းလေကြောင်းလိုင်းရဲ့ ဒုတိယမြောက် ခရီးစဉ်အသစ်အနေနဲ့ မန္တလေးနဲ့ ရှန်ယန်းကို တိုးချဲ့ပြေးဆွဲသွားမှာပါ"ဟု ၎င်းကပြောသည်။

စီချွမ်းလေကြောင်းလိုင်းသည် လက်ရှိတွင် မန္တလေးနှင့် တရုတ်နိုင်ငံ ကူမင်းမြို့သို့ ခရီးစဉ်များ ပုံမှန်ပြေးဆွဲနေပြီး ယခုနှစ်ဒီဇင်ဘာကစ၍ တရုတ်နိုင်ငံသားများ မြန်မာနိုင်ငံသို့ လာရောက်မှု ပိုမိုတိုးမြှင့်နိုင်ရန် မန္တလေး–ရှန်ယန်း ခရီးစဉ်ကို တစ်ပတ်လျှင် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေတို့၌ လေးရက်ပျံသန်းမည်ဖြစ်ကြောင်း၎င်းကပြောကြားသည်။

"ဒီနှစ်အတွင်းမှာပဲ တရုတ်လေကြောင်းလိုင်းတွေ တိုးချဲ့ပျံသန်းမှု အများဆုံးပြုလုပ်လာခဲ့တာ ဖြစ်ပါတယ်။ လေကြောင်းလိုင်းအသစ်တွေ တိုးချဲ့ပျံသန်းလာသလို လက်ရှိပျံသန်းနေတဲ့ လေကြောင်းလိုင်းတွေကလည်း ခရီးစဉ်အသစ်တစ်ခုကို ထပ်ပြီး တိုးချဲ့ပျံသန်းလာခဲ့တာ တွေ့ရပါတယ်"ဟု ဦးကျော်ဆန်းကပြောသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်တွင်းခရီးစဉ် ၁၂ ခုနှင့် နိုင်ငံတကာ ခရီးစဉ်ရှစ်ခု တိုက်ရိုက်ပျံသန်းနေကြောင်း ၎င်းကပြောသည်။






## မန္တလေးတိုင်းရှိ ယဉ်ကျေးမှုနယ်မြေလေးခုကိုပေါင်း၍ ခရီးစဉ်တစ်ခုအဖြစ် ဖော်ဆောင်ရန် စီစဉ်နေဟုဆို

**နိုင်လင်းအောင်**

**မန္တလေး၊ နိုဝင်ဘာ- ၁၁**

မန္တလေးတိုင်းရှိ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေလေးခုကို Package Tour တစ်ခုအဖြစ် နိုင်ငံခြားခရီးသွားများ သွားရောက်လည်ပတ်နိုင်ရေး ဆောင်ရွက်နေကြောင်း မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

နိုဝင်ဘာ ၉ ရက်က ကျင်းပသည့် မန္တလေးစီးပွားရေးဖိုရမ်နှင့် ပြပွဲအခမ်းအနား၌ ခရီးသွားကဏ္ဍအတွက် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များကို ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရာတွင် မန္တလေး၊ ပုဂံ၊ အင်းဝနှင့် အမရပူရကို Package Tour အဖြစ် ဖော်ဆောင်ရန် စီစဉ်နေကြောင်းဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသည်။

"မန္တလေးတိုင်းအတွင်းမှာတည်ရှိနေတဲ့ ရှေးဟောင်းမြို့တော်တွေဟာ ခရီးသွားလာရေးအတွက် အခွင့်အလမ်းကောင်းတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုမြို့တွေကို သွားရောက်ချင်တယ်ဆိုရင် Package Tour တစ်ခုဖြစ်ဖို့ ကျွန်တော်တို့ ကြိုးစားနေပါတယ်"ဟု ဒေါက်တာဇော်မြင့်မောင်ကပြောသည်။

ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် နိုင်ငံခြားသား ဧည့်သည်များသည် ခရီးစဉ်အသစ်တစ်ခုအနေဖြင့်သွားရောက်လည်ပတ်နိုင်မည်ဖြစ်ပြီး ဝက်ဘ်ဆိုက်ကောင်းကောင်းဖြင့် ဒစ်ဂျစ်တယ်ဈေးကွက် မြှင့်တင်နိုင်မည်ဆိုပါက နာမည်ရလာမည့် ခရီးစဉ်တစ်ခုဖြစ်နိုင်ကြောင်း Nature Dream ခရီးသွားလုပ်ငန်း မန်နေဂျင်းဒါရိုက်တာ ဒေါ်စံပယ်အောင်က ပြောသည်။

"မန္တလေးရယ်၊ အင်းဝရယ်၊ အမရပူရရယ်က နှစ်ရက်၊ ပုဂံက နှစ်ရက်လောက်နဲ့ သုံးညအိပ်လေးရက်ခရီးစဉ်မျိုးကို မန်းတိုင်းဌာနီ ရှေးဟောင်းမြို့တော်များဆီဆိုတဲ့ ခေါင်းစဉ်မျိုးလေးနဲ့ လုပ်မယ်ဆိုရင် ကောင်းပါတယ်။ အဲဒီလို ထူးခြားတဲ့ ခရီးသွားမြှင့်တင်ရေးတွေ လုပ်သင့်ပါတယ်။ ဒါကို ကြိုဆိုရမှာ ဖြစ်ပါတယ်"ဟု ဒေါ်စံပယ်အောင်ကပြောသည်။

www.free4readers.com





Leader's Profile

# ပါကစ္စတန်ဝန်ကြီးချုပ် အီမရန်ခန်

ရဲမင်း

အီမရန်အာမက်ခန် နာယာဇီ သည် ပါကစ္စတန်နိုင်ငံရေးသမားနှင့် ခရစ်ကက်အားကစားသမားဟောင်းဖြစ်ကာ ပါကစ္စတန်နိုင်ငံ၏ ၂၂ ဦးမြောက်ဝန်ကြီးချုပ်ဖြစ်သည်။ ၎င်းသည် ပါကစ္စတန် တရားမျှတမှုအတွက် ပါကစ္စတန် လှုပ်ရှားမှု ပါတီ (PTI) ပါတီ၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

အီမရန်ခန်သည် ပါကစ္စတန် အမျိုးသားလွှတ်တော်တွင်အမတ်အဖြစ် ၂၀၀၂ မှ ၂၀၀၇၊ ၂၀၁၃ မှ ၂၀၁၈ အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ နိုင်ငံရေးလောကသို့ မဝင်မီ အီမရန်ခန်သည် ခရစ်ကက်အားကစားသမားတစ်ဦး၊ ပေးကမ်းစွန့်ကြဲသူ ပရဟိတသမားဖြစ်သည်။ နှစ် ၂၀ ခန့် နိုင်ငံတကာ ခရစ်ကက်ပွဲများ ကစားခဲ့ပြီးနောက်ပိုင်းတွင် Shaukat Kanum အောက်မေ့ဖွယ် ကင်ဆာဆေးရုံနှင့် သုတေသနစင်တာနှင့် Namal ကောလိပ်တို့ကဲ့သို့ ပေးကမ်းလှူဒါန်း ပရဟိတစီမံကိန်းများ ထူထောင်ခဲ့သည်။

ခန်ကို ၁၉၅၂ အောက်တိုဘာ ၅ ရက်က လာဟိုးမြို့ အထက်တန်းကျကျ လူလတ်တန်းစား ပက်ရှ်သွန်လူမျိုး မိသားစုမှ မွေးဖွားခဲ့သည်။ လာဟိုးမြို့အိုက်ချီဆင် ကောလိပ်တွင် ပညာသင်ကြားခဲ့ပြီးအင်္ဂလန်နိုင်ငံ ဝေါက်စတာတော်ဝင်သဒ္ဒါကျောင်းတွင်လည်း ပညာသင်ယူခဲ့သည်။ အောက်စဖို့ဒ် ကက်ဘဲလ်ကောလိပ်တွင်လည်း ပညာသင်ယူခဲ့သည်။ အသက် (၁၃)နှစ်တွင် စတင်ခရစ်ကက်ကစားခဲ့သော ခန်သည် ကောလိပ်တွင်လည်း ဆက်ကစားခဲ့ကာ ဝေါက်စတာရှိုင်းယားဒေသကိုယ်စားပြုကစားခဲ့သည်။

၁၉၈၁ အသက် (၁၈)နှစ်အရွယ်၌ ပါကစ္စတန်ခရစ်ကက်လက်ရွေးစင်အသင်းတွင် ပထမဆုံး ပါဝင်ကစားခဲ့သည်။ အောက်စဖို့ဒ်မှ ဘွဲ့ရပြီးနောက် ၁၉၇၆ တွင် ပါကစ္စတန်နိုင်ငံ လက်ရွေးစင်အဖြစ်ပါဝင်ကစားခဲ့ပြီး ၁၉၉၂ အထိ ဖြစ်သည်။ ၁၉၈၂ မှ ၁၉၉၂ အထိ လက်ရွေးစင်အသင်းခေါင်းဆောင်အဖြစ် မကြာခဏတာဝန်ယူခဲ့သည်။ ၁၉၉၂ တွင် ခရစ်ကက်ကမ္ဘာ့ဖလား၌ ပါကစ္စတန်အသင်းခေါင်းဆောင်အဖြစ် ဦးဆောင်ခဲ့သည်။ ယင်းမှာ ပါကစ္စတန်၏ ပထမဆုံးနှင့် တစ်ခုတည်းသော ကမ္ဘာ့ဖလား အောင်မြင်မှုဖြစ်သည်။

အီမရန်ခန်သည် ၁၉၉၂ တွင် ပါကစ္စတန်၏ အအောင်မြင်ဆုံး ခရစ်ကက်ကစားသမားတစ်ဦးအဖြစ်မှ အနားယူခဲ့သည်။ ၁၉၉၁ က မိခင်အတွက် အောက်မေ့ဖွယ် ကင်ဆာဆေးရုံထူထောင်ရေး ရန်ပုံငွေ ရှာဖွေရေးလှုံ့ဆော်မှုတစ်ခု စတင်ကာ ကန်ဒေါ်လာ ၂၅ သန်း ရရှိရာ လာဟိုးမြို့တွင် ဆေးရုံတစ်ရုံဆောက်လုပ်ခဲ့ပြီး ၂၀၁၅ ၌ ပက်ရှ်ဝါမြို့၌ နောက်ထပ် ဆေးရုံတစ်ရုံတည်ဆောက်ခဲ့သည်။

၁၉၉၆ ဧပြီတွင် အီမရန်ခန်သည် တရားမျှတမှုအတွက် ပါကစ္စတန်လှုပ်ရှားမှု (PTI) ပါတီကိုတည်ထောင်ခဲ့ပြီးယင်းပါတီ၏ အမျိုးသားခေါင်းဆောင်ဖြစ်လာသည်။ ၂၀၀၂ အောက်တိုဘာတွင် အမျိုးသားလွှတ်တော်အမတ်နေရာ ပါဝင်ယှဉ်ပြိုင်ပြီး ၂၀၀၇ အထိ အတိုက်အခံအမတ်တစ်ဦးအဖြစ် ရပ်တည်ခဲ့သည်။ ၎င်းသည် ၂၀၁၃ တွင် လွှတ်တော်၌ ထပ်မံ ရွေးကောက်တင်မြှောက်ခံရပြီး ထိုအချိန်တွင် ၎င်း၏ပါတီက ဒုတိယအကြီးဆုံး ပါတီဖြစ်လာသည်။

အီမရန်ခန်သည် PTI ပါတီ၏ ပါလီမန်ခေါင်းဆောင်တာဝန်ယူကာ ၂၀၁၃ မှ ၂၀၁၈ အထိ ပါလီမန်တွင် တတိယအကြီးဆုံး အမတ်အဖွဲ့ကို ဦးဆောင်ခဲ့သည်။ ၎င်း၏ ပါတီသည် နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပက်ရှ်သွန်ဝါပြည်နယ်၏ ညွန့်ပေါင်းအစိုးရကိုလည်း ဦးဆောင်ခဲ့သည်။

၂၀၁၈ အထွေထွေရွေးကောက်ပွဲတွင် ၎င်း၏ ပါတီက အမတ်နေရာ အများဆုံးအနိုင်ရရှိပြီး အာဏာရ PML-N ပါတီကို အနိုင်ရရှိခဲ့သည်။ ယင်းနှင့်အတူ PTI ပါတီက ဖက်ဒရယ်အစိုးရတွင် ပထမဆုံးအကြိမ် ပါဝင်လာပြီး အီမရန်ခန်လည်း ဝန်ကြီးချုပ်ဖြစ်လာသည်။

အီမရန်ခန်သည် ပါကစ္စတန်တွင် ရေပန်းစားသော လူထုခေါင်းဆောင်တစ်ဦးဖြစ်ပြီး Pakistan:A Personal History အပါအဝင် စာအုပ်အများအပြား ရေးသားခဲ့သည်။

အီမရန်ခန်သည်အိမ်ထောင်သုံးဆက်ရှိပြီး လက်ရှိဇနီးသည် ဘူရှာရာဘီဘီကို ၂၀၁၈တွင်လက်ထပ်ခဲ့ပြီး သားသမီးသုံးဦး ထွန်းကားသည်။ —*Ref: Wikipedia*

---

စာမျက်နှာ ၄၂ မှ

## တစ်ပတ်ရစ် ဦးစားပေးနိုင်ငံ

“ဒီနောက်ပိုင်းနှစ်တွေမှာ စွန့်ပစ်ဖက်ရှင်တွေ ပိုများလာတာကို ကျွန်မတို့ သတိထားမိတယ်” ဟု ကာဂျလိုင်နန်က ပြောသည်။

“လေး၊ ငါး၊ ခြောက်ခါ လျှော်တာထက် ပိုခံတဲ့ အဝတ်အစားတွေကို ရှာဖွေရတာခက်လာတယ်။ အဝတ်တွေ တော်တော်လေး ဟောင်းနွမ်းသွားလို့ မဝတ်တော့တဲ့ အဝတ်အစားစာရင်းထဲ ပိုထည့်လာရတယ်”ဟု ကာဂျလိုင်နန်က ပြောပြသည်။

ထိုစတိုးဆိုင်မှ ပစ္စည်းဝယ်ယူသူတိုင်းသည် ၎င်းတို့၏ ငွေရှင်းဖြတ်ပိုင်းပေါ်တွင် အသိအမှတ်ပြုမှု ရရှိပါသည်။ ပစ္စည်းအသစ်တစ်ခု အစားအဟောင်းတစ်ခုကို ဝယ်ယူခြင်းဖြင့် သဘာဝအရင်းအမြစ်မည်မျှ ချွေတာသည်ကို ဖြတ်ပိုင်းပေါ်၌ ရေးသားဖော်ပြထားသည်။

### ဈေးဝယ်ရင်း ကုသိုလ်ရသော ခံစားချက်

ဥပမာ ကျွန်တော်က ခရစ္စမတ်ပုံရိပ်များနှင့် သစ်သီးဗန်းလေးနှစ်ခု ဝယ်ယူခဲ့သည်။ ယင်းနှင့်အတူ ထိုအလှဆင်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုရသည့် ဆီ၊ သဲ၊ အရောင်ဆိုးဆေးဓာတုပစ္စည်း စသောသဘာဝအရင်းအမြစ် ၈၄ ကီလိုဂရမ်ကို ချွေတာခြင်းအတွက် ကျေးဇူးတင်ကြောင်း ငွေရှင်းဖြတ်ပိုင်းပေါ်၌ ဖော်ပြထားသည်။ ပြီးခဲ့သည့်နှစ်အတွင်း သဘာဝအရင်းအမြစ် ကီလိုဂရမ် သန်း ၅၀ ကို ချွေတာခဲ့သည်ဟု စတိုးဆိုင်က ခန့်မှန်းထားသည်။

လူတွေကပစ္စည်းအဟောင်းများကို ပရဟိတစတိုးဆိုင်များအားသွင်းပြီး အင်တာနက်ပေါ်တင်ရောင်းချနေသဖြင့် Kierraty-skeskus ကဲ့သို့ ကြီးမားသောစတိုးဆိုင်ကြီးများအတွက် ရောင်းချစရာပစ္စည်း ကုန်သွားမလားဟု ကျွန်တော်တွေးကြည့်မိသည်။ လူတွေက ပစ္စည်းတွေသုံးစွဲတာ ပိုနည်းသွားမည်ဆိုရင်ကော။

“အဲဒီလိုသာ အမှန်တကယ်ဖြစ်မယ်ဆိုရင် အရမ်းကောင်းတာပေါ့”ဟု ကာဂျလိုင်နန်က ပြောသည်။ ဆက်လက်၍ “ဒါပေမဲ့ ပစ္စည်းတွေကို လွှင့်ပစ်တာအများကြီး ဆက်ရှိနေတုန်းပါပဲ။ ဒီအလေ့အကျင့် ချက်ချင်းပြောင်းသွားဖို့လည်း မရှိသေးဘူးလို့ ကျွန်မထင်တယ်”ဟု ပြောသည်။

ကမ္ဘာတစ်ဝန်းတွင် ပစ္စည်းအဟောင်းများ စုဆောင်းပြီး ပြန်အသုံးပြုသော စနစ်ပေါင်းစုံရှိနေသည်။ ဆင်းရဲသည့် နိုင်ငံတွေမှာ ပစ္စည်းလိုက်ကောက်ရောင်းချခြင်းဖြစ်ပြီး ချမ်းသာသော နိုင်ငံများတွင် အင်တာနက်မှ ရောင်းချနေသည်။ ဩစတြေးလျနိုင်ငံတွင် အမှိုက်နောက်ပြန်လှည့်ခြင်း (Reversegarbage) ဟူသော အဖွဲ့အစည်းရှိပြီး အမေရိကန်နိုင်ငံတွင် Ann Arbor သည် တစ်ပတ်ရစ် အိမ်သုံးနှင့် ဆောက်လုပ်ရေးပစ္စည်းများကို ရောင်းချနေသော ပစ္စည်းဟောင်းပြန်လည်အသုံးပြုရေး စင်တာများအနက် တစ်ခုဖြစ်သည်။

### ဗြိတိန်မှ မြို့နယ်အလိုက် ထိ

ဗြိတိန်နိုင်ငံတွင် ‘ပစ္စည်းအဟောင်း ပြန်လည်အသုံးပြုရေးနတ်ဘုရားမဲ’ဟု ကိုယ့်ဘာသာကင်ပွန်းတပ်ထားသော ကက်ဖလက်ချာက ၎င်းအခြေစိုက်ရာ ဘရိုက်တန်မြို့မှနေ၍ ပစ္စည်းအဟောင်းပြန်လည်အသုံးပြုမှုတော်လှန်ရေးကို ဆင်နွှဲနေသည်။

သို့သော် ဗြိတိန်တွင် ပစ္စည်းအဟောင်းပြန်လည်အသုံးပြုခြင်း၌ မြို့နယ်အလိုက် ထိစနစ်ရှိနေသည်ဟု ၎င်းက ညည်းတွားသည်။

အချို့သော မြို့နယ်ကောင်စီများတွင် ပစ္စည်းအဟောင်း စွန့်ပစ်နေရာများမှ ပစ္စည်းများကို ယူငင်ရန် လူများကို အားပေးသော်လည်း အချို့က တားမြစ်ထားသည်။ အများအားဖြင့် ကျန်းမာရေး၊ ဘေးကင်းလုံခြုံမှုနှင့် တရားစွဲခံရနိုင်ခြေ အကြောင်းပြချက်များကြောင့် ဖြစ်သည်။ “ဒီနယ်ပယ်မှာ ကျွန်မတို့ အများကြီးလုပ်ဖို့လိုသေးတယ်။ သုံးလို့ရသေးတဲ့ ပစ္စည်းအများအပြားပဲ အလဟဿဖြစ်ကုန်တယ်”ဟု ကက်ဖလက်ချာက ပြောပြသည်။

### ပစ္စည်းဟောင်း ပြန်လည်အသုံးပြုရေး စတင်မှာလား

ဥပမာအားဖြင့် ယော့ရှိုင်းယားမြောက်ပိုင်းတွင် ဂျင်မ်အယ်လ်ဒရစ်က ဒေသခံပစ္စည်းဟောင်း စွန့်ပစ်နေရာ၌ မြက်ရိတ်စက်တစ်ခုကို ယူဆောင်လာခဲ့သည်။ အခြားသူတစ်ဦးက သူမြက်ရိတ်စက်ကို ယူသွားလို့ရသလားဟု စုံစမ်းသည်။

“ဒါပေမဲ့ ပစ္စည်းဟောင်း စွန့်ပစ်နေရာက ဝန်ထမ်းတစ်ဦးက ကျွန်တော်တို့အနေနဲ့ မြက်ရိတ်စက်တိုက်ပွဲ ပြောင်းပေးဖို့ အဲဒီနေရာက အဝေးတစ်နေရာမှ လုပ်ရမယ်လို့ ပြောလာပါတယ်။ အဲဒီနေရာမှာပဲ လက်လွှဲပေးလိုက်မယ်ဆိုရင် အဲဒါဟာ ရောင်းဝယ်မှုဖြစ်ပြီး ခွင့်မပြုဘူးလို့ ဆိုပါတယ်။ ကျွန်တော့်ကားပေါ်ကနေ ချလိုက်ပြီဆိုတာနဲ့ အဲဒီပစ္စည်းဟာ မြူနီစီပယ်ပိုင် ဖြစ်သွားပြီလို့ဆိုတယ်။ ဒါဟာ နည်းနည်းတော့ အူကြောင်ကြောင်နိုင်ပါတယ်”ဟု အယ်လ်ဒရစ်က ပြောပြသည်။

### ဒီအခြေအနေ ပြောင်းလဲတော့မှာလား

ဗြိတိန်သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး မိုက်ကယ်ဂုတ်ဖ်ကတော့ ရှေ့လာမည့် သီတင်းပတ်တွေမှာ စွန့်ပစ်ပစ္စည်းနဲ့ အရင်းအမြစ်မဟာဗျူဟာသစ်ကို ဖော်ထုတ်မည်ဟု ဆိုသည်။

မကြာသေးမီက ဝန်ကြီးက ဤသို့ ပြောသည်။ “ကျွန်တော်တို့ စွန့်ပစ်ကြတဲ့ ပစ္စည်းတွေနည်းသွားအောင် လုပ်ရပါမယ်။ ဒါဟာ အရာရာတိုင်းအတွက် အဖြေမဟုတ်ပေမယ့် ပစ္စည်းဟောင်းပြန်လည်အသုံးပြုတာကို တိုးမြှင့်ခြင်းဟာ သဘာဝအရင်းအမြစ်တွေအပေါ် ဖိအားလျော့ပါးသွားအောင် လုပ်နိုင်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်”ဟူ၍။

‘အရင်းအမြစ်ချွေတာတာဟာ စီးပွားရေးအတွက်လည်း ကောင်းပါတယ်’ဟု ၎င်းက ဆိုသည်။

ထိုစကားလုံးများကိုအတည်ဖြစ်အောင် သူလုပ်နိုင်ပါမည်လား။ အရင်းအမြစ်များကို ပြန်လည်သုံးစွဲရေး နိုင်ငံတိုင်းမှ နိုင်ငံရေးသမားများအပေါ် ဖိအားများ ရှိနေသည်။

ဖိအားပေးအုပ်စု REUSE က ရိုးရှင်းသော ကြွေးကြော်သံကို စွဲကိုင်ထားသည်။

‘တစ်ပတ်ရစ်တွေကို ဦးစားပေးဖို့အချိန်ကျပြီ’ဟူ၍။

*—Ref: Finland: Where Second–hand comes first*

7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018



တစ်ပတ်ရစ်စာအုပ်စင်ရှာဖွေနေသော ကေတီရော့စီ

BBC.COM

# တစ်ပတ်ရစ် ဦးစားပေးနိုင်ငံ

ကြည်နေဝင်းမင်း

သမီးဖြစ်သူ၊ သားငယ်လေးနှင့်အတူ ကေတီရော့စီသည် ဟယ်လ်ဆင်ကီးမြို့ ဆင်ခြေဖုံးတွင် တစ်ပတ်ရစ်စာအုပ်စင်တစ်ခုကို ရှာဖွေနေသည်။

လမ်းတစ်ဖက်တွင် ဆွီဒင်ပရိဘောဂဆိုင်ကြီးက ဟည်းထနေသည်။ သို့သော် ကေတီသည် ဆွီဒင်ဆိုင်ကြီးသို့ဝင်မည့်အစားမြူနီ စီပယ်ပစ္စည်းအဟောင်းပြန်သုံး ရေးစင်တာတွင် ၎င်းလိုအပ်သော ပစ္စည်းကို အပန်းတကြီးရှာဖွေနေ သည်။

"ကျွန်မ IKEA ကို မသွားချင်ပါဘူး။ ဒီမှာက ပိုပြီးစိတ်ဝင်စားစရာ၊ ပိုပြီး မူရင်းစစ်စစ်ပစ္စည်းတစ်ခုကို ရှာတွေ့ပါလိမ့်မယ်"ဟု ကေတီက ပြောပြသည်။

"လူတိုင်းနဲ့ တစ်ပုံစံတည်းတူနေတဲ့ ပရိဘောဂမျိုး ကျွန်မ မလိုချင်ဘူး။ ကျွန်မ ဒီမှာဝယ်မယ့် ပစ္စည်းက ဈေးနှုန်းအစွန်းထွက်လောက်နဲ့ ကမ္ဘာမြေကြီးကို ပိုမိုအကျိုးပြုတဲ့ ပစ္စည်းဖြစ်ပါလိမ့်မယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ကျွန်တော်တို့ အသုံးပြုနေတဲ့ အရင်းအမြစ်အပေါ် စိုးရိမ်ပူပန်မှုများလာပြီး ကျွန်တော်တို့ သုံးစွဲသော ပစ္စည်းများကို ထုတ်လုပ်ရာမှ ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်များအပေါ် စိုးရိမ်မှုများ ကြီးထွားလာစဉ် ဤနေရာ ကမ္ဘာကြီးအတွက် သင်ခန်းစာများ ရှိနေပါသလား။ ဤဆိုင်သည် ဖင်လန်နိုင်ငံတစ်ဝန်းပစ္စည်းအဟောင်း ပြန်လည်ရောင်းချသော အကျိုးအမြတ် အဓိကမထားသည့် ဆိုင်များအနက် တစ်ဆိုင်ဖြစ်သည်။ ယင်းမှ ပုံမှန်မြင်တွေ့နေကျ တစ်ပတ်ရစ်ပစ္စည်းဆိုင်များ (သို့မဟုတ်) ချွေတာရေးဆိုင်များမဟုတ်ပါ။ Kierratyskeskus ဟုခေါ်သော စူပါမားကက်ကြီးဖြစ်ပါသည်။

### အဝတ်များ သယ်လာပြီး အဝတ်များဝယ်

ယင်းစင်တာများကအီလက်ထရွန်နစ်ပစ္စည်းများကို ပြင်ဆင်ပေးသည်။ အချို့ပစ္စည်းကို ၎င်းတို့၏ ကိုယ်ပိုင်တံဆိပ်ကပ်၍ ပြန်လည်ရောင်းချသည်။ ဒစ်ဂျစ်တယ်ဈေးဝယ်သူ စနစ်တစ်မျိုးပင်ထားရှိပြီး ယင်းမှာ ဝယ်ယူသူများ၏ ယခင်ဝယ်ယူမှုများအပေါ် အခြေခံ၍ ယခုတစ်ကြိမ်တွင် သင့်အနေဖြင့် မည်သည့်ပစ္စည်းဝယ်ယူတော့မည်ကို ဟောကိန်းထုတ်ပေးသော စမတ်အက်ပလီကေးရှင်း ဖြစ်သည်။



BBC.COM

ပရိဘောဂပစ္စည်းများရောင်းချနေသောအပိုင်းတွင် ရုံးအားရက်ထားသော သူငယ်ချင်းနှစ်ဦးအတူတကွလှည့်ပတ်နေသည်။

"ကျွန်မ အလုပ်သစ်အတွက် အဝတ်အစားသစ်တွေ ရှာနေတာပါ။ ကျွန်မ မသုံးတော့တဲ့ အဝတ်အစားတွေကို ဒီကိုယူလာတယ်။ တချို့အဝတ်အစားကို ယူလာပြီး တချို့ကို ပြန်ဝယ်တယ်လေ"ဟု မစ္စစ်ဟန်နာမေရီဂျိုဟန်ဆန်က ပြောပြသည်။

ပင်ဂျာလော်ရီရာကမူ "ကျွန်မဒီလိုနေရာတွေကိုတကယ်သဘောကျတယ်။ ကျွန်မ အရင်တုန်းက လူဇင်ဘတ်မှနေခဲ့ပြီး သူတို့ဆီမှာလည်း တစ်ပတ်ရစ်ပစ္စည်းဆိုင်တွေ ရှိပါတယ်။ ဒါပေမဲ့ ဒီလိုမျိုးတော့ မဟုတ်ဘူး။ သူတို့ဆီမှာ အဝတ်အစားဟောင်းတွေ၊ စာအုပ်တွေတော့ရှိတယ်။ ဒီမှာလို ပရိဘောဂတွေမရှိဘူး။ ဒီနေ့ ကျွန်မ ဒီမှာ စားပွဲအသစ်တွေ လာရှာတာပါ"ဟု ပြောပြသည်။

### တစ်နာရီ ကီလိုမီတာ ၄၀ စားပွဲ

ဤဆိုင်သည် စတိုးဆိုင်တစ်ခုဆိုတာထက် ပိုသည်။ ဆိုင်မန်နေဂျာ ဖက်ပီမက်တီလာက Plan B ဟု ခေါ်သော အဆင့်မြှင့်ပြန်လည်ပြုပြင်ထားသော အပိုင်းကို လိုက်လံပြသခဲ့သည်။

ယင်းတွင် လိုက်ကာအဟောင်းများဖြင့် ချုပ်လုပ်ထားသော စတိုင်ကျကျ ဂန္ထဝင်ဆန်ဆန် အဝတ်အထည်များ ခင်းကျင်းထားသည်။ (ယင်းအဝတ်အစားများမှာ ဖက်ရှင်မကျပါ။ ထို့ကြောင့် ဘယ်တော့မှလည်း ရိုးမသွားပါ။)

နှင်းလျှောစီးဘုတ်ပြားဖြင့် ပြုလုပ်ထားသော ခုံတန်းရှည်တစ်ခုကိုလည်း တွေ့ရသည်။ တစ်နာရီ ကီလိုမီတာ ၄၀ နှုန်းမောင်းရန် သတိပေးထားသော ယာဉ်မောင်းဆိုင်းဘုတ်ဖြင့် ပြုလုပ်ထားသည့် စားပွဲတစ်လုံး၊ အဖုံးကို အဖြူ၊ အမည်းကာတွန်း ရုပ်ပြောင်များဖြင့် အလှဆင်ထားသော သားရေအုပ်စတိုင်ကျကျ ဇန်းတစ်ခုကိုလည်း တွေ့ရသည်။ ယင်းအထူးသီးသန့်ပစ္စည်းများကို သာမန်တစ်ပတ်ရစ်ပစ္စည်းဈေးနှုန်းများထက် ပိုသောဈေးနှုန်းဖြင့် ရောင်းချပါသည်။

"ပစ္စည်းအဟောင်းတွေကို တန်ဖိုးထားတာကို ကျွန်မတို့က ဖန်တီးချင်တယ်။ ဒီပစ္စည်းတွေဟာ တစ်မူထူးခြားပြီး လုံးဝအသစ်စက်စက်ဖြစ်အောင် လုပ်ထားတာ။ ကျွန်မတို့စဉ်းစားတွေးတောပြီး ဒါမျိုးအများကြီး ဖန်တီးချင်ပါတယ်"ဟု ဖက်ပီက ပြောပြသည်။

အင်စတာဂရမ် ဘလော့ဂါတစ်ဦးဖြစ်သူသည် တစ်ပတ်ရစ်ဆိုင်မှ ဝယ်ထားသော အရောင်တောက်တောက်နှင့် ထူးဆန်းသော ကုတ်အင်္ကျီကြီးကို ပတ်ထားရင်း ဆိုင်တွင် တွေ့ရသော ပစ္စည်းများ၏ တစ်မူထူးခြားမှုကို အားတက်သရော ပြောပြသည်။

"ကျွန်မကတော့ ကြောင်တောင်တောင်ဖြစ်နေရင်တောင် အဝတ်အစားတွေကိုပဲ စိတ်ဝင်စားပါတယ်"ဟု ပြောသည်။ Kierratyskeskus ဆိုင်တွင် ပညာပေးမစ်ရှင်တစ်ခုပင် ရှိသည်။

### စွန့်ပစ်ဖက်ရှင်စုံထောက်များ

ဒေသခံ သဘာဝပတ်ဝန်းကျင်ရေးရာ ကျွမ်းကျင်သူ မစ္စစ်ကိုင်ဆာ ကာဂျလိုင်နန်က သင်ကြားရေးဝတ်စုံတစ်စုံကို ပြသသည်။ အဝတ်အစား၏ အရည်အသွေးကိုစုံစမ်းထောက်လှမ်းရန် ကျောင်းသားများ ဤအပိုင်းကို လေ့လာသည်။

အကယ်၍ဖက်ရှင်ဖန်တီးသူများက ချုပ်ရိုးစိပ်စိပ်ချုပ်လုပ်ထားလျှင်၊ သို့မဟုတ်ပါကလည်း ကော်လာကို တောင့်တင်းနေအောင် စနစ်တကျ ချုပ်ထားလျှင် ၎င်းတို့အနေဖြင့် အကျီကိုလည်း အရည်အသွေးကောင်းပိတ်စကို အသုံးပြုထားဖွယ်ရှိသည်ဟု ဆိုသည်။

စာမျက်နှာ ၄၁ »

www.free4readers.com

www.free4readers.com

7DAY NEWS JOURNAL

# Entertainment

Vol.17, No.36 · NOVEMBER 14 , 2018

## ရှိုးပွဲတွေ နည်းလာလို့ သီချင်းဖန်တီးမှုအပိုင်းကို အချိန်ပိုပေးနိုင်တဲ့ ဘန်နီဖြိုး

**ခင်ဆွေသက်**

**ရန်ကုန်၊ နိုဝင်ဘာ-၉**

အနုပညာလှုပ်ရှားမှုများကို တစ်ယောက်တည်းဖန်တီးရခြင်းထက် ဖရန်ဇီအဖွဲ့နှင့်ပေါင်း၍ ဖန်တီးရသည်ကို ပိုမိုပျော်ရွှင်ကြောင်းအဆိုတော်ဘန်နီဖြိုးက ပြောသည်။



"တစ်ယောက်တည်းကပျင်းဖို့ကောင်းတယ်။ ကိုယ်လုပ်တာကိုပဲကိုယ့်ဟာကိုယ်ကောင်းတယ်လို့ ထင်နေတာတွေ ရှိမယ်။ သူငယ်ချင်းတွေ၊ အစ်ကိုတွေ၊ ညီတွေနဲ့လုပ်တဲ့အခါကျတော့ကိုယ်မကောင်းတာတွေလည်း သူတို့တွေ ဝိုင်းပြောပေးတယ်။ ကိုယ်ဘာလိုနေလဲဆိုတာကို သူတို့ကိုပြန်မေးလို့ ရတယ်။ မှားရင်လည်း ပျော်ပျော်ပါးပါးကြီး မှားကြတယ်။ ကောင်းရင်လည်း ပျော်ပျော်ပါးပါးကြီး ကောင်းကြတယ်"ဟု ၎င်းကပြောသည်။

ဖရန်ဇီတစ်ဖွဲ့လုံးက စည်းလုံးပြီး အကြိုက်ချင်းတူညီ၍ အားပိုရှိသည်ဟုဆိုသည်။

ဖရန်ဇီအဖွဲ့တွင် ၎င်းအပါအဝင် စိုင်းစိုင်းခမ်းလှိုင်၊ နေဝင်း၊ ဖြိုးလေးနှင့် G Fatt တို့ ပါဝင်သည်။

"အလုပ်သဘောအရ အကြိုက်တူကြတာများတယ်။ ဒါလုပ်မယ်ဟေ့ဆိုရင်လည်းမကြိုက်ဘူးဆိုရင်လည်း မကြိုက်ရတဲ့ အကြောင်းရင်းကို ပြောပြရင် လက်ခံကြတယ်။ ဒါကိုမှ လုပ်ချင်တယ်ဆိုရင်လည်း ဒါကိုဘယ်လိုကောင်းအောင်လုပ်ရမလဲဆိုတာကို ဝိုင်းအကြံဉာဏ်ပေးကြတယ်။ အငြင်းအခုံဆိုတာ ကျွန်တော်တို့ကြားထဲမှာ တော်တော်ရှားပါတယ်"ဟု ဘန်နီဖြိုးက ပြောသည်။

ယခင်က ဘိုဘိုအင်တာတိန်းမန့်က ပြုလုပ်သည့် ဖျော်ဖြေပွဲများ တစ်လတစ်ကြိမ်ခန့် ရှိသော်လည်း ယခုနောက်ပိုင်းတွင် ရှားလာသဖြင့် သီချင်းဖန်တီးမှုအပိုင်းကို ပို၍ ဦးစားပေး လုပ်ဖြစ်သည်ဟု ဆိုသည်။

"ဖရန်ဇီအနေနဲ့ကတော့ ရန်ကုန်၊ မန္တလေးနဲ့ တခြားမြို့တွေမှာ လုပ်ဖြစ်တာ ရှိတယ်။ စင်ကာပူ၊ တိုကျို နိုင်ငံခြားခရီးစဉ်တွေလည်း လုပ်ဖြစ်တယ်။ အရင်ကလောက်မများတော့ပေမယ့် သူ့ဟာနဲ့သူ ပုံမှန်တော့ရှိနေတယ်။ ကျွန်တော်တို့ကလည်း အခုဆိုပွဲပါးတဲ့အတွက် သီချင်းပိုလုပ်ဖြစ်တယ်။ အရင်ကဆို ပွဲလျှော့ပြီးဆိုတယ်။ ပွဲတွေဆက်တိုက်ဆိုရင် တစ်ခါလာလည်း ဒီသီချင်းတွေချည်းပဲဆိုတော့ ကျွန်တော်တို့ကိုယ်တိုင်လည်း မပျော်ဘူး။ အောက်က ပရိသတ်ကလည်း ကျွန်တော်တို့အကျီလဲ သွားတာပဲ ရှိမယ်။ ဒီသီချင်းတွေပဲဆိုတော့ သူတို့လည်း မပျော်ဘူး"ဟု ၎င်းကပြောသည်။

လက်ရှိတွင် သီချင်းအသစ်များ ဖန်တီးနေပြီး ဇူလိုင်က ထွက်ရှိခဲ့သည့် Neon Dreams အခွေအတွက် MTV ရိုက်ကူးနေသည်ဟု ဆိုသည်။

"လောလောဆယ်ရိုက်ထားတာကတော့ ကျွန်တော်ခရီးထွက်ရင်း ရိုက်ထားတဲ့ သီချင်းတွေများပါတယ်။ အွန်လိုင်းကနေ အရင်တင်ပေးသွားမှာပါ။ ဒီနှစ်မကုန်ခင်တင်ပါမယ်"ဟု အဆိုတော် ဘန်နီဖြိုးက ပြောသည်။



## ထန်းတက်သမား ဇာတ်ရုပ်နဲ့ မြင်ရဦးမယ့် မို့မို့မြင့်အောင်

**ခင်ဆွေသက်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၀**

ဒါရိုက်တာ ရာဇဝင်ကိုရိုက်ကူးသည့် မိန်းမကြမ်းကြီးများ ဇာတ်ကားတွင် ထန်းတက်သမား တစ်ဦးနေရာက ပါဝင်သရုပ်ဆောင်နေကြောင်း သရုပ်ဆောင် မို့မို့မြင့်အောင်က ပြောသည်။

"မိန်းမကြမ်းကြီးဆိုတဲ့အတိုင်း ကြမ်းရဦးမှာပေါ့။ ဒီထဲမှာ မို့က ထန်းတက်သမား၊ ထန်းပင်ပေါ်တက်ရမယ်။ ထန်းရည်ရောင်းတဲ့သူပေါ့။ ညီအစ်မလေးယောက်စလုံးကမိန်းမဆန်သော၊ယောကျ်ားဆန်သော အမျိုးသမီးလေးယောက်ပေါ့။ ယောကျ်ားလျာတော့ မဟုတ်ဘူး။ လူတော့ကြမ်းမယ်။ စကားလုံးတော့ မကြမ်းဘူး။ ဖိုက်တင်ပါမယ်။ ကြမ်းရဦးမှာပေါ့"ဟု အဆိုပါ ဇာတ်ကားနှင့် ပတ်သက်၍ ပြောသည်။

မိန်းမကြမ်းကြီးများ ဇာတ်ကားတွင် ၎င်းအပါအဝင် ရဲတိုက်၊ နေနော်၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်နှင့် အိချောပိုတို့ အဓိက ပါဝင်သရုပ်ဆောင်မည် ဖြစ်သည်။

ယခင်က ဖိုက်တင်ခန်းများ ရိုက်ကူးရင်း လက်တွင်ဒဏ်ရာရထား၍ အထိုးအကြိတ်ဇာတ်ရုပ်များ သိပ်လက်မခံဖြစ်သော်လည်း မိန်းမကြမ်းကြီးများ ဇာတ်ကားသည် မင်းသမီးလေးဦးကို ကာရိုက်တာ တစ်ခုစီပေးထားသောကြောင့် လက်ခံဖြစ်သည်ဟု ဆိုသည်။

ယင်းဇာတ်ကားတွင် ထန်းပင်မြင့်လျှင် ကိုယ်တိုင်တက်၍ ရိုက်ကူးမည်ဖြစ်ပြီး အလွန်မြင့်ပါက လူစားထိုး သရုပ်ဆောင်မည် ဖြစ်ကြောင်း ၎င်းကပြောသည်။

"ထန်းတက်သမားဆိုရင် တောင်ဂေါ်လီပဲလေ။ နယ်ဆိုပေမယ့် လျှော့တွက်လို့ မရဘူး။ သူတို့လည်း မိုက်နေအောင် ဝတ်တတ်တယ်။ ကိုယ်တွေအရှေ့မှာ မင်းသမီးအများကြီးနဲ့ ရိုက်ခဲ့တာရှိတယ်။ ဒါပေမဲ့ ဒါလေးက မတူဘူး။ အတူတူကြမ်းကြမယ်ဆိုတော့ ချစ်စရာလည်း ကောင်းနေရမယ်"ဟု ၎င်းကဆိုသည်။

ယခုနောက်ပိုင်း ဇာတ်ကားများ လာရောက်ကမ်းလှမ်းလျှင် ဇာတ်ရုပ်ကို သေချာရွေးပြီးမှ လက်ခံဖြစ်သလို ဟာသကားများကို ရှောင်ကြောင်း ၎င်းကဆိုသည်။

"မို့မို့ အမေကားတွေဆိုလည်း ရွေးတယ်။ သိပ်မရိုက်ဘူး။ ဟာသကားဆို ရှောင်တယ်။ အခုကတော့ ပလော့နဲ့ ကိုယ့်ကာရိုက်တာလေး တစ်ခုရမယ်ဆိုတော့ မို့ လုပ်ဖြစ်တယ်"ဟု၎င်းကဆိုသည်။

မိန်းမကြမ်းကြီးများ ဇာတ်ကားပြီးလျှင် သရုပ်ဆောင်ဒါရိုက်တာကျော်သူ ရိုက်ကူးမည့် ၁,၀၁၄ ဇာတ်ကားကြီးတွင် အရည်းကြီးကတော်နေရာမှ ပါဝင်သရုပ်ဆောင်ရန်ရှိကြောင်း မို့မို့မြင့်အောင်က ပြောသည်။

## ခြောက်နှစ်အတွင်း ပထမဆုံးအယ်လ်ဘမ်သစ် ထုတ်မယ့် Backstreet Boys အဖွဲ့

**နယူးယောက်၊ နိုဝင်ဘာ-၁၀**

အမေရိကန် အဆိုတော်အဖွဲ့ Backstreet Boys သည် ခြောက်နှစ်အတွင်းပထမဆုံးတေးအယ်လ်ဘမ်သစ် ထုတ်ဝေမည်ဖြစ်ပြီး ကမ္ဘာလှည့်ဂီတခရီးစဉ်တစ်ခုကိုလည်း ဖျော်ဖြေမည်ဟု ကြေညာခဲ့သည်။



အဖွဲ့ဝင်ငါးဦးဖြစ်သော အေဂျေမက်ကလင်း၊ ဟောင်ဝီဒိုရော့၊ နစ်ခ်ကာတာ၊ ကယ်ဗင်ရစ်ချတ်ဆင်နှင့် ဘရိုင်ယန်လစ်ထရယ်တို့သည် ၂၀၁၃ က ထွက်ရှိခဲ့သော 'In a World Like This' ပြီးနောက် ခြောက်နှစ်အတွင်း ပထမဆုံး အယ်လ်ဘမ်အဖြစ် 'DNA' ကို ၂၀၁၉ ဇန်နဝါရီ ၂၅ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် ဂီတပရိသတ်များအကြား ရေပန်းစားခဲ့သော Backstreet Boys အဖွဲ့သည် ၂၀၁၉ မေလမှ စက်တင်ဘာအထိ 'DNA World Tour' ကမ္ဘာလှည့်ဂီတခရီးစဉ်ကိုလည်း ဖျော်ဖြေမည်ဟု ကြေညာခဲ့သည်။

"DNA ထဲမှာပါဝင်တဲ့သီချင်းတွေက ကျွန်တော်တို့တစ်ဦးတစ်ယောက်ချင်းအပြင် ကျွန်တော်တို့အဖွဲ့ကဘယ်သူတွေဆိုတာကိုယ်စားပြုပါတယ်။ ဒီအယ်လ်ဘမ်ထုတ်ဝေရတဲ့အတွက် ကျွန်တော်တို့အများကြီး ဂုဏ်ယူတယ်"ဟု ကယ်ဗင်က ပြောသည်။

Backstreet Boys အဖွဲ့သားများက မိမိတို့အနေဖြင့် ယခင်ဂီတပုံစံဟောင်းတစ်ခုတည်းကိုသာ စွဲကိုင်ထားမည်မဟုတ်ဘဲ ခေတ်ဂီတရေစီးကြောင်းနှင့်အတူ စမ်းသစ်သော ဖန်တီးမှုများဖြင့် ကြိုးစားထားကြောင်း ပြောသည်။

"ကျွန်တော်တို့ အရင်က အောင်မြင်ခဲ့တဲ့ ဂီတပုံစံအတိုင်း ခုချိန်မှာ ပြန်ပြီး ဖျော်ဖြေမယ်ဆိုရင်တော့ လွယ်ကူလွန်းတယ်လို့ ထင်တယ်။ ပရိသတ်တွေလိုချင်တဲ့ ဂီတဖျော်ဖြေပွဲတစ်ခု ဖန်တီးချင်တယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့အဖွဲ့သားတွေအားလုံး သီချင်းပုံစံသစ်တွေအတွက် ကြိုးစားကြတယ်။ Backstreet Boys က အတိတ်မှာပဲ ကျန်နေခဲ့မှာမဟုတ်ပါဘူး"ဟု ဟောင်ဝီဒိုရော့က ပြောသည်။

၁၉၉၃ တွင် စတင်တည်ထောင်ခဲ့သော Backstreet Boys အဖွဲ့သည် ၁၉၉၇ ၌ ထွက်ရှိလာသော Backstreet's Back ဖြင့် နိုင်ငံတကာအထိ အောင်မြင်မှုရရှိပြီးနောက် ၂၀၁၃ အထိ စုစုပေါင်း တေးအယ်လ်ဘမ် ရှစ်ခု ဆက်တိုက်ထုတ်ဝေခဲ့သည်။

တစ်ကမ္ဘာလုံးတွင် တေးအယ်လ်ဘမ်အချပ်ရေ သန်း ၁၀၀ ကျော် ရောင်းချခဲ့ရသော Backstreet Boys အဖွဲ့သည် ကမ္ဘာ့ရောင်းအားအကောင်းဆုံး အနုပညာရှင်များအဖြစ် မှတ်တမ်းဝင်ခဲ့သည့်အပြင် ဟောလိဝုဒ်ကျော်ကြားသူများ လျှောက်လမ်းတွင်လည်း အမည်ရေးထိုးဂုဏ်ပြုခံခဲ့ရသည်။ —*Ref: contactmusic*

www.free4readers.com





7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018



# ရွှေထူးနဲ့ ရွှေမှုံရတီတို့အတွက် လူမင်းရဲ့ မင်္ဂလာဦးအားပေးစကား



ခင်ဆွေသက်

ရန်ကုန်၊ နိုဝင်ဘာ-၁၂

အဆိုတော် ရွှေထူးနှင့် သရုပ်ဆောင် ရွှေမှုံရတီတို့၏ မင်္ဂလာညစာစားပွဲကို နိုဝင်ဘာ ၁၁ ရက်ညက အင်းလျားလိတ်ဟိုတယ်တွင် ပြုလုပ်ခဲ့သည်။

မင်္ဂလာညစာစားပွဲကို ပထမပိုင်းနှင့် ဒုတိယပိုင်း နှစ်ပိုင်းခွဲ၍ ကျင်းပခဲ့သည်။

"ဘာပဲဖြစ်ဖြစ်လေ ဘယ်သူတွေ ဘာပြောပြော ဘယ်သူ့မှ ကျွန်တော့်ဘက် မရှိခင်ကတည်းက သူ ကျွန်တော့်ဘက်မှာ ရှိပေးတယ်။ မိန်းမကို ယောကျ်ားအရမ်းချစ်တယ်"ဟု အဆိုတော်ရွှေထူးက မင်္ဂလာစင်မြင့်ထက်တွင် မျက်ရည်များဖြင့် ၎င်း၏ဇနီးဖြစ်သူ ရွှေမှုံရတီကို ရည်ညွှန်းပြောကြားသည်။ ၎င်းတို့နှစ်ဦး စတင်ချစ်ကြိုက်ကတည်းက ပရိသတ်များစွာ၏ဝေဖန်မှုများနှင့် လူမှုကွန်ရက်ပေါ်တွင် ၎င်းတို့၏အတိတ်နှင့်ပတ်သက်၍ ဆိုးရွားသော တုံ့ပြန်မှုများစွာ ရရှိခဲ့ပြီးမင်္ဂလာညစာစားပွဲကျင်းပသည့်ညအထိ ထိုဝေဖန်မှုများမှာ အရှိန်မြင့်တက်နေဆဲဖြစ်သည်။ ထို့အပြင် နှစ်ဖက်မိဘများက သဘောမတူသောကြောင့် မင်္ဂလာလက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဦးဆွမ်းကျွေးပွဲများသို့ နှစ်ဖက်မိဘများ မတက်ရောက်ခဲ့ပေ။

မင်္ဂလာညစာစားပွဲတွင် ဇင်အောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး ရွှေမှုံရတီ၏ ဆရာရင်းဖြစ်သူ သရုပ်ဆောင် လူမင်းက မင်္ဂလာအမှတ်တရ စကားပြောကြားသည်။

"လူငယ်လေးနှစ်ယောက် ခံစားရတဲ့အမြင့်ဒဏ်၊ ချမ်းသာတဲ့ဒဏ်၊ အောင်မြင်တဲ့ဒဏ် အဲဒီဒဏ်တွေကို ခံစားနေကြရတဲ့ အောင်မြင်တဲ့ လူငယ်လေးနှစ်ယောက်ဖြစ်ပါတယ်။ လူငယ်ပီပီ မှားတတ်ပါတယ်။ ကျွန်တော်တို့ ခွင့်လွှတ်ရမှာ ဖြစ်ပါတယ်။ ခွင့်လွှတ်သည်းခံခြင်းဆိုတာလည်း မြတ်စွာဘုရား ဟောကြားခဲ့တဲ့ မင်္ဂလာတရားတော်နဲ့လည်း ညီပါတယ်။ ဒီနေ့ ဒီရက် ဒီမင်္ဂလာပွဲမှာ တိုက်တိုက်ဆိုင်ဆိုင် မုန်တိုင်းနဲ့ မိုးတွေကလည်း တဖြိုက်ဖြိုက်ဆိုတော့ သတို့သား၊ သတို့သမီးရဲ့ ရင်ထဲက စိုးရိမ်ပူပန်မှုတွေအားလုံးကို ကျွန်တော်တို့အားလုံး မျှဝေခံစားနားလည်ပေးကြလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ဒီချမ်းသာမှုဒဏ်၊ အောင်မြင်မှုဒဏ်တွေကို ခံနေရတဲ့ ညီလေး၊ ညီမလေး ဒီလိုအခက်အခဲ အကျပ်အတည်းတွေတွေ့လေ နှစ်ဦးသား လက်တွေက ပိုပြီး ခိုင်မြဲလေပါပဲ။ ယောကျ်ားလေးဖြစ်တဲ့ညီလေးကလည်း ပိုပြီးတော့ သန်မာပေးပါ။ ပိုပြီးတော့ ရင့်ကျက်တည်ငြိမ်ပေးပါ။ သမီးကလည်း သမီးဘဝတစ်လျှောက် ဒီထက်ပိုပြီး ရင့်ကျက်ပါ။ တည်ငြိမ်ပါ"ဟု သရုပ်ဆောင်လူမင်းက ပြောသည်။

မင်္ဂလာညစာစားပွဲ ဒုတိယပိုင်းတွင် သတို့သားနှင့် သတို့သမီးက တွဲဖက်၍ ညှော်ခံပွဲသို့ တက်ရောက်လာသည့် မိတ်ဆွေများအတွက် တေးသီချင်းများ သီဆိုရင်း Performance များဖြင့် ဖျော်ဖြေခဲ့သည်။ ထို့နောက် သတို့သမီးပစ်ပေးသည့် ပန်းစည်းကို အဆိုတော် ပိုပိုက ရရှိခဲ့ပြီး သတို့သားပစ်ပေးသည့် နက်ခ်တိုင်ကို သရုပ်ဆောင် ကောင်းပြည့်က ရရှိကာ မင်္ဂလာပွဲအတွက် အမှတ်တရစကားများ ပြောကြားပေးခဲ့သည်။

ရွှေမှုံရတီသည် ညစာစားပွဲ ပထမပိုင်းတွင် အဖြူရောင်ဂါဝန် သတို့သမီးဝတ်စုံဖြင့် ဆင်နွှဲခဲ့ပြီး ဒုတိယပိုင်းတွင် ငွေရောင်အလက်လက်များဖြင့် ဖန်တီးထားသော Evening Dress ဝတ်ဆင်၍ မင်္ဂလာညစာစားပွဲကို ဖြတ်သန်းခဲ့သည်။

၎င်းတို့နှစ်ဦး၏မင်္ဂလာညစာစားပွဲမတိုင်မီ မင်္ဂလာပွဲကို စပွန်ဆာမယူဟု ရွှေမှုံရတီပြောကြားချက်များနှင့် ပတ်သက်၍ ၎င်း၏ ဆရာရင်း ဂွ္ဗန်လွင်နှင့် အလှကုန်ကုမ္ပဏီပိုင်ရှင်တို့ကြား အငြင်းပွားမှုများ ဖြစ်ပေါ်ခဲ့ပြီး အပြန်အလှန်ဖြေရှင်းမှုများရှိခဲ့သော်လည်းကာယကံရှင် ရွှေမှုံရတီကမူ ပြန်လည်ဖြေရှင်းခြင်းမရှိသေးပေ။

# ရွှေထူးနဲ့ ရွှေမှုံရတီတို့အတွက် ဝမ်းသာဂုဏ်ယူတဲ့ မေမြင့်မိုရ်



ခင်ဆွေသက်

ရန်ကုန်၊ နိုဝင်ဘာ-၉

အဆိုတော်ရွှေထူးနှင့် ရွှေမှုံရတီတို့၏မင်္ဂလာသတင်းကို ရုတ်တရက်ကြားသိရသောကြောင့် အံ့အားသင့်ပြီး ဝမ်းသာဂုဏ်ယူကြောင်း သရုပ်ဆောင်မေမြင့်မိုရ်က ပြောသည်။

"နှစ်ယောက်စလုံးက အရမ်းချစ်တော့ လက်ထပ်မှာကို အရမ်းပီတိဖြစ်ပါတယ်။ နှမြောတယ်၊ မနှမြောဘူးဆိုတာထက် အဓိကကိုယ့်နှလုံးသားရဲ့စေရာပေါ့။ ချစ်မိသွားတယ်ဆိုတာ လူတိုင်းဖြစ်တတ်ပါတယ်။ ညီမလည်း ချစ်မိသွားရင် ဘယ်လိုဖြစ်လာမလဲမသိဘူး။အသက်ငယ်တဲ့အတွက် စောသေးတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကိုယ်တကယ်ချစ်မိသွားတယ်ဆိုတဲ့ ချစ်ခြင်းတရားကိုတော့ ဘယ်သူမှ တားဆီးလို့မရဘူးလေ"ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ၎င်း၏အချစ်ရေးနှင့်ပတ်သက်ပြီးလက်တွဲဖော်မရှိသေးကြောင်းနှင့် အလုပ်ကိုသာ ပို၍ ဦးစားပေးဖြစ်နေသည်ဟု ဆိုသည်။

"ကိုယ့်အတွက်ကတော့အခုချိန်ထိ အရမ်းချစ်မိသွားတဲ့သူမရှိသေးဘူး။ စိတ်က ခဏခဏပြောင်းနေတော့ ကိုယ့်စိတ်ကိုယ် မယုံဘူး။ တကယ်ချစ်မိသွားရင် တော်တော်ချစ်တဲ့သူပဲဖြစ်မှာပါ" ဟု ၎င်းက ဆိုသည်။

လက်ရှိ အနုပညာလှုပ်ရှားမှုအနေဖြင့် သရုပ်ဆောင်ဒါရိုက်တာ ကျော်သူရိုက်ကူးမည့်'၁၀၁၄' ရုပ်ရှင်ဇာတ်ကားကြီးတွင် ပါဝင်သရုပ်ဆောင်နေသည်။

အဆိုပါဇာတ်ကားသည်ပုဂံမြို့သူဇာတ်လမ်းတွဲထဲမှ သရုပ်ဆောင်များအပြင် အခြားသရုပ်ဆောင်များစွာ ပါဝင်မည် ဖြစ်သည်။

"ဒီကားက အရင်ခေတ်တွေကအရည်းကြီးဆိုတာရှိခဲ့သလား၊ တကယ် ဘယ်လိုအလေ့အထတွေရှိခဲ့သလဲဆိုပြီး ပရိသတ်တွေအနေနဲ့ ဗဟုသုတတွေလည်း အများကြီးရမယ်။ တစ်ခုခုလည်း ခံစားရမယ်။ဗုဒ္ဓဘာသာကို အခြေခံပြီး ရိုက်မယ့်ကားဆိုတော့ ညီမတို့ မြန်မာလူမျိုးတွေ ကြည့်သင့်တဲ့ကားလေးဖြစ်တယ်။ နောက်ပြီး Setting တွေ၊ ဂရပ်ဖစ်တွေနဲ့ သေချာရိုက်မယ့်ကားဆိုတော့ ညီမကိုယ်တိုင်လည်း ပါဝင်ရတာဝမ်းသာပါတယ်"ဟုသရုပ်ဆောင် မေမြင့်မိုရ်က ပြောသည်။

# ကွန်မြူနစ်ဇာတ်ကောင်ဖြစ်ဖို့ အောင်ရဲလင်းရဲ့ ကြိုးပမ်းမှု

ခင်ဆွေသက်

ရန်ကုန်၊ နိုဝင်ဘာ-၁၁

ဒါရိုက်တာ ဝင်းထွန်းထွန်းရိုက်ကူးသည့် 'တစ်ခါက ဆတ်သေချောင်း' ရုပ်ရှင်ဇာတ်ကားတွင် များစွာကြိုးစားထားသောကြောင့် ပရိသတ်အားလုံးကျေနပ်မည့် ဇာတ်ကားဖြစ်ကြောင်း သရုပ်ဆောင် အောင်ရဲလင်းက ပြောသည်။

"အရမ်းပင်ပန်းတယ်။ ကာရိုက်တာတစ်ခုဖြစ်ဖို့အတွက်ကို အများကြီးတည်ဆောက်ထားရတယ်။ Pre Production ကိုလည်းတစ်လလောက်အချိန်ပေးပြီးအများကြီး ကြိုးစားလေ့ကျင့်ထားကြတယ်။ ပြေးတာကအစ မြင်းစီးတာအဆုံး ဖိုက်တင်တွေရော၊ သူပုန်ဘက်ရောက်တဲ့အချိန် သူပုန်လေယူလေသိမ်းဖြစ်ဖို့ရော၊ စစ်ဘက်ဆိုင်ရာနဲ့ပတ်သက်တဲ့ လေယူလေသိမ်းဖြစ်ဖို့ရော မျိုးစုံပြင်ဆင်ပြီးကြိုးစားထားတယ်" ဟု ၎င်းကပြောသည်။

နောင်ချိုမြို့နယ် ဘန့်ဘွေးကျင်းရွာအနီးရှိဘန့်ဘွေးကျင်းရေတံခွန်တွင် သွားရောက်ရိုက်ကူးရချိန်၌ အန္တရာယ်များစွာနှင့် အခက်အခဲများစွာရှိသည်ဟု ဆိုသည်။

"ရေတံခွန်မှာ ရိုက်တဲ့အခန်းဆို ထော်လာဂျီနဲ့သွားရတယ်။ ပေ ၅၀၀ မြင့်တယ်။ ရေတံခွန်က အဲဒီအောက်ကို ဆင်းရတယ်။ ဘေးမှာလည်း ချောက်ပေါ့။တော်တော်လေးကို ကြိုးစားပမ်းစား သေချာရိုက်ထားပါတယ်။ အခက်အခဲက ရေတံခွန်ဆင်းရိုက်တော့ မိုးတွေရွာနေတယ်။ ပိုဆိုးတာက တစ်ယောက်မှ မှားလို့မရဘူး။ မှားတာနဲ့ Teamwork တစ်ခုလုံးပျက်ပြီ။ အဲဒါကို ဂရုစိုက်ရတယ်" ဟု အောင်ရဲလင်းကပြောသည်။

တစ်ခါက ဆတ်သေချောင်း ဇာတ်ကားရိုက်ကူးပြီးစီး၍ ရန်ကုန်ပြန်ရောက်သည့်အခါ ငါးရက်ခန့် အနားယူခဲ့ရကြောင်း အောင်ရဲလင်းကဆိုသည်။ ယင်းဇာတ်ကားရိုက်ကူးချိန်တွင် ပင်ကိုအသားရေနှင့် မရိုက်ကူးဘဲ မိတ်ကပ်အညိုများလိမ်း၍ ရိုက်ကူးခဲ့သည်ဟုဆိုသည်။

"ဒီအသားအရေနဲ့ရိုက်မယ်ဆိုရင် အဲဒီလောက်ကောင်းမှာ မဟုတ်ဘူး။ ကာရိုက်တာကိုက နည်းနည်းပေပေတေတေ စုတ်စုတ်ပြတ်ပြတ်ဆိုတော့ အဲဒီအသားအရေနဲ့ပိုအဆင်ပြေတယ်။ တော်လှန်ရေးကောင်စီခေတ်မှာ ရွာထဲမှာ နေနေရင်းကွန်မြူနစ်ကို ပိုပြီး ယုံကြည်တဲ့သူ၊ ပြီးတော့ရွာကိုပြန်သိမ်းလိုက်တဲ့သဘော၊ သူကတောထဲမှာနေတယ်။ သူပုန်လည်းဖြစ်တော့ အဲဒီလိုမိတ်ကပ်အညိုလိမ်းပြီးရိုက်တာက ပိုပြီး



အံဝင်တာပေါ့။ ဒီအသားအရေနဲ့ဆို ကြည့်လို့ကောင်းမှာမဟုတ်ဘူး" ဟု ၎င်းကပြောသည်။

လက်ရှိတွင် ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် ရိုက်ကူးသည့် 'ငါမုန်းတဲ့အကျွရာ' ဇာတ်ကားကို တိုင်ရွှန်၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီတို့နှင့်အတူ ပါဝင်သရုပ်ဆောင်နေပြီး အဆိုပါဇာတ်ကား၌ ယောကျ်ားပိုင်းလုံးအဖြစ်သရုပ်ဆောင်နေသည်။

www.free4readers.com

Sports
7DAY NEWS JOURNAL

ဘာလွန်းဒီအောကို မက်ဆီနဲ့ ရော်နယ်ဒို ကြီးစိုးတဲ့ခေတ် အဆုံးသတ်ပြီလား ...




Vol.17, No.36 • NOVEMBER 14 , 2018 စာ-၄၈ »

# အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ အားကစားနည်းငါးမျိုး ရွှေတံဆိပ်မျှော်မှန်း

**ရွှေဘုတ်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၂**

နေပြည်တော်တွင် ကျင်းပမည့် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ၌ အိမ်ရှင်မြန်မာတက္ကသိုလ်အားကစားအဖွဲ့အနေဖြင့် အားကစားနည်းငါးမျိုးတွင် ရွှေတံဆိပ်မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံတက္ကသိုလ်အားကစားအဖွဲ့ချုပ် အတွင်းရေးမှူးဒေါက်တာလှတင့်က ပြောသည်။

(၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရုံများ၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အားကစားနည်း ၁၇ မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာတက္ကသိုလ်အားကစားအဖွဲ့က ဘောလုံး၊ လှေလှော်၊ မြားပစ်၊ ပီတန်း၊ ပိုက်ကျော်ခြင်း(ခြင်းလုံး) အားကစားနည်းများမှ ရွှေတံဆိပ်မျှော်မှန်းထားကြောင်း ဒေါက်တာလှတင့်က ပြောသည်။

"အရင်နှစ်တွေတုန်းက ပြိုင်ပွဲအမျိုးအစား နည်းနည်းပဲ သွားပြိုင်ခဲ့တော့ ဆုတံဆိပ်လည်းနည်းခဲ့တယ်။ ဒီနှစ်ကတော့ အိမ်ရှင်လည်းဖြစ်တဲ့အတွက် အားကစားနည်းတိုင်းက ပြိုင်ပွဲအမျိုးအစားအကုန်လုံးကို ဝင်ပြိုင်ဖို့စီစဉ်ထားတယ်။ ဒါမှလည်း ဆုတံဆိပ်တော်တော်များများကို ရနိုင်မှာပါ။ ရွှေတံဆိပ်အနေနဲ့တော့ ၃၀ ရာခိုင်နှုန်းလောက် ရယူနိုင်ဖို့ မှန်းထားတယ်။ ကလေးတွေလည်းအကောင်းဆုံး ကြိုးစားပြင်ဆင်ထားတာတွေ့ရတော့ အောင်မြင်မှုရရှိဖို့များပါတယ်" ဟု ဒေါက်တာလှတင့်က ပြောသည်။

အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဒေသတွင်း ၁၁ နိုင်ငံမှ အားကစားသမား ၁,၄၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အိမ်ရှင်မြန်မာနိုင်ငံက အားကစားသမား ၃၆၀ ကျော်ဖြင့် အများဆုံး ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် အားကစားနည်း ၁၇ မျိုး၌ ပြိုင်ပွဲအမျိုးအစား ၂၀၁ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။

၂ နှစ်တစ်ကြိမ်ကျင်းပသည့် အာဆီယံတက္ကသိုလ်အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြစ်ပြီး ကုန်ကျစရိတ်ကျပ်သန်းခုနစ်ရာကျော်ရှိမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတစ်ဦးကပြောသည်။ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်နှင့် ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(၂)၌ ကျင်းပမည်ဖြစ်သည်။

၂၀၁၈အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့်အားကစားနည်းများသည် ဗိုဗီနမ်၊ပိုက်ကျော်ခြင်း(ခြင်းလုံး)၊ ဘောလုံး၊ ဝူရှူး၊ တင်းနစ်၊ ကရာတေး၊ ဘော်လီဘော၊ စစ်တုရင်၊ မြားပစ်၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ဂေါက်၊ လှေလှော်၊ ရေကူး၊ ကြက်တောင်၊ ပီတန်း၊ စားပွဲတင်တင်းနစ်တို့ဖြစ်သည်။

မြန်မာတက္ကသိုလ် အားကစားအဖွဲ့သည် ၂၀၁၆ အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲတွင် ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်အားကစားနည်းသုံးမျိုးသာယှဉ်ပြိုင်ပြီး ပိုက်ကျော်ခြင်းမှ ငွေတံဆိပ်တစ်ခုသာရရှိခဲ့သည်။

# ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ် ပြင်ဦးလွင်တွင် ကျင်းပမည်

**ချစ်ဝိုင်း**

**ရန်ကုန်၊ နိုဝင်ဘာ-၁၂**



၂၀၁၈ ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပွဲစဉ်တစ်ခုတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်နေစဉ်
ဓာတ်ပုံ - မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်

၂၀၁၈ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမမြောက်ပွဲစဉ်ကို ပြင်ဦးလွင်မြို့ ချယ်ရီလွင်ဂေါက်ကွင်း၌ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ပူးပေါင်းကျင်းပသည့် အဆိုပါပြိုင်ပွဲသည် ယခုနှစ်ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်လည်းဖြစ်ပြီး နိုဝင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ချယ်ရီလွင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်အမျိုးသားပြိုင်ပွဲ၊ ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားခြင်းကြောင့် ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲအတွက် လက်ရည်စစ်ပြိုင်ပွဲများကျင်းပနေသည်။

"ဝါသနာရှင်အဆင့်ပြိုင်ပွဲမှာ ဝင်ပြိုင်တဲ့အရေအတွက် များပြားလွန်းတာကြောင့် ကျွန်တော်တို့ ပြိုင်ပွဲကျင်းပရေးက အရင်လက်ရည်စစ်ပွဲလုပ်တာ။ လက်ရည်စစ်လို့အောင်မြင်မှ ပြိုင်ပွဲမှာ ဝင်ပြိုင်ခွင့်ပြုမယ်" ဟု မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၈ အတွင်း မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်လေးပွဲအမှတ်ပေးဇယားများအရ ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲအဆင့် (၁)မှ(၃၀)အတွင်းရရှိသူများသည် လူရွေးပွဲသို့ဝင်ရောက်ယှဉ်ပြိုင်စရာမလိုဘဲ နောက်ဆုံးပွဲစဉ်၌ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

၂၀၁၈ ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ်ကို ပြီးခဲ့သည့်အောက်တိုဘာအတွင်းက ရဲမွန်တပ်မြို့ ရဲမွန်ကျွန်းသာယာဂေါက်ကွင်း၌ ကျင်းပခဲ့ပြီး ပရော်ဖက်ရှင်နယ်အဆင့်တွင် ဇော်ဇော်လတ်၊ အပျော်တမ်းအဆင့်(အမျိုးသား)ပြိုင်ပွဲတွင် မင်းနိုင်စိုးနှင့် အမျိုးသမီးပြိုင်ပွဲ၌ မေဦးခိုင်တို့ ဗိုလ်စွဲထားသည်။

ယင်းပြိုင်ပွဲ ပရော်ဖက်ရှင်နယ်အဆင့် ပြိုင်ပွဲတစ်ခုစီတွင် ဗိုလ်စွဲသူကို ဆုကြေးကျပ်သိန်း ၃၀ ချီးမြှင့်ပြီး ပြိုင်ပွဲတစ်ခုစီအတွက် ချီးမြှင့်မည့်စုစုပေါင်းဆုကြေး ကျပ် ၃၈၅ သိန်းဖြစ်သည်။

## ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် မြန်မာကစားသမားငါးဦး ဝင်ပြိုင်မည်

**ရွှေဘုတ်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၂**

ထိုင်းနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၌ မြန်မာကစားသမားငါးဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့မှ အမျိုးသား သုံးဦးနှင့် အမျိုးသမီးနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၁၈ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ၅၅ ကီလိုတန်းတွင်ကျော်မင်းထွန်း၊ ၆၅ ကီလိုတန်းတွင် ထွန်းမင်း၊ ၇၀ ကီလိုတန်းတွင် အောင်ခိုင်ဝင်းနှင့် အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင်နန်းလောင်ခမ်းနှင့်နှင်းနှင်းအေးတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

"မနှစ်က ဝင်ပြိုင်တဲ့ ထွန်းထွန်းအောင်တော့ မပါတော့ဘူး။ ဒါပေမဲ့ ဒီပြိုင်ပွဲအတွက် တိုင်းနှင့်ပြည်နယ်က ကစားသမားတွေ၊ ကစားသမားကောင်းတွေကို သေချာရွေးထားပါတယ်။ ပြင်ဆင်မှုလည်း အကောင်းဆုံးလုပ်ထားတယ်။ ဆုတံဆိပ်တစ်ခုခုရဖို့တော့ မျှော်မှန်းထားပါတယ်"ဟု မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၂၀၁၇ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ထွန်းထွန်းအောင်က ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့သည်။

# တိုင်းနှင့် ပြည်နယ် ယူ-၁၄ ပြိုင်ပွဲ ခြေစွမ်းပြကစားသမားများကို အာဆီယံပြိုင်ပွဲအတွက် ရွေးချယ်မည်

**ရွှေဘုတ်**

**ရန်ကုန်၊ နိုဝင်ဘာ-၁၂**

အသက် (၁၄)နှစ်အောက် တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲတွင် ခြေစွမ်းပြသည့်ကစားသမားများကို ၂၀၁၉ အာဆီယံပြိုင်ပွဲဝင်မည့် မြန်မာယူ-၁၅ အသင်းအတွက် ရွေးချယ်မည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

အာဆီယံ ယူ-၁၅ ချန်ပီယံရှစ်အမျိုးသားဘောလုံးပြိုင်ပွဲကို လာမည့် ၂၀၁၉ မတ်လတွင်ကျင်းပမည်ဖြစ်ပြီး အသင်းနည်းပြချုပ်အဖြစ် မန္တလေးဘောလုံးအကယ်ဒမီနည်းပြ ဂျပန်လူမျိုးတာကူမာက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"တိုင်းနှင့်ပြည်နယ်က ခြေစွမ်းကောင်းတဲ့ ကလေးတွေကို အခြေခံပြီး အာဆီယံ ယူ-၁၅ အတွက်ရွေးချယ်သွားမှာပါ။ အခုပွဲစဉ်တိုင်းကို နည်းစနစ်အဖွဲ့နဲ့အတူ နည်းစနစ်ဒါရိုက်တာအဲရစ်ကလည်း စောင့်ကြည့်လေ့လာနေပါတယ်။ အာဆီယံပြိုင်ပွဲအတွက် သေချာအချိန်ယူပြီး ပြင်ဆင်သွားမှာပါ" ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ယူ-၁၄အမျိုးသားဘောလုံးပြိုင်ပွဲ (MFF 100 PLUS Cup States & Regions U-14 Boy's Tournament 2018) ကို နိုဝင်ဘာ ၃ ရက်မှ ၁၇ ရက် အထိ ရန်ကုန်မြို့ အမျိုးသားဘောလုံးအကယ်ဒမီ မြက်ခင်းတုကွင်း၌ ကျင်းပနေသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၈ အာဆီယံ ယူ-၁၅ ချန်ပီယံရှစ်အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

www.free4readers.com





IMDG
SunkistMyanmar
Sunkist is a registered trademark of Sunkist Growers, Inc., USA used under license by Asia Pacific Beverages Myanmar Company Limited. ©2018 Sunkist Growers, Inc.
Asia Pacific Beverages



7 DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018



# ဘလွန်းဒီအောကို မက်ဆီနဲ့ ရော်နယ်ဒို ကြီးစိုးတဲ့ခေတ် အဆုံးသတ်ပြီလား

▸ ဇွဲရဲဝင့်

**ပြီးခဲ့တဲ့** ဆယ်စုနှစ်တစ်ခုအတွင်းအကောင်းဆုံး ဘောလုံးသမားက ဘယ်သူလဲလို့မေးလိုက်ရင် အဖြေအတွက် အငြင်းအခုံတွေ ပြင်းထန်လာမှာသေချာပါတယ်။ဒါပေမဲ့ အကောင်းဆုံး ဘောလုံးသမားနေရာအတွက် ဘယ်သူတွေ ပြိုင်ဆိုင်ခဲ့ကြသလဲ လို့မေးရင်တော့ လီယွန်နယ်မက်ဆီနဲ့ ခရစ္စတီယာနိုရော်နယ်ဒိုတို့ရဲ့ နာမည်ကို အားလုံးက တညီတညွတ်တည်း ရေရွတ်ကြမှာပါ။ ဒီကစားသမားနှစ်ယောက်ဟာ ၂၀၀၇ မှာရီကာဒိုကာကာဆုရခဲ့တဲ့နောက်ပိုင်း ချီးမြှင့်တဲ့ Ballon d'Orဆု ၁၀ ကြိမ်ကို ငါးကြိမ်စီ ခွဲယူခဲ့ကြပါတယ်။ ဒါပေမဲ့ Ballon d'Or ဆုပေးပွဲမှာ မက်ဆီနဲ့ ရော်နယ်ဒိုတို့ ကြီးစိုးထားတဲ့ ခေတ်တစ်ခု ၂၀၁၈ မှာ ဆုံးခန်းတိုင်တော့မယ့် အလားအလာတွေ မြင်နေရပါပြီ။

၂၀၁၈ အတွက် Ballon d'Or ဆုရရှိသူကို ဒီဇင်ဘာ ၃ ရက်ကျရင် ပါရီမြို့မှာအခမ်းအနားနဲ့ ဂုဏ်ပြုဆုချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဆုအတွက် ပဏာမအယောက် ၃၀ စာရင်းကို ရွေးချယ်ထားရာမှာ မက်ဆီရော ရော်နယ်ဒိုပါ ပါဝင်လာကြတယ်။ ဒါပေမဲ့ နောက်ဆုံးဆန်ခါတင်သုံးယောက်စာရင်းမှာတော့ သူတို့နာမည်တွေ ချန်လှပ်ခံထားရမယ်ဆိုတဲ့ ယုံကြည်ရလောက်တဲ့သတင်းတွေ အတော်လေးခိုင်ခိုင်မာမာ ထွက်ပေါ်လာပါတယ်။ ဒါဟာ မျိုးဆက်တစ်ခုစာလောက် ကြာမြင့်အောင် Ballon d'Or ဆုကို မက်ဆီနဲ့ ရော်နယ်ဒိုပဲ မောင်ပိုင်စီးထားတဲ့ အစဉ်အလာတစ်ခု ပြီးဆုံးတော့မယ့် နိမိတ်လက္ခဏာလည်း ဖြစ်ပါတယ်။

Radio Rrance Internationaleရဲ့ သိက္ခာရှိတဲ့ အားကစားဂျာနယ်လစ် အဲရစ်မမ်ရွှတ်သ်က Ballon d'Or ဆုအတွက် မဲရေတွက်မှုတွေ ထက်ဝက်လောက်ပြီးဆုံးသွားပြီလို့ Twitter မှာ ရေးသားခဲ့ပါတယ်။ အဲဒီအခြေအနေအရ ဆုပေးပွဲရဲ့ချန်ပီယံအဖြစ် ယှဉ်ပြိုင်မယ့် ထိပ်ဆုံးသုံးယောက်မှာ မက်ဆီရော၊ ရော်နယ်ဒိုပါ မပါတော့တာသေချာပြီလို့ ယတိပြတ်ပြောနိုင်ကြောင်း သူကဆိုပါတယ်။ မက်ဆီဟာ ပြီးခဲ့တဲ့ရာသီက ဘာစီလိုနာနဲ့အတူ လာလီဂါ ချန်ပီယံဖြစ်ခဲ့ပြီး ရော်နယ်ဒိုကတော့ ရီးရဲလ်မက်ဒရစ်မှာကစားရင်း ချန်ပီယံလိဂ်ဆုဖလားကို ကိုင်မြှောက်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့အသီးသီး ကိုယ်စားပြုတဲ့ အာဂျင်တီးနားနဲ့ ပေါ်တူဂီလက်ရွေးစင်အသင်းတွေ ကမ္ဘာ့ဖလားမှာ အခြေမလှခဲ့တဲ့ဒဏ်ကို Ballon d'Or ဆုရွေးချယ်မှုမှာ အသီးသီးခံစားကြရမယ့် သဘောပါပဲ။

အဲဒီအစား ၂၀၁၈ Ballon d'Or ဆုကို လူကာမိုဒရစ်၊ ရာဖာရဲလ်ဗာရာနီနဲ့ ကီလီယန်အမ်မက်ဘီတို့ သုံးယောက်ပဲအပြိုင်လုရမယ်လို့ မမ်ရွှတ်သ်ကဆိုပါတယ်။ အဲဒီသုံးယောက်စလုံးဟာ ကမ္ဘာ့ဖလား ဗိုလ်လုပွဲရောက်အသင်းနှစ်သင်းက ကစားသမားတွေပါ။ မက်ဘီနဲ့ ဗာရာနီတို့ဟာ ကမ္ဘာ့ချန်ပီယံပြင်သစ်အသင်းမှာ အကောင်းဆုံး ခြေစွမ်းပြခဲ့ကြပါတယ်။ ကလပ်အသင်းအဆင့်မှာလည်း မက်ဘီက ပီအက်စ်ဂျီနဲ့ အတူ ပြင်သစ်လီဂူးဝမ်းဆုဖလား၊ ဗာရာနီက ရီးရဲလ်နဲ့အတူ ချန်ပီယံလိဂ်ဆုဖလားတွေ ပိုင်ဆိုင်ထားတယ်။ မိုဒရစ်ကျတော့လည်း ခရိုအေးရှားနဲ့အတူ ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာရှုံးနိမ့်ခဲ့ပေမယ့် ပြိုင်ပွဲရဲ့ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ပါတယ်။ ရီးရဲလ်နဲ့အတူ ချန်ပီယံလိဂ်ဖလား ရရှိခဲ့တဲ့အပြင် ဒီနှစ်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်က တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆု၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ရဲ့ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုလို တစ်ဦးချင်းထူးချွန်ဆုတွေကိုလည်း ပိုင်ဆိုင်ထားပြန်တယ်။

ဒီလိုအခြေအနေတွေကြောင့်လည်း Ballon d'Or အတွက် ဆန္ဒမဲတွေမှာ မက်ဆီနဲ့ရော် နယ်ဒိုတို့အပေါ် ထောက်ခံမှုလျော့ကျသွားတာဖြစ်နိုင်ပါတယ်။ တကယ်တော့ သူတို့နှစ်ယောက်ဟာ ဘောလုံးလောကရဲ့ အတောက်ပဆုံးတွေအနေနဲ့ အချိန်အကြာကြီး အမြင့်ပျံပြခဲ့ပြီးပါပြီ။ ထွက်ပေါ်နေတဲ့သတင်းတွေသာအမှန်ဖြစ်ခဲ့ပြီး ဒီဆုရဲ့ ဆန်ခါတင်သုံးဦးမှာ ရော်နယ်ဒိုရော၊ မက်ဆီပါ ပါမလာတော့ဘူးဆိုရင်တော့ သူတို့နှစ်ဦးရဲ့ခေတ်အလွန် ဘောလုံးမျိုးဆက်ရဲ့ နေ့သစ်တွေကို မျှော်ကြည့်ရတော့မှာ ဖြစ်ပါတယ်။



www.free4readers.com



7 DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018

# သမီးနှစ်ဦးကို ဖန်ပြွန်သန္ဓေသားနည်းဖြင့် မီးဖွားခဲ့ဟု မိရှဲလ်အိုဘားမားဖွင့်ဟ

**ဝါရှင်တန်၊ နိုဝင်ဘာ- ၁၀**

သမ္မတကတော်ဟောင်း မိရှဲလ် အိုဘားမားက အိမ်ထောင်ရေးနှင့် ပတ်သက်၍ အခက်အခဲများနှင့် သမီးနှစ်ဦးကို ကိုယ်ဝန်ဆောင်စဉ် ကြုံတွေ့ရသည့် အခက်အခဲများကို ဖွင့်ဟမှတ်တမ်းစာအုပ်ထုတ်ဝေခဲ့သည်။

Becoming ဟု အမည်ရှိ ယင်းစာအုပ်တွင် မစ္စစ်အိုဘားမားက ၎င်းသည် ကိုယ်ဝန်တစ်ကြိမ် ပျက်ကျခဲ့ပြီး မာလီယာနှင့် ဆာရှာ သမီးနှစ်ဦးစလုံးကို ဖန်ပြွန်သန္ဓေသားနည်း အသုံးပြု၍ ကိုယ်ဝန်ဆောင်ခဲ့ကြောင်း ဖွင့်ဟထားသည်။

လွန်ခဲ့သော နှစ် (၂၀)က ကိုယ်ဝန်ပျက်ကျခဲ့ပြီးနောက် အထီးကျန်ပြီး ပျောက်ဆုံးသွားသလို ခံစားခဲ့ရကြောင်း မစ္စစ်အိုဘားမားက အေဘီစီသတင်းဌာနအား ပြောကြားသည်။

မိသားစုလုံခြုံရေးအန္တရာယ်ကျရောက်စေ၍ ဒေါ်နယ်ထရန့်ကိုလည်း ဝေဖန်သည်။

မစ္စစ်အိုဘားမားနှင့် သမ္မတဟောင်း ဘားရက်အိုဘားမားတို့သည် အိမ်ထောင်ရေးဆိုင်ရာ နှစ်သိမ့်အကြံ ပေးကုသမှုခံရန် ကြိုးပမ်းခဲ့ကြောင်း နိုဝင်ဘာ ၁၃ ရက်တွင် ထွက်မည့် ၄၂၆ စာမျက်နှာပါ စာအုပ်တွင် ဖွင့်ဟထားသည်။

ယင်းစာအုပ် ထုတ်ဝေပြီးနောက် မစ္စစ်အိုဘားမားသည် လန်ဒန်အပါအဝင် မြို့ ၁၀ မြို့သို့ သွားရောက်မည်ဖြစ်သည်။

ယခင်က ရှေ့နေလုပ်ခဲ့ပြီး ဆေးရုံအုပ်ချုပ်ရေးမှူးဖြစ်ခဲ့သူ မစ္စစ်အိုဘားမားက ကိုယ်ဝန်ပျက်ကျပြီးနောက် "ကိုယ်ဝန်ပျက်ကျတဲ့အကြောင်းကို ကျွန်မတို့ ပြောဆိုလေ့မရှိတာကြောင့် ကိုယ်ဝန်ပျက်ကျတာတွေကို ဘယ်လိုမျိုး ကြုံတွေ့နေကျဖြစ်တယ်ဆိုတာ ကျွန်မမသိလို့ ကျွန်မကျရှုံးသွားသလိုခံစားခဲ့ရတယ်"ဟု အေဘီစီသတင်းဌာနအား ပြောကြားသည်။

အသက် (၃၄)နှစ်တွင် ခန္ဓာကိုယ်၏ ဇီဝဖြစ်စဉ်နှင့် မျိုးဥထုတ်လုပ်နိုင်မှု အကန့်အသတ်ရှိကြောင်း တွေးမိပြီး ဖန်ပြွန်သန္ဓေသားနည်းဖြင့် ကိုယ်ဝန်ဆောင်ရန် ဆုံးဖြတ်ခဲ့သည်ဟု မစ္စစ်အိုဘားမားက ပြောသည်။



ခင်ပွန်းသည် လွှတ်တော်သို့ ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း ၎င်းသည် ကိုယ်ဝန်ဆောင်မှုဆိုင်ရာ ဆေးများကိုယ်တိုင်ထိုးခဲ့ရပြီးအိမ်၌သာ ရှိနေသည့်အချိန်များတွင် ဇနီးမောင်နှံ ဆက်ဆံရေး အခက်ကြုံခဲ့ကြောင်း မစ္စစ်အိုဘားမားက ထုတ်ဖော်ပြောကြားသည်။

ထရန့်နှင့် ပတ်သက်၍ မစ္စစ်အိုဘားမားက ခင်ပွန်းကို အမေရိကန်နိုင်ငံတွင် မွေးသူမဟုတ်ဆိုသောအတွေးကို ထောက်ခံပြောဆိုခြင်းကြောင့် လုံးဝခွင့်လွှတ်မည်မဟုတ်ဟု ပြောသည်။

ထရန့်က "မိရှဲလ်အိုဘားမားဟာ စာအုပ်တစ်အုပ်ရေးဖို့ ငွေတွေအများကြီးရခဲ့တယ်"ဟုပြောပြီး အိုဘားမားက အမေရိကန်စစ်တပ်ကို ရန်ပုံငွေ ကောင်းစွာမထောက်ပံ့ခဲ့၍ လုံးဝခွင့်မလွှတ်ဟု ပြောသည်။

—*Ref: BBC*

# ဆော်ဒီအာရေးဗီးယားသို့ လက်နက်များ တင်ပို့မှု နော်ဝေအစိုးရ ဆိုင်းငံ့

**အော်စလို၊ နိုဝင်ဘာ- ၁၀**

ဆော်ဒီအာရေးဗီးယားနိုင်ငံနှင့် ယီမင်နိုင်ငံ၌ လတ်တလောအခြေအနေများအပြီး ဆော်ဒီအာရေးဗီးယားသို့ လက်နက်များ တင်ပို့ရောင်းချမှုဆိုင်ရာ လိုင်စင်သစ်များကို ဆိုင်းငံ့ကြောင်း နော်ဝေနိုင်ငံက ကြေညာသည်။

ယခု ဆုံးဖြတ်ချက်မှာ အောက်တိုဘာ ၂ ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဆော်ဒီအာရေးဗီးယားကောင်စစ်ဝန်ရုံး၌ ဆော်ဒီဂျာနယ်လစ်ဂျာမယ်လ် ကာရှော့ဂီ အသတ်ခံရမှုနှင့် တစ်စိတ်တစ်ပိုင်း ပါဝင်ပတ်သက်ခြင်း ရှိ၊ မရှိ နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားရန် ငြင်းဆိုသည်။

"လက်ရှိအခြေအနေမှာကာကွယ်ရေးပစ္စည်းတွေ၊ ဒါ့မှမဟုတ် စစ်ဘက်ဆိုင်ရာ ဘက်စုံသုံးပစ္စည်းတွေကို ဆော်ဒီအာရေးဗီးယားကို တင်ပို့ဖို့ လိုင်စင်သစ်တွေ မထုတ်ပေးဖို့ ကျွန်တော်တို့ ဆုံးဖြတ်ထားပါတယ်" ဟု နော်ဝေနိုင်ငံခြားရေးဝန်ကြီး အင်နီအဲရစ်ဆင်က ထုတ်ပြန်ချက်၌ ပြောသည်။

ကာရှော့ဂီဘာကြောင့်သတ်ဖြတ်ခံရကြောင်း ဆော်ဒီအစိုးရအနေဖြင့် ရှင်းမပြပါက ဆော်ဒီအာရေးဗီးယားသို့ လက်နက်များ တင်ပို့မှု ရပ်တန့်မည်ဟု ဂျာမနီနိုင်ငံက ပြီးခဲ့သည့်လအတွင်း ပြောကြားထားသည်။

ကာရှော့ဂီ လုပ်ကြံခံရမှု ဆန့်ကျင်ကြောင်း ပြသရန် အင်နီအဲရစ်ဆင်က နော်ဝေနိုင်ငံဆိုင်ရာ ဆော်ဒီသံအမတ်ကို ဆင့်ခေါ်ခဲ့ပြီးနောက် သီတင်းတစ်ပတ်အကြာတွင် ယခုကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆော်ဒီအာရေးဗီးယား၌ လတ်တလောအခြေအနေများနှင့် မရှင်းလင်းသော အခြေအနေအပေါ် ကျယ်ပြန့်သည့် အကဲဖြတ်သုံးသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် လိုင်စင်များ ဆိုင်းငံ့ရန် ဆုံးဖြတ်ခဲ့သည်ဟု နော်ဝေနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန် ပြောကြားသည်။

ဆော်ဒီအာရေးဗီးယားသည် ယီမင်တွင် အီရန်၏ မဟာမိတ် ဟိုသီသူပုန်များကို တိုက်ခိုက်နေသည့် ညွန့်ပေါင်းတပ်ဖွဲ့ကို ဦးဆောင်နေသည်။

—*Ref: Reuters*



7DAY NEWS JOURNAL
Vol.17, No.36 • NOVEMBER 14 , 2018



နောက်ကျောဖုံး မှ

# အဖြေရှာရန် ခက်ခဲနေသော သီရိလင်္ကာ နိုင်ငံရေးပြဿနာများ



ဝန်ကြီးချုပ် မာဟင်ဒါရာဂျာပက်ဆာနှင့် သမ္မတ သီရိဆနာ

DINUKA LIYANAWATTE / REUTERS

ထိုလုပ်ရပ်ကအလွန်ဘောင်ကျော်သော ကိစ္စမျိုးဟုဆိုနိုင်ပြီး အင်အားနည်းသည့် နိုင်ငံရေးပါတီများက အာဏာရပါတီနှင့် အစိုးရအဖွဲ့အပေါ် ယုံကြည်မှု အဆိုးဆုံးအဆင့်ထိ ကျဆင်းသွားတော့သည်။ ဝစ်ကရီမီဆင်ဂီနှင့် UNP ဘက်ကလည်း ခပ်ကျောကျော သဘောဆန်သည့် ဆီရိဆန်နာ၏ လုပ်ရပ်ကို လုံးဝလက်မခံဘဲ အစိုးရအဖွဲ့ထဲမှ ထွက်ခွာပေးရန် ငြင်းဆန်ခဲ့သည့်အခါ တင်းမာမှုများ ပိုမြင့်တက်လာသည်။

တစ်ချိန်တည်းတွင် သီရိဆနာအတွက် အရှိက်ထိုးခံရမည့် သစ္စာဖောက်မှုတစ်ခုနှင့် ကြုံလာတော့သည်။ ယင်းမှာ ရာဂျာပက်ဆာနှင့် အခြားသော ဝါရင့်နိုင်ငံရေးသမား ၄၄ ဦးက SLFP နှင့် လက်ရှိ အစိုးရကို ခြေစုံကန်ကာ အခြားပါတီတစ်ခုသို့ ခုန်ကူးသွားကြခြင်းဖြစ်သည်။ သီရိလင်္ကာ ပြည်သူ့မျက်နှာစာ ပါတီ (SLPP)ကို ရာဂျာပက်ဆာ၏ ညီအရင်းဖြစ်သော ဘာဆီလ်က ၂၀၁၆ တွင် ပြန်လည်အသက်သွင်း ထူထောင်ခဲ့သည်။ စီးပွားရေး ဝန်ကြီးဟောင်း ဘာဆီလ် ဦးဆောင်သော SLPP သည် ဖေဖော်ဝါရီက ကျင်းပသည့် ဒေသတွင်း ရွေးကောက်ပွဲတစ်ခုတွင် တောင်ပြိုကမ်းပြို ရလဒ်မျိုးဖြင့် အနိုင်ရခဲ့သည်။

သက်တမ်း နုနယ်လွန်းသေးသော SLPP ကို ပြည်သူအများစုက ထောက်ခံခဲ့ခြင်းမှာ ရာဂျာပက်ဆာကိုယ်တိုင်က ကူညီမဲဆွယ်ပေးခဲ့၍ဖြစ်သည်။ ရာဂျာပက်ဆာသည် အာဏာရပါတီ SLFP ကို ကိုယ်စားပြုသည့် လွှတ်တော်အမတ်အနေဖြင့် ရပ်တည်နေချိန်၌ ပင်အခြားပါတီအတွက်ဗြောင်ကျကျ မဲဆွယ်ပေးခဲ့ခြင်းဖြစ်သည်။ ထိုအခြေအနေကို သီရိဆနာ ကိုယ်တိုင် မတားဆီးရဲ၊ မတို့မထိရဲခဲ့ချေ။ ယခုတော့ နိုင်ငံရေးအရှုပ်အထွေးများ ဖြေရှင်းရန် အခက်ဆုံးအဆင့် ကြုံနေချိန်၌ ရာဂျာပက်ဆာက သစ်စိမ်းချိုးချိုးကာ ခြံခုန်သွားပြီဖြစ်သည်။

လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ်များ ကျင်းပပြီးသည့်အခါ သီရိဆနာက SLFP ဦးဆောင်သည့် အစိုးရမျိုးဖွဲ့စည်းနိုင်ရန် မျှော်လင့်နေကြောင်း ၎င်း၏ နိုင်ငံရေး မဟာမိတ်များက ဆိုသည်။ သို့သော် ရာဂျာပက်ဆာရော အခြားထိပ်တန်း နိုင်ငံရေးသမားများပါ SLPP သို့ကူးပြောင်းသွားသည့် အခြေအနေတွင် ပါတီ၏ အင်အားသိသိသာသာထိုးကျနေပြီဖြစ်သည်။ ဝစ်ကရီမီဆင်ဂီကို ဖယ်ထုတ်ပြီး ရာဂျာပက်ဆာကို ဝန်ကြီးချုပ်နေရာ ပေးခြင်းသည် ၎င်းကိုထိန်းသိမ်းရန် သမ္မတ၏ သွေးရူးသွေးတန်း အားထုတ်မှုဟုလည်းယူဆနိုင်သည်။ သို့သော် အနာနှင့်ဆေး မတည့်ခဲ့ဘဲ ပြဿနာပိုဆိုးသွားသလို နိုင်ငံတကာ အာရုံစိုက်ဝေဖန်မှုများပါ ရင်ဆိုင်လာရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရ အရာရှိ ဖာဟန်ဟက်က ဂူတာရက်စ်အနေဖြင့် သီရိလင်္ကာ နိုင်ငံရေးအလှည့်အပြောင်းများကို အလေးအနက် စောင့်ကြည့်နေကြောင်း၊ သီရိလင်္ကာ၏ ဒီမိုကရေစီ လုပ်ငန်းစဉ်များကို တန်ဖိုးထား စောင့်ထိန်း၍ ရာထူးခန့်အပ်မှု၊ ထုတ်ပယ်မှုများကို သတ်မှတ်ဥပဒေစည်းမျဉ်းများနှင့်အညီ ကျင့်သုံးလုပ်ဆောင်စေလိုကြောင်း သတိပေးပြောကြားခဲ့သည်။

ယခုတော့ ရာဂျာပက်ဆာလည်း SLPP သို့ ကူးပြောင်းသွားပြီး ညီဖြစ်သူထံမှ ပါတီခေါင်းဆောင်နေရာကို လွှဲယူလိုက်ပြီဖြစ်သည်။ သီရိဆနာအနေဖြင့် ဝဋ်လည်သည့် သဘောမျိုးဟုလည်း ယူဆနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၂၀၁၄ တွင် ၎င်းသည် SLFP မှတစ်ဆင့် အတိုက်အခံ အင်အားစုများနှင့် ဆက်သွယ်ပူးပေါင်းကာ ရာဂျာပက်ဆာ၏ အစိုးရကို စိန်ခေါ်ဖယ်ရှားခဲ့သောကြောင့် ဖြစ်သည်။ လက်ရှိအခြေအနေတွင် ရာဂျာပက်ဆာက သီရိဆနာနှင့် အနီးကပ်ရှိနေရာမှ အချိန်ကောင်းတွင် ဖယ်ခွာထွက်သွားခဲ့သည်။ ထို့အပြင် ရွေးကောက်ပွဲတွင်လည်း SLPP ကို ဦးဆောင်၍ ၎င်းကို အဓိကစိန်ခေါ်လာမည့် အလားအလာ ရှိနေပြန်သည်။

တိမ်တောင်သဖွယ် မင်းရေးကျယ်ဆိုသည့် ဆိုရိုးအတိုင်း တိုင်းရေး၊ ပြည်ရေး၊ နိုင်ငံရေးနှင့် ပတ်သက်သည့် အခင်းအကျင်းများ၊ နည်းဗျူဟာများ၊ လက်သီးပုန်းထိုးမှုများမှာ သိမ်မွေ့ ရှုပ်ထွေးလွန်းကြောင်း သီရိလင်္ကာနိုင်ငံ လက်ရှိကြုံနေသည့် အခြေအနေက သက်သေခံနေသည်။ ယခုတော့ လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲအတွက် ပြင်ဆင်နေပြီဖြစ်၍ သီရိဆနာ၊ ရာဂျာပက်ဆာနှင့် ဝစ်ကရီမီဆင်ဂီတို့ကြား အထွတ်အထိပ် အာဏာကို လက်လှမ်းယူရန် ပညာကုန်သုံး၍ အားပြိုင်ကြပုံများကို ဆက်လက်စောင့်ကြည့်ရမည်သာဖြစ်သည်။

—Ref: NDTV, ABC



Vol.17, No.36 • NOVEMBER 14 , 2018

www.free4readers.com



အသစ်ရွေးချယ်တင်မြှောက်ခံရသော ဝန်ကြီးချုပ် မာဟင်ဒါရာဂျာပက်ဆာက လွှတ်တော်အနီးစုဝေးပွဲတွင် မိန့်ခွန်းပြောကြားစဉ်

DINUKA LIYANAWATTE / REUTERS

# အဖြေရှာရန် ခက်ခဲနေသော သီရိလင်္ကာနိုင်ငံရေးပြဿနာများ

ဇွဲရဲဝင့်

မရိုးသားမှု၊ စည်းမစောင့်မှု၊ အာဏာ ပြိုင်ဆိုင်မှုများကိုအခြေပြု၍ သီရိလင်္ကာ၏ နိုင်ငံရေး မတည်ငြိမ်မှုများသည် ဖြေရှင်းရန် အခက်ခဲဆုံး အနေအထားမျိုးသို့ ဦးတည်လာခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်ကုန်တွင် လက်ရှိ အာဏာရသမ္မတ မိုင်သရီပါလာသီရိဆေနာက လွှတ်တော်ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။ လွှတ်တော် ဖျက်သိမ်းလိုက်ခြင်းနှင့်အတူ ဇန်နဝါရီ ၅ ရက်တွင် အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဟု သမ္မတက အတည်ပြုခဲ့သည်။ လက်ရှိ အကျပ်အတည်း ဖြေရှင်းရာတွင် ထိုနည်းလမ်းက ပရမ်းပတာနိုင်လွန်းကြောင်း နိုင်ငံတကာက ဝေဖန်မှုများ ရှိလာသည့်အခါ သမ္မတက ၎င်းအနေဖြင့် ပြည်တွင်းပဋိပက္ခများဆိုးရွားမလာအောင်ကာကွယ်ရန် ယခုနည်းကို ရွေးချယ်သည်ဟု ကာကွယ်ပြောဆိုသည်။

ယခင်ကတည်းက တအုံနွေးနွေးပြဿနာမျိုးရှိခဲ့သည့် သီရိလင်္ကာနိုင်ငံရေးသည် သီရိဆေနာက လက်ရှိဝန်ကြီးချုပ် ရှိနေလျက်နှင့် ယခင် နိုင်ငံခေါင်းဆောင်ဟောင်း မာဟင်ဒါရာဂျာပက်ဆာကို ၎င်းစိတ်ကြိုက် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်ချိန်တွင် အရှိန်အဟုန်ကောင်းကောင်းဖြင့် ပေါက်ကွဲလာတော့သည်။ ဝန်ကြီးချုပ် ရာနီလ်ဝစ်ကရီမီဆင်ဟီကလည်း ၎င်းသည်သာ ဖွဲ့စည်းပုံဥပဒေနှင့်အညီ ဝန်ကြီးချုပ် ခန့်အပ်ခံထားရသူဖြစ်သောကြောင့် ရာထူးမှ နုတ်ထွက်မပေးနိုင်ဟု အတိအလင်း ငြင်းဆိုခဲ့သည်။ ထိုအခြေအနေက ဝန်ကြီးချုပ် နှစ်ဦးကြား အားပြိုင်မှုနှင့် သမ္မတ၏ လုပ်ပိုင်ခွင့်တို့ ဆက်စပ်သည့် အာဏာလုပွဲသဖွယ် ဖြစ်လာတော့သည်။

ထိုပြဿနာများကို နောက်ကြောင်းလှန်ကြည့်ပါက ၂၀၁၅ ရွေးကောက်ပွဲတွင် စတင်အခြေတည်လာကြောင်း တွေ့ရမည်ဖြစ်သည်။ နိုင်ငံ၏ တရိပ်ရိပ် ယိုယွင်းအားနည်းလာသည့် ဒီမိုကရေစီတန်ဖိုးကို ပြန်လည်အဖတ်ဆယ်ရန် ဝစ်ကရီမီဆင်ဟီ ဦးဆောင်သောအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (UNP)က အခြားသော



DINUKA LIYANAWATTE / REUTERS

သတင်းစာရှင်းလင်းပွဲ၌ စကားပြောကြားနေသော ရာနီလ်ဝစ်ကရီမီဆင်ဟီကို အောက်တိုဘာ ၂၇ ရက်က တွေ့ရစဉ်

နိုင်ငံရေးပါတီငယ်များကို စုစည်းကာ ညွန့်ပေါင်းမဟာမိတ်အဖြစ် ရပ်တည်လာခဲ့သည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ရာဂျာပက်ဆာ အစိုးရလက်ထက်၌ ကျန်းမာရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူ သီရိဆေနာ ဦးဆောင်လာမည့် သီရိလင်္ကာ လွတ်မြောက်ရေးပါတီ (SLFP)ကို ရွေးကောက်ပွဲတွင် ထိရောက်စွာ စိန်ခေါ်နိုင်ရန်ဖြစ်သည်။ ရွေးကောက်ပွဲရလဒ်များအရ သီရိဆေနာအနိုင်ရပြီး သီရိလင်္ကာ၏ သတ္တမမြောက်သမ္မတ ဖြစ်လာသည်။ သို့သော် ၎င်းအနေဖြင့် အစိုးရအဖွဲ့ထဲသို့ UNP ကို ဖိတ်ခေါ်ကာ ဝစ်ကရီမီဆင်ဂီကို ဝန်ကြီးချုပ် ခန့်အပ်ပေးရန် သဘောတူခဲ့ရသည်။

အာဏာရ SLFP ပါတီတွင် သမ္မတဟောင်းရာဂျာပက်ဆာက ဩဇာကြီးမားသော ပုံရိပ်တစ်ခုအဖြစ် ဆက်လက်ရှိနေခဲ့သည်။ တစ်ဖက်တွင် သီရိဆေနာနှင့် ဝစ်ကရီမီဆင်ဂီတို့ ပူးတွဲထားသည့် သီရိလင်္ကာ ညွန့်ပေါင်းအစိုးရမှာ အစေးမကပ်လှဘဲ အတွင်းပိုင်း အားပြိုင်မှုများနှင့် ရှေ့ဆက်နေခဲ့သည်။ ရာဂျာပက်ဆာသည် သီရိလင်္ကာ သမိုင်းတွင် အငြင်းပွားစရာ အများဆုံးကြုံတွေ့ရသည့် နိုင်ငံရေးသမားတစ်ဦးဟု ယူဆနိုင်သည်။ တမီလ်တို့နှင့် ဖြစ်ပွားသည့် (၂၇)နှစ်ကြာ ပြည်တွင်းစစ်ကို ၂၀၀၉ တွင် ရာဂျာပက်ဆာက အဆုံးသတ်စေခဲ့သည်။ ထို့ကြောင့် ၎င်း၏ နိုင်ငံရေးသိက္ခာ အမြင့်ဆုံးသို့ ရောက်ခဲ့သလို ပြည်တွင်းတွင်လည်း လူကြိုက်များခဲ့သည်။ တစ်ဖက်တွင်မူ ၎င်းသမ္မတအဖြစ် တာဝန်ယူချိန်၌ တမီလ်မျိုးနွယ်စုများနှင့်အခြားသောလူနည်းစုများအပေါ် ဖိနှိပ်ညှဉ်းပန်းမှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲမှုများလည်း မြင့်တက်လာသည်။ ဝစ်ကရီမီဆင်ဂီ ဦးဆောင်သော UNP အင်အားစုသည် ရာဂျာပက်ဆာ၏ အတိတ်နှင့် ပတ်သက်၍ အပြင်းထန်ဆုံးစွပ်စွဲဝေဖန်ခဲ့သည့် နိုင်ငံရေး အသိုက်အဝန်းလည်း ဖြစ်သည်။

အစိုးရ အတွင်းပိုင်းတွင် ဆက်ဆံရေး ယိုယွင်းပျက်ပြယ်မှု ပိုမိုဆိုးရွားလာသည့်နောက် လက်ရှိ သမ္မတ သီရိဆေနာက ဝစ်ကရီမီဆင်ဂီအစား ရာဂျာပက်ဆာကို ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ရန် ဆုံးဖြတ်ခဲ့သည်။ စာမျက်နှာ ၅၂